
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




ဘယ်သူကများ ဘယ်လို ကိုယ်တွေ့ခံစားမှုဖြင့် သတ်မှတ်ခဲ့သည်မသိ၊ ရွှက်နု လက်မခံချင်။

မိန်းမသားဘဝမှာ ပျော်စရာနေ့ သုံးခုရှိသည်တဲ့။

နားသမင်္ဂလာနေ့။

ဘွဲ့ယူသောနေ့။

မင်္ဂလာဆောင်သောနေ့. . . ဟူ၍။

မဖြစ်နိုင်၊ ခု ရွှက်နု မင်္ဂလာဆောင်တဲ့နေ့၊ ဘယ်မှာ ရွှက်နု ပျော်ရလို့လဲ။ ခုချိန်ထိတော့ အပျော် လုံးဝ မရသေး။

မနက်ပိုင်းက နှစ်ဘက်မိဘနှင့် အသိသက်သေဂုဏ်



www.burmeseclassic.com

 www.burmeseclassic.com 

[illegible]ကြီးများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီးသွား[illegible]လည်း မပျော်ရချေ။ သတို့သားဆိုသောလူ၏မျက်နှာကို သေချာစွာပင် မကြည့်လိုက်ရသေး၊ လူကြီးတွေကြားထဲဆိုတော့လည်း အနည်းငယ် ရှက်တာလည်း ပါသည်။ ရင်ခုန်ဖို့ဆိုတာလည်း ဝေးနေသည်။ လူကြီးတွေကြားထဲမှာ ဖြစ်နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လူကြီးတွေကလည်း ရွက်နုမိဘတွေတင် မဟုတ်၊ သူ့မိဘတွေကပါ ရိုးသားကြဟန်ရှိသည်။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကကဲ့သို့

"ဟဲ့. . . သမီး၊ သားက ပန်းစိုက်တာ ဝါသနာပါတယ်၊ ပန်းခင်းထဲ လိုက်ပြပါဦးလား"

ဟုလည်း ဘယ်သူကမှ မပြောကြ။

နံနက်စာ မင်္ဂလာဆွမ်းအဖြစ် ဘုန်းကြီးဆယ်ပါး ဆွမ်းကပ်ပြီး မင်္ဂလာထမင်းစားတော့လည်း လူကြီးတွေကြားမှာ ဘယ်မှာလဲ ပျော်စရာ။

ဘယ်မှာလဲ ရင်ခုန်စရာ။

ထို့ကြောင့် မိန်းမသားဘဝ ပျော်စရာသုံးခု ရှိသည်ဆိုတာကို ဤကိုယ်တွေ့ခံစားချက်တစ်ခုတည်းနဲ့ ဖျက်ပစ်ချင်သည်။

"ဟဲ့. . . စနိုး မပြင်သေးဘူးလား၊ နင့်အလှပြင်ဆရာမက အိမ်လာမှာလား၊ နင်က သွားရမှာလား"

ဘွားဘွားက ဝရန်တာရှိ ဒန်း၌ စိတ်ထဲ မကျေနပ်မှုဖြင့် လှုပ်ယမ်းထိုင်နေသော ရွက်နုကို သတိပြုမိသည်နှင့် ရောက်လာပြီး မေးလိုက်သည်။

မေးသူရှိမှ ပို၍စိတ်ကောက်ချင်သည်မှာ လူသားသဘာဝ



ဖြစ်မည်ထင်ပါသည်။ နှုတ်ခမ်းစူ ပိုင်းပိုင်းလေးကို ပို၍ချွန်ပြလိုက်ပြီး

"ဘွားကလဲ. . . ဘယ်အချိန် ရှိသေးလို့လဲ"

"ဟဲ့. . . လေးနာရီ ရှိပြီလေ"

"ညနေ့ခံပွဲက ခြောက်နာရီမှ စမှာကိုး၊ ကိုမာကို လေးနာရီခွဲမှ မှာထားတာ"

"မိပျိုမလား. . . သတို့သားကတော့ ဒီမှာပဲ ပြင်မှာလား"

"သိပါဘူး. . . သူ့ဘာသာသူ ပြင်ချင်တဲ့ဆီပြင်၊ မပြင်ပဲလာလာ၊ အိုးမဲပဲ သုတ်လာလာ၊ အရေးမလုပ်ပါဘူး၊ သူ့တာဝန် သူသိပေါ့"

"ဟဲ့. . ."

ဟုတ်တယ်။ ရွက်နု ကျွဲမြီးတိုနေသည်။ တကယ်ဆို လက်မှတ်ရေးထိုး လက်ထပ်ပြီးကတည်းက သူနှင့် သက်ဆိုင်နေပြီ။ အဝတ်အစားတွေ အားလုံးလည်း မင်္ဂလာဦးအခန်းထဲက ဗီရိုထဲရောက်ရှိနေပြီ။ သို့သော် လူက ယောင်၍တောင် မဝင်၊ သူ့အစ်မ စုံတွဲ လာပို့ထားပြီး ပြင်ဆင်သွားခဲ့သည်။ အဲဒီတုန်းကလည်း သူ့ကို မမြင်ရ၊ ခုလည်း နေခဲ့လို့ ရရဲ့သားနဲ့ ပြန်လိုက်သွားသည်။

စေ့စပ်ထားတုန်းက တစ်ခါ၊ ဒီနေ့တစ်ခါ၊ ဒါပဲ တွေ့ရသည်။ သူ့မျက်နှာကိုများ ရွှေချထားလို့လား။

ဒါများ "ကောင်လေးက သမီးကို အရှုံးအမူးဖြစ်ပြီး သူ့မိဘတွေကို အတင်းချက်ချင်း စီစဉ်ခိုင်းတာတဲ့"

ယုံချင်စရာကြီး။

သူ့ပုံစံက အေးတိအေး[illegible]ကတ်၊ သူ့ကို မိဘတွေက အတင်းအကျပ် စီစဉ်၍ မလွှဲမရှောင်သာပဲ ဝတ်ကျေတန်းကျေ လက်ထပ်ရ



www.burmeseclassic.com

www.burmeseclassic.com



... အခါ ရွှက်နုဖြစ်ရမှာ၊ အိမ်ထောင်မပြုချင်သေးပါဘူး ဆိုသော ရွှက်နုကို သမီးကညာ အခါမလင့်စေနဲ့ ဆိုရိုးစကားအတိုင်း နားချစိမ့်လို့သာ လက်ခံလိုက်ရသည်။ ရွှက်နု လက်မထပ်ချင်သေး။

"အချစ်ဆိုတာ ဘာလဲ"

ဟု မသိသေး၊ မခံစားရသေးသော ရွှက်နုမှာ အိမ်ထောင်သည်ဘဝ ရောက်ပြီးမှ အချစ်ကို ပြန်လည်တူးဖော် ရှာဖွေရမည်လား။

"ဟဲ့. . . စနိုး၊ အလှပြင်ဆရာမ. . . အဲ. . . ဆရာမဟုတ်ပါဘူး၊ ဘာဖြစ်ဖြစ် ရောက်နေပြီ၊ သွားပြင်ချေတော့"

ရွှက်နု မထချင်ထချင် ထလိုက်သည်။ ဘွားအပြောကို ရယ်ချင်သလိုလို ဖြစ်မိသော်လည်း မရယ်တော့ချေ။ သတို့သား၏ အပေါ် မကျေနပ်စိတ်တွေက များနေသည်။ သူ့ယောက်ဖနှင့် အမ သူ့သူငယ်ချင်း ဆွေမျိုးများပင်လျှင် ညစာခံပွဲအတွက် ဝိုင်းဝန်းပြင်ဆင်ပေးရင်း နေခဲ့ကြသေးသည်။ သူက ပြန်သွားသည်။ သူကများ ရှက်ရသည်ရှိသေး၊ ပြောင်းပြန် ကောက်ညှင်းက မစေးပဲ ဆန်ကြမ်းက စေးနေရသည်။

အလှပြင်ရန်အတွက် သူတို့ မင်္ဂလာဦး အိပ်ခန်း၌ ပြင်မလား မေးခြင်းကိုပင် ရွှက်နု ငြင်းဆန်လိုက်သည်။

"ရွှက်နု အိပ်ခန်းမှာပဲ ပြင်မယ်"

ခုနေ၌ ရွှက်နုကို အားလုံး အလိုလိုက်ကြသည်။ မျက်နှာ အညိုးမခံ။ နဂိုကလည်း အထွေးဆုံး ဖြစ်၍ အားလုံးအလိုလိုက်ကြသည်။ 'သောကဆိုတာ ဂျုံနဲ့လား●ာင်' ဟု မေးယူရလောက်အောင် သောက ကင်းဝေးသူဖြစ်သည်။

ယခုမှ သတို့သားဆိုသည့် ပုဂ္ဂိုလ်ကြောင့် ရွှက်နု၌ သောက ဝိတ် ဝင်ရသည်။

"လှပြီးသားကို ပြင်ရမှာဆိုတော့ ပြင်ပြီးရင် ဘုရားဂါ နတ်သမီး ငိုသွားလိမ့်မယ်"

"စနိုး ဘာဖြစ်နေတာလဲ မြေး"

ဘွားဘွားက သူ့ကြေးမုံမလေး ရွှက်နုမျက်နှာ မသာမယာ ရှိခြင်းကို ကြောင့်ကြစွာ မေးသည်။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်တယ်၊ မြေးမျက်နှာ ညှိုးနေတယ်"

"ဘွား ထင်လို့ပါ"

"အေးလေ. . . ထင်တာပဲ၊ မဖြစ်တာ ကောင်းတာပေါ့၊ မင်္ဂလာ ယူရမယ့် အချိန်မှာ မင်္ဂလာပြုံးလေး ပြုံးနေတာ မင်္ဂလာ အရှိဆုံးပေါ့"

ဘွားဘွား စိတ်ချမ်းသာအောင် ပြုံးပြလိုက်သည်။ မိမိအား ချစ်သောဘွားကို အသက်ရှစ်ဆယ်ကျော်မှ ဒုက္ခမပေးချင်တော့ပါ။ ယခင်က ဘွားဘွားကို သူငယ်ချင်းတစ်ယောက်လို တိုင်ပင်ဖော် တိုင်ပင်ဖက် ထားကာ ပုဏ္ဏားတိုင် လုပ်နေကျ။

ယခုတော့ ပြောရလည်း ခက်နေ၍ ရင်ထဲ၌သာ မြိုသိပ်ထားလိုက်သည်။

အလှပြင်ခြင်းကို သုံးဖက်မြင် မှန်များ၌ ပေါ်လာသော လှုပ်ရှားမှုကို ကြည့်ရင်းဖြင့် အာရုံလွှဲပြောင်းလိုက်သည်။

သို့သော် ရှပ်ခပ်ဖြော●ဖြောင့်နှင့် ရှုတေတေ မှုန်ကုပ်ကုပ် ပုံစံ ပေါက်နေသော သတို့သား၏မျက်နှာကို ပုံဖမ်းကြည့်ရင်း စိတ်





BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တို့ကတော့ လွင့်ပါးလျက်ရှိသည်။

သတို့သမီး၏ဂဏှာမငြိမ်သော ခံစားမှုမျိုးလား၊ ရင်ခုန်ခြင်း မဟုတ်သော ခံစားမှုမျိုးမှန်းတော့ မိမိကိုယ်သာလျှင် အသိဆုံး။

အပျော်ဆုံးနေ့ဟု မှတ်တမ်းတင်နိုင်ရန်တော့ နာရီများစွာ ကျန်ပါသေးသည်။








"အားပါးပါး. . . လှလိုက်တာ မြေးလေးရယ်၊ ဘွားပြောတဲ့ ပုံပြင်ထဲက စနိုးဝိုက်ကလေး ရောက်လာသလိုပါပဲလား"

ပင်စင်စား ဆရာမကြီးဟောင်း ဘွားဘွားက ထုံးစံအတိုင်း ခေတ်မီစေသော စကားလေးများဖြင့် ရှက်နုကို မြှောက်ပင့်ချီးကျူးလိုက်သည်။

"လာကြည့်စမ်းဟေ့. . . ငါ့မြေးလေး စနိုးဝိုက်ကို"

ဘွားဘွားက သူတင်မက မြင်မြင်သမျှ လူအားလုံးကို ချီးမွမ်းစေခြင်းကို ပီတိနှလုံးဖြင့် ပြုံးပြုံးကြီး ခေါင်းညိတ်ကာ ခံယူချင်သေးသည်။ အခန်းဝမှ ဖြတ်သွားသမျှ လူရိပ်မြင်သည်နှင့် လှမ်းခေါ်


www.burmeseclassic.com

www.burmeseclassic.com

ကြွားလိုက်ပါသေးသည်။

ဘွားဘွားကြောင့် ရွှက်နု အနည်းငယ် ပြုံးလိုက်မိသည်။

"ဘွားအေ ကြွားမယ်ဆိုလဲ ကြွားစရာပဲကိုး၊ သတို့သမီးလေးက အရမ်းကို လှနေတာပဲ၊ သတို့သားတော့ ခဏခဏ ခလုတ်တိုက်မလား၊ မှောက်လျက်ပဲ ချော်လဲမလား မသိဘူး"

ကျီစယ်သူက ကျီစယ်သည်။ ရွှက်နုရင်ထဲ လှိုက်ဖိုလာသည်။ အလှမ္ဘီကာကို တစ်ယောက်ပြီးတစ်ယောက် ဖွင့်နေကြသည်။ မိမိ တကယ်ပဲ လှလေသလား၊ မှန်ထဲ၌ အဖြူရောင် သတို့သမီးဝတ်စုံလေးနှင့် မှုန်နေအောင် လှသော မိန်းကလေးသည် မိမိရွှက်နုပါလား။

မကြာခင် အပျိုဘဝကို စွန့်လွှတ်ရတော့မည့် သတို့သမီးလေး ရွှက်နုပါလား။ မိမိကိုယ်ကို နှမြောသလို ခံစားလိုက်ရပြန်သည်။

တစ်ဆက်တည်း မှုန်တေတေ သတို့သားကို မြင်ယောင်လာတိုင်း ပို၍ စိုးရိမ်ကြောင့်ကြမိသည်။ သတို့သားသည် မိမိကို မချစ်ဘဲနှင့်များ မိဘတွေ သဘောကျ လက်ထပ်သူ ဖြစ်ပါက ကိုယ်ကျိုးနည်းရလိမ့်မည်ထင့်၊ ကိုယ်ချစ်လည်းမရ၊ သူချစ်လည်းမရ ဖြစ်နေပြီထင့်။

"ဘယ့်နှယ့်. . . မျက်နှာထားတော် ညိုနေရတာလဲ ရွှေမင်းသမီးလေးရဲ့၊ မင်္ဂလာယူရမယ့်အချိန်မှာ ပြုံးစမ်းပါ"

"ဒါထက် သတို့သားကော မမြင်ပါလား၊ ဘယ်အခန်းမှာ သွားပြင်နေလဲ"

"ဟွန်း. . . သူလား ပြင်မှာ၊ မှုန်တေတေနဲ့"





မကျေနပ်သံက ကျိတ်မနိုင် ခဲမရ လွှတ်ခနဲ ထွက်သွားမိသည်။

"မပြင်ဘဲနဲ့တော့ မနေပါဘူးဟယ်၊ အနည်းဆုံး ခေါင်းကိုတော့ ကျော့နေအောင် ဖြီးရမှာပဲ၊ မဟုတ်ဘူးလား ရွှက်နု"

"ဟုတ်ပါလိမ့်မယ်. . . စေ့စပ်တဲ့နေ့ကတောင် သူ့ဆံပင်က ဖိုသီဖတ်သီ"

သူငယ်ချင်းတွေ ရောက်လာပြီဆိုတော့လည်း ခံစားချက်လေး ပွင့်ထွက်လာသည်။

"ခုတော့ ခေါင်းတော့ ဖြီးမှာပါ၊ သူ ဘယ်မှာလဲ"

"သိဘူး"

"ဟောတော့. . . လူကြီးမင်းက ခုထိ ကြွချီတော်မမူလာသေးဘူးလား၊ ကိုယ်တို့လို ရင်းနှီးတဲ့လူတွေတောင် ရောက်နေကြပြီ"

"လာမှာပေါ့အေ. . . အချိန်တွေ ရှိပါသေးတယ်"

မြေးနားက တစ်ဖဝါးမှ မခွာသော ဘွားဘွားက စိန်နားကပ်ကြီး တခါခါနှင့် ဝင်ပြောလိုက်သည်။ ဘုရားသွား ကမ္မဋ္ဌာန်းကျောင်းများ၌ ရိပ်သာဝင်နေသည်က များတတ်သော ဘွားဘွားသည် ပုလဲနားကပ်လေးမှလွဲ၍ ဘာရတနာကိုမှ ဝတ်ဆင်ခဲ့ခြင်းမရှိချေ။ ယခုတော့ ဘွားဘွားဒေါ်မာလာကို ဒေါ်စိန်မမဟု ကင်ပွန်းတပ်ရလောက်အောင် စိန်ဘီးတန်း၊ စိန်ဆံထိုး၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ်တွေကလည်း လှုပ်ရှားလိုက်တိုင်း အနားမှ လူတွေ မျက်စိကျိန်းစပ်စရာ ဖြစ်ကုန်ရသည်။ မြေးကိုလည်း နဝရတ်ကိုးသွယ် ပြည့်အောင် ဆင်ထားသည်။

အချစ်ဆုံး မြေးမလေး၏မင်္ဂလာပွဲမို့ ဂုဏ်ပြုဝတ်ဆင်နေ


www.burmeseclassic.com

www.burmeseclassic.com

ခြင်းဟု ကြေညာထားသဖြင့်. . .

"ဘွားဘွားက ကြွားချင်ကြွားချင်တယ်ပေါ့" ဟု ပြောသည့် လူများ ပါးစပ်ပေါက် ပိတ်သွားကြသည်။

ဗုဝါ၌ စိန်ပွင့်များ ထိုးထားလိုက်သေးသည်။ မြေးကိုကောကောင်းမွေ့ညွှန့်မွေ့ဆိုသမျှတွေ ဝတ်ဆင်ပေးရုံမက ခြေဆုံးခေါင်းဆုံး ကြည့်ကာ လိုသမျှကို ပြောဆိုဖြည့်ဆည်းပေးနေသည်။

ရွှက်နု အမေတို့က အနားပင် မသီတော့၊ ဘွားအေကြီး၏ အသည်းကျော်မလေး မင်္ဂလာပွဲဖြစ်သဖြင့် သူတို့ ပူစရာ မလိုတော့။ ဘွားအေကြီးက လိုလေသေး မရှိ၊ စီမံပေးလိမ့်မည်ကို သိရှိနေခြင်းကြောင့်ပင်။

"ဟဲ့. . . ဖုန်းလေးဘာလေး ဆက်ကြပါဦး၊ မောင်နိုင်ရှင်း တစ်ယောက် ရောက်မလာသေးဘူး"

"သူ့မိဘတွေတောင် ရောက်နေကြပြီပဲ၊ သွားမေးလိုက်ဦးမယ် အမေ"

သမီးအလှကို လာချောင်းအကြည့်၌ ဒေါ်ခင်မလေးကို ချက်ချင်းပင် ဒေါ်မာလာက ခိုင်းလိုက်သဖြင့် ပြန်ထွက်သွားရသည်။

ငါးနာရီခွဲနေပြီ၊ ခြောက်နာရီဆိုလျှင် ပရိသတ်တို့ ရောက်လာတော့မည်။ ပွဲထုတ် ဧည့်ခံရတော့မည်။

ရွှက်နုသည် မှန်တင်ခုံပေါ်မှ စားပွဲတင်နာရီလေးကို ကြည့်ပြီး ရင်ဝယ် တဒိတ်ဒိတ် ခုန်လာလေပြီ။ ခုမှ တကယ်ရင်ခုန်ရပြီကော၊ သတို့သားရေဟုသာ အော်ဟစ်လိုက်ချင်သည်။

ဟုတ်နေပါပြီ၊ သူ သက်သက်ရွဲ့နေတာ၊ သူ့မိဘတွေ သဘောကျ ခေါင်းညိတ်လိုက်ရသော မင်္ဂလာပွဲဖြစ်၍ တတ်နိုင်သမျှ





ဆန္ဒပြနေသည် ထင်ပါရဲ့။

ရွှက်နုက ဖြစ်ရမယ့်ကိစ္စတွေကို သူကပဲ ဖြစ်နေရသေး။

မိခင်ကို ရိုပ်ခနဲ မှန်မှတစ်ဆင့် လှမ်းမြင်လိုက်သည်။ ဘွားဘွားကို မျက်ရိပ်ပြလိုက်သည်ထင့်။

"မြေး. . . ခဏနော်၊ အချိန်တန်မှ ဘွား လာခေါ်မယ်" ဟု ဆိုကာ ဘွားဘွား လှစ်ခနဲ ပျောက်သွားသည်။

"ဟဲ့. . . မိကောက်၊ ဘွားတို့ ဘာပြောနေကြသလဲလို့ သွားနားထောင်စမ်း"

ရွှက်နုအတွက် သီးသန့် အဖော်ခေါ်ထားပေးသော မိကောက်ကို ခိုင်းလိုက်သည်။ သိချင်စိတ်က ပြင်းထန်နေပြီကိုး။ မိတ်ကပ်ဆရာတွေကလည်း အိမ်သားတွေ၊ အရံတွေကို အခြားအခန်း၌ သွားပြင်ပေးနေရသဖြင့် ရွှက်နုအခန်း၌ လူရှင်းနေသည်။ လူရှင်းနေသည်ဆိုသည့်တိုင် အချစ်ဆုံးသူငယ်ချင်း ဝေနှင့်ခိုင်မာကျန်နေသေးသည်။

"နင့်လူက လှသလား"

"ပုံဆိုးပန်းဆိုးကြီး"

"ဟုတ်ရဲ့လားဟယ်. . . အန်တီတို့ ပြောတော့ လူချောဆို"

"ချောပါလိမ့်မယ် အားကြီး. . . မှုန်ကုပ်ကုပ်နဲ့"

"အဟင်း. . . ဟင်း၊ မှုန်ကုပ်တာနဲ့ မချောတော့ဘူးလား"

"ဒါတော့ မသိဘူး၊ ငါ့မျက်စိထဲတော့ မလှတာ အမှန်ပဲ"

"အပေး. . . မလှမျှား မလှပေလို့ ဗိုင်းဖြူမလေး ဖြစ်နေဦး"

"အံမယ်. . . ဒါကတော့ ပွဲချိန်နီးလို့ မလာသေးတော့စိတ်



www.burmeseclassic.com

www.burmeseclassic.com

ရွက်နု ဖြေရင်းနှင့် တကယ်ကို ရင်ပူနေလေပြီ။ အချိန်မီ ရောက်လာပါက. . .

မိကောက် ဝင်လာသည်။

"ဘာတဲ့လဲ"

အငမ်းမရ လှမ်းမေးလိုက်သည်။

"ကိုနိုင်ရှင်း မိဘတွေက သူတို့ထက်အရင် အိမ်က ထွက်သွားတာတဲ့"

"မြတ်စွာဘုရား"

"သူတို့လည်း သူငယ်ချင်းတွေနဲ့ အမျိုးတွေကို လွှတ်ပြီး ရှာခိုင်းနေတယ်"

"ဟင်. . ."

ရွက်နုတစ်ကိုယ်လုံးရှိ သွေးကြောတို့ လှည့်ပတ်မှု ရပ်ဆိုင်းသွားလေပြီထင့်။

ဝေ့ပခုံးကို ကမန်းကတန်း လှမ်းဆုပ်ကိုင်လိုက်ရသည်။ ဝေက လှမ်းထိန်းရင်း. . .

"လက်တွေ အေးစက်လို့ပါလား၊ လာမှာပါ ရွက်နုရယ်၊ မင်း သတို့သားက မင်းအတွက် မင်္ဂလာဦး လက်ဆောင်တစ်ခုခု ရှာနေလို့ ဖြစ်မှာပါ"

"ဟုတ်မယ် ရွက်နု၊ အချို့ယောကျာ်းတွေကလဲ စိတ်ကူးယဉ်ဆန်တယ်၊ မင်္ဂလာဦး လက်ဆောင်အဖြစ် အမှတ်တရလေး ဖြစ်အောင် ပေးချင်တတ်ကြတယ်၊ ဒါမှ ဆံဖြူသွားကြတဲ့အခါ ပြန်စားမြုံ့ပြန်ရအောင်လို့လေ၊ ဟင်း. . . ဟင်း"





ရွက်နု ဖြေသာအောင် သူတို့ ဝိုင်းဝန်းဖြေသိမ့်ပေးနေခြင်းသာဖြစ်မည်။ ရွက်နု သိသည်။ ရွက်နုကို ထားရစ်ကာ သူ့ရည်းစားနောက်သို့ လိုက်သွားတာပဲ ဖြစ်လိမ့်မည်။ ရွက်နုကို မချစ်လို့သာ ခေ့စပ်ပြီး လက်မထပ်ခင်ကြား နှစ်လတာ ကာလ၌လည်း လုံးဝလာမတွေ့၊ နှစ်ဦးချင်း တွေ့ဆုံမှုဆိုတာ ဝေလာဝေး၊ ရွက်နုကို မချစ်တာ သေချာသည်။ ရွက်နုကို ထားသွားပြီထင့်။

တဖွဲဖွဲ ရောက်နေသော ဧည့်ပရိသတ်များကြား ရွက်နု မျက်နှာ မည်သို့ ထားရမည်နည်း။

ခြောက်နာရီထိုးရန် ဆယ်မိနစ်သာ လိုတော့သည်။

"သတို့သမီးရေ. . . ရော့. . . မောင်တော်က ချစ်သက်လက်ဆောင် အရင်ပါးလိုက်တယ်၊ ခြောက်နာရီ ထိုးတာနဲ့ သူ ရောက်လာမယ်တဲ့"

ပန်းအလှစက္ကူနှင့် လှပစွာ ထုပ်ပိုးထားသော လက်ဆောင်ထုပ်ကို လှမ်းမယူနိုင်ပဲ ကြောင်ကြည့်နေမိသည်။

"ရွက်နု ခေါ် စနိုးပိုက်လေးအတွက် အမှတ်တရဖြစ်စေရန် လက်ဆောင်ဆိုပါလား. . . ဖွင့်လိုက်ရမလား"

"အင်း. . ."

ရွက်နု၌ အားအင်ကုန်ခမ်းနေသလို ခံစားနေရသည်။ ခြောက်နာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တာကို အချိန်မီ ရောက်လာမယ်ဆိုသော သူ့ကို မည်သို့ စိတ်ချရတော့မည်နည်း။

ချည်နှောင်ထားသော ဖဲကြိုးကို ဖွင့်ပြီး စက္ကူကိုပါ ဖြေလိုက်သည်။ ကတ်ထူစက္ကူပုံးထဲမှ အရာလေးက လှုပ်တုတ်တုတ်၊ အဖုံးကို ဖွင့်လိုက်သည်နှင့် အားလုံးထဲမှ အာမေဋိတ်အမျိုးမျိုး ထွက်



www.burmeseclassic.com

www.burmeseclassic.com


ကုန်ကြသည်။

“ဟင်. . .”

“အို. . .”

“ဟာ. . .”

ခွေးလေး၊ တယ်လီယာ ခွေးပုလေးတစ်ကောင်၊ ပါးစပ်ကို ပုဝါနှင့် စည်းထားသေးသည်။ မွန်းနေဟန်ဖြင့် ရုတ်တရက် မထနိုင်သေး။ လည်ပင်းဖဲကြိုး၌ စာရွက်ခေါက်လေးတစ်ခု။

ခိုင်မာက ယူကာ ရွှက်နုကို ပေးလိုက်သည်။ ရွှက်နု မယူနိုင်၊ ကစ်ကိုယ်လုံး နတ်ဝင်သည့်အလား တဆတ်ဆတ် တုန်ကာ စကားပြောတတ်ခြင်းအတတ်ပင် ပျောက်ဆုံးနေလေပြီ။

“တို့ ဖတ်လိုက်မယ်နော်”

ခိုင်မာက ပြောပြောဆိုဆိုနှင့် ဖတ်လိုက်သည်။

စနိုးဝိုက်လေး

နင့်ကို ယူမယ့်အစား ခွေးအမြီးဖြတ်ကို ယူမယ်ဟဲ့လို့ ပြောတာ မှတ်မိပါလိမ့်မယ်ထင်တယ်။ မမှတ်မိခဲ့လဲ အခုတော့ မှတ်မိသွားပြီ ထင်ပါတယ်။

စနိုး အလိုကျစေဖို့အတွက် ခွေးအမြီးပြတ်ကို လက်ဆောင်အဖြစ် ပေးလိုက်တာပါ။

ဖိုးတေ

ရွှက်နု မျက်လုံးတွေ မြှာဝေကုန်သည်။ ခေါင်းကို မိုးကြိုးထိမှန်ခြင်း ခံလိုက်ရလေပြီ။



“ဟဲ့. . . ရွှက်နု”

“ရွှက်နု သတိထားဦးလေ. . . နေဦး”

ရှက်စရာ ကောင်းလိုက်တဲ့အဖြစ်၊ လူတွေကို ဘယ်လို မျက်နှာပြရမလဲ။

ရွှက်နု ခြေထောက်တို့သည် ဦးနှောက်၌ အဆုံးအဖြတ် မပေးနိုင်ခင်၌ အားသွန်ပြေးထွက်ခဲ့သည်။

“ရွှက်နု. . . နေဦး”

“အမယ်လေး”

“လုပ်ကြပါဦး”

နောက်က ပြေးလိုက်ကြသည်။ ဘာမှမကြား၊ ဘာမှ မသိတော့။

“အမယ်လေး. . . လုပ်ကြပါဦး”


“ဒုန်း. . . ဒုန်း”

ဘာတွေဖြစ်ကုန်သနည်း။ ရွှက်နု နောက်ဆုံး သိလိုက်ရသည်က ခေါင်းပူခနဲ ဖြစ်သွားပြီး ကြယ်စုံလစုံ ထွန်းလင်းနေသော ကောင်းကင်ပြာကြီး ချာချာလည်သွားခြင်းကိုပင်။



www.burmeseclassic.com

www.burmeseclassic.com




နိုင်ရှင်း ထူပူသွားသည်။

အိမ်ထဲမှ အုန်းအုန်းကျက်ကျက် အသံကြားလိုက်ရသည်နှင့် ကားပေါ်က ဆင်းဆင်းချင်း ခြေထောက်နှင့်မြေကြီး ထိတွေ့ခြင်း မရှိဘဲ အိမ်ထဲ ဇွတ်ရွတ်ပြေးဝင်ခဲ့သည်။

"စန်းပွိုက်လေးကော. . . စန်းပွိုက်"

"နောက်ဖေးလှေကားပေါ်က လိမ့်ကျသွားလို့"

"ဟာ. . ."

နိုင်ရှင်း မီးဖိုခန်းကို ကွေ့ပတ်ကာ နောက်ဖေး လှေကားရင်း ရောက်သွားသည်။

"မင်းကြောင့်. . . ငနိုင်ရှင်း၊ ငါ ရိုက်ထည့်လိုက်ရရင်"





နိုင်ရှင်းမိခင် ဒေါ်အေးသက်က သားဖြစ်သူကို ဒေါသအကြီး ရိုက်ရန် ရွယ်သည်။ ဒေါ်ခင်မလေးက လှမ်းဆွဲရင်း. . .

"ဒီလိုဖြစ်မယ် မထင်လို့ ကျီစယ်မိတာပဲကွယ်၊ သူ့အပြစ်မရှိပါဘူး"

"ကျွန်တော့်အပြစ်ပါ မေမေ၊ ရိုက်ချင်ရိုက်ပါ၊ သားဘာကယ်ပဲ စိတ်မကောင်းပါဘူး၊ သားကို ဒဏ်ပေးနိုင်ပါတယ်"

"ခုကာလ လူငယ်တွေများကွယ်၊ ချစ်တာတောင် စတန့်သွင် ကျီစယ်ရတယ်လို့၊ ကြားကြားဖူးပေါင်၊ ငါ့မြေးသာ တစ်ခုခုဖြစ်သွားရင်တော့ မောင်ရင် မလွယ်ဘူးမှတ်"

ဘွားဘွား ဒေါ်မာလာက သူ့မြေး အသည်းကျော်အတွက် မခံရပ်နိုင် ဖြစ်နေပုံရသည်။ စိတ်မထိန်းနိုင်ဘဲ ရင်ထဲမှ ခံစားချက်ပွင့်ထွက်လာသည်။ နိုင်ရှင်းက. . .

"ဘွားဘွား ကြိုက်သလို အပြစ်ပေးပါ၊ ကျွန်တော် ခံယူပါ့မယ်၊ ကျွန်တော် ငယ်ငယ်လေးကတည်းက ပေလီမှာ စန်းပွိုက်ကို တွေ့ပြီး ရှာဖွေနေခဲ့တာပါ၊ ဒီလိုဖြစ်မယ်မှန်း သိရင် ဘယ်လိုလုပ် ကျီစယ်မိမှာလဲ၊ ကျွန်တော်က အံ့အားသင့်သွားစေချင်လို့ပါ၊ နိုင်ရှင်းဆိုတာ စန်းပွိုက်ကို ငယ်ငယ်ကတည်းက စွဲလန်းစွာနဲ့ ရှာဖွေပြီး သက်ထပ်တဲ့လူအဖြစ် သိစေချင်လို့ပါ"

ချစ်သက်သေ တိုင်တည်မိကာမှ ရင်နင့်ရသည့် ဖြစ်အင်အတွက် သူ မည်ကဲ့သို့ တောင်းပန်ရရ တောင်းပန်ပါသည်။ ချစ်ကျီစယ် မှားခဲ့သည်ကိုး။

"ကိုင်း. . . ကိုင်း၊ ညည်းတို့ လူကြီးချင်းလဲ သွားတိုင်ပင်သိုက်ကြဦးလေ၊ ကျုပ်သဘောအရဆိုရင်တော့ ဒီပွဲကို ဆက်ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com


တောင် မကျင်းပချင်တော့ဘူး"

"မဟုတ်တာ အမေရယ်၊ အမေ့မြေးလေးပဲ နှစ်နာမှာပေါ့။ ပရိသတ်တွေက စားသောက်နေကြပြီ၊ လက်ဖွဲ့တွေလဲ လက်ခံထားပြီးပြီ၊ သတို့သမီးနဲ့ သတို့သား လိုက်လံမနှုတ်ဆက်နိုင်တာကလွဲရင် အားလုံးဟာ ထုံးစံအတိုင်း လည်ပတ်နေတာပဲ"

ဒေါ်ခင်မလေးက ရှင်းပြသည်။ နိုင်ရှင်းတို့ သားအမိမှာ မျက်နှာပျက်၍ စိတ်မကောင်း ဖြစ်နေကြသည်။ ဘာမှ ဝင်မပြောသာ။ ဦးအောင်လတ်ကသာ. . .

"ဟုတ်ပါတယ် ဒေါ်လေးရာ၊ လူငယ်တွေရဲ့ တစ်ခါတစ်ရံ လွဲမှားတဲ့ အပြုအမူလေးပေါ် လိုက်ပြီး လူကြီးတွေကပါ အမျက်ထွက်ကြမယ်ဆိုရင် မမှားယွင်းသင့်အမှားတွေ ဖြစ်ကုန်မှာပေါ့ဗျာ၊ ကဲ. . . ခင်မလေး သွားဧည့်ခံလိုက်ကြဦး၊ မောင်နိုင်ရှင်းပါ လိုက်သွား၊ ဟန်မပျက်သာ ပွဲပြီးအောင် ကျင်းပလိုက်ကြ၊ ပွဲပြီးသွားမှ ညှိနှိုင်းကြတာပေါ့"

နိုင်ရှင်း တုန်လှုပ်သွားသည်။ လူကြီးတွေ၏ဆုံးဖြတ်ချက် ခုံရုံးအပေါ် သူ့နှလုံးသား တင်ထားရပါလား။

အကယ်၍သာ သူ့အား ဘွားဘွား စိတ်ဆိုးသကဲ့သို့သာ ရွက်နုဖခင်ပါ စိတ်ဆိုးမည်ဆိုပါက မျှော်လင့်ချက် ကုန်ဆုံးသွားမည်။ နောက် ရွက်နုသဘောထား။

"မြတ်စွာဘုရား. . . စံနိုးပိုက်လေး အမြန်သတိရလာပြီး အဖြစ်ကို နားလည်ခွင့်လွှတ်နိုင်ပါစေ" ဟု ရင်တွင်း၌ ကြိတ်၍ ဆုတောင်းနေရှာသည်။

"သွားကြ. . . ညည်းတို့သာ သွားကြ၊ ကောင်လေးကော



လိုက်သွား၊ ငါတော့ ငါ့မြေးကိုပဲ စောင့်နေမယ်"

"အမေ့ကိုပါ ဆေးတစ်လုံးလောက် တိုက်ထားမှနဲ့တူတယ် အစ်ကိုကြီး"

"ငါ့ကို ဆရာမလုပ်နဲ့ ခင်မလေး. . . သွားစမ်း၊ ငါ့ဒေါသ သိပ်မထွက်ခင် သွားကြတာ ကောင်းတယ်"

ဦးအောင်လတ်က မျက်ရိပ်ပြလိုက်သဖြင့် နိုင်လင်းမှာ ရွက်နုမျက်နှာလေးကို စိတ်ထိခိုက်စွာ မြတ်နိုးစွာ နှမြောစွာဖြင့် မခွဲနိုင် မခွာရက်နိုင်သည့်အလား တစ်ချက်ကြည့်လိုက်ပြီးမှ လေးကန်သော ခြေလှမ်းများဖြင့် လှမ်းထွက်ခဲ့သည်။

ဒေါ်ခင်မလေးတို့လည်း သက်ပြင်းကိုယ်စီ ချပြီး ထွက်ခဲ့ကြသည်။

သူ့မိခင်ကတော့ မျက်စိမျက်နှာ သိပ်ပျက်နေရှာသည်။ သားအမှားအတွက် သူမပါ မျက်နှာငယ်ရရှာသည်။ မိဘမျက်နှာ အိုးမည်းသုတ်သည့်သား ဖြစ်ရလေပြီ။

ယှူကျုံးမရခြင်းနှင့်အတူ ရောင်စုံမီးလုံးအောက်က ရောင်စုံလူသားများ၊ သံစုံတီးဝိုင်းတေးသံများအောက်သို့ သူ တစ်လှမ်းချင်း လှမ်းခဲ့လေသည်။

သတို့သမီး မပါပဲ မင်္ဂလာဧည့်ခံပွဲကို မျက်နှာပြောင်တိုက်ကာ လိုက်ဧည့်ခံနေသော သတို့သား ကမ္ဘာမှာ သူတစ်ဦးတည်း ရှိဖူးလိမ့်မည် ထင်ပါသည်။

ရင်တွင်းသောကကို လုံခြုံသော ဟန်ဆောင်မှုသော့ဖြင့် ခတ်ကာ အပေါ်ယံ အပြုံးလေးနှင့် လိုက်လံနှုတ်ဆက်နေရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

မေးကြသည်က ရွှက်နုကိုသာ။

'လှေကားပေါ်က ချော်ကျသွားလို့ သတိလစ်နေတယ်' ဟု ဒိုင်ခံဖြေနေသည်။

မယုံကြည်သူ ရင်းနှီးသူများ၊ သူငယ်ချင်းများကတော့ မေ့မြောနေသော ရွှက်နု(ခေါ်)စနိုးဝှိုက် ရှိရာသို့ ကိုယ်တိုင်သွား ကြည့်ကြသေးသည်။

ထူးဆန်းသော ကံစီမံမှုကြောင့် ထူးဆန်းသော မင်္ဂလာပွဲကို မအီမလည်ကြီး ကျင်းပလိုက်ရသည်။

မျက်နှာနီရဲနေသော ဖခင်နှင့် ရွှက်နု၏ဖခင်ကြောင့် ပွဲပြီးလျှင် မည်ကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ရဦးမည်ကို သူ မခန့်မှန်းတတ်တော့။

"စနိုးဝှိုက်လေးရယ်. . . ပြန်သတိရပါတော့"

သူ့ရင်တွင်း ကြိတ်၍ဆုတောင်းနေမိသည်။


ပုံပြင်ထဲကကဲ့သို့သာဆိုလျှင် အိမ်ရှေ့မင်းသားလေး ရောက်ပြီး အနမ်းလေး ပေးလိုက်ရုံနှင့် စနိုးဝှိုက်ကလေး အသက်ဝင်နိုးထလာသည်။

ယခုလည်း သူ အနမ်းပေးလိုက်လျှင် နိုးထလာလေမလား ဟု ရူးကြောင်သောအတွေးကို သူ တွေးမိလိုက်ပြန်သည်။

နမ်းဖို့ နေနေသာသာ ဘွားဘွား၏မျက်လုံးဒဏ်ကြောင့် အနားသီရန်ပင် ခက်ခဲနေရပြီ။








ညကိုးနာရီ ဧည့်ခံပွဲချိန် ကုန်ဆုံးသွားသည်နှင့် ဧည့်သည်များလည်း တဖြည်းဖြည်း ရှင်းလင်းသွားလေပြီ။ နှစ်ဖက်အမျိုးအရင်းအချာများသာ ကျန်ရှိတော့သည်။

နိုင်ရှင်း ဆုတောင်းမပြည့်ချေ။

ရွှက်နု လုံးဝ သတိလည်မလာသေးပေ။

"မိဘမျက်နှာ အိုးမဲသုတ်တဲ့သား. . . ရော့"

"ခွပ်. . ."

မျက်လုံး မီးပွင့်သွားသည်။ အားကစားသမား ဖေဖေ့ လက်သီးသည် အဘယ်မျှ ပြင်းထန်သည်ကို လဲကျလုမတတ် ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


သွားသော သူသာလျှင် အသိဆုံး။

"ခွေးသား"

"ခွပ်. . ."

"ဉာဏ်မရှိတဲ့ ခွေး"

"ခွပ်"

သူ ရှောင်ဖယ်ရန် မကြိုးစား၊ ဆုံးမသင့်သဖြင့် ဆုံးမနေသော ဖေဖေ၏ဆုံးမမှုကို သူ ကျေကျေနပ်နပ် ခံယူပါသည်။ ရွှက်နုက သူ့ထက် ဆိုးရွားသော ခံစားမှုကို ခံစားနေရသည်ပဲ။

"မလုပ်ပါနဲ့ ဦးဘထိုက်. . . ကလေးတွေပဲဗျာ"

"ဒါလား ကလေး၊ မိန်းမတောင် ယူပြီ. . . ကလေးလား၊ ဒီကောင်ကိုက ဉာဏ်နည်းလွန်းပါတယ်၊ ဘယ့်နှယ်ဗျာ၊ အားမနာနဲ့၊ ဦးဇော်ဝင်းတို့ ကြိုက်သလို ဆုံးမပါ၊ ဆုံးဖြတ်ပါ၊ မင်း အိမ်ရောက်မှ သိမယ်"

မြေကြီးပေါ် ဖင်ထိုင်လျက် ကျနေသော သူ့ကို သူငယ်ချင်း မိုးဦးက ဆွဲထူရင်း. . .

"တောင်းပန်ပါတယ် အန်ကယ်ရယ်. . . တော်ပါတော့ဗျာ"

ပါးစပ်၌ ငန်ပျပျ ဖြစ်နေသည်။ သွေးများ ထွက်နေပြီ။ ဖေဖေ ထိုးသော ဒဏ်ရာအနာကို သူ မမှုပါ၊ သူ မှုသည်က 'မင်း အိမ်ရောက်မှ သိမယ်' ဟူသော ဖခင်စကားပင်။

ထိုစကားအရဆိုလျှင် သူ့ကို ဒီအိမ်၌ ထားခဲ့ရန် မရည်ရွယ်တော့ဘူးလား၊ သူ ဖုတ်ဖတ်ခါ ထပြီး ရွှက်နု ရှိရာသို့ သွားရန် ခြေလှမ်းပြင်လိုက်သည်။



"ဟော့ကောင် ဘယ်လဲ"

"စနိုး. . ."

"ထိုင်နေစမ်း. . . မင်းလိုကောင်နဲ့ တူတန်သလား၊ မင်းနဲ့ ဘာမှ မဆိုင်သေးဘူး၊ သမီးဆုံးဖြတ်ချက်ကို မင်းစောင့်ရမယ်"

"ဗျာ. . ."

"မင်း လူစကား နားမလည်ဘူးလား၊ အေးအေးဆေးဆေး မြန်ထိုင်နေစမ်း နိုင်ရှင်း"

ဘယ်လိုလုပ် အေးဆေးနိုင်ပါမည်နည်း၊ သူ့ရင်ထဲ၌ ပူလောင်မှု မီးလျှံမှာ ဟုန်းဟုန်းတောက်နေလေပြီ။

ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမှားအယွင်းအပေါ် ဤမျှအထိ အပြစ်ပေးရန် မသင့်တော်ဘူး ထင်ပါသည်။

"ဒီလိုဖြစ်မယ်မှန်း ရည်ရွယ်ပြီး လုပ်တဲ့ကိစ္စမှ မဟုတ်ဘဲ ဦးဘထိုက်ရာ၊ သားလဲ စိတ်ထိခိုက်နေရတဲ့အထဲ တစ်ပူပေါ် နှစ်ပူဆင့်အောင် မလုပ်ပါနဲ့၊ လာကြပါ. . . ဧည့်ခန်းထဲမှာ နားနားနေနေ နေကြပါဦး"

ရွှက်နုဖခင် ဦးဇော်ဝင်းက သလောထားပြည့်ဝစွာဖြင့် ပြောင်းဖျပြီး ဧည့်ခန်းသို့ ခေါ်ဆောင်သွားသည်။ မိုးဦးက သူ့ဒဏ်ရာများကို ရေခဲဝတ်နှင့် အုပ်ပေးရင်း. . .

"အခုချိန်မှာ မင်း လူကြီးတွေကို ခြေသလုံး ဖက်ပြီး တောင်းပန်ရမယ့်အချိန်မျိုးပဲ၊ ဘာမှ စောဒက တက်ဖို့ မကြိုးစားနဲ့ကောင်"

"ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့် ငါ စနိုးပိုက်နဲ့ ခွဲရမယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိစ္စနဲ့ ခွဲရမှာလဲ၊ မင်းဟာက မိုးပြိုမှာ ကြောက်တဲ့ တစ်တီတူးလို ဖြစ်နေပြီ ထင်တယ်၊ သူတို့ဘက်က သဘောထား ပြည့်ဝရှာကြသားပဲ"

"ဒါပေမယ့် သူ့ဘွားအေးကြီးက လုံးဝ မကြည်ဘူးကွ"

"မင်းနဲ့ စနိုးဝိုက်က အခရာပါကွာ၊ ဘွားအေကြီးက သူပြီး ရင် ပြီးသွားမှာပါ၊ သိပ်လဲ ပူမနေပါနဲ့၊ ဘာပြဿနာမှ ကြီးကြီး မားမား မဖြစ်နိုင်ပါဘူး"

ဘေးလူတွေအနေဖြင့်တော့ ပြောအားရှိမည်။ ကာယကံ ရှင် သူ့အနေနှင့်တော့ မချိတင်ကဲ ခံစားနေရသည်။ ဖခင်ထိုးနှက်မှု က အသားတင် ယောင်ကိုင်းသည်။ ရွက်နု သတိမရသေးသည့် အတွက် ရင်တွင်းအနာက ပို၍ဆိုးရွားသည်။

"စနိုးဝိုက်လေး သတိရလိုက်ပါတော့"

သုံးနာရီ ကျော်လာသည်အထိ သတိမရသေးခြင်းကိုလည်း သူ စိတ်ပူနေလေပြီ။ သူ့လုပ်ရပ်က ဤမျှအထိ ကြီးကြီးကျယ်ကျယ် ဖြစ်သွားလိမ့်မည်ဟု သူ လုံးဝ မတွေးဝံ့မိပါ။

စိတ်ကောက်သွားမည့် စနိုးဝိုက်ကို စကာ သူဘယ်လောက် ချစ်ကြောင်း၊ ငယ်စဉ်ကတည်းက စွဲခဲ့သည့်သူဖြစ်ကြောင်း ပြောပြီး ရွှေလက်တွဲကာ ဧည့်ခံပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲလိုက်မည်ဟု ခဲလေသမျှ သဲရေကျ ယူကျုံးမရ အသည်းကြေမွမတတ် ခံစားနေရ လေပြီ။

"စနိုး သတိရလာပြီတဲ့"

အပေါ်ထပ်မှ လှုပ်လှုပ်ရွရွ ဖြစ်သွားသော အခြေအနေ ကြောင့် သူ ထခုန်မတတ် ဝမ်းသာသွား၏။





"ဟော. . ."

တကယ်လည်း ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်မိသည်။ သို့သော်. . .

ဖခင်ဦးဘထိုက်၏ဝင့်ကြည့်လိုက်သော မီးမျက်လုံးကြောင့် သူ ခြေလှမ်း ရှေ့တိုးရ ခက်သွားသည်။

"လုပ်ကြပါဦး၊ အမေ. . . အမေ"

"အမယ်လေး ငါ့မြေးရဲ့၊ ဒင်း. . . ဒင်းကြောင့်"

"ဘာတွေ ဖြစ်ကုန်ပြီလဲ"

နိုင်ရှင်း မတွေးတတ်ဘဲ ငယ်ထိပ် မြွေပေါက်ခံရသည့် အလား ခံစားရမှုကြောင့် အပေါ်ထပ်သို့ ကမူးရှူးထိုး ပြေးတက်ခဲ့ သည်။ ထို့အတူ နောက်မှ ဦးဘထိုက်၊ ဦးဇော်ဝင်းအပါအဝင် ကျန် အမျိုးများလည်း ပြေးတက်လာသည်။

သူတို့အတွက် ပြင်ဆင်ပေးထားသော မင်္ဂလာခန်းမဲ့ လူ ခဲ့ဘွ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်။

"ဟင်. . ."

မြင်လိုက်ရသော မြင်ကွင်းကြောင့် နိုင်ရှင်းမှာ နှလုံးသွေး ခုပ်သွားမတတ် ခံစားလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com




"သွားသွား. . . ကြောက်တယ်၊ အဟီး. . . ဟီး"

ပစ္စည်းတွေ ပြန့်တဲ့ကြား ဖရိုဖရဲနှင့် ရွက်နုမှာ ဒေါ်ခင်မလေး ရင်ခွင်တွင်း တအားတိုးဝင်ကာ ကလေးတစ်ဦးလို ချုံးပွဲချငိုနေလေပြီ။

ဘွားဘွား ဒေါ်မာလာမှာလည်း မြေးဖြစ်အင်ကို မြင်ရသည်နှင့် မူးမိုက်လဲကျသွားသဖြင့် ဝိုင်းဝန်းပြုစုနေရသည်။

"သိပ်စိတ်လှုပ်ရှားနေတဲ့အချိန်မှာ ခေါင်းကိုလဲ ထိခိုက်ဒဏ်ရာရသွားတော့ အတိတ်တွေအားလုံး မေ့ပြီး ကြီးစိုးနေတဲ့ ဖိုးတေတစ်ဦးပဲ ကြောက်လန့်တကြား ●တ်မိနေတယ်"





"ဟီး. . . ဟီး"

"သမီး. . . မေမေ ရှိတယ်လေ၊ မကြောက်နဲ့"

"သွား. . . ဘယ်က မေမေလဲ၊ ဖိုးတေ လွတ်လိုက်တာမို့လား။ ဖိုးတေ. . . ဖိုး●● ခေါ်ခိုင်းလို့ နင် ငါ့ကို လာညာတာ"

ဒေါ်ခင်မလေး ရင်ခွင်ကြားမှ အလန့်တကြား ထွက်ပြန်သည်။

"သမီး. . ."

ဒေါ်ခင်မလေးက ငိုသံပါကြီးနှင့် လှမ်းခေါ်သည်။ ရွက်နုက နောက်ဆုတ်နောက်ဆုတ်နှင့် သွားရာမှ လူအများကို မြင်ရာ. .

"ဟော. . . လူတွေ ငါ့ကို ဖမ်းမလို့လား၊ ဖိုးတေ ဖမ်းခိုင်းသလား၊ ဟီး. . . ဟီး. . . ကြောက်တယ်၊ ဖိုးတေကို ငါကြောက်တယ်၊ ဟီး. . . ဟီး"

"သမီး"

"ဘာသမီးလဲ. . . ငါ့ကို လာမညာနဲ့"

"စနိုးပိုက်လေး"

"အမယ်လေး. . . ဖိုးတေ လာပြီ၊ လုပ်ကြပါဦး"

အခန်းတွင်း ‌ယောက်ယက်ခတ်စွာ ဟိုပြေးဒီပြေးနှင့် ကြွက်ဖြူမလေး ထွက်ပေါက်ရှာနေသည့်နှယ် သတို့သမီး ဝတ်စုံလေးနှင့် ဆံပင်ဖားလျားဝေနေသော စိတ်ဝေဒနာသည်ဘဝ ပြောင်းသွားရှာသည့် ရွက်နုကို ကြည့်ပြီး ဒေါ်ခင်မလေးပင် ဆို့နင့်ကာ. . .

"သမီးရယ်. . . အဖြစ်ဆိုးလှချည်လား"

ဟု ဆိုကာ သွေးတိုးပြီး မူးလဲသွားပြန်သည်။

ဦးဇော်ဝင်းက မျက်နှာကြီး ရဲတွတ်ကာ အံကို ●င်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကာ လက်သီးဆုပ်ထားရင်း ကျောက်ရုပ်သဖွယ် ရပ်နေသည်။

နိုင်ရှင်းမှာ ရှေ့လည်း မတိုးဝံ့၊ နောက်လည်း မဆုတ်ဝံ့နှင့် ယောကျ်ားတန်မဲ့ မျက်ရည်များ ဆို့တက်လာသည်အထိ ခံစားနေရသည်။

"သွား. . . သွားကြ၊ ဒေါ်နှင်းစိန်ရေ. . . စနိုးကို လာခေါ်ပါ"

ခုတင်အောက်သို့ တိုးဝင်ကာ ပုန်းအောင်းနေသော ရွှက်နိုကို မကြည့်ရက်တော့သဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ကျောခိုင်းလိုက်သည်။

ဆရာဝန်ဦးအောင်လတ်၏မေတ္တာရပ်ခံချက်ဖြင့် အားလုံးကို စနိုးခန်းမှ ထွက်သွားစေသည်။

ကြိတ်၍ခံစားနေရသော ဝေဒနာက ရင်ပွင့်မတတ် နာကျင်နေလေပြီ။ စကားပြောခြင်း အတတ်ကိုပင် သူ မေ့လျော့သွားလေပြီထင့်။ ထို့အတူ သူ့ဖခင်မှာလည်း ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်းမှ. . .

"ဦးဇော်ဝင်းရေ. . . ကျွန်တော့်မိတ်ဆွေ စိတ္တဇအထူးကုပါရဂူကို ဖုန်းဆက်ပြီး လှမ်းပင့်လိုက်မှ ဖြစ်မယ်ထင်တယ်"

"ဦးဘထိုက် ကောင်းသလိုသာ ကြည့်လုပ်ပါ၊ ကျွန်တော်တော့ ခေါင်းမီးတောက်နေပြီဗျာ"

ယောကျ်ားရင့်မကြီးတစ်ဦး၏ သားသမီးဇောကပ်မှုကြောင့် စိတ်ပျက်အားလျော့သံမျိုးကို သူ ပထမဆုံးအကြိမ် ကြားသိလိုက်ရခြင်းပင်။

သူ့ကြောင့် လူကြီးတွေအားလုံး သောကပင်လယ်၌ နစ်





ရခြင်းကိုလည်း သူ နောင်တကြီးစွာ ရလေပြီ။ စတတ် ပြောင်တ်သော သူ့ဝသီသည် တစ်ဖက်သား ဘဝပျက်သွားလိမ့်မည်ဟု တစ်ခါမှပင် မတွေးမိခဲ့ဖူးပါချေ။

"အခုပဲ လာ[illegible]မယ်"

"ကျေးဇူးပါပဲ ဦးဘထိုက်ရာ၊ ခင်ဗျားတို့လဲ ပင်ပန်းလှရောပေါ့၊ ပြန်ပြီး အနားယူချင် ယူကြပါတော့ဗျာ"

"မဟုတ်တာ ဦးဇော်ဝင်းရာ၊ ဒီလိုအခြေအနေမျိုး ရောက်မှတော့ ကျွန်တော်တို့ကပဲ သမီးရဲ့ယောက္ခမ မိဘအနေနဲ့ တာဝန်ယူသွားဖို့ ဆုံးဖြတ်လိုက်ပြီဗျာ၊ ဟိုကောင်လဲ. . ."

ဖခင်က သူ့ဘက် လှည့်လာသဖြင့် သူက ခေါင်းထောင်လိုက်သည်။ ရင်တွင်း တံခါးပေါက် မျက်လုံးမှတစ်ဆင့် သူ့ဖခင်သည် သူ့ခံစားမှုကို တွေ့မြင်သွားသည်ထင်ပါသည်။ တင်ထားသောလေသံသည် ပျော့ပျောင်းသွားသည်။

"သမီး သတိရလာလို့ မင်းကို စိတ်ဆိုးရင် ဖေဖေတို့ကပါ ကာရှင်းကြောင်း လက်မှတ်ထိုးခိုင်းမယ်လို့ စိတ်ကူးထားခဲ့တာ၊ ဒါပေမယ့် ခုလိုအခြေအနေမျိုးမှာတော့ မင်းကို ကွာမခိုင်းတော့ဘူး၊ စိတ္တဇ ဝေဒနာသည် ဖြစ်သွားလို့ သတို့သားဘက်က ကွာပေးလိုက်တယ်ဆိုတဲ့ လူမဆန်တဲ့လုပ်ရပ်မျိုး ဖေဖေ့သားမှာ မကျူးလွန်စေရဘူး၊ ဒါကြောင့် မင်းဟာ သူနာပြုတစ်ယောက်လို သမီးကို စောင့်ရှောက်ရမယ်၊ ညီမတစ်ယောက်လို သန့်စင်တဲ့ကြင်နာမှု ပေးရမယ်၊ ဝေဒနာ မပျောက်မချင်း မင်း တာဝန်ယူရမယ်၊ ဘယ်လိုလဲ. . . မင်း ငါ့ကို ကတိပေးနိုင်ပါ့မလား၊ ယောကျ်ားကတိ ပေးရမယ်"

"ပေးတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက် ပေးတဲ့ကတိမျိုး ငါမလိုချင်ဘူး၊ သေသေချာချာ စဉ်းစားပြီးမှ ကတိပေးရမယ်၊ ပေးနိုင်မှပေး၊ ငါ့စကားက ပေါ့ပေါ့လေး မဟုတ်ဘူး၊ တော်တော် စိတ်ဓါတ် သိကြွာ သမာဓိ ရှိနိုင်မှရမယ်၊ အထူးသဖြင့် သစ္စာထားရမယ်၊ ဝေဒနာရှင် မိန်းကလေးကို ညီမတစ်ဦးလို စောင့်ရှောက်ရမယ့် ကတိနော်"

ဦးဇော်ဝင်း မရှိတော့သဖြင့် တော်သေးသည်။ သို့သော် ရှက်နုခဲအို ရှိနေသည်။ မိုးဦး ရှိနေသည်။

"သာမန်ယောကျ်ားတွေ စောင့်ထိန်းနိုင်ခဲ့တဲ့ သစ္စာတရားကို မင်းထိန်းရမယ့် ကတိနော်ကွ. . . ပေါ့ပါးမနေနဲ့"

တရားသူကြီးပီပီ သမ္မာသမတ်နှင့် ဆုံးဖြတ်နေသော ဖခင် ဦးဘထိုက်ကို လေးစားစွာ မော့ကြည့်လိုက်သည်။

'အရူးမနဲ့ ငါ့သား မတန်တော့ဘူး' ဟု မဆိုခြင်းသည်ကပင် လျှင် လေးစားစရာ ကောင်းနေလေပြီ။ ယခုလို ဆုံးဖြတ်ချက်နှင့် ကတိတောင်းလာသောအခါ ပို၍ကြည်ညိုမိသည်။ သူ့ဖခင်သည် ခံ့သမာဓိ ချိန်ခွင်ပေါ်၌ မှန်ကန်စွာ ရပ်တည်နိုင်ခဲ့သော တရားသူကြီးတစ်ဦးသာ ဖြစ်လိမ့်မည်ဟု သူ ယုံကြည်လေးစားသွားသည်။

နိုင်ရှင်းကလည်း သာမန်စိတ်ကလေးဖြင့် ပေါ့ပေါ့ကလေး သဘောထားကာ ချစ်ရလွန်းသူကို ကျီစယ်ခဲ့ခြင်း မဟုတ်ကြောင်း နှင့် ယခု ဖခင်တောင်းလာသည့်ကတိကို နှုတ်ကပတိပေးခြင်း မဟုတ်ကြောင်း သိစေချင်သည်။ သူ ဘယ်ကဲ့သို့ ကတိပေးရမည်နည်း။

မျက်စိဝေ့ဝဲကာ ရှာလိုက်သည်။ တွေ့ပြီ ထမင်းစား စားပွဲပေါ်၌ တင်ထားသော စားသောက်စရာများကြားမှ သားလှီးဓား တစ်ချောင်း။





သူ ဆတ်ခနဲ ထယူလိုက်သည်။

"ဘာ[illegible]လဲကွ"

"ခဏပါ ဖေဖေ"

ဓားကို သွားယူသည်။ ဖခင်က မမှိတ်မသုန် ကြည့်နေသည်။ စိုးရိမ်ခြင်း အ[illegible]ည်းမရှိ၊ ဦးဇော်ဝင်း ရောက်လာသည်။

"ဘာဖြစ်လို့လဲ မောင်နိုင်ရှင်း၊ ဓားက. . ."

"ခဏပါ အန်ကယ်၊ ကျွန်တော် ဖေဖေ့ကို သွေးနဲ့ ကတိပေး သို့ပါ"

ဓားဦးဖြင့် လက်ဖျံကို ဆတ်ခနဲ ထိုးလိုက်သည်။ ကျန်းမာ သန့်စွမ်း သွေးသားကောင်းသော ယောကျ်ားလူငယ်တစ်ဦးဖြစ်၍ သွေးက လျှံဝေလာသည်။

"လက်ထပ်စာချုပ် ပေးပါ ဖေဖေ"

"ဩော်. . . ဦးဇော်ဝင်း လွယ်ရင် ပေးလိုက်ပါဗျာ"

"နေနေ. . . ကျွန်တော် သွားယူပေးမယ်"

ရှက်နု ခဲအိုက အပေါ်ထပ် ပြေးတက်သွားသည်။ သူနှင့် ရှက်နုအခန်း၌ ရှိနေသည်။

သွေးက လျှံဝေဆဲ၊ သူ့ မျက်နှာမမဲ့၊ သုတ်ပစ်ရန် မကြိုးစား၊ မှန်အုပ်ထားသော စားပွဲပေါ် တောက်တောက်ကျနေသည်။

"ကလေးတွေရဲ့အတာတ်ဆန်းတဲ့ စိတ်ကူးယဉ်မှုတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်သွားရတယ်လို့ပဲ ကျွန်တော် သဘောပေါက် တယ် ဦးဘထိုက်ရာ၊ မောင်နိုင်ရှင်းကိုလဲ ခွင့်လွှတ်ပြီးသားပါ၊ သူ စိတ်အနှောင့်အယှက် ဖြစ်ရမယ့်အလုပ်မျိုးလဲ အပြစ်မပေးပါနဲ့ ဗျာ၊ ကျွန်တော့်သမီးကို ကျွန်တော်တို့ပဲ ဘာဝန်ယူနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ဦးဇော်ဝင်း၊ ခင်ဗျားတို့ဘက်က ခုလို သဘောထားကြီးလေလေ ကျွန်တော်တို့မှာ ပိုပြီး ယူကျုံးမရ ဖြစ်ရလေလေပါ။ ဖြစ်နိုင်ရင် ဒင်းအသက်နဲ့ လဲလို့ ပျောက်ကင်းသွားမယ်ဆိုရင် တောင် လဲပေးထိုက်ပါတယ်ဗျာ၊ ခုဟာက သူ့ကြောင့် ဖြစ်ရတဲ့ ဝေဒနာမို့ သူသာလျှင် တာဝန်အရှိဆုံးလူပြီးတော့ သူ့မိဘဖြစ်တဲ့ ကျွန်တော်တို့က ဒုတိယ၊ တတိယက ခင်ဗျားတို့ ဖြစ်သွားပြီလို့ ကျွန်တော် ခံယူထားပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ သမီးလေးကို တာဝန်ယူပါရစေ၊ ဝေဒနာ မပျောက်မကင်းချင်း ကျွန်တော်တို့ တာဝန်ပါ၊ ဝေဒနာပျောက်သွားတဲ့အခါကျမှ ခင်ဗျားတို့ သဘောကျနဲ့ ကာယကံရှင် သမီးလေး ဆုံးဖြတ်ချက်ကို လိုက်နာနိုင်မယ်"

"ခင်ဗျားကလဲ ဇွတ်ပဲကိုးဗျ၊ မောင်နိုင်ရှင်းက ခင်ဗျားနဲ့ တူပုံရတယ်"

ဦးဇော်ဝင်းက အိမ်ရှင်ပီပီ သဘောကများ ထိန်းချုပ်ကာ ရယ်သွေးစကား ဆိုသည်။ သူ့ဖခင် ဦးဘထိုက်က ပြုံးလျက်. . .

"ဒါလဲ အမှန်ပဲ၊ ဒါပေမယ့် ဒီကောင်က အဖေထက် ပိုပြီး လက်စွမ်းထက်တဲ့ အကောင်ဗျ"

"စာချုပ်ရပြီ"

ရွက်နုခဲအိုက သူ့အား ပေးသည်။ သူက သွေးစက်ဝေးရာတွင် စာချုပ်ကို တင်လိုက်ပြီး ကြမ်းပြင်ထက် ဒူးထောက်လိုက်သည်။

"ဖေဖေနဲ့ အန်ကယ်တို့ရှေ့မှာ သား သွေးနဲ့ သစ္စာဆို ကတိပြုပါတယ်၊ သား စနိုးဝိုက်ခေါ် ရွက်နုကို ဖြူစင်သန့်ရှင်းသော မေတ္တာနဲ့ သစ္စာရှိရှိ စောင့်ရှောက်သွားပါ့မယ်"

နှုတ်မှလည်း ပြောသည်။ ညာလက်ဖြင့် သွေးစက်များကို ားဦးဖြင့် တို့တို့ပြီး လက်ထပ်စာချုပ် လွတ်နေသောနေရာ၌ စာရေးလိုက်သည်။

'ကတိသစ္စာပြုပါသည်' ဟူသော စာတန်းနှင့် သူ့ဆိုင်းကို သွေးနှင့် ထပ်ရေးလိုက်သည်။ တစ်စောင်တည်းမဟုတ်၊ နှစ်စောင်လုံးပင်။

အချစ်ဆုံးသူ ဘဝပျက်ရသည်ထက်စာလျှင် သူ့လုပ်ရပ်ဘလေးက နှိုင်းယှဉ်မရအောင် သေးငယ်နေပါသည်။ နိုင်ရှင်း၏ ရင်တွင်းမှ ဖြစ်ပေါ်လာသော နက်နက်ရှိုင်းရှိုင်း သွေးကတိဖြစ်ကြောင်း နိုင်ရှင်းသာလျှင် အသိဆုံးပါ။

"အေး. . . ယောကျ်ားကတိဆိုတာ အသက်နဲ့ လဲပြီး စောင့်သိန်းရတယ်ဆိုတာတော့ မင်း မြဲမြဲမှတ်ထားလိုက်ပါ"

ဖခင်က ခပ်မာမာပင်။

ဦးဇော်ဝင်းက. . .

"မောင်မိုးဦး. . . မင်းသူငယ်ချင်းရဲ့ဓားဒဏ်ရာကို သွေးတိတ်အောင် လုပ်ပေးလိုက်ပါဦးကွာ၊ မောင်နိုင်ရှင်းကို အန်ကယ် ယုံကြည်ပါတယ်၊ မင်းလဲ အနားယူချင် ယူလိုက်ပါဦး"

ဘယ်လိုလုပ်၍ အနားယူနိုင်ပါမည်နည်း။ ရွက်နုအတွက် ခံစားနေရသော ဝေဒနာက အနားယူခြင်း အိပ်စက်ခြင်းတို့ကို လွှမ်းမိုးအနိုင်ယူသွားတော့မည်ပင်။





www.burmeseclassic.com

www.burmeseclassic.com





"မကြောက်နဲ့ သမီး၊ သူက သမီးအစ်ကို၊ ဖိုးတေ အနားလာရင် လက်သီးနဲ့ ထိုးလွှတ်လိမ့်မယ်၊ ဒါကြောင့် ဘဘက သမီးနားမှာ စောင့်ရှောက်ခိုင်းတာ"

ဝိုင်းဝိုင်းလည်နေသောမျက်လုံး၊ မျက်ဆန်အိမ်က ဂဏှာမငြိမ်၊ လက်ညှိုးလေး ထိုးကာ ပါးစပ်မှ တတွတ်တွတ်။

"သမီးအစ်ကို. . . . အစ်ကို. . . အစ်ကို"

နိုင်ရှင်း မကြည့်ရက်၊ ဤမျှအထိ ဆိုးရွားသွားလိမ့်မည်ကို ဘယ်သူကမှ ကြိုမသိနိုင်ခဲ့ပါ။

"ဟုတ်တယ်. . . သမီးအစ်ကို၊ ဖိုးတေ အနားမလာအောင်



စောင့်ရှောက်ပေးမယ့်အစ်ကို"

"ဟို. . . အမေဆိုတဲ့ မိန်းမကြီးကကော စောင့်ရှောက်ပေးသို့ မရဘူးလား၊ အဘွားဆိုတဲ့ မိန်းမကြီးကကော"

"အဟီး. . . ငါ့ကို မိန်းမကြီးတဲ့၊ ငါ့မြေး. . . ငါ့မြေးလေးရဲ့ အဖြစ်က မြင်လို့မှ ကောင်းရဲ့လား၊ မိခင်မလေးရဲ့. . . ပေးစားချင်ဦး. . . လင်"

"အို. . . အမေနဲ့က ခက်တော့တာပါပဲ၊ လာပါ အမေရယ်၊ ဆရာ့ကို အားနာစရာ"

ဘွားအေ ဒေါ်မာလာကလည်း တမော့်ပင်၊ ကျောင်းဆရာမတစ်ဦးဖြစ်သော ဒေါ်ခင်မလေးမှာ သမီးအနား အချိန်ပြည့်နေနိုင်၊ ခမရ(. . .)မှ ဒုတပ်ရင်းမှူးဖြစ်သော ဗိုလ်မှူးဇော်ဝင်းမှာသည်း သမီးမင်္ဂလာကိစ္စ ပြီးသည်နှင့် ပြန်ရသည်။ ခွင့်ထပ်တင်၍နေရ။

ထို့ကြောင့် စိတ္တဇအထူးကု ဆရာဝန်၏ညွှန်ကြားချက်နှင့် သူနာပြု ငှားရသည်။ သူနာပြုများ၏အကူအညီနှင့်အတူ နိုင်ရှင်းကိုပါ စောင့်ရှောက်နိုင်ရန် မိတ်ဆက်စကားဆိုနေခြင်း ဖြစ်သည်။

"မိန်းမဆိုတော့ ဖိုးတေလို ယောက်ျားလေးကို မနိုင်ဘူး၊ သမီးရဲ့၊ ဖိုးတေက ဆိုးတယ်မို့လား၊ ဒါကြောင့် သမီးအစ်ကိုလိုလေတောင့်တောင့် လူမျိုးဆိုရင် လက်သီးနဲ့ တစ်ချက်ထိုးလိုက်ရုံပဲ"

ဒေါက်တာအောင်ကိုးက သူ့အား မျက်ရိပ်လှမ်းပြလိုက်သည်နှင့် နိုင်ရှင်းက ရှက်နုအနား မသိမသာ တိုးကပ်ရင်း. . .

"ဟုတ်တယ် ညီမလေး၊ ညီမလေးရဲ့အနားကို ဖိုးတေတင်မကဘူး၊ ဘယ်သူမှ မလာရအောင် အစ်ကိုစောင့်ရှောက်ပေးမယ်



www.burmeseclassic.com

သိလား"

ရွက်နုက သူ့ကို မျက်လုံး ကလယ်ကလယ်နှင့် လှမ်းကြည့်ပြီး ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။ နိုင်ရှင်း မမြင်ရက်တော့သဖြင့် ခေါင်းကလေးကို လှမ်းပုတ်ကာ. . .

"ခေါင်းညိတ်တယ်ဆိုတာ တစ်ချက်ကလေး ညိတ်လိုက်ရုံနဲ့ ရတယ် ကလေးရဲ့၊ ဇက်ညောင်းတာပေါ့"

"အင်း. . . ဟုတ်တယ်၊ စနိုးဇက်တွေ ညောင်းလိုက်တာ"

တကယ့် ကလေးငယ်တစ်ဦး၏အသံမျိုးကို ဆုတ်ယုတ်ပြောင်းလဲသွားခြင်းဖြစ်သည်။

"ကိုင်း. . . သမီး အားရှိရင် ဘယ်သူက ရန်လုပ်လုပ် ပြန်တီးလို့ ရတယ်၊ ဒါကြောင့် အားရှိအောင် အားဆေးလေး ထိုးလိုက်ရအောင်နော် သမီး"

"ဟုတ်ကဲ့. . . ဘဘ"

သူနာပြုဆရာမ၏ အကူအညီဖြင့် ဆေးထိုးပြီးနောက် သောက်ဆေးများကို အချိန်မှန်မှန်တိုက်ရန် ညွှန်ကြားနေပြန်သည်။

နိုင်ရှင်းတို့ကို မကြည့်ဘဲ ဘိုမရုပ်လေးကို လက်ကိုင်ပုဝါနှင့် ပတ်ပေးနေသော ရွက်နုအသွင်မှာ မြင်ရက်စရာမရှိ၊ ပါးစပ်ကလည်း တတွတ်တွတ်။

"နင်လဲ မကြောက်နဲ့တော့၊ ငါ့အစ်ကို ရောက်လာပြီ၊ ဖိုးတေဆိုတဲ့ကောင်ကို ခွပ်ကနဲ တီးလိုက်ရုံပဲနော်၊ မကြောက်နဲ့ သိလား၊ ငါတောင် မကြောက်တော့ဘူး"

နိုင်ရှင်းမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားပင် မသိနိုင်၊ သို့သော် တစ်ရက်နှစ်ရက် အနားသို့ ဘယ်သူမှ အကပ်မခံဘဲ ထွက်ပြေးပုန်းအောင်းနေတတ်သော ရွက်နုကို အတင်းချုပ်ကာ အိပ်ဆေးထိုး အိပ်ဆေးတိုက် လုပ်ခဲ့ပြီးနောက်မှ တစ်ဆင့်တိုး၍ ကုသခဲ့ရာ တစ်ပတ်ကြာမှ နိုင်ရှင်းတို့တွေကို အသိအမှတ်ပြုလာခြင်း ဖြစ်သည်။

"မောင်နိုင်ရှင်း. . . အန်ကယ်နဲ့ ခဏလိုက်ခဲ့ဦး" ဟု အင်္ဂလိပ်စကားဖြင့် သူ့အား ခေါ်လိုက်သဖြင့် သူ လိုက်ဟန် ပြင်ဆိုက်သောအခါ. . .

"ဘဘက အစ်ကိုကို ဘာလို့ ခေါ်သွားရတာလဲ"

"သမီးက အင်္ဂလိပ်စာ တတ်တယ်လား"

"တတ်တာပေါ့. . သမီးမေမေတို့ ဘွားဘွားတို့က ဆရာမကြီးတွေဆို၊ ဘဘပဲ ပြောပြီးတော့"

"ဆောရီး. . . ဆောရီး၊ ဟုတ်သားပဲ၊ ဘဘ မေ့လို့ မေ့လို့၊ ငါ့သမီးက ဉာဏ်သိပ်ကောင်းတာပဲ"

"အစ်ကိုကို ဘာဖြစ်လို့ ခေါ်သွားရမှာလဲ၊ ဖိုးတေ ရောက်လာရင် ဘယ်လိုလုပ်မလဲလို့"

"အေး. . . ဟုတ်သားပဲ၊ ဘဘ မေ့လို့၊ မောင်နိုင်ရှင်း မင်းညီမကို စောင့်သိပ်လိုက်ပါဦး"

ဒေါက်တာဦးအောင်ကိုသည် ရွက်နု မမြင်အောင် မျက်ရိပ်ပြပြီး အခန်းထဲမှ ထွက်သွားသည်။

ဆေးအရှိန်ဖြင့် မျက်တောင်မွေးစင်းလာသော ရွက်နုအနားသို့ ကုလားထိုင်တစ်လုံး ဆွဲထိုင်လိုက်သည်။

"အိပ်တော့နော် စနိုး၊ အစ်ကို ပုံပြောပြမယ်"

"စနိုးဝိုက်လေးပုံ ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီပုံ စနိုးကြိုက်လို့လား"

"ကြိုက်တယ်"

"နားထောင်ဖူးလို့လား"

"ထောင်ဖူးတယ်. . . ခဏခဏပဲ"

"ဘယ်သူပြောလို့လဲ"

"ကိုကိုက အားကြီး မေ့တတ်တယ်၊ ကိုကိုပဲ ပြောပြီးတော့"

"အင်း. . . ဟုတ်သားပဲ၊ ကိုကိုက မေ့သွားလို့ပါ၊ ကဲ. . . ပြောမယ်၊ မျက်လုံးလေး မှိတ်ပြီး နားထောင်"

"ဟုတ်ကဲ့. ."

သူနာပြုဆရာမက စောင်ပါးလေးတစ်ထည် ရင်ဘတ်အထိ ခြုံပေးလိုက်သည်။ ထို့နောက် မလှမ်းမကမ်း ကုလားထိုင်၌ ဝတ္ထုသွားဖတ်နေလေသည်။ ထိုအခါမှ နိုင်ရှင်းလည်း အနေချောင်သလို ရှိသည်။

လူပုလေး ခုနစ်ယောက်နှင့် စနိုးဝိုက်လေးပုံပြင်ကို ပြောပြရလေသည်။ ပုံပြင်မဆုံးသေး။ ချွက်နုမှာ တရှူးရှူးဖြင့် အသက်ရှူသံပြင်းပြင်းလေးနှင့် အိပ်ပျော်သွားလေပြီ။

သက်ပြင်းချလိုက်ပြီး ရွက်နု ခုတင်နားမှ ညင်သာစွာ ထွက်ခဲ့သည်။

ဧည့်ခန်း၌ ဒေါက်တာအောင်ကိုနှင့် ဒေါ်ခင်မလေး စောင့်နေသည်။

"အိပ်သွားပြီလား မောင်နိုင်ရှင်း"

"ဟုတ်ကဲ့. . . အိပ်ကာယ်"

"ရောဂါက ကုရတာ လွယ်ပါတယ်၊ ဒါပေမယ့် သူ့ရှေ့မှာ





ပူဆွေးနေတဲ့ ဘွားအေနဲ့ နည်းနည်း ကင်းဝေးအောင် ထားနိုင်ရင် ပိုကောင်းတယ်၊ အကြောက်အလန့် သောက လုံးဝ မပေးဘဲ ဖိုးတေကို သူ မကြောက်တော့ဘူး၊ သူ့ဘဝကို မှတ်မိလာရင် ရောဂါပျောက်ပြီလို့သာ မှတ်လိုက်တော့"

"ဘွားဘွားနဲ့ ကင်းကွာဖို့ဆိုတာက ဖြစ်နိုင်ပါ့မလား"

"အမေက သူ့မြေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေတာ မှန်ပေမယ့် သူ့မြေးရောဂါ ပျောက်ဖို့အတွက် ဆိုရင်တော့ နားထောင်မှာပါ ဆရာ"

"ကျွန်တော့်အနေနဲ့ကတော့ အပန်းဖြေစခန်း မြို့တစ်မြို့လို နေရာမျိုးမှာ ခဏသွားနေစေချင်တယ်၊ ဆေးမှန်မှန်သောက်ဖို့အတွက် ပြုစုဖို့အတွက်တော့ သူနာပြုဆရာမတစ်ဦးကို တစ်လစာ အပြတ်ငှားလိုက်ပါ"

"ဆရာ ကောင်းသလိုနဲ့ သင့်တော်မယ့် ဆရာမ ငှားပေးပါ၊ ခက်တာက စာမေးပွဲရာသီ ဖြစ်နေတော့ ကျွန်မလဲ ခွင့်မယူနိုင်ဘူး"

"သူ ငယ်ငယ်က ထိန်းခဲ့တဲ့ ဒေါ်နှင်းစိန်ဆိုတာကော"

"သူ့တူမအိမ်မှာ နေတာကြာပြီ"

"ပြန်အကူအညီ တောင်းကြည့်ပါလား၊ သူနာပြုတစ်ဦးရယ်၊ ဖိုးတေနဲ့ သူ့အကြောင်း သိပြီး အားထားပုံရတဲ့ ဒေါ်နှင်းစိန်ရယ်၊ ဖိုးတေ ခေါ်တဲ့ မောင်နိုင်ရှင်းရယ်ဆိုတော့ သူ့အတွက် ကောင်းပါတယ်၊ အတိတ်နဲ့ လက်ရှိအနေအထားကို ဆက်စပ်ယူသွားနိုင်ရင် မကြာပါဘူး၊ အလွန်ဆုံး နှစ်လပေါ့၊ ကောင်းသွားမှာပါ"

ဆရာဝန်က ရဲရဲအာမခံနေလေပြီ။ နိုင်ရှင်းအနေဖြင့် ထို သက်စော၍ ကောင်းစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သူ့အဖေ တပ်ထဲ လိုက်သွားလဲ ရပါတယ်"

ဒေါ်ခင်မလေးအနေဖြင့် သူ့သမီးအပေါ် စိုးရိမ်ခြင်းက သဘာဝကျသည်။ သို့သော် သူ့အနေဖြင့် လက်မခံချင်ပါ။

"ကလောမှာ ကျွန်တော့်ခြံ ရှိနေတာပဲ အန်တီ၊ အခြားကို စဉ်းစားမနေပါနဲ့၊ တပ်ထဲဆိုတော့ အန်ကယ့်မျက်နှာ ရှိနေတယ်၊ ဒီအကြောင်းက လူမသိအောင် ကွယ်ဝှက်ထားကြတဲ့ကိစ္စကို တပ်ထဲ လိုက်နေတယ်ဆိုရင် ကိုယ့်အထုပ် ကိုယ်ဖြေပြတာနဲ့ တူမှာပေါ့ အန်တီ"

"ဟုတ်သားပဲ. . . ရုတ်တရက်တော့ အန်တီ မစဉ်းစားမိလိုက်ဘူး"

"သားသမီးဇောတွေပေါ့ ဒေါ်ခင်မလေး၊ ကျွန်တော် စာနာပါတယ်၊ ဒါကြောင့်လဲ အကောင်းဆုံးနဲ့ အမြန်ဆုံး ပျောက်ကင်းအောင် ကျွန်တော် ကြိုးပမ်းနေပါတယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာ၊ ကျွန်မတို့လည်း ဆရာ့ညွှန်ကြားချက်ကို တစ်သဝေမတိမ်း လိုက်နာပါ့မယ်"

"မောင်နိုင်ရှင်းက သူ့စကားကို လိုက်ပြီးမှ ကိုယ်လိုရာကို တဖြည်းဖြည်း ဆွဲဆောင်ယူရမယ်"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် အစွမ်းကုန် ဂရုစိုက်ပါ့မယ်"

ဆရာဝန်ကို လိုက်ပို့ဆောင်ပြီး နိုင်ရှင်း ပြန်ခဲ့သည်။ နိုင်ရှင်းအတွက် အိပ်ခန်းကို သပ်သပ်ထားပေးသည်။ နှစ်ယောက်အိပ်ခန်းကိုတော့ ပိတ်ထားလိုက်သည်။ ရွက်နုက သူမအပျိုခန်းမှာပင် ပြန်နေရသည်။





ယောက်ျားလေး ကြီးကြီးမားမား မရှိသော အိမ်ဖြစ်၍ နိုင်ရှင်းကိုသာ အားကိုးရာအဖြစ် အားထားနေကြရသည်။


ပတ်ဝန်းကျင်အမြင်တော့ နိုင်ရှင်းနှင့် ရွက်နုသည် လက်ထပ်ပြီးသား အကြင်လင်မယားပင်၊ သို့သော် နိုင်ရှင်း ပြုံးလိုက်မိသည်။ တကယ်တော့ မိမိသည် အပြစ်ကြွေး ပေးဆပ်နေရသူတစ်ဦးပင်။



www.burmeseclassic.com

www.burmeseclassic.com






အေးချမ်းသာယာလှပသော ကလောမြို့၏မြို့စွန်နားတွင် အနားယူရန် မြေတစ်ကွက် ဝယ်ယူထားပြီး တစ်ထပ်တိုက်ပုလေး တစ်လုံးကို စိတ်တိုင်းကျ ပုံစံလှလှ တည်ဆောက်ထားသည်။ မာလီ ငှားကာ ပန်းခြံကို ပြုပြင်စေသည်။

"ဒါ. . . ဘယ်သူ့အိမ်လဲဟင် ကိုကို"

ရွှက်နုက ကားပေါ်က မဆင်းသေးဘဲ လှမ်းမေးလိုက်သည်။

"ဒါ. . . ညီမလေးအိမ်လေ"

"ညီမလေးအိမ်"





"ဟုတ်တယ်. . . ကိုကိုက ညီမလေးအတွက် လက်ဆောင် ဝယ်ပေးထားတာ"

အမှန်တော့ မင်္ဂလာဦး လက်ဆောင်ဟု သူ့စိတ်တွင်း ဖြည့်စွက်ပြောလိုက်သည်။

"လက်ဆောင်. . . ဘာလဲ မွေးနေ့လက်ဆောင်လား"

ရွှက်နုက တွေးတွေးဆဆလေး မေးလိုက်သည်။ နိုင်ရှင်း က ခေါင်းညိတ်ရင်း. . .

"ဒါပေါ့. . ."

"ကိုကိုက သူဌေးလား၊ တိုက်တစ်လုံးတောင် မွေးနေ့လက် ဆောင် ပေးတာယ်ဆိုတော့ သူဌေးပေါ့နော်. . . ဟုတ်လား"

"မဌေးပါဘူး၊ ညီမလေးကို ချစ်လို့"

နိုင်ရှင်း စကားဆုံးသွားမှ မှားသွားမှန်း သိလိုက်သည်။ သို့သော် ကားထဲ၌ ဒေါ်နှင်းစိန်နှင့် သူနာပြုဆရာမပါ ရှိမနေတော့ သဖြင့် တော်ပေသေးသည်။

"လာ. . . ဆင်းရအောင် ညီမလေး"

"ဟင်. . . မဆင်းရဲသေးဘူး"

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ဖိုးတေ ရှိနေရင် ဘယ်လိုလုပ်မလဲ"

"ဪ. . . မရှိပါဘူး ညီမလေးရဲ့၊ ကိုကိုက ခြံစောင့် ငှားထားတယ်၊ အိမ်နားကို ဘယ်သူမှ အကပ်မခံဘူး၊ အခုလဲ မနှင်း တို့ ဝင်သွားပြီပဲ၊ ဖိုးတေ ရှိမရှိ သွားကြည့်တာ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . မေးပေးမယ်၊ ဆရာမရေ. . . ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



အထူးသူနာပြုဆရာမကြီး ဒေါ်နန်းအဲဖောက ချက်ချင်းပင် အိမ်ရှေ့ရောက်လာသည်။

"ဘာလဲဝေ့"

"အထဲမှာ ဖိုးတေရှိသလားတဲ့"

"ဘယ်မှာ ရှိရမှာလဲ၊ ဘာမှ မရှိဘူး၊ တို့ အိမ်အနှံ့ ကြည့်ပြီးပြီ"

ဒေါ်နန်းအဲဖောက အသက်(၅၀) ရှိပြီဖြစ်၍ လူကြီးတစ်ဦးကဲ့သို့ သူတို့အပေါ် အုပ်ချုပ်နေထိုင်ပေးသည်။ ဝါရင့်ကာ စေတနာထားပြီး လုပ်ကိုင်သူဖြစ်သဖြင့် မိသားစုသဖွယ်ပင် လုပ်ကိုင်နေထိုင် ဆက်ဆံလေ့ရှိသည်။

"သေချာရဲ့လား အန်တီနန်း"

"သေချာတာမှ မျက်လုံးလေးလုံးနဲ့တောင် ကြည့်ထားတယ် သမီးရဲ့၊ လာ. . . လာ"

နိုင်ရှင်းက ကားပေါ်မှ ဆင်းကာ ရွက်နုဘက် တံခါး ဖွင့်ပေးလိုက်သည်။

ရွက်နုက တွန့်ဆုတ်တွန့်ဆုတ်နှင့် ဆင်းလာသည်ကို ဒေါ်နန်းအဲဖောက လက်ဆွဲကာ. . .

"အိမ်ထဲမှာ ရှင်းလို့ သမီးစိတ်တိုင်းကျ ပန်းအိုးလေးတွေ ထိုးပေးမယ် သိလား၊ လာ. . . သမီး ဘယ်အခန်း ကြိုက်သလဲ ဆိုတာလဲ ရွေးဦး"

ရွက်နု အာရုံပြောင်းလွဲသွားစေရန် ပြောဆိုခေါ်ဆောင် သွားသော ဒေါ်နန်းအဲဖောတို့နောက်မှ သူ လိုက်ခဲ့သည်။ ယခု တော့ သူသည် တတ်နိုင်သမျှ မီးစင်ကြည့်ကနေရသည်။ တင်း





အမှားမှ နှစ်ခါအမှား အဖြစ်မခံနိုင်။

စိတ်ဝေဒနာရှင်ဟု မသိသူများဆိုလျှင် ဘုရားစူးပါဟု ကျိန်ပြောရမည့်ကဲ့သို့ ဖြစ်နေသည်။ တစ်နေ့တခြား အလှကျက်သရေ တိုးနေသော ရွက်နုကို အရိပ်တကြည့်ကြည့် ကြည့်နေရသော သူ့မှာ စိတ်ပင်ပန်းကြီးစွာ ဖြစ်နေရသည်။

"ကိုကိုရေ. . ."

အိမ်ရှေ့ခန်း ဆိုဖာပေါ်ဝယ် ခြေပစ်လက်ပစ် ထိုင်နေသော သူ့မှာ ဆတ်ခနဲ ထလိုက်ပြီး. . .

"ဘာလဲ ညီမလေး"

"လာပါဦး"

စေလိုရာ စေပါတော့ဟု နိုင်ရှင်းစိတ်ကို တုံးတုံးချထားလိုက်သည်။ ချစ်၍ အလိုလိုက်ခြင်းအပြင် အပြစ်ကြွေးကို ဆပ်နေခြင်းကလည်း ပါသည်ဖြစ်၍ ခုနေချိန်၌ သူသည် ရွက်နု၏အစေအပါး လုံးလုံးပင်။

"လာပြီ ညီမရေ. . . လာပြီ"

ရွက်နုက ဘုရားခန်းနား ကပ်နေသော အခန်းတွင်းမှ လှမ်းခေါ်ခြင်းဖြစ်သည်။

"ကိုကို. . . ညီမ ဒီအခန်းကြိုက်တယ်"

"လုပ်လိုက်ဟ"

ဟု စိတ်တွင်း၌သာ ရွတ်ဆိုလိုက်သည်။ ခေါင်းရင်းခန်း၌ သူနေရန် လျာထားသည်။ သို့သော်. . .

"နေချင်နေလေ. . . ဘာဖြစ်လို့လဲ၊ ဟိုဘက်အခန်းကပို ကောင်းဘူးလား၊ ကျယ်လဲ ကျယ်တော့ ဆရာမတို့လဲ အိပ်လို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာပေါ့. . . မဟုတ်ဘူးလား"

"ဟုတ်သားပဲ သမီးရယ်၊ ဆရာမဆိုရင် ဟိုဘက်အခန်း လေး ပိုကြိုက်တယ်၊ ပန်းခြံလေးကိုလဲ တန်းလို့၊ တောင်တန်းကြီးလဲ လှမ်းမြင်ရတယ်၊ ကျယ်လဲကျယ်တော့ ဆရာမတို့ ချောင်ချောင်ချိ နေရတာပေါ့"

ရွှက်နု စဉ်းစားဟန်ဖြင့် မျက်တောင်လေး မှေးစင်းကာ တစ်နေရာသို့ ငေးကြည့်နေသည်။ အသည်းယားစရာကောင်းသော ပုံစံလေးပင်။

"ညီမလေး သဘောလေ"

အလိုလို လိုက်လျောချင်နေသည်။ စိတ်အနှောင့်အယှက် မပေးလိုပါ။

"ကိုကိုက ဒီအခန်း နေမှာလား"

"ညီမလေး မနေရင်တော့ နေမယ်"

"ကိုကိုနေရင်လဲ နေလေ၊ ညီမလေး နေချင်တဲ့အခါလည် လာနေမယ်"

နိုင်ရှင်းက ပြုံးလျက်. . .

"ကိုယ့်အစ်ကိုအခန်းပဲ ညီမလေးရယ်၊ အချိန်မရွေး ဝင် ထွက်လို့ ရနေတာပဲ"

နိုင်ရှင်း စကားအရာကို အစထိန်းချုပ်ပြီး ပြောရခြင်းတို အားမလိုအားမရ ဖြစ်နေသည်။ လွတ်လပ်စွာ ပြောဆိုနောက်ပြော ရယ်မောတတ်သော နိုင်ရှင်းအတွက် အခက်ကြုံနေရလေပြီ အခက်ကြုံခြင်း၏နောက်၌ ရတက်ဖြာခြင်းက ကပ်ငြိပါလာလေ သည်။





"ဒါဖြင့်လဲ ပြီးရော၊ ခု ညီမလေး အခန်းထဲမှာပဲ ခဏ ချင်တယ်၊ ကိုကို မအိပ်နဲ့ဦး၊ ညီမလေးကိုစောင့်"

နိုင်ရှင်းက သက်ပြင်းမော ချလိုက်သည်။ ရောဂါအခြေ နေအရသာ သူ့ကို အနှောင့်ကပ်ခံနေခြင်းဖြစ်မည်။ အကယ်၍သာ ကိုနုဘဝသို့ ရောက်ရှိလာပါက နိုင်ရှင်းဆိုသောလူကို လုံးဝလက်ခံ တော့မည်မဟုတ်။ သို့ဆိုလျှင်. . .

"နော်. . . ကိုကို၊ ညီမလေး အိပ်မယ်နော်"

"ဩော်. . . အိပ်ပေါ့ ညီမရယ်. . . အိပ်"

မအိပ်နဲ့ဟုလည်း မတားချင်ပါ၊ ထို့ကြောင့် ကုတင်ပေါ် သာစွာ တက်၍ ခွေခွေလေး လဲလျောင်းလိုက်သော ရွှက်နုကို င်ကလေး ခြုံပေးပြီး. . .

"စိတ်ချလက်ချ အိပ်နော်၊ ကိုကို ပစ္စည်းတွေ နေသားတကျ းလိုက်ဦးမယ်"

"ဟင့်အင်း. . . ဟင့်အင်း"

မျက်လုံးဖွင့်ကာ နှုတ်ခမ်းကလေးကို စူကာ ငြင်းဆိုသည်။ ထက်အောက် ညီသော နှုတ်ခမ်းနှစ်လွှာသည် ဝိုင်းသွားကာ ဆီပွင့်ဖတ်ကလေး လှုပ်ရှားသည့်နှယ် ချစ်စဖွယ် ဖြစ်နေသည်။

ဒိန်းဒိန်းတပ်ဖွဲ့ စစ်ချီနေသော ရင်အစုံဖြင့် အကြည့်လွှဲဖယ် . . .

"ဘာဖြစ်လို့လဲ. . . အိမ်ထဲမှာ ကိုကိုရှိနေမှာပဲ"

"ညီမလေးနားမှာပဲနေ၊ အန်တီစိန်နဲ့ ဆရာမ အန်တီဖော့တို့ ဘာပဲ၊ သူတို့ ပစ္စည်းတွေ နေရာချထားလိမ့်မယ်"

"ဟုတ်ပါတယ် ကိုရှင်းလေးရာ၊ အန်တီဖော့ သွားစီစဉ်ပါ့



www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ကိုရှင်းလေး အဝတ်တွေသာ ကိုရှင်းလေး သိမ်း"

ဒေါ်နန်းအဲဖောက ကြားဝင်၍ ပြေလည်ရေး ဖန်တီးပေးလိုက်သည်။

ဒေါ်နန်းအဲဖောသည် အတွေ့အကြုံ ရင့်ကျက်သောလူကြီးတစ်ဦးပီပီ မိမိအတွင်းစိတ်ကို ရိပ်မိနေသလားဟု နိုင်ရှင်း တွေးလိုက်သည်။

"ကောင်းသားပဲ အန်တီဖော့"

အခေါ်အဝေါ်တွေ ပြောင်းလဲလိုက်ခြင်းက မိသားစုအသွင်ကို ဆောင်သွားစေသည်။

ဆုကေ့စ်ထဲမှ အဝတ်အစားများကို ဗီရိုထဲ လွှဲပြောင်းထည့်ခြင်းဖြင့် အာရုံကို လွှဲပြောင်းနေရသည်။ သလွန်ထက်မှ မြသားနှစ်အသွင် နှင်းဖြူမလေးကို သူ မကြည့်ရဲပါ။

"ကိုကို"

"ဆို"

"ညီမလေး အိပ်မရဘူး"

"အိပ်မရရင် မအိပ်နဲ့တော့ပေါ့"

"ဟင့်အင်း အိပ်ချင်တယ်၊ ကိုကို သီချင်းဆိုပြ"

ဒီအလုပ်လောက်တော့ မခက်ခဲပါဘူးလေ၊ နိုင်ရှင်းအတွက် အပျော့စား အလုပ်ကလေးပင်၊ မဆိုင်းမတွပင် နေဦးဟုဆိုကာ စာကြည့်ခန်း၌ ထောင်ထားသော ဂီတာကို သွားယူရသည်။

သူ့အခန်းထဲ ရောက်တော့ ရှက်နု မရှိတော့။

"စနိုးပိုက်လေးကော"

"ဒီရောက်နေပြီ ကိုရှင်းရေ"





"ဘာဖြစ်သွားရပြန်ပြီလဲ"

"အဲဒီမှာ အိပ်မပျော်လို့ ဒီမှာပဲ အိပ်တော့မယ်တဲ့"


"ဩော်. . . စိတ်ကလဲ အမျိုးမျိုးပေပဲ"

ဟု စိတ်တွင်း၌ ကြိတ်ပြောလိုက်မိပြီးမှ စိတ်ဝေဒနာသည်ဆိုသည်မှာ စိတ်ဘယ်တည်ငြိမ်နိုင်ပါ့မလဲဟု နိုင်ရှင်း တွေးကာသက်ပြင်းချပြီး ဂီတာကို ကုတင်ခေါင်းရင်းဘက်နား၌ ထောင်ပြီးအိပ်ယာထက် လှဲချလိုက်သည်။ တစ်လမ်းလုံး ကားမောင်းလာရသဖြင့် မျက်လုံးလည်းညောင်း လူလည်း ညောင်းနေပြီဖြစ်ရာ အနားယူလိုက်သည်။

သို့သော် အိပ်ပျော်ခြင်းသို့ ချက်ချင်းမရောက်ရှိနိုင်၊ ရှက်နုအငွေ့အသက်လေးများက သူ့အား ခြောက်လှန့်နေဆဲ။


www.burmeseclassic.com

www.burmeseclassic.com




"ကိုကို့ . . . ထပါဦး မြန်မြန် . . . မြန်မြန်"

ညဉ့်ဦးသုံးယံ၌ တစ်ယံသာ အိပ်ရသေးသော နိုင်ရှင်းသည် ရွက်နုအသံကြောင့် အလူးအလဲ ထလိုက်သည်။

"ဘာလဲ စနိုးဝိုက်"

"မြန်မြန်ကြည့်ပါဦး . . . ဟိုမှာ ဖိုးတေ လာနေသလား မသိဘူး"

သူ့အား အိပ်ယာထက်မှ အတင်းနိုးပြီး လက်ဆွဲခေါ်နေသော ရွက်နုကြောင့် မျက်လုံးပင် ကောင်းစွာ မပွင့်သေးပဲ တရွတ်တိုက် ပါသွားသည်။

☺ အောင်မြင်စာပေ ☺

"ဘယ်မှာလဲ"

"ဟိုခြံထဲမှာလေ . . . ညီမ မကြည့်ရဲဘူး၊ ကိုကိုကြည့်ပေးနော်၊ ညီမကြောက်တယ်"

ပြတင်းပေါက် လိုက်ကာအကွယ်၌ ရပ်ပြီး သူ့အား တီးတိုးပြောနေသော ရွက်နုဟန်လေးကြောင့် ပြတင်းပေါက်မှတစ်ဆင့် ခြံဝင်းအတွင်း ကြည့်ဖို့အရေးကိုပင် ဝန်လေးသွားသည်။ ကြောက်လန့်တကြား ဟန်ပန်လေးက သိုးငယ်လေးလို အပြစ်ကင်းစင်လွန်းနေသည်။

"တွေ့လား ကိုကို"

"အင် . . . အင်း"

"ဖိုးတေ ဟုတ်လား"

"ဖိုးတေကို ညီမ မှတ်မိလို့လား"

"အင်း . . ."

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ စဉ်းစားနေပုံလေးကြောင့် နိုင်ရှင်းရင်ထဲ ယူကျုံးမရ နှမြောတသစိတ်ကလေး ဝင်ရောက်သွားသည်။

ခြံထဲ၌ ဥယျာဉ်မှူးသည် တကုပ်ကုပ် အလုပ်ရှုပ်နေရှာသည်။

"ညီမ ဘယ်မှတ်မိမလဲ၊ ငယ်ငယ်တုန်းကပဲ တွေ့ဖူးတာ"

နိုင်ရှင်း တွေခနဲ စဉ်းစားရသည်။

ငယ်ငယ်က သိကျွမ်းခဲ့သော ဖိုးတေနှင့် သူ လူကြီးဘဝ ရောက်ရှိနေခြင်းကို ခွဲခြားသိသည်ဆိုတော့ ရွက်နုအခြေအနေ မဆိုးဘူးဟု တွေးကာ သူ ဖြေသာသွားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးတေက ဘယ်လိုပုံစံလဲလို့ ကိုကို့ကို ပြောပြဦး၊ ခြံထဲက လူက ကိုကို့တပည့် မာလီလေ၊ သူ့ကို ကြောက်ဖို့မလိုဘူး၊ သူကလဲ ခြံထဲကို ဖိုးတေ မဝင်အောင် စောင့်ရှောက်ပေးနေတာ"

"ဟုတ်လား"

"ကိုင်း. . . ပြောပါဦး ဖိုးတေပုံစံကို"

"ပုံစံ"

"ဟုတ်တယ်လေ. . . အသားဖြူသလား၊ မည်းသလား၊ ရုပ်ဆိုးသလား၊ ချောသလားဆိုတာ"

"ဟွန်း. . . သူလား ချောမှာ၊ ရွှံ့တွေ ပေလူးပြီး ညစ်ပတ်ပေတူးနေတာ၊ သိပ်အမြင်ကတတ်ဖို့ကောင်းတာ ကိုကိုရဲ့"

"ဒါဖြင့် ရုပ်ဆိုးတယ်ပေါ့"

"ဆိုးတာပေါ့"

"အရပ်ပုလား မြင့်သလား"

"မြင့်တာပေါ့. . . အရပ်ကြီး ညီမကို မိုးနေလို့၊ နို့မို့ဆိုရင် ညီမ သူ့မျက်နှာကို ဆွဲကုတ်ပစ်လိုက်မှာ"

"ဆံပင်ကကော"

"ဆံပင်က"

ရွှက်နုသည် စဉ်းစားဟန်ဖြင့် မျက်တောင်ကလေးပုတ်ခတ်ပုတ်ခတ် လုပ်ပြန်သည်။ နောက် သူ့အား ကြည့်ကာ ဝမ်းသာအားရပြုံးလျက် လက်ခုပ်လက်ဝါး တီးကာ. . .

"ခုမှ သတိထားမိတယ် ကိုကို၊ ကိုကို့လိုပဲ ဆံပင်နက်မှောင်ပြီး လှိုင်းတွန့်လေးတွေနဲ့"

"ဟား. . . ဒါဆို ချောမှာပဲ၊ ကိုကိုနဲ့ တူရင်"





နိုင်ရှင်းက ရွှတ်နောက်နောက် ပြောလိုက်သည်။

"ကိုကိုက လှတယ်၊ ဖိုးတေက မလှပါဘူး၊ ချွေးချေးရုပ်၊ ..န်းဖို့သိပ်ကောင်းတာ"

"ကိုင်း. . . စောစောစီးစီး ဒီကောင့်အကြောင်းတွေ ..ပြောနဲ့တော့၊ ကျက်သရေ ယုတ်တယ်၊ ညီမလေး ခု ဘာစားပြီးပြီ ..လဲ"

"မစားရသေးဘူး. . . ကိုကို့ကို စောင့်နေတာ"

"တယ်ဟုတ်ပါလား. . . စားနှင့်ရောပေါ့ ကလေးရယ်"

"ပျင်းတယ် ကိုကိုရ"

"အန်တီဖော့တို့ကော"

"အန်တီဖော့တော့ ရှိတယ်၊ ဒေါ်စိန်ကတော့ ဈေးသွားဘယ်"

"ဒါဖြင့် ညီမ ထမင်းစားခန်းက သွားစောင့်နေ၊ ကိုကို ..က်နှာသစ်ပြီး လာခဲ့မယ်"

"မြန်မြန်လုပ်နော် ကိုကို"

"အေးပါ ကလေးရယ်"

ရွှက်နုအတွက် လူလာဖြစ်နေရသော သူ့ဘဝကို အားမလိုအားမရ ဖြစ်နေမိသည်။ သို့သော် ရွှက်နု မျက်နှာလေးကို မြင်ရ..င်း အနားမှ တစ်ဖဝါးမှ မခွာချင်အောင် တမ်းတမ်းစွဲ ဖြစ်မိသည်။ ..ခုလို မိမိ ပယောဂကြောင့် စိတ်ဝေဒနာသည်ဘဝ ရောက်သွား..သည်ဆိုတော့ ပြောစရာ မရှိတော့။

မိမိဘဝ မိမိအသက် မိမိအသည်းသည် ရွှက်နုသာလျှ..ပြင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မန်နေဂျာနှင့် လွှဲကာ တယ်လီဖုန်းနှင့်သာ ညွှန်ကြားခြင်းသာ လုပ်နိုင်တော့သည်။ အားလုံးကို ကျောခိုင်းပစ်လိုက်သည်။

စည်းစိမ်ချမ်းသာ ငွေကြေး ဂုဏ်ပကာသနတို့သည် ချစ်ခြင်း၏အောက်၌ မှေးမှိန်ပျောက်ကွယ်သွားလေပြီထင့်။

"ကိုကိုရေ. . . မြန်မြန်လာလေ"

"လာပြီ. . . လာပြီ"

ဆံပင်ကို လက်နှင့် သပ်ရင်း ထမင်းစားခန်းသို့ ထွက်ခဲ့သည်။

စားနေနှင့်သော ရွှက်နုက လှမ်းပြုံးပြရင်း. . .

"ဆာလို့ စားနှင့်တာနော် ကိုကို"

"အင်း. . . စားပေါ့"

"ကိုကို. . ."

"ဆို. ."

"ဒါ ဘာမြို့လဲဟင်"

"ကလောလေ"

"ကလော. . ကလောဆိုတာ ပေလီနဲ့ နီးသလား"

နိုင်ရှင်း ရင်၌ မျှော်လင့်ချက်ကလေး ဖြစ်ထွန်းသွားသည်။

"ပေလီ"

"ဟုတ်တယ်လေ. . . ပေလီ"

"ပေလီ ညီမ ရောက်ဖူးလို့လား"

"ရောက်ဖူးတယ် ထင်တယ်၊ ရေတွေနဲ့လေ၊ အား. . . ခေါင်းမူးလိုက်တာ ကိုကိုရာ"

"ရော့. . . ရော့. . . ရှူဆေးလေး ရှူပြီး မှိန်းလိုက်နော်"

နိုင်ရှင်း ပြာပြာသလဲ ဖြစ်ရသည်။ စဉ်းစားပြောရင်း မူးဝေသွားဟန်ရှိသော ရွှက်နုကို ဖေးမထားရင်း. . .

"သက်သာရဲ့လား"

"အင်း. . ."

"ဆက်စားလိုက်ဦးနော်. . . ပြီးရင် ဆေးသောက်ရမယ်"

"ဆေးတွေ ဘာလို့ သောက်နေရတာလဲ၊ ညီမလဲ နေကောင်းနေရဲ့သားနဲ့"

"နေကောင်းပေမယ့် မူးမူးနေတယ် မဟုတ်လား၊ အမူးဝေဒနာ ပျောက်သွားအောင်ပေါ့"

"သြော်. . . ဟုတ်သားပဲ၊ ဘာဖြစ်လို့ မူးနေသလဲ မသိဘူး"

"စျေးလိုက်ဦးမလား ညီမ"

"စျေး. . . စျေးက ဒေါ်စိန်သွားနေတာပဲ"

"စျေးကို လျှောက်ကြည့်ရတာပေါ့"

"ဟင့်အင်း. . . လူတွေ အများကြီးပဲ၊ ညီမကြောက်တယ်"

"ကိုကိုပါတာပဲ"

"ကိုကိုပါလဲ ကြောက်တာပဲ"

"ဒါဖြင့် ကိုကိုတစ်ယောက်ထဲပဲ သွားတော့မယ်"

"ဟင်. . . ဘာသွားလုပ်မှာလဲ"

"သူငယ်ချင်းတွေဘာတွေနဲ့ တွေ့ရအောင်ပါ"

"ကိုကို့ဇာတိက ဒီကမို့လို့လား၊ ညီမလေးကတော ဘယ်က မွေးတာလဲ"

အသိတရားများကို တစ်ခုချင်း ထုတ်သုံးလာတော့သော



www.burmeseclassic.com

www.burmeseclassic.com

ရွက်နု အမေးများကို နိုင်ရှင်း စိတ်ရှည်လက်ရှည် ဖြေကြားရသည်။

"ဖေဖေက စစ်မှုထမ်းဆိုတော့ လိုက်ပြောင်းရတယ် မဟုတ်လား၊ အဲဒီတော့ ကလောတပ်မှာ ဖေဖေတာဝန်ကျတော့ ကိုကို သူငယ်ချင်းတွေ တိုးတယ်"

"အဲဒီတော့ ညီမလေးကကော"

"ညီမလေးက ရန်ကုန်မှာ အဘွားနဲ့ နေတယ်"

"အဘွားဆိုတာ ဟိုအော်အော်ငိုတဲ့ မိန်းမကြီးကို ပြောတာလား"

ဒေါ်မာလာ ကြားလျှင် ငိုချင်းစည်တော် ယွန်းပေတော့မည်။ နိုင်ရှင်းက ပြုံးလိုက်မိသည်။ ယောက္ခမကို ကိုယ့်အဖေနေရာထား၍ ပြောဆိုနေခြင်းကိုလည်း စိတ်ထဲ တစ်မျိုးဖြစ်နေသည်။

"ညီမလေး သူငယ်ချင်းတွေ မရှိဘူးလား၊ ဘာမှလဲ မမှတ်မိတော့ဘူး၊ ဘာဖြစ်ပါလိမ့်၊ ခေါင်းကလဲ တအားကိုက်တာပဲ"

"ကိုက်ရင် မစဉ်းစားနဲ့၊ လာ. . လာ. . ကိုကိုနဲ့ ခြံထဲ လျှောက်ကြည့်ရအောင်"

"ဖိုးတေလာရင် ဘယ်လိုလုပ်မလဲ"

"မလာပါဘူး. . . ကိုကို့ခြံထဲ မဝင်ရဘူး၊ ပိုစိတ်ချရအောင် ဒေါ်စိန်လာပြီးရင် ခြံတံခါး ပိတ်ထားလိုက်မယ်"

"ဒါဖြင့်လဲ လျှောက်မယ်"

ခြေထောက်၌ ဝွေ့ပါသော နိုင်ရှင်းတစ်ယောက် ခြေချုပ်မိနေလေပြီ။

ခြံထဲ လျှောက်စဉ် ရွက်နု၏ဝေဒနာသရုပ်မှာ ပီပြင်လာသည်။





"ကိုကို ဟိုပန်းခူးပေး"

"ကိုကို ဒီပန်းခူးမယ်နော်"

"အန်တီဖော့ရေ. . . ပန်းပန်ဖို့ ကလစ်တွေ အများကြီး ယူခဲ့ပေးပါဦး"

"ကိုကို ညီမ ပန်ထားတာ လှလား"

"ကိုကို ဒီပန်းလေး ဘယ်နေရာ ပန်ရမှန်း မသိဘူး၊ ပန်လို့ရတဲ့နေရာ ကိုကိုပန်ပေး"

ဖားလျားဝေနေသော ပိတုန်းရောင် ကေသာထက်၌ ပန်းရောင်စုံတို့ မင်းမူနေလေပြီ။ နှင်းဆီ၊ စံပယ်၊ ခတ္တာ၊ ဂန္ဓမာ၊ ဇီဇဝါ၊ သစ်ခွ၊ ဒေလီယာ၊ ပန်းမျိုးစုံကလည်း ပန်တင့်လျက်။

"အဟက်"

"ဘာရယ်တာလဲလို့"

နှုတ်ခမ်းစူကာ မူနွဲ့နွဲ့သဏ္ဌာန်လေးက နိုင်ရှင်း၏ရင်ကို ဘာလိနေလေပြီ။

"လှလို့"

"တကယ်လှသလား"

"မှန်ကြည့်လေ"

"ကိုကို သွားယူပေး"

"ဒုက္ခစရိယာပါလား"

ဟု နိုင်ရှင်းက ငြီးတွားမိရာ ဒေါ်နန်းအဲဖော့က မနေသာ ကလစ်ပေးပြီး ပြန်သွားရာမှ. . .

"နေနေ. . . အန်တီ ယူခဲ့ပေးမယ်"

ဟု ဆိုလိုက်သဖြင့် နိုင်ရှင်း သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ကြာပန်းလေးတွေ ခူးပေးဦး"

ကန်တွင်း၌ ကြာစိုက်ထားရာ ဖြူနီညိုပြာ ကြာရောင်စုံတို့ ဖူးပွင့်မှုက ရွက်နုကို သွေးဆောင်နေပြန်သည်။ လက်ညှိုးထိုးကာ စေခိုင်းပြန်သည်။

နိုင်ရှင်းက ငြင်းပယ်ခြင်းမရှိ၊ မဆိုင်းမတွပင် ထွန်ခြစ်ဖြင့် ဆွဲယူကာ ခူးပေးလိုက်သည်။

"ပန်ဦးမှာလား"

"အို. . . ကိုကို အရူးလား၊ ကြာရိုးက ဘယ်လိုပန်လို့ရမှာလဲ၊ ဆွဲကြိုးလုပ်ဆွဲမလို့ ကိုကိုလုပ်ပေး"

"ဟောဗျာ. . . ဘယ်လိုလုပ်ရမှာလဲ"

"ကိုကိုကလဲ တုံးလိုက်တာ၊ ဒီလို. . . ဒီလို ချိုးဆိတ်ပြီး လုပ်ရတယ်"

ပြောပြောဆိုဆိုဖြင့် ကြာရိုးကို ချိုးကာ အမျှင်လေးများ ချန်ကာ လည်ဆွဲအသွင် ဖော်ဆောင်သွားသည့် ရွက်နု၏ဖြူနုနု ဖယောင်းလက်ချောင်းလေးများကို ငေးမောကြည့်နေမိသည်။

"ဇော်. . . ဘာကြည့်နေတာလဲ၊ လိုက်လုပ်လေ"

"ဩော်. . . အင်းအင်း၊ ငါ့ညီမ ဘယ်ဆိုးလို့လဲ၊ ပန်းတိမ် အတတ် တတ်တယ်ထင်တယ်"

"ကိုကို ရူးနေသလား၊ ဒါမျိုး ကလေးလေးတွေတောင် လုပ်တယ်"

နိုင်ရှင်း ကြိတ်၍ပြုံးလိုက်မိသည်။ အရူးက တမူးသာတယ်ဆိုတာ ဒါမျိုးထင်တယ်ဟု စိတ်တွင်းမှ ပြောလိုက်ပြီးမှ မိမိကိုယ်ကို အပြစ်တင်လိုက်မိသည်။ ရူးအောင် ဖန်တီးသူမှာ မိမိသာလျှင်





ဘရားခံ ဖြစ်နေသောကြောင့်ပင်။

ကြာရိုးကို ချိုးဆစ်ရင်း ရင်တွင်းဝေဒနာတစ်ရပ် တိုးပွားသာသည်။ လွတ်လပ်ပျော်ရွှင်စွာဖြင့် ကြာရိုးပုတီးကို လည်မှာ ဆွဲကာ မှန်ကြည့်ရင်း. . .

"လှတယ်နော် ကိုကို"

"အင်း. . ."

ရင်မှာ နင့်လျက် အင်းလိုက်ရသည်။ ဝေဒနာသည် မဟုတ်ဘဲ လူကောင်းတစ်ယောက်၏လွတ်လပ်ပျော်ရွှင်မှုနှင့် လုပ်ဆောင်ခြင်းဆိုပါက သူ ဝမ်းသာကြည်နူးပေမည်။ ယခုတော့ စိတ်ဝေဒနာသည်၏လုပ်ဆောင်မှုမျိုးဖြစ်၍ ပျော်ရွှင်ကြည်နူးမှု မရရှိနိုင်ပါ။

"လှတယ်နော် အန်တီဖော့"

"လှပါ. . . လှပါ၊ စနိုးဝိုက်လေး ကျနေတာပဲ"

ဒေါ်နန်းအဲဖော့ စကားမှားသွားလေပြီ၊ ခေါင်းကို ကိုင်ကာ ငင်လဲလာသော ရွက်နုကို နိုင်ရှင်း လှမ်းပွေ့လိုက်ရသည်။

"ဆရာမကလဲ စကားပြော ဆင်ခြင်မှပေါ့"

အချစ်မျက်ကန်း ဖြစ်နေသောသူသည် ရုတ်တရက် ဆင်ခြင်တုံတရား ပျောက်သွားသည်။

ဒေါ်နန်းအဲဖော့ မျက်နှာပျက်သွားပြီး. . .

"ဆောရီး ကိုရှင်း၊ ရုတ်တရက် အန်တီ သတိလစ်သွားတယ်"

"ဆောရီးဗျာ. . . ကျွန်တော် တောင်းပန်ရမှာပါ၊ အိမ်ထဲ နေ သွားတော့မယ်နော် အန်တီဖော့"

သူက အမှားကို ချက်ချင်းသိကာ ပြန်တောင်းပန်လိုက်



www.burmeseclassic.com

www.burmeseclassic.com




ယည်။ အသက်ကြီးသူတစ်ဦးကို အော်မိခြင်းသည် ရိုင်းပျသော အပြုအမူဖြစ်သည်။

နူးထွေးညှံ့သက်သော ခန္ဓာကိုယ်လေးက သူ့လက်ဝယ် ပေါ့ပါးစွာ ပါရှိလာသည်။

ပိုင်ဆိုင်ခွင့်ရလျက် မပိုင်ဆိုင်ထိုက်သော သူ့ဘဝကို သူ တွေးကာ ရင်တွင်း အမည်မသိသော ဝေဒနာတစ်ရပ် တိုး၍လာ လေသည်။

"စနိုးပိုက်လေးရယ်"






"ဟော့ကောင် ရှင်း၊ မင်းတို့ မင်္ဂလာဆောင် ငါမလာနိုင်တာ [illegible]သွတ်ကွာ၊ ငါ ခရီးလွန်သွားလို့"

အော်ကြီးဟစ်ကျယ်နှင့် ဂျစ်ကားပေါ်မှ ဆင်းဆင်းချင်း ပြောလိုက်သော စိုးမင်းအသံကြောင့် နိုင်ရှင်း မျက်လုံးပြူးသွား သည်။

"ဟော့ကောင်. . . မင်း"

ရှက်နုက ကြမ်းပြင်ထက် မှောက်ပြီး မဂ္ဂဇင်းတစ်အုပ်ကို [illegible]သောနေရာမှ ခေါင်းထောင်ကြည့်လေသည်။ ပြီးတော့ စဉ်းစား [illegible] မေးထောက်နေလေရာ နိုင်ရှင်း သတိပေးရပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ထ. . ထ. . ညီမ အိပ်ခန်းထဲ သွားနေ၊ လူစိမ်းပါတယ်"

ကျားရဲတွေ့သော သမင်ငယ်၏ကြောက်လန့်သော မျက် လုံးမျိုးဖြင့် မြူးတူးကြောင်တောင် ကြည့်ရာမှ အိပ်ခန်းထဲ ပြေးဝင် သွားသည်။ ဒေါ်နန်းအဲဖော့ကလည်း ထက်ချပ်မကွာ လိုက်သွားလေ သည်။ သူတို့ အခန်းတွင်း ပျောက်ကွယ်သွားမှ နိုင်လင်းလည် စိတ်ချလက်ချဟန် ရှိသွားပြီး စိုးမင်းကို ကြိုနိုင်လေသည်။

"လာ. . . စိုးကြီး၊ မင်းဆီ ငါလာမလို့ပါပဲ၊ မအားသေးတာ နဲ့ မလာဖြစ်. . ."

"သိပါတယ်ကွာ. . . ဟန်းနီးမွန်းကာလမှာ ဘယ်သူနဲ့မှ တွေ့ဆုံချင်မှာ မဟုတ်ဘူးဆိုတာ သိပြီးသားပါ၊ ငါက ကြိုတွက်ပြီး သား၊ ဘယ်နည်းနဲ့မဆို ဟျားရည်ဆမ်း ခရီးစဉ်ကို ဆွဲရင် ကလော တော့ မင်း လွတ်မှာ မဟုတ်ဘူးလို့"

"အခု ငါရောက်နေကြောင်း မင်း ဘယ်လိုလုပ် သိသလဲ"

"သိဆို ငါက မင်းတို့လို သာမန်မျက်စိနှစ်လုံးမှ မဟုတ်ပဲ"

မျက်မှန်သမား စိုးမင်းကို သူ လက်သီးနှင့် ရွယ်ကာ ပြ လျက်. . .

"မင်းကတော့ လုပ်ပြီ"

"ရော့. . . မင်းတို့အတွက် ငါ့ရဲ့မင်္ဂလာလက်ဆောင်"

"ရပါတယ်. . . ဒါတွေ မလိုပါဘူး၊ ပြန်ယူသွားလိုက်ကွာ"

နိုင်ရှင်းက အမှန်တော့ သတို့သမီး သတို့သားနာမည် သော လက်ဖွဲ့ပစ္စည်းကို လက်မခံရဲချေ။ ရွက်နု တွေ့မြင်သွားမှ စိုးရိမ်သည်။

"ငါ့ကို စိတ်ဆိုးအောင် မလုပ်နဲ့ကွာ"





စေတနာကို စော်ကားရာ ရောက်နေပြီလားဟု တွေးမိကာ

"ဆောရီးကွာ. . . ငါက မင်း လာစေချင်လို့ပါ"

"ငါကလဲ မင်းရဲ့စနိုးဗိုက်လေး ဘယ်လောက်လှသလဲ ဆိုတာ တွေ့ချင်လို့ လာချင်တာပေါ့ကွာ၊ ဒါပေမယ့် တိုက်တိုက်ဆိုင် ဆိုင် ဖြစ်သွားလို့ မလာနိုင်တာကို ခွင့်လွှတ်ပါ၊ ကိုင်း. . . မင်း နိုးဗိုက်လေးကို ခေါ်ပါဦး"

အိပ်ခန်းထဲမှ ကက်ဆက်သံ ပျံ့လွင့်နေခြင်းကြောင့် ဒေါ် နန်းအဲဖော၏အစီအစဉ်ဖြစ်ကြောင်း နိုင်ရှင်း သဘောပေါက်လိုက် သည်။

စိုးမင်း၏အသံကို ရွက်နု မကြားစေချင်သဖြင့် အတော် ဖြစ်သွားသည်။ ထို့ကြောင့် ဒေါ်နန်းအဲဖော့ကို ချီးကျူးမိသည်။

"ခရီးပန်း ရာသီဥတု အပြောင်းအလဲနဲ့ နည်းနည်း နေ ကောင်း ဖြစ်နေတယ်၊ စောစောကတင် အိပ်ပျော်သွားတယ်"

မုသားမပါ လက်ာမချောဖြစ်၍ နိုင်ရှင်း မုသားသုံးရလေ သည်။ လက်ဖွဲ့ပစ္စည်းကို စာအုပ်မှန်ဘီရိုပေါ် လှမ်းတင်လိုက်သည်။ မင်း ပြန်သွားသည်နှင့် ဤအရာကို အရင်ဆုံး ဝှက်ရမည်ဟု စားထားသည်။

"ဟုတ်ရဲ့လားကွ. . . မင်း တမင်ဝှက်ထားတာလား၊ ကြည့် ့မပါသွားပါဘူးကွာ"

"တကယ် နေမကောင်းလို့ပါကွာ၊ ညာရမယ့်ကိစ္စ မဟုတ် ကြားရမယ့်ကိစ္စပဲဟာ၊ မင်းမြင်ရင် ငါ့လောက် ကံကောင်းတဲ့လူ မှာ မရှိဘူးဆိုတာကို မင်း လက်ခံသွားလိမ့်မယ်"

"ဆိုလှချည်လား"


www.burmeseclassic.com

www.burmeseclassic.com

"ဆိုထိုက်အောင်လဲ လှတာကိုးကွ"

နိုင်ရှင်းသည် တကယ်ထင်မြင်ချက်နှင့် ပြောရင်း ရင်ထဲ ကြည်နူးမှုက ရိုက်ခတ်လာသည်။ လှသော ချစ်သော စွဲလမ်းရသော မြတ်နိုးရသော စနိုးပိုက်လေးကို လူသိရှင်ကြား ပိုင်ဆိုင်ခွင့်ရသည်။ သူ့လောက် ကံကောင်းသူ ကမ္ဘာမှာ မရှိနိုင်ဟု တဒင်္ဂအတွေးဖြင့် လွတ်ခနဲ ပြောဆိုပြီး ကျေနပ်ပီတိဖြစ်မိသည်။ သို့သော် ရုတ်ချည်းပင် လက်ရှိအခြေအနေကို သတိရသွားချိန်၌ ရင်တွင်း ခံရခက်သော ဝေဒနာ တိုးပွားလာသည်။

"မင်းအပြောနဲ့ ညီမညီ ငါတော့ စောင့်ကြည့်နေမယ်၊ ဒီနေ့ မတွေ့ရမချင်း ငါမပြန်တော့ဘူးလို့ စဉ်းစားထားတယ်"

ပြောပြောဆိုဆို လက်ပိုက်လျက် ဆိုဖာနောက်သို့ မှီချပြီး ဒူးချိတ်လျက် ဒူးနှံ့ပြနေသော စိုးမင်းကို အသည်းယားစွာ ကြည့်ရင်း

"မင်း အလုပ်မသွားဘူးလား"

"မသွားဘူး. . . ကိုယ်ပိုင်အလုပ်ပဲကွာ၊ မင်းလိုပေါ့. . . မန်နေဂျာ လွှဲထားလိုက်တာပေါ့"

"မင်းကွာ"

ပြောရဆိုရခက်နေသော စိုးမင်းကို လက်မြှောက်ရမလို ဖြစ်နေသည်။

"လာကွာ. . . မင်းကို ငါ ဝမ်းတေဘယ်လ် ကျွေးမယ်၊ အပြင်သွားရအောင်"

ရုတ်တရက် ပေါ်လာသောအကြံဖြင့် စိုးမင်းပခုံးကို လက်သီးနှင့် ထိုးရင်း ခေါ်လိုက်သည်။

"ဘူးဆို ဖရုံသီးမယ့်ကောင် ထင်လို့လားကွ၊ ငါလာတဲ့





အဓိက.က မင်းဇနီးချောကို လာကြည့်တာ၊ မတွေ့လို့များတော့ မပြန်သေးဘူးကွ"

"ဟာကွာ. . . မင်း တော်တော်ခေါင်းမာတဲ့ကောင်ပဲ၊ ခနဦး. . . ငါသွားကြည့်ဦးမယ်၊ အိပ်ပျော်နေရင်တော့ အပြင်ပဲ သွားကြတာပေါ့ကွာ၊ ပြန်လာမှ တွေ့တာပေါ့"

"အိုကေ. . . ဒါကိုတော့ ငါ လက်ခံတယ်"

". . . . . . . . . . ."

သူက စိုးမင်းကို ဆဲပြီး လက်သီးနှင့် ထိုးလိုက်သည့်တိုင် အောင် စိုးမင်းက တဟားဟား ရယ်မောလျက် ကျန်ခဲ့သည်။ ငယ်သူငယ်ချင်းဖြစ်၍ ပြောမနာ ဆိုမနာ ဆဲမနာ ဖြစ်ကြသည်။ စိုးမင်းကို သူ ဘယ်လိုမှ ရှောင်လွှဲလို့မရမှန်း သိသည်။

ပင်တိုင်စံ သက်ထားနှမ အခန်းကို အသေအချာ ချောင်းကြည့်လိုက်သည်။ အိပ်ပျော်နေပါစေဟု ဆုတောင်းလိုက်သေးသည်။ ဆုတောင်းမပြည့်။ အရုပ်နှင့် ဆော့နေသော ရွှက်နုကို တွေ့လိုက်ရသည်နှင့် ကပျာကသီပင် လိုက်ကာပြန်ချကာ ကျောခိုင်းလိုက်သည်။

တစ်ခါတစ်ရံ ကလေးသာသာ အသိဉာဏ်လေးနှင့် သတိလက်လွတ်ဖြစ်ကာ ဆော့ကစားနေသော ရွှက်နုကို သူ မကြည့်ရက်။

"ဘာဖြစ်လို့လဲကွ"

"ဘာမှ မဖြစ်ပါဘူးကွာ"

မျက်နှာပျက်သွားသော သူ့ကို စိုးမင်းက အကင်းပါးစွာ အကဲခတ်မိသဖြင့် လှမ်းမေးလိုက်သည်။ ဟန်ဆောင်ခြင်းအတတ်ကို မကျွမ်းကျင်သော နိုင်ရှင်းအတွက် ဟန်ဆောင်၍ပင် မျက်နှာမပြောင်နိုင် ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com


"လာကွာ စိုးမင်း၊ မင်းလိုက်ခဲ့၊ ငါ မင်းကို ပြောစရာတွေ အများကြီး ရှိနေတယ်"

အရင်းနှီးဆုံး အခင်မင်ဆုံး သူငယ်ချင်းဖြစ်သော စိုးမင်းကို ရင်ဖွင့်တိုင်ပင်လိုက်လျှင် သူ့ဝေဒနာ ပေါ့ပါးသွားနိုင်သည်ဟု သူ ယူဆမိသည်။ ရွှက်နုကိုများ ထိခိုက်စရာ ဖြစ်သွားနိုင်သလား၊ စိုးမင်းသည် မိန်းမပါးစပ် ရှိသူမဟုတ်ဟု သူသိနေသဖြင့် ဖွင့်ဟလိုက်ခြင်းက ကောင်းနိုင်သည်။ တစ်ဦးတည်း ဦးနှောက်ထက် နှစ်ဦး ဦးနှောက်က ပို၍ကောင်းသော အကြံဉာဏ်ကို ရရှိစေသည်။

"မင်းဟာက ဘယ်လိုလဲကွာ"

"နောက်တော့ ငါ ပြောပြမယ်ကွာ"

နိုင်ရှင်း စိုးမင်းကားပေါ် မတက်နိုင်သေးဘဲ ဒေါ်စိန်ကို သွားမှာရသေးသည်။

"ကျွန်တော် အပြင်ခဏ လိုက်သွားမယ်၊ ရွှက်နု မေးရင် ခဏလေးပဲ ကြာမယ်၊ ပြန်လာမယ်ဆိုပြီး ချော့ထားလိုက်နော် ဒေါ်စိန်"

"အင်း. . . ကိုရှင်း စိတ်ချပါ၊ ဘာမှ မဖြစ်လောက်ပါဘူး၊ စိတ်အေးလက်အေးသာ နေပါကွယ်၊ နောက်ဆံမတင်းပါနဲ့၊ ဒေါ်စိန်တို့ ရှိသားပဲ"

သူသည် သနားစရာ သတ္တဝါဘဝ ရောက်နေပြီလား မသိနိုင်၊ ဒေါ်နှင်းစိန်တို့ကပင် အကျဉ်းသမားဘဝ ရောက်မှန်းမသိ ရောက်နေသော သူ့ကို လွတ်လွတ်လပ်လပ် သွားလာစေချင်သည် ထင်ပါသည်။

"ကိစ္စမရှိပါဘူး ဒေါ်စိန်၊ ကျွန်တော် ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မယ်"

"အေး. . . အေး"


ကိစ္စသည်လည်း ရွှက်နုကိစ္စသာဖြစ်သည်။ စားစားသွား သွား နားနားနေနေ ရွှက်နုသည်သာ သူ့ကို ထာဝရ စိုးမိုးနေသည်။ အချစ်သည် လူတစ်ယောက်၏ဘဝကို စိုးမိုးခြယ်လှယ်နိုင်စွမ်း ရှိလိမ့်မည်ဟု သူတစ်ခါမှ လေးလေးနက်နက် မတွေးမိခဲ့ဘူးချေ။ ခဲ့တော့ ကိုယ်တွေ့ခံစားချက်ဖြင့် သိရှိနေလေပြီ။

စွဲစွဲလမ်းလမ်း ချစ်တတ်သူတို့အတွက် အချစ်သည် ကြောက်မက်ဖွယ်ကောင်းသော ရောဂါပိုးတစ်မျိုးဖြစ်သည်။ လူတစ်ယောက်၏ဘဝကို ချေဖျက်နိုင်စွမ်းရှိသည်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com




"ကိုရှင်းရေ. . . မင်းညီမ မေ့လဲသွားလို့ ဆရာဝန် ခေါ်ထားရတယ်"

ပြန်လာလာချင်း ငယ်ထိပ် မြွေပေါက်ခံလိုက်ရသည့်နှယ် ဖြစ်သွားရသည်။

"ဟင်. . . ခုကော သတိရပြီလား"

"မရသေးဘူး. . . ဆရာဝန်ကတော့ ဆေးထိုးပြီး ပြန်သွားတယ်"

"ဘယ်ဆရာဝန်လဲ"

နိုင်ရှင်းသည် ရှက်နု အိပ်ခန်းထဲ လှမ်းဝင်ရင်း ပူပန်စွာ





မေးနေသည်။

စိုးမင်းကို သူ မေ့သွားခဲ့သည်။ စိုးမင်းက ဧည့်ခန်း၌ နားလည်ခွင့်လွှတ်စွာဖြင့် ကျန်ခဲ့လေသည်။ ရတက်ဖြာနေသော နိုင်ရှင်းကို သူ နားလည်နေပြီ။

ခုတင်ထက်ဝယ် သတိလစ် အိပ်နေရှာသော ရှက်နုသည် ပြင်ထဲမှ စနိုးဗိုက်လေးထက် လှနေပြန်ပြီဟု သူ မြင်မိလေသည်။

"ဘာဖြစ်လို့ မေ့လဲသွားရတာလဲ"

နိုင်ရှင်းက လေသံမျှ မေးသည်။

"လာ. . . ကိုရှင်း၊ အန်တီဖော့ ရှင်းပြမယ်"

"သူ့ကို ထားခဲ့လို့ ရမလား"

"ဒေါ်စိန် စောင့်နေပေးပါ့မယ်"

"ထူးခြားရင် လှမ်းခေါ်နော်"

"ဆရာဝန်က အိပ်ဆေးထိုးပေးထားတယ်၊ သတိလစ်နေတာ မဟုတ်ဘူး၊ အိပ်ပျော်နေတာ"

"ဪ. . ."

နိုင်ရှင်းက မခွာရက်နိုင်သည့်အလား ရှက်နု မျက်နှာလေးကို ငေးစိုက်ကြည့်လိုက်သည်။ ပင်ကိုယ်အလှ မျက်နှာလေးမှာ ဝင်းဝါပြီး နှုတ်ခမ်းနှစ်လွှာမှာ နီရဲနေသည်။ နှင်းဆီငုံလေးနှင့် တူသော နှုတ်ခမ်းလေးက ဖြူဖျော့မနေပါ၊ တော်သေးသည်။

"စိတ်ချပါ ကိုရှင်းရာ၊ ဒေါ်စိန် ရှိတာပဲ"

နိုင်ရှင်း သတိဝင်ပြီး အိမ်ရှေ့ဘက် ထွက်ခဲ့သည်။ ထိုအခါကျမှ ဧည့်ခန်း၌ ငုတ်တုတ်ထိုင်နေသော စိုးမင်းကို တွေ့ကာ. . .

"အာ. . . ဆောရီး စိုးကြီးရာ၊ ငါမေ့သွားတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ကွာ. . . ဒီလိုပဲပေါ့၊ မင်းက မစိတ်မွှန်နေတာကိုး၊ အဲ. . . ကန်တော့ အန်တီ"

စိုးမင်းက သတိလက်လွတ် ပြောပြီးမှ ဒေါ်နန်းအဲဖော့ကို သတိပြုမိပြီး တောင်းပန်လိုက်သည်။

"ကိစ္စမရှိပါဘူး. . . ရပါတယ်"

"ပြောပါဦး အန်တီဖော့၊ စနိုးပိုက်လေး ဘာဖြစ်လို့ သတိလစ်သွားရတာလဲ"

"မင်္ဂလာလက်ဖွဲ့ မြင်သွားလို့ပါ"

"ဟင်. . ."

နိုင်ရှင်းက မင်္ဂလာလက်ဖွဲ့ကို လှမ်းကြည့်လိုက်သည်။ တင်ထားသည့်နေရာ၌ ရှိနေဆဲပင်၊ သူ သွားယူကြည့်လိုက်သည်။

"သူ စာကော ဖတ်မိသွားသေးသလား"

"ဖတ်မိသွားတယ်"

"အဲဒီတော့"

"နိုင်ရှင်းနဲ့ ရွှက်နု. . . ရွှက်နုဆိုတာ သမီးပေါ့၊ သမီး မင်္ဂလာဆောင်တယ်ဆိုပြီး မူးလိုက်တာ ပစ်ပြီးလဲသွားလိုက်တာ၊ သတိပါ လစ်သွားရောပဲ၊ အဲဒါနဲ့ အန်တီဖော့တို့လဲ မာလီကို အကူအညီ တောင်းပြီး ဆရာဝန် ပင့်ခိုင်းလိုက်ရတာပဲ၊ ကိုရှင်းတို့က ဘယ်သွားလို့သွားမှန်း မသိတော့ ဘယ်ရှာရမှန်း မသိတာနဲ့ အကြောင်းမကြားနိုင်ဘူး"

ရွှက်နုနှင့် ပတ်သက်လာလျှင် သဲသဲလှုပ်တတ်သော သူ့စိတ်ကို သိထားသည့် ဒေါ်နန်းအဲဖောသည် သူ့အပြစ်မကျအောင် ရှင်းပြရှာသည်။





နိုင်ရှင်း ယခုမှ သတိထားလိုက်မိသည်။ စိုးမင်း ပေးသော သေတ္တာဖွဲ့ထုပ်မှာ သူ ကိုယ်စယ်၍ ပေးပို့လိုက်သော လက်ဆောင်အရွယ်အစားနှင့် တူရုံတင်မက ပန်းအလှစက္ကူအရောင်နှင့် အဆင်ပါ ဘူညီနေသည်။

"ရိုက်စိတ်ကွတ်ကာလေ. . . မင်းတို့အတွက် ငါ့လက်ဖွဲ့က ဝေဒနာတစ်ရပ် တိုးသွားပြန်ပြီဆိုတော့ ငါတောင်းပန်ပါတယ်"

"ရပါတယ်. . . တိုက်တိုက်ဆိုင်ဆိုင် တူတတ်လွန်းတယ်ကွာ"

"ငါ ဘာအကူအညီပေးရဦးမလဲ ရှင်း"

"ရပါတယ်"

နိုင်ရှင်း လက်ဖွဲ့ပစ္စည်းကို ဖြည်ကာ ပန်းစက္ကူများကို ဖျောက်ဖျက်ပစ်လိုက်သည်။

"အန်တီဖော့ သွားစောင့်တော့မယ်"

"ဟုတ်ကဲ့ အန်တီဖော့"

နိုင်ရှင်းသည် လျှပ်စစ်ထမင်းအိုး စက္ကူသေတ္တာကို ဗီရိုဒွတ်ထဲ သွားထည့်သိမ်းလိုက်သည်။

ခွေးမြီးပြတ် လက်ဆောင်ပေးခဲ့သော စက္ကူသေတ္တာ အရွယ်အစားမျိုး မရှိစေရန် လိုက်လံကြည့်လိုက်သည်။

ဝေဒနာ မြစ်ဖျားခံရာကို သိရှိနေသော သူ့အတွက် စိုးရိမ်စိတ်များက ပွက်ပွက်ဆူလျက်ရှိသည်။

"ငါ ဆရာဝန် ထပ်ခေါ်ပေးရဦးမလား"

ဂနာမငြိမ်သော သူ့အသွင်ကြောင့် စိုးမင်းပင် မနေသာတော့ မေးလိုက်ရသည်။ သောကဝေဒနာသည် လျှောက်ကူးခြင်းဖြန့်ဆန်


www.burmeseclassic.com

www.burmeseclassic.com


တတ်သည် ထင်ပါသည်။

"အန်တီဖော့ကို မေးကြည့်လိုက်ဦးမယ်"

မေထရှွန် ပင်စင်စား ဆရာမကြီး တစ်ဦးဖြစ်သော ဒေါ်နန်းအဲဖော့ကို သူ လွန်ဆန်၍ မလုပ်ချင်၊ ထို့ကြောင့် ရွှက်နုအခန်းသို့ သွားရောက်ကာ မေးရသည်။

"ဆရာဝန် ထပ်ခေါ်ဖို့ လိုသေးသလား အန်တီဖော့"

"မလိုပါဘူး ကိုရှင်း၊ နောက်တစ်နာရီအတွင်း သတိရလာမှာပါ. . . မစိုးရိမ်ပါနဲ့"

ဒေါ်နန်းအဲဖော့က အားပေးစကား ပြောလိုက်သည်၊ နိုင်ရှင်းက ဟန်ဆောင်ပြုံးကာ ဘာမှမပြောဘဲ ထွက်ခဲ့သည်။ သူ၏ အစိုးရိမ်လွန်ကဲမှုကို ပတ်ဝန်းကျင်ပင် ရိပ်မိကုန်ပြီ။

အချစ်သည် ဟန်ဆောင်မှုအလွှာကိုပါ ခွာပစ်နိုင်သော စွမ်းအားရှိလေသည် ထင်ပါသည်။

"မလိုဘူးတဲ့"

"ဒါဖြင့်လဲ ငါပြန်တော့မယ်၊ စိတ်အေးအေးသာ ထားပါ၊ မင်းကြည့်ရတာ ငါတော့ မိန်းမယူရမှာတောင် ကြောက်လာပြီ"

"ဟ. . . ဘာဖြစ်လို့လဲ"

"မင်းမိန်းမဝေဒနာထက် မင်းဖြစ်နေတဲ့ရောဂါက ပိုကြီးတယ်၊ မင်းကို အရင်ကုရမလို ဖြစ်နေတယ်"

"ဒါကတော့ကွာ. . ."

နိုင်ရှင်း ဆက်ပြောရမည့် စကားအတွက် မဝံ့မရဲ ဖြစ်သွားသည်။

"ဒါကတော့ ဘာဖြစ်သလဲ"

"ချစ်တာကိုးကွ. . . မင်း မချစ်တတ်သေးလို့ပါ"

"လာလာချည်သေး. . . ဒီလောက် ရည်းစားများတဲ့ အကောင်ကများ ပြောရတယ်ရှိသေး"

"ရည်းစားနဲ့ အချစ်က မဆိုင်ဘူး"

"ကိုင်းပါ. . . အချစ်သုတေသီ မင်းကို ငါကပဲ အရှုံးပေးပါဘယ်၊ လောလောဆယ် ငါ့မှာက အချစ်သက်သေတည်ဖို့ ချစ်ဇနီး မရှိသေးလို့ မင်း ဆရာကြီး လုပ်တာကိုပဲ ခံလိုက်ရတာပေါ့ကွာ၊ ဘဲ. . . ငါသွားမယ်"

"အင်း. . ."

စိုးမင်းပြန်သွားသည်ကို မျက်စိတဆုံး ငေးကြည့်နေရာမှ ရွှက်နုအခန်းဆီသို့သာ နောက်ဆုံးအကြည့် ဆိုက်ရောက်သွားသည်။ ရွှက်နု သတိရလာလျှင် ဝေဒနာတွေ ထပ်ဆင့်တိုးပွားလာဦးမှာလား ဟု သံသယ ဝင်ကာ စိတ်ထဲ တထင့်ထင့် ဖြစ်နေသည်။ အတွေးပေါင်းများစွာ ယောက်ယက်ခတ်မှုနှင့်အတူ ရွှက်နုအခန်းထဲ ရောက်လာပြန်သည်။ သိချင်သောအရာကို မေးရပြန်သည်။

"အန်တီဖော့"

"ရှင်. . ပြောပါ ကိုရှင်း"

"သူ မေ့လဲခါနီး ဘာများ ပြောသံ ကြားသေးသလဲ"

"အန်တီဖော့လဲ သူ လဲမကျအောင် ဖေးမရင်း ထူပူနေတာ ဆိုတော့ သဲသဲကွဲကွဲတော့ မကြားလိုက်ဘူး၊ ဒါပေမယ့် ဝိုးတိုးဝါးတား ကြားလိုက်တာက ဖိုးတေ. . . ဖိုးတေလို့ ပြောလိုက်တယ် ထင်တယ်"

နိုင်ရှင်း သက်ပြင်းချလိုက်သည်။

ရွှက်နု ကြောက်လန့်နေသော ဖိုးတေ ခေါ် နိုင်ရှင်းနှင့်


www.burmeseclassic.com

ကိုကိုသည် တစ်ယောက်တည်း ဖြစ်ကြောင်းကိုသာ ရွှက်နု သိသွား မှာ သူ စိုးရိမ်မိသည်။ စိုးရိမ်ကြောင့်ကြခြင်းတို့သည် ရင်နှင့်မဆံ့အောင် များပြားလာသဖြင့် ခံရခက်သော ဝေဒနာတစ်ရပ်ဖြင့် နိုင်ရှင်းသည် ရွှက်နုကို ငုံ့ကြည့်ကာ ဆံစလေးများကို ညင်သာစွာ သပ်ပေးလိုက်သည်။

ချစ်ခြင်း၏နောက်ပါး၌ ကြင်နာယုယခြင်းသည် ကပ်ငြိပါလာတတ်လေသည်ထင့်။








"အင်း . . . အင်း . . . အင်း"

ညည်းညူသံသဲ့သဲ့နှင့် လူးလွန့်လာသောအခါ . . .

စိတ်အားထက်သန်စွာဖြင့် ခန္ဓာကိုယ်ပင် မတ်သွားသည်။ အားမငို့တ်သံ ထွက်သွားသည်။ အသက်ရှူရန် မေ့သွားသည်။

"ညီမလေး"

မျက်ခွံတံခါး လှုပ်သွားသော်လည်း ပွင့်မလာချေ။ စက္ကန့်တစ်ခုနှင့်တစ်ခု အကူးအပြောင်းသည် ကြာလွန်းလှသည်။

"ညီမလေး သတိရပြီလား၊ ကိုကိုရှိတယ်"

နိုင်ရှင်းက အသံပြုလိုက်သည်။ သို့တိုင်အောင် မျက်လုံး


www.burmeseclassic.com

www.burmeseclassic.com



အိမ် ဖွင့်မလာသေးပေ။

"သမီးရှက်နုံ . . . အန်တီဖောလည်း ရှိတယ်၊ အမှု မကြောက်နဲ့"

အသံတွေ ပြုသည့်တိုင် ငြိမ်သက်နေဆဲ၊ အသက်ရှူမှုဖြင့် ရင်ကလေး မောက်ချည်ပိန်ချည် ဖြစ်နေသည်။

"ညီမ"

နိုင်ရှင်းက အားမလို အားမရဖြစ်ခြင်း၊ စိတ်ပူပန်ခြင်းနှင့် အတူ ရှက်နုလက်ဖျားလေးကို ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။ အေး စက်သော အထိအတွေ့ကြောင့် စိုးရိမ်ပူပန်သွားကာ . . .

"ညီမ . . ညီမ . . အန်တီဖော . . လက်တွေကလည်း အေး လို့ပါလား"

"ဟုတ်ပါရဲ့ . . . ဆရာဝန် သွားခေါ်မှ ထင်တယ်"

"မခေါ်ပါနဲ့ အန်တီဖော"

တိုးတိတ်သော အသံလေးနှင့်အတူ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ကာ မျက်ခွံတံခါး ပွင့်ဟလာသည်။

"ဖိုးတေ ဖိုးတေ ရှိသေးလား ကိုကို"

"မရှိပါဘူး"

"သူ . . . သူ . . . ဒီနားပတ်ဝန်းကျင်မှာ ရှိနေမှာ ကိုကိုရဲ့ ဟိုပစ္စည်းကြီး ပို့ပြန်ပြီ"

ကြောက်လန့်တုန်လှုပ်နေသော မျက်လုံးမျက်ဆန်နက်နက် ကလေး ကျီးကန်းတောင်းမှောက်ပုံစံဖြင့် ကြည့်ရင်း ပြောလိုက် သည်။

"ဘာပစ္စည်းလဲ"





"ဟိုပစ္စည်းလေ . . ဟို . . မသိဘူး၊ ခေါင်းမူးလာပြန်ပြီ"

"နေ . . နေ . . မသိလဲနေ၊ ဘာမှ မစဉ်းစားနဲ့"

နိုင်ရှင်း ပြောရပြန်သည်။ အခြေအနေတွေ ထူးထူးခြား ခြား ပြောင်းလဲမှု မရှိသေးသဖြင့် ဝမ်းသာရမည်လား ဝမ်းနည်းရ မည်လားကိုပင် မသိတော့။

"ကိုကို"

"အင် . . ."

"ဘယ်သွားတာလဲ"

"ကိုကို့သူငယ်ချင်း လာလို့ ခဏလိုက်သွားမိတာပါ"

"နောက် ညီမလေးကို တစ်ယောက်တည်း ထားမသွားနဲ့ နော်"

"အင်း . . . ကိုကို ကတိပေးပါတယ်"

"ကိုကိုလဲ မရှိဘူး၊ ဖိုးတေအထုပ်ကြီးကလဲ ရောက်လာ တော့ ညီမလေး တအားလန့်သွားတာ"

ချစ်စဖွယ်ကောင်းသော အမူအယာလေးများက သူ့ အသည်းကို ဆွဲကိုင်လှုပ်နေလေပြီ။ နိုင်ရှင်း သက်ပြင်းသူခိုးကို ခိုးသိုက်မိသည်။ ဒေါ်နန်းအဲဖောမှာ သူတို့နှစ်ဦးကို တွေတွေကလေး ငေးကြည့်ကာ စဉ်းစားနေသည်။

"ကိုင်း . . . ညီမ ထလို့ရသလား"

"ရတယ်"

"မူးသေးလား"

"မမူးတော့ပါဘူး"

"ဒါဖြင့် ညနေစာ စားရအောင်နော် . . . လာခဲ့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်နဲ့ ထမင်းပွဲ ပြင်ထားနှင့်မယ်"

"ဟုတ်ကဲ့ ကိုကို"

ရွှက်နု ကိုယ်လက်သန့်စင်စေနိုင်ရန် သူ ရှောင်ထွက်ခဲ့ သည်။ ဒေါ်နှင်းစိန်နှင့်အတူ ထမင်းပွဲ ဝိုင်းပြင်ပေးမိသည်။ တစ် သက်နှင့်တစ်ကိုယ် မလုပ်ဖူးသော အလုပ်များကို လုပ်ပေးနေမိ သည်။

"နေပါ ကိုရှင်းရယ်၊ ဒေါ်စိန်တစ်ယောက်တည်း လုပ်နိုင်ပါ တယ်"

"ရပါတယ် ဒေါ်စိန်၊ နှစ်ယောက်ပြင်တော့ ပိုမြန်တာပေါ့ တော်ကြာ ယူဆာနေမယ်"

"ဩော်. . . စနိုးလေးသာ အကောင်းပကတိဆိုရင် ကို ရှင်းတို့ အိမ်ထောင်ရေး ဘယ်လောက် သာယာလိုက်မလဲနော်"

"ဒေါ်စိန်တို့ သတိထားပြီး စနိုးကို စနိုးလို့ မခေါ်ဘဲ ရွှက်နု လို့ပဲ ပြောင်းခေါ်ကြည့်ပါလား၊ တော်ကြာ သူ့စိတ်ကို အနှောင့် အယှက်ဖြစ်ပြီး ဒီနေ့လိုအဖြစ်မျိုး ကြုံသွားမှာစိုးလို့ပါ၊ သတိဆိုတာ ပိုတယ်ရယ်လို့ မရှိဘူးမို့လား"

"အေး. . အေး. . ဒေါ်စိန် သတိထားပါ့မယ်"

သူ အတွေးအခေါ်တွေ မှန်မှ မှန်ရဲ့လားဟု နိုင်ရှင်း တွေး သည်။ တစ်ခါတစ်ရံ သူပင် ရှုးသွပ်နေပြီလား။

"ဟာ. . . ကိုကိုကိုယ်တိုင် ထမင်းခူးနေတယ်"

"ခူးတာပေါ့. . . ညီမလေး ဆာနေမှာစိုးလို့"

အခန်းဝမှ ရွှက်နု လှမ်း၍အသံပြုလိုက်တော့ သူ လှမ်းမြေ ရင်း မလုံမလဲ ဖြစ်သွားသည်။ သူ့စကားတွေများ ကြားသွားပြီလား





ရွှက်နု ဘယ်အချိန်ကများ ရောက်နေသလဲ။

ရွှက်နုကို လှမ်းကြည့်တော့ ရွှက်နုက ဆက်လှမ်းမလာဘဲ အခန်းဝမှာ ရပ်ကာ သူ့ကို ခပ်စူးစူးကြည့်နေသည်။ ထိုအကြည့်က ငြိမ်းသောအကြည့်ဟု နိုင်ရှင်း ထင်သည်။ ရင်၌ စိုးထိတ်သွား သည်။

"ဘာကြည့်တာလဲ ညီမလေး"

"ကိုကို့နာမည် ဘယ်သူလဲ"

"ဘာဖြစ်လို့ မေးတာလဲ"

ရင်၌ တဒိတ်ဒိတ်ဖြင့် ကြောင့်ကြမှု မိသားစုတို့ ပျော်ပွဲဖွဲ့ နေသည်။ တုံ့ပြန်မေးခွန်းဖြင့် သူမစိတ်ကို တူးဖော်ကြည့်သည်။

"ကိုကို့ကို ကိုရှင်းလို့ ခေါ်ကြလို့"

"ခေါ်မှာပေါ့. . . ကိုကို့နာမည် ရှင်းပဲဟာ"

"တော်သေးတာပေါ့"

"ဘာဖြစ်လို့လဲ"

"နိုင်ရှင်းဆိုတဲ့ကောင် မဟုတ်လို့"

နိုင်ရှင်း ရင်အစုံ ထူးခတ်ခံလိုက်ရသည်။

"နိုင်ရှင်းဆိုတာ ဘယ်သူလဲ"

"မသိဘူး. . . ဟိုအထုပ်ပေါ်မှာ တွေ့လိုက်ရလို့ မုန်းလိုက် ဖိုးတေနဲ့ ပတ်သက်တဲ့လူပဲ ဖြစ်မှာပေါ့၊ ညီမ သိပ်မုန်းတယ်"

"ကိုင်. . ကိုင်း. . မုန်းတာတွေ နောက်ထား၊ ထမင်းစား မယ်"

နာကျင်သွားသောရင်ကို ခေတ္တမေ့ထားပြီး ဟန်ဆောင် နှာဖုံးဖြင့် အာရုံလွှဲပြောင်းစေရန် စကားလမ်းကြောင်း ပြောင်း



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

"ဟုတ်တယ်. . . ကျက်သရေ ယုတ်တယ်နော် ကိုကို"

"အင်း. . . လာထိုင်"

ရွှက်နု ထိုင်စေရန် ကုလားထိုင်ကိုပါ ဆွဲထုတ်ပေးလိုက်သည်။ ကြွကြွရွရွကလေးနှင့် လှနေသော ရွှက်နုမှာ မော့မော့ကလေး ဝင်ထိုင်လိုက်သည်။

"ဘာချက်သလဲ ဒေါ်စိန်"

"အဲ. . . ရွှက်နုအကြိုက် ကြက်မြစ်ကြက်သည်းလေ"

"ဟင်. . . ရွှက်နု ကြိုက်တယ်၊ ရွှက်နုဆိုတာ ညီမကို ပြောတာနော် ကိုကို"

"အင်း. . ."

"ကိုကိုကော ကြိုက်လား"

"အင်း. . ."

"ဒါဖြင့် ညီမ ဦးချမယ်"

"အင်း. . ."

"အသည်းကြိုက်လား၊ အမြစ်ကြိုက်လား"

"နှစ်မျိုးလုံး"

"အာ. . . ညီမလိုပဲပေါ့"

"ဟုတ်တယ်. . . အသည်းနှစ်လွှာဟာ ကပ်ပြီး တစ်ဆက်တည်း ရှိသလို ကြက်မြစ်ကလဲ တွဲပြီးပါလာတတ်တယ်၊ ဟင်းအိုးထဲရောက်လို့ ကွဲသွားပေမယ့် အခေါ်အဝေါ်ကတော့ တွဲရက်ပဲ၊ ကြက်မြစ် ကြက်သည်းဟင်းတဲ့"

"အိုး. . . ကိုကို စိတ်မှ ကောင်းရဲ့လား"



"ဟောဗျာ"

"ပေါက်ပေါက်ရှာရှာ အတွေးတွေ ပြောတတ်တယ်"


"ကောင်းကွာ"

နှိုင်ရှင်းရင်ထဲ စောစောက ဖြစ်ပေါ်နေသော ဝေဒနာများ လွင့်ပါးသွားသည်။ ချစ်စဖွယ်အပြုံးနှင့် ကြည်မွေ့ဖွယ်ရာ အပြုံးလေးများကြောင့် စိတ်နှလုံး တဒင်္ဂအတွင်း ချမ်းမြေ့သွားရသည်။ သြော်. . . ငယ်စဉ်ကတည်းက သူ့ဘဝကို ပိုင်စိုးခဲ့သူပေပဲ။



www.burmeseclassic.com

www.burmeseclassic.com




"ဈေးလိုက်မယ်"

အဲဒါမှ ကျွင်ပဲဟု နိုင်ရှင်းစိတ်ထဲ ညည်းညူလိုက်သည်။ ယခင်နေ့က မစဉ်းစားမိဘဲ ဈေးသို့ ခေါ်ဖူးသည်။ နောက်ပိုင်း မခေါ်တော့၊ သူ ဘယ်မှ မသွား၊ အနားမှာသာ ကိုယ်ရံတော်တပ်မှူး လုပ်နေခဲ့ရသည်။

"ဟင်. . . ဘယ်သူသွားမှာမို့လို့လဲ"

"ကိုကိုလေ"

"ကိုကို ဘယ်မှ မသွားပါဘူး"

ဟင့်အင်း. . သွား. . ဈေးကိုသွား"





"ဗုဒ္ဓေါ. . . မသွားချင်တာကို ဇွတ်သွားခိုင်းရတာတုန်း"

"ခိုင်းတာပေါ့. . . ကိုကိုဈေးသွားမှ ညီမက လိုက်ရမှာ ပေါ့"

"ဒုက္ခာ"

"ကိုကိုနော်. . . ဘယ်လိုဖြစ်နေတာလဲ၊ ဗုဒ္ဓေါကော ဒုက္ခာကော ဘာကြီးမှန်းလဲ မသိဘူး၊ အရူးကြီး ကျနေတာပဲ"

နိုင်ရှင်း သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ကလောရောက်ပြီး သတိလစ်သွားခဲ့ပြီးနောက် ရွှက်နုသည် ပြောက်လာသည်။ စကားလဲ ပိုပြောလာသည်။ ကလေးတစ်ဦးလိုပင် ဆင်ရာပြောတတ်သည်။ ထိန်းချုပ်မှု လုံးဝမရှိ။

ဖိုးတေကို ကြောက်သည်ကလွဲ၍ သူမမှာ ဘာသောကမှ မရှိ။ အပူအပင် ကင်းမဲ့စွာ လှုပ်ရှားသွားလာသည်။ သို့သော် ခြံအပြင်သို့ သူ မခေါ်ရဲသေး၊ သူမကလည်း ထွက်မယ်ဟု တောင်းဆိုခြင်း မရှိခဲ့။ ယနေ့မှ ထူးထူးခြားခြား နံနက်စာ ကော်ဖီသောက်ပြီးသည်နှင့် သူ့အား တောင်းဆိုလေသည်။

"ဈေးထဲမှာ ဟိုအကောင် ရှိတယ်"

"ဘယ်အကောင်လဲ"

"ဖိုးတေဆိုတဲ့အကောင်. . . ညီမ မကြောက်ဘူးလား"

"မကြောက်ပါဘူး. . . ညီမမှာ ကျားကိုးစီး စားမကုန်တဲ့ ကိုကို တစ်ယောက်လုံး ရှိနေတာပဲ၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ကျွင်ပြန်ပြီ" ဟု နိုင်ရှင်းစိတ်ထဲ ပြောလိုက်သည်။ ပါးစပ်ကတော့ ဖွင့်ဟမပြောရဲ။

"သူ့လူတွေ အများကြီးနဲ့ ကိုကို့ကို ဝိုင်းချုပ်ထားရင်ကော"


www.burmeseclassic.com

www.burmeseclassic.com

"ညီမလဲ ဝိုင်းချပေးမှာပေါ့"

နိုင်ရှင်းရင်ထဲ မျှော်လင့်ချက်ရောင်ခြည်တို့ လင်းလက်သွားသည်။ ဖိုးတေအပေါ် ကြောက်လန့်စိတ်တို့ လျော့ပါးလာခြင်းသည် ကောင်းသောလက္ခဏာရပ် ဖြစ်ပေသည်။

"မလုပ်ပါနဲ့. . . ညီမ တစ်ခုခု ဖြစ်သွားရင် ဒီတစ်ခါ ကိုကို့ကို ဖေဖေ သတ်လိမ့်မယ်"

"ဖေဖေ"

"ဘယ်က ဖေဖေလဲ"

သပွတ်အူနှယ် ရှုပ်ထွေးစွာ ဖြေရမည်လား၊ နိုင်ရှင်း ရွှန်းနုမျက်နှာကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။ မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ကြည့်ရင်း ထပ်ဆင့်မေးလာသည်။

"ဟင်. . . ကိုကို၊ ဘယ်က ဖေဖေလဲ"

"ကိုကိုတို့ကို မွေးတဲ့ ဖေဖေပေါ့၊ ရန်ကုန်မှာ ရှိတယ်လေ"

"ဖေဖေတို့နဲ့ အတူမနေဘဲ ကိုကိုနဲ့ညီမက ဘာဖြစ်လို့ ဒီမှာလာနေတာလဲ"

"ညီမ နေမကောင်းလို့ ဆရာဝန်က အနားယူခိုင်းလို့ လာနေတာ"

"ညီမ နေကောင်းပါတယ်"

"မကောင်းပါဘူး. . . မူးတဲ့ရောဂါ ရှိတယ်လေ"

"ဟုတ်သားပဲ"

"ခြံထဲမှာ မနေ့က နှင်းဆီငုံလေးတွေ ပွင့်နေပြီလားလို့ သွားကြည့်ရအောင်နော် ညီမ"

"အင်း. . . ဟုတ်တယ်နော်၊ ပွင့်လာရင် လှမှာပဲ"





ကလေးတစ်ဦးလို အာရုံလွှဲပြောင်းမှု လွယ်ကူသောကြောင့် နိုင်ရှင်း အသက်ရှူချောင်သွားသည်။ ဈေးသွားခြင်းကိစ္စကို မေ့ပျောက်သွားပြီး ခြံထဲတွင် နှင်းဆီပွင့်များကို လိုက်လံရေတွက်နေသည်။

"အနီက. . တစ်. . နှစ်. . သုံး"

"အဝါက တစ်၊ ဟာ. . . ဒီအပွင့်လေးက လှလိုက်တာ၊ ခူးမယ်နော် ကိုကို"

"ဟိတ် နေဦးလေ"

"အား. . ."

သူ အပြောနောက်ကျသွားသည်။ ပန်းခူးကတ်ကြေးဖြင့် ညှပ်ပေးမည်ဟု သူ့အပြောကို မစောင့်ဘဲ ခူးချလိုက်သောရွှန်းနုကို နှင်းဆီပွင့်တို့၏ကိုယ်ရံတော်ဆူးတို့က ဒဏ်ခတ်လေပြီ။

"ထိသွားပြီလား"

ခေါင်းကလေး ညိတ်လိုက်သည်။ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံက အားကိုးတကြီး ကြည့်လာသောအခါ နိုင်ရှင်း ဘာမှ စဉ်းစားမနေတော့၊ ရွှန်းနုလက်ကို ဆတ်ခနဲ ဆွဲကာ သွေးစို့နေသော လက်ကလေးကို ငုံစုပ်လိုက်သည်။

ရွှန်းနုမျက်ရည် ပို၍လျှံဝေလာသည်ကို နိုင်ရှင်း တွေ့မြင်ရသောအခါ စိုးထိတ်သွားသည်။

"ဘာဖြစ်လို့လဲ ညီမလေး. . . နာလို့လား၊ ဒဏ်ရာက သိပ်မကြီးပါဘူး"

"နာလို့"

"ဆေးထည့်ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"နေပါစေ. . . ရတယ်"

"ဒါဖြင့် ငြိမ်နေ၊ ကိုကို ကတ်ကြေးသွားယူပြီး ပန်းခူးပေးမယ်"

"နေပါစေတော့"

"ဘာဖြစ်လို့လဲ"

"ရန်လုပ်တဲ့ပန်းကို မလိုချင်တော့ဘူး၊ မုန်းသွားပြီ"

"အိုး. . . မဟုတ်တာ ညီမကလဲ၊ နှင်းဆီဆူးဟာ နှင်းဆီအပေါ် သစ္စာရှိတာပါ။ ညီမကို ရန်လုပ်တာ မဟုတ်ပါဘူး၊ ညီမက စည်းမဲ့ကမ်းမဲ့ ခူးတာကိုး"

"ဘာစည်းကမ်းမဲ့လို့လဲ ကိုကို"

"မဲ့တာပေါ့. . . ပန်းဖြတ်ကတ်ကြေးနဲ့မှ မခူးတာ"

"ကြီးကျယ်လိုက်တာ. . . ဒီလောက်ကြီးကျယ်တဲ့ပန်း မချစ်တော့ဘူး၊ ခူးမပေးနဲ့တော့"

"ကြော်. . . ညီမရယ်၊ ကလေးလိုပါပဲလား"

နိုင်ရှင်းသည် ဝေဒနာသည်အဖြစ် မေ့လျော့သွားကာ ဆိုးနွဲ့တတ်သော ညီမဆိုးလေးတစ်ဦးကို မချင့်မရဲ ဖြစ်သကဲ့သို့ ခေါင်းကလေးကို ပုတ်လိုက်မိသည်။ စောစောက သူမ လက်ကလေးကို ဆွဲယူကာ ငုံထွေးမိစဉ်က ခုန်ခဲ့သော ရင်ခုန်ရိုင်းတို့သည် မှေးမှိန်သွားခဲ့လေပြီ။

"စံပယ်ပန်းလေးတွေပဲ ချစ်တော့မယ်၊ သူတို့က ဖြူစင်တယ်၊ သဘောကောင်းတယ်၊ လူတွေကို ရန်မလုပ်တတ်ဘူး"

ပြောပြောဆိုဆို နှင်းဆီခင်းများကို ကျော်ခိုင်းကာ စံပယ်ခင်းလေးဆီသို့ ထွက်သွားသော ရွက်နုနောက်သို့ မလိုက်ဘဲ နိုင်ရှင်း





ငေးနေမိသည်။

သူ့ဥယျာဉ်ထဲတွင် ရှိသော ပန်းအလှမျိုးစုံတို့ မှာန်ချသွားလေပြီ။ သူတို့ထဲ အလှပန်းတစ်ပွင့် ရောက်ရှိနေခြင်းကြောင့်ပင်။

ရွက်နုအလှကြောင့် သူ ရင်ခုန်သံစည်းလိုင်းတို့ ဖြစ်ပွားနေလေပြီ။

ဝေးရာသို့ ပြေးထွက်ချင်နေပြီ။ သို့သော် ဘယ်သောအခါမှ သည်း စွန့်ခွာရက်မည် မဟုတ်ပါ။

"ကိုကို ဆန်ခါယူပေး၊ စံပယ်ပန်းတွေ ထည့်ဖို့"

"အေး. . . အေး"

ချစ်ခြင်းသည် သည်းခံလိုက်လျောမှုကိုလည်း စေစားစေတတ်ကြောင်း နိုင်ရှင်း သဘောပေါက်မိလေပြီ။ ရွက်နုအလိုကျ အပြေးအလွှား ပလတ်စတစ် ဆန်ခါလေးကို ရှာဖွေယူပေးရသည်။ သည်သည့်သြဇာကိုမှ မခံဘဲ မိဘနှစ်ပါး၏အလိုလိုက်ခြင်း၊ ခြွေရံအသိုင်းအဝိုင်းနှင့် ကြီးပြင်းလာသော နိုင်ရှင်းသည် ယခုမှ သူ့အား သြဇာလွှမ်းမိုးမည့်သူ ပေါ်ပေါက်လာသည်။ မငြိုငြင်ပါ။ ကြည်ဖြူစွာဖြင့် လုပ်ဆောင်ပေးချင်ပါသည်။ အချစ်သည် အံ့သြဖွယ်ကောင်းသော စေတစ်လုံးပိုင်ရှင်ပါလား။

"ကြာလိုက်တာ ကိုကိုကလဲ၊ ညီမလေး လက်တွေ ညောင်းနေပြီ"

"ထည့်ထည့်. . . ကိုကို ဆန်ခါ ရှာနေရလို့ပါ"

ဆန်ခါလေးကို ခံပေးပြီး ချော့မော့စကားဆိုရသည်။

"ခူးမယ်. . . ကိုကို ဆန်ခါ ကိုင်ထားပေး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com


ယောက်ျားများအတွက် ပျင်းစရာအကောင်းဆုံးသော အလုပ်တစ်ခုကို သူ လိုက်လုပ်ပေးနေရသည်။

ဆန်ခါလေး ကိုင်ကာ ပန်းများကို ခံ့ယူရသကဲ့သို့ ပန်းများ ကိုလည်း ဝိုင်းနူးပေးနေရသည်။ ပြီးလျှင် ဝိုင်းသီခိုင်းပေဦးတော့ မည်။ စိတ်ရှုပ်သော်လည်း ကြည်လင်ဝင်းပစွာ ပျော်ရွှင်နေပုံရသော ရွက်နု မျက်နှာလေးကို မြင်နေရသည်နှင့် ရင်မှာ ကြည်မွေ့နေရလေ ပြီ။

ချစ်သူအပါးမှာ နေရခြင်းလောက် ကြည်နူးဖွယ်ရာ ရှိနိုင် ပါ့မလားဟု နိုင်ရှင်း တွေးလိုက်မိသည်။








"မရွက်နု နေကောင်းရဲ့လား"

"ကောင်းပါတယ်. . ဟင်. ."

စိုးမင်းနောက်ကွယ်မှ ပါလာသောသူကို မြင်သောအခါ ရွက်နုမျက်နှာ ဖြူရော်ရော် ဖြစ်သွားသည်။

"ကိုကို"

နိုင်ရှင်းနောက်ကျောသို့ ပြေးကပ်ပုန်းအောင်းကာ ခါးမှ ...ခည့်စကို ဆွဲထားသည်။ စိုးမင်းနောက်မှ လူစိမ်းကို ကြောက်လန့် ...ခြင်းဖြစ်ကြောင်း နိုင်ရှင်း သဘောပေါက်သကဲ့သို့ စိုးမင်းကလည်း ...သဘောပေါက်ဟန်တူသည်။

www.burmeseclassic.com



"မကြောက်နဲ့ မရွက်နု၊ သူက ကျွန်တော့်ညီဝမ်းကွဲ ဒေါက်တာမိုးသူပါ၊ မရွက်နုရဲ့ခေါင်းမူးတဲ့ဝေဒနာကို ကုပေးမလို့တဲ့"

"ဟုတ်ရဲ့လား ကိုကို၊ ဖိုးတေ လွှတ်လိုက်တာလား"

သူ့ နောက်ပါးမှ ကပ်ပြီး လေသံမျှ ပြောနေသော ရွက်နု ကြောင့် သူ မချင့်မရဲ ဖြစ်ရသည်။

"မဟုတ်ပါဘူး ညီမ၊ ဖိုးတေနဲ့ ဘာမှ မဆိုင်ဘူး၊ ကိုကို့ သူငယ်ချင်း စိုးမင်းရဲ့ညီလေး သေချာတယ်"

နိုင်ရှင်းက ထပ်ဆင့် အာမခံချက် ပေးရသည်။ မကြာခဏ ဝင်ထွက်သွားလာနေသော စိုးမင်းကိုတော့ ရွက်နု မကြောက်တော့ ရင်းနှီးမှုပင် ရှိစ ပြုနေလေပြီ။

မိုးသူကို နိုင်ရှင်း သိပါသည်။ ဖြူဖြူနွဲ့နွဲ့ ခပ်ချောချော ဖြစ်သည်။ မသိသူများက သူ့ကို ဆရာဝန်ဟု မထင်၊ ကျောင်းသား တစ်ယောက်ဟုပင် ထင်ပေလိမ့်မည်။ ထိုမျှ နုပျိုသောအသွင်ကို ဆောင်သည်။

"ဖိုးတေနဲ့ တစ်ခြားစီများ၊ သေသေချာချာ ကြည့်ပါဦး ညီမရဲ့၊ လာထိုင်ကြ သူငယ်ချင်းတို့"

နိုင်ရှင်းက ပြောပြောဆိုဆို ဆက်တီဆီသို့ ဦးဆောင်ခေါ် သွားတော့လည်း နောက်ပါးမှ ခါးပုံစကို ကိုင်ကာ တောက်တဲ့ကပ် ကပ်၍ပါလာလေသည်။

"မကြောက်ပါနဲ့ မရွက်နု၊ ကျွန်တော့်နာမည် မိုးသူပါ ဖိုးတေ မဟုတ်ပါဘူး၊ ဖိုးတေနဲ့ လုံးဝမသိပါဘူး၊ ဒီလောက် ဆိုးသွမ်း တဲ့လူမျိုး မိတ်ဆွေအဖြစ်လဲ လက်မခံပါဘူး"

မိုးသူက ပြုံးပြုံးကလေးနှင့် မိတ်ဆက်စကား ဆိုသည်။





ောက်ျားတန်မဲ့ မိန်းမချော့ချောသော မိုးသူကို နိုင်ရှင်းပင်လျှင် အသိအမှတ် ပြုမိလျက်သား ဖြစ်သွားသည်။ ပါးချိုင့်ပါပြီး သွား က်များ၏အလှကို ပို၍စွက်ဖက်ပေးသယောင်ပင်။

ရွက်နုက သူ့နံဘေးတွင် ကပ်ထိုင်ရင်း သူ့လက်မောင်းကို တွယ်ထားလျက်ပင် ရှိသေးသည်။ သို့သော် ကြောက်လန့်မှု ်ကတော့ လျော့ပါးသွားဟန်တူသည်။

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ခိုးခိုးကြည့်နေ သည်။

စိုးမင်းနှင့်သူ ရောက်တတ်ရာရာ စကားတွေ ပြောရင်းမှ ကို့နှစ်ဦးကို မသိမသာ အကဲခတ်နေသည်။

"ကိုကို"

ဖောက်လာပြန်ပြီ၊ စားပွဲဝိုင်းတွင် နီးကပ်စွာ ထိုင်သောသူ ဦးတွင် လေသံမျှ ခေါ်သော်လည်း ကြားနေရသည်။ စိုးမင်းနှင့် က မသိဟန်ပြုနေရသည်။ သူလည်း လေသံမျှဖြင့်. . .

"ဘာလဲ. . ."

"ခဏ"

"ဧည့်သည်တွေ ထားခဲ့လို့ မကောင်းဘူး ညီမရဲ့"

"ပြောစရာရှိလို့ပါဆို"

"ပြောလေ. . . သူတို့ မကြားပါဘူး၊ ကော်ဖီသောက်နေကြ ည်"

ရယ်ချင်စိတ်ကို မျိုသိပ်ကာ နိုင်ရှင်း ဖြေရသည်။ ထိုအတူ င်းတို့ မျက်နှာကလည်း ပြုံးစိစိနှင့် ဖြစ်နေသည်။ သို့သော် ျက်နှာ၌ အပြုံးထက် ဂရုဏာရိပ်များ လွှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမောက်ဖက်က ပြည့်စုံကာ ဖြစ်မျိုးမှည့်မထင် လှပနေ သော်လည်း စိတ်ဝေဒနာ ခံစားနေရရှာသော ရွက်နုလို မိန်းကလေး ကို ဂရုဏာ သက်ပေလိမ့်မည်။

"မုန့်စားကြဦးလေကွာ. . . ဆရာမကြီး အန်တီဖော့ လက် ရာပဲ၊ အန်တီက မိသားစုလို ဖြစ်နေပြီလေကွာ၊ ချက်ရေးပြုတ်ရေးလဲ သူ ပါတယ်၊ သူ့လက်ရာမှ ငါတို့လဲ ခံတွင်းလိုက်သလို ဖြစ်နေတယ်"

နိုင်ရှင်းက စကားလမ်းကြောင်း ပြောင်းကြည့်သည်၊ သို့သော် ရွက်နု အာရုံမပြောင်းသွားချေ။

"ကိုကိုလို့ဆို. . ."

"ပြော"

"သူက ဖိုးတေမဟုတ်နိုင်ဘူး. . . ချောတယ်၊ ဖိုးတေက ညစ်ပတ်တယ်၊ မုန်းစရာကောင်းတယ်"

နိုင်ရှင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ရွက်နုနှုတ်ဖျား သူစိမ်းယောက်ျားလေးတစ်ဦးအား ချောတယ်ဟု ပြောဆိုခြင်းကိုပ သူ လက်မခံချင်အောင် ဖြစ်သွားသည်။ သို့သော် ဝေဒနာသည်လေး ပါလားဟူသောအသိဖြင့် ဖြေသိမ့်လိုက်သည်။

"အင်း. . ."

"နောက်ပြီးတော့လေ"

သူ့နားနားကပ်ကာ လေသံနှင့် ပြောဆိုနေခြင်းကြောင့် သူ ခံရခက်သော်လည်း တင်းခံနေရသည်။

"သူ့ဆံပင်က ဖြောင့်စင်းနေတယ်၊ ဖိုးတေလို ကောက် ကောက် မဟုတ်ဘူး၊ ချောတယ်နော် ကိုကို"

ထပ်ဆင့် 'ချောတယ်' ဆိုသော စကားအတွက် နိုင်ရှင်းရင်





ခံရခက်သွားသည်။ သူ ကြားသကဲ့သို့ ကျန်လူများလည်း ကြားပေ မည်။ ပြုံးရိပ်သန်းနေသော မျက်နှာများက ယောက်ျားစိတ်ဖြင့် န်းချုပ်ထားခြင်း ဖြစ်ပေမည်။ တကယ်တော့ ရွက်နု အပြုအမူ လေးက ရယ်ချင်စရာပင်။

"အင်း. . ."

လှောင်ပြောင်ခြင်းအဖြစ်ကို မရောက်ရှိစေရန် သူတို့ ထိန်း ချုပ်ထားရသည်။ စိုးမင်းမှာ အတော်ကို ရယ်ချင်နေဟန်ဖြင့် ဆေး ကို ကောက်ဖွာကာ ဝရန်တာဘက် ထွက်သွားသည်။ ရွက်နုကို ငွေ့ မသန်းစေချင်သည့် သဘောဟု အမူအယာဖြင့် ပြဆိုသွား သည်။

မိုးသူကတော့ ပြုံးပြုံးလေးနှင့် ရေနွေးကြမ်း သောက်ရင်း နုကို ဂရုဏာမျက်လုံးဖြင့် ကြည့်နေသည်။ ဆရာဝန် မျက်လုံး ဖြစ်စေချင်ပါသည်။ ဖြစ်ပါစေဟုလည်း သူ ဆုတောင်းသည်။ ကယ်ကြောင့်ဆိုသော် စိုးမင်းကလွဲ၍ ဤမြို့၌ သူ ဖိတ်စာ သူ့ကိုမှ မပို့ခဲ့ချေ။

ထို့ကြောင့် ရွက်နုကို ငဲ့ညှာထောက်ထားသောအားဖြင့် ဟုသာ မိတ်ဆွေများအား အသိပေးထားခဲ့သည်။ တရားဝင် သပ်ခဲ့သဖြင့် ရွက်နုကို တရားဝင် ပိုင်ဆိုင်သည် မှန်သော်လည်း ရေးအရ ရွက်နုကို သူ မပိုင်ဆိုင်သင့်။ ရွက်နု စိတ်အခြေအနေ အနေအထား ရောက်မှ သူ ပိုင်ဆိုင်သင့်သည်။ သို့တိုင် ရွက်နု အဆုံးအဖြတ်ကို သူ ဦးစားပေးရမည်။

"ကိုကို"

"ဆို"


www.burmeseclassic.com

www.burmeseclassic.com



"ညီမ သူ့ကို ခေါ်လိုက်ရမလားဟင်"

"ခေါ်ပေါ့"

နိုင်ရှင်းရင်ထဲ မရှင်းလင်းသော်လည်း ရွက်နု စိတ်ချမ်းသာဖို့နှင့် ရောဂါပျောက်ကင်းရေးသာ အဓိက ဖြစ်ရာ ခွင့်ပြုချက်ကို လျှောလျှောလျှူလျှူပင် ပေးလိုက်ရသည်။

သူ့ခွင့်ပြုချက် ရသည်နှင့် ဝင်းပကြည်လင်သွားသော မျက်နှာလေးနှင့် မိုးသူကို မဝံ့မရဲ ပြုံးကြည့်ကာ သူ့လက်မောင်းအိုး နောက်မှ မျက်နှာကိုပါ ဖော်ထုတ်လိုက်သည်။

"အဟင်း. . . ညီမ ဘာပြောရမလဲ ကိုကို"

"ဟောဗျာ"

နိုင်ရှင်း ရယ်ချလိုက်သည်။ တကယ့် ရွက်နုပင်။

မိုးသူက ပြုံးလျက်. . .

"ခေါင်းမူးသေးသလား မရွက်နု"

"မူးတော့ဘူး"

"ဆေးမှန်မှန်သောက်ရဲ့လား"

"တိုက်တာတော့ မှန်မှန်သောက်တယ်လေ"

ယခုလိုဆိုတော့လည်း မဆိုးပေ။

ယခုလိုဆိုတော့လည်း မဆိုးပေ။ ပုံမှန်အနေအထား အတိုင်းပင်၊ စိတ်ဝေဒနာသည်ရယ်ဟူ၍ ဘယ်သူက ထင်ရက်ပေ မည်နည်း။

နိုင်ရှင်းက မိမိဘေးမှ ရွက်နုကို ငဲ့စောင်းကြည့်ရင်း တွေး လိုက်မိသည်။

"ကိုမိုးသူက ကလောကပဲလား"





"ဟုတ်တယ်. . . ကလောဇာတိလေ"

"ဒါဖြင့် ဒီမှာပဲ နေမှာပေါ့နော်၊ ပေလီကို ရောက်ဖူး သလား"

"ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ရောက်ဖူးပါတယ်၊ ဘာဖြစ်လို့လဲ. . . မရွက်နု သွားချင်လို့လား"

"မသွားချင်ပါဘူး. . . ဒါပေမယ့် ရွက်နု အဲဒီကို ရောက်ဖူး နေသလိုပဲ၊ နားထဲမှာလဲ လှိုင်းပုတ်သံတွေ ကြားနေရတယ်"

နိုင်ရှင်းက သူတို့နှစ်ဦးကြား ဘာစကားမှ ဝင်မပြောပေ။

ငင်တွင်းမှာတော့ ရောက်ဖူးခဲ့တာပေါ့၊ စနိုးပိုက်လေးရယ်၊ ပေလီ သောင်ကမ်းကို ဖူးစာရေးနတ်မင်းက မင်းနဲ့ငါကို နှစ်စဉ် ပို့ဆောင် ပေးနေကျပဲကွယ်။

"ရောက်ဖူးခဲ့တဲ့ဒေသဆိုတော့ မသိစိတ် တစ်နေရာမှာ ပေါ်ပေါက်နေတာ ဖြစ်မှာပေါ့၊ မရွက်နု ကိုနိုင်ရှင်း အားတော့"

"ဟင်. . . ကိုနိုင်ရှင်း ဟုတ်လား၊ ဘယ်မှာလဲ"

ပြူးပြူးပြာပြာ ဖြစ်သွားသော ရွက်နုကြောင့် မိုးသူ ထိတ်လန့်သွားသည်။ သူတို့အတွင်းရေးကို သေချာမသိသောသူကို ပြောလာသည့် စိုးမင်းအား ဒေါသဖြစ်မိသည်။

"နိုင်ရှင်းဆိုတဲ့အဒကာင်က ဘယ်အားမလဲ၊ နိုင်ငံခြား ထွက်သွားပြီလေ၊ ဒါကြောင့် သူ အားတိုင်း လာနေကျ ပေလီကို မလာနိုင်တော့ဘူး ပြောတာ မရွက်နု"

စိုးမင်းက ဘွားခနဲ ပေါ်လာပြီး အခြေအနေကို ဝင်ထိန်း လိုက်သည်။

ထိုအခါ သံသယမျက်လုံးဖြင့် မျက်လုံးကလယ်ကလယ်



www.burmeseclassic.com

www.burmeseclassic.com

လပ်ကာ စဉ်းစားနေလေသည်။

"ဟုတ်တယ်. . . သူမရှိတော့ မရွက်နု ပေလီကို တစ် ခေါက်သွားပြီး အတိတ်ခြေရာလေး ပြန်ကောက်ချင် ကောက်လိုက် ပေါ့"

"ဟင်. . . ကိုမိုးသူကလဲ၊ ရွက်နုမှာ အတိတ်ခြေရာ ကောက်စရာ မရှိဘူး၊ အမုန်းခြေရာတွေပဲ ရှိတယ်ထင်တယ်၊ ဖိုးတေ ကို သိပ်မုန်းတယ်"

နိုင်ရှင်းရင်ကို မီးစနှင့် အထိုးခံလိုက်ရလေပြီ။

"အမုန်းခြေရာတွေတဲ့လား စနိုးပိုက်လေးရယ်၊ ချစ်လွန်းလို့ ကျီစယ်မှုတွေဟာ အမုန်းခြေရာတွေအဖြစ် ကမ္ပည်းတင်ရစ်တယ် လားကွယ်"

စကားဝိုင်းတွင် စကားအနည်းဆုံး ဖြစ်ရသည်မှာ နိုင်ရှင်း ဖြစ်ရလေပြီ။

ရွက်နုက ပြုံးပြုံးရွှင်ရွှင်နှင့် စိုးမင်းတို့နှင့် အဖွဲ့ကျနေသည် ကို သူ ကျေနပ်စွာ ငေးကြည့်နေမိသည်။

ရွက်နု၏တိုးတက်လာသော စိတ်အခြေအနေအတွက် သူ ပျော်ရွှင်နေပါသည်။ သို့သော် သူ့အတွက် မျှော်လင့်ချက် ကင်းကွာစ ပြုနေခြင်းအတွက်တော့ သူ ဘယ်မှာ ပျော်ရွှင်နိုင်ပါမည်နည်း။





# (၁၄)

"စာချုပ်တွေမှာ လက်မှတ်ထိုးဖို့ ရှိတယ်၊ သား ခဏပြန် လာခဲ့ပါဦးလား"

မိခင်ထံမှ စကားကြောင့် နိုင်ရှင်း စိတ်ပျက်သွားသည်။ စကားပြောခွက်ကိုပင် ချလိုက်ချင်သော်လည်း မိခင်ဖြစ်နေခြင်း ကြောင့် မချရဲ။

"ဟာဗျာ. . . မေမေကလဲ"

"ဟဲ့. . . ဘာမေမေကလဲကွ၊ နင့်ကိစ္စ နင်မလုပ်လို့ ကျုပ် ... သို့ ပြီးမယ့်ကိစ္စမှ မဟုတ်တာ"

သားသမီးများကို သူငယ်ချင်းပေါင်း ပေါင်းပြီး ပေါ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းဒိုင်း ပြောဘတ်သော မိခင်ကို နိုင်ရှင်းတို့ မကြောက်သော်လည်
နှင်ခင်လေးစားမှု အပြည့်ရှိသည်။

"မေမေပဲ သား လက်မှတ်အတု ထိုးပေးလိုက်ပေါ့"

"အလိုတော်. . . ကျုပ်ကို ထောင်နှုတ်ခမ်း ပို့တာလာ
နေစမ်းပါဦး. . . နင်က သုံးရက်လောက်ကလေး လာဖို့တော
မလာနိုင်အောင် ဖြစ်နေတယ်ဆိုတော့ တော်တော်လေး ပြေလည်
နေလို့လား"

"ဟာဗျာ. . . မေမေကတော့ လုပ်ပြီ၊ မေမေတို့ သားပါ
ယောကျ်ားကတိကို အသက်နဲ့. . . အဲ. . အခုလက်ရှိအနေအထာ
အရဆိုရင်တော့ နှလုံးသားနဲ့ လဲပြီး စောင့်ထိန်းမယ့် သားပါ

"အဲဒါက နင့်ဘာသာနင် ပေးတဲ့ကတိပဲ၊ ဘယ်သူက
တောင်းဆိုလို့လဲ"

"ဗျာ. . ."

နိုင်ရှင်း အံ့အားသင့်သွားသည်။ အူလည်လည်လည်း ဖြ
သွားသည်။ ဖခင်နှင့် ယောက္ခမ၊ ယောက်ဖရှေ့တွင် သွေးဖော
ကတိပြုခဲ့သော သူ့ဖြစ်ရပ်ကို သူပြန်စဉ်းစားသည်။

"ဟဲ့. . . အငယ်ကောင် ငရှင်း၊ ကျုပ်ပြောတာ ကြား
လား၊ နင် အိပ်များ အိပ်သွားသလား"

"မေမေကတော့ လုပ်ပြီ"

"ခဏလာခဲ့ပါဦး သားငယ်ရာ၊ ရှက်နုလဲ သက်သာတ
ဆို"

"သက်သာလို့ ခက်နေတာပေါ့"

"ဟဲ့. . . နင့်စကား ဘာစကားလဲ"





ကိုယ့်ခံစားချက်နှင့်ကိုယ် ပွင့်ထွက်သွားသောစကား
ကြောင့် မိခင် နားမလည်နိုင်မှန်း သိလိုက်သည်။ ထို့ကြောင့် စကား
ကို လျှောချလိုက်သည်။

"သက်သာလာတော့ မေမေ့သမီးက ပိုချစ်စရာကောင်း
လာတယ်၊ ဒါကြောင့် သား မခွဲနိုင်ဘူး"

"သေလိုက်တော့ ငရှင်းရေ၊ ကျုပ် ဝတ္တရား ကုန်ပြီနော်၊
အစုရှယ်ယာကိစ္စက နင် မလာလို့ကို မဖြစ်ဘူး၊ မိန်းမရနေပြီ၊
ကြိုးစားရမှာပေါ့၊ မန်နေဂျာ ဘယ်လောက်ကောင်းကောင်း ကိုယ့်
လောက်တော့ ဘယ်သူမှ ကောင်းနိုင်မှာ မဟုတ်ဘူး၊ သိန်းပေါင်း
များစွာကိစ္စကို မျက်နှာလွှဲခဲ့ပစ် လုပ်ရလောက်အောင်တော့ မမှန်
သင့်ဘူးလေ"

နိုင်ရှင်း တွေဝေရသည်။ မိခင်၏စကားက ပျော့ပျော့
ပျောင်းပျောင်း မရှိ၊ ခပ်ရွတ်ရွတ်နှင့် အဆုံးသတ်လေသည်။

"ကြားတယ်နော်. . . ငါ ဘာပြောလိုက်ရမလဲ"

"မနက်ဖြန်စောစော သား လာခဲ့မယ်လေ"

"ဒီလိုတော့လည်း သဘောပေါက်လွယ်သားပဲနော်၊ ဖအေ
ဘုသား 'မယက' လေး ဖြစ်မှာတော့ ကျိန်းသေပြီပေါ့၊ ဒါပဲနော်. . .
သမီးအခြေအနေ သိပ်ကောင်းလာရင်လဲ ပြန်လာခဲ့ကြတော့၊ သူ့
ဘွားအေးကြီးလဲ သူ့စိတ်နဲ့ တရှောင်ရှောင်၊ မင်းလာရင် သွားတွေ့
လိုက်ဦး၊ လက်ဆောင်တွေလဲ ဝယ်လာခဲ့ဦး၊ ကျုပ်အိမ်အတွက် မပါ
လို့ အရေးမကြီးဘူးတော့၊ ယောက္ခမအိမ်တော့ ပို့ပေးထားဦး၊ ဒါမှ
နင့်ဘက် မဲများနေမှာ၊ ဒါပဲနော် တောင်ငယ်လေး၊ ငါချလိုက်မယ်"

"အိုကေ. . မေမေ. . . ဘိုင့်"



www.burmeseclassic.com

www.burmeseclassic.com

"ဂွတ်နိုက်"

"ဂျလောက်"

မိခင်ဘက်မှ ဖုန်းချသွားလေပြီ၊ သူ့ရင်၌ ယောက်ယက်ခတ် ကျန်ခဲ့လေပြီ။ သားကို သနားသဖြင့် မြှောက်ပေးသောစကား ဆိုသွားခြင်းလား၊ ဒီအတွက်တော့ သူ ဆက်မတွေးချင်၊ ဆက်တွေးမိသည်က ရွှက်နုကို မည်ကဲ့သို့ ထားခဲ့ရမည်နည်း။

"အန်တီဖော့"

ရွှက်နု အခန်းရှေ့မှ လှမ်း၍အသံပြုလိုက်သည်။ ညဘက်ဆိုလျှင် ရွှက်နုအခန်းအတွင်း သူ အသံမပြုဘဲ မဝင်ချေ။

အိပ်ဆေးအရှိန်များဖြင့် ရွှက်နု အိပ်နေလောက်ပြီ၊ ထို့ကြောင့် ဒေါ်နန်းအဲဖော့ကို တိုင်ပင်ရန် လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

"ဝေ့. . ."

"ခဏလာပါဦး၊ ကျွန်တော် ပြောစရာရှိလို့"

"အိပ်နေပါပြီ"

ခန်းဆီးကို လှပ်ကာ ထွက်ရင်း သူ မြင်သာစေရန် မေးငေါ့ပြလိုက်သေးသည်။

ဖက်လုံးကို ဖက်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ရွှက်နုကို လှမ်းတွေ့လိုက်ရသည်။ နှစ်ရက်သုံးရက် ခွဲဖို့အရေးကိုပင် ဝန်လေးသွားသည်။ အပြစ်ကင်းစင် သန့်ရှင်းနေသော ဤမိန်းကလေးကို သူ မထားခဲ့ရက်ပါ။

"ဘာအရေးကြီးလို့လဲ ကိုရှင်း"

ဒေါ်နန်းအဲဖောက လိုက်ကာပြန်ချပြီး သူ့အား မေးလိုက်





သည်။

"ကျွန်တော့်ကို မေမေ ဖုန်းဆက်တယ်"

"စောစောက အသံကြားလိုက်ပါတယ်"

"ဟုတ်တယ် အန်တီဖော၊ အဲဒါ ရန်ကုန်ကို ကျွန်တော် အလုပ်တိစ္စအတွက် ခဏသွားရမယ်"

"ရက်သိပ်ကြာမှာလား"

"မကြာပါဘူး. . . အလွန်ဆုံး သုံးရက်ပေါ့"

"ရွှက်နုကို ခေါ်သွားချင်လို့လား"

"ခေါ်ချင်ပေမယ့် ဒီမှာက အားလုံးကို မေ့မေ့ပျောက်ပျောက်နဲ့ အခြေအနေက သိပ်ကောင်းနေတော့ ခေါ်သွားဖို့အရေး ကျွန်တော် စဉ်းစားနေတာ"

"ဟုတ်တယ်. . . ကိုရှင်း ခေါ်သွားရင်တော့ သူ့ဘွားအေအလွမ်းသယ်တာနဲ့ ပိုဆိုးသွားနိုင်တယ်"

"ကျွန်တော်လည်း အဲဒါ စဉ်းစားမိတာနဲ့ ကိစ္စရှိတာ သွားလုပ်ပြီးတာနဲ့ ပြန်လာခဲ့မယ်၊ ဒီမှာက အန်တီဖော့နဲ့ ဒေါ်စိန်ရှိနေတာပဲ"

"စိတ်သာ ချပါ၊ ကိုစိုးမင်းတို့လဲ ရှိနေတာပဲ၊ သူတို့လဲ ဝိုင်းစောင့်ရှောက်မှာပေါ့"

"အဲဒီ ကိုစိုးမင်းတို့ကို စိတ်မချတာဗျ" ဟု စိတ်တွင်းကသာ ပြောလိုက်သည်။ စိုးမင်းထက် စိုးမင်းညီ မိုးသူကို ကြည့်မရချင်တော့၊ ချော့ချော့နွဲ့နွဲ့နှင့် ရွှက်နုကို ကျလောက်အောင် စွဲဆောင်နိုင်သော မိုးသူကြောင့် သူ့မှာ မချွေရစိတ် ပွားများနေရသည်။

"ကိုမိုး မလာသေးဘူလား မသိဘူး ကိုကို၊ ဒီနေ့ လာမယ်



www.burmeseclassic.com

 www.burmeseclassic.com 

ပြောပြီးတော့"

"ကိုမိုး ထမင်းစားပြီးမှ ပြန်နော်"

"ကိုမိုး. . . ပန်းတွေ ကူသိပေးပါဦး၊ ကိုကိုက ပန်းသီရမှာ စိတ်မရှည်ဘူး၊ မျက်နှာပုပ်ပုပ်ကြီး လုပ်နေလို့"

စသည်ဖြင့် သူ့အသည်းကို မွှန်းသော စကားဆိုတတ်ခဲ့ သည့်အတွက် သူ့ရင်ထဲ မိုးသူအပေါ် မကျေနပ်စိတ်များ ပွားများနေ လေသည်။

သက်ပြင်းချကာ. . .

"ဒါဖြင့် ကျွန်တော် မနက်ဖြန်ပဲ ဆိုင်ကယ်နဲ့ သွားလိုက်မယ် လိုအပ်တဲ့အကူအညီ ရှိရင် စိုးမင်းကို အကူအညီတောင်းဖို့ မမေ့ နော်၊ ရွှက်နုကိုလဲ မျက်စိအောက်က အပျောက်မခံပါနဲ့"

"စိတ်ချပါ ကိုရှင်း၊ ဒါပေမယ့် မင်းကို မေးရင် ဘာပြော မလဲ"

"အိမ်က မှာလို့ ခဏပြန်တယ်၊ ရွှက်နုအတွက် ကားလဲ သွားဝယ်တယ်လို့ ကြည့်ကောင်းအောင်သာ ပြောထားပါ၊ ရောက် တာနဲ့ ကျွန်တော် ဖုန်းဆက်မယ်"

"အေး. . . အေး. . . ကောင်းပါတယ်၊ ရွှက်နုအတွက်တ တော့ စိတ်ချပါ၊ ကိုစွတွေသာ စိတ်ဖြောင့်ဖြောင့်လုပ်ပါ၊ ကိုရှင်း နောက်ဆံမတင်းစေချင်ဘူး၊ အန်တီဖော့တို့ ရှိနေတာပဲ"

"အန်တီဖော့တို့ ရှိလို့ ကျွန်တော်လဲ ထားသွားရဲတာပေ ဘာပဲဖြစ်ဖြစ် ဘယ်သူပဲရှိရှိ အန်တီဖော့ကတော့ ရွှက်နုအပါးတ လုံးဝ မခွာပါနဲ့"

အမိန့်ဆန်သောစကား မဖြစ်စေရန် သတိထား သုံးနှုန်း



က်ရသည်။ စိုးမင်းတို့ မိုးသူတို့နဲ့လည်း ယုံယုံကြည်ကြည် လွှတ် သားနဲ့ဗျ၊ စောင့်ကြည့်နေဟု တိုက်ရိုက်ပြောချင်သော်လည်း ကောင်းတတ်သဖြင့် ငြိမ်သက်နေရသည်။ သဝန်ကြောင်လွန်းရာ ောက်ပေလိမ့်မည်။ သို့သော် အချစ်၏သင်္ကေတတွင် သဝန် ကြောင်ခြင်းလည်း ပါပေသည်။

တစ်ရက်နှစ်ရက်အရေးတောင် ဤမျှရတက်မအေးရလျှင် င်သက်တာအရေးကိုတော့ဖြင့် နိုင်ရှင်း ယောင်၍မျှပင် မတွေး ချင်တော့ပါ။

ချစ်သူကို ထာဝရ ပိုင်ဆိုင်ချင်သည်မှာ ချစ်တတ်သူတိုင်း ဆန္ဒ ထင်ပါသည်။ ပိုင်ဆိုင်ချင်စိတ်ကြောင့် ရယူခြင်းတို့တွင် ားခြင်း မတရားခြင်းတို့ ဖြစ်ပေါ်လာတတ်သည်။

သူ့အနေဖြင့် တရားခြင်းဖြင့်သာ ပိုင်ဆိုင်လိုပါသည်။ ့သော် စွန့်လွှတ်ခြင်းအတွက် ခံနိုင်သော နှလုံးသား သူ့မှာ ရှိနိုင်ပါ့ ားဟု သူ တွေးနေမိသည်။

"ဒါပဲလား ကိုရှင်း၊ အန်တီဖော သွားတော့မယ်"

"ဩော်. . . ဟုတ်ကဲ့ အန်တီဖော၊ ကျွန်တော် အစစ ာရာအတွက် စိတ်ချသွားမယ်နော်"

"စိတ်ချပါ"

အန်တီဖော ထွက်သွားသည်အထိ သူ့ရင်ထဲ၌ မှာတမ်း မဆုံးချင်သေး၊ ဒေါ်စိန်ကိုလည်း မှာရဦးမည်။ သို့သော် ိန်က ယခုလောက်ဆို အိပ်ပျော်နေလောက်ပြီ။ ဒေါ်စိန်သည် ့နှစ်ဦးအား အမုန်းရန်ကြိုးစကို ဖန်တီးပေးခဲ့သူပင်။ နံနက် ်မှ မှာတော့မည်ဟု စဉ်းစားပြီး အိပ်ယာဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ အိပ်ပျော်ခြင်း၏အချိန်တစ်ဝက်မျှကို ရွက်နု ခိုးယူထားတတ်လေသည်။

"ကြိုပြီးလွမ်းနေပြီ စနိုးပိုက်လေးရယ်"








"ရွက်နုကော အိပ်သွားပြီလား"

"ရှိပါတယ်. . . မအိပ်သေးဘူး၊ မင်း ဖုန်းဆက်မယ်ဆိုလို့ စောင့်နေရှာတယ်"

"ခေါ်လိုက်ပါ ဒေါ်စိန်"

"ဟုတ်ကဲ့. . . ခဏနော်၊ ဒေါက်တာမိုးသူနဲ့ ဝရံတာမှာ စကားပြောနေကြတယ်"

"ဟင်. . . သူတို့နှစ်ယောက်တည်းလား"

"ဒေါ်ဖော့ ရှိပါတယ်"

နိုင်ရှင်း ရင်ထဲ စိုးရိမ်ပူပန်မှုနှင့်အတူ ဝန်တိုစိတ်ပေ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ထွန်းသွားသည်။

"ဒီကောင်က ဘာလာလုပ်တာလဲ"

သူ့အမေးကို တုန့်ပြန်မှု မပေးတော့၊ ဒေါ်နှင်းစိန် ရွက်နုကို သွားခေါ်နေဟန်တူပါသည်။

"ဟဲလို ကိုကို"

"ညီမလေး"

"ကိုကိုက ညီမလေးကိုလဲ ခေါ်မသွားဘူး"

"ခရီးပန်းရင် ညီမလေးရောဂါနဲ့ မတည့်ဘူး၊ ဒါကြောင့် ကိုကိုမခေါ်တာ၊ အခု ဘာလုပ်နေလဲ"

"ကိုမိုးလာလို့ စကားပြောနေတာ၊ တော်သေးတာပေါ့၊ ကိုကို မရှိပေမယ့် ကိုမိုးတို့ ရှိလို့၊ ဒီည ဖိုးတေ လာမှာစိုးလို့ ကိုမိုးကို မပြန်ခိုင်းတော့ဘူး၊ ဒီမှာပဲ အိပ်ပါလို့ ပြောထားရတယ်"

"မြတ်စွာဘုရား"

နိုင်ရှင်းရင်၌ ဘုရားတလိုက်သည်။

"ဟင်. . . စိုင်းလှလဲ ရှိတာပဲ၊ ဒေါက်တာကို အားနာစရာကွယ်"

"အားမနာပါဘူး. . . ကိုယ့်ဆရာပဲဟာ၊ နေပါစေ. . . သူလဲ နိုက်ဂျူတီ ရှိတာမှ မဟုတ်ပဲ၊ ဟုတ်တယ်နော် ကိုမိုး"

နိုင်ရှင်း စိတ်တိုနေပြီ၊ ဖုန်းထဲမှာ သူနှင့် စကားပြောနေရာမှ မိုးသူကို လှမ်း၍ပြောနေလေသေးသည်။

"နော်. . . ကိုမိုး၊ ကိုကိုက အားနာလို့တဲ့၊ ကိုမိုး အားပါတယ်နော်၊ စောင့်အိပ်ပေးမယ်မို့လား"

တစ်ဖက်မှ မိုးသူ ဘာပြန်ပြောသည်ကို နိုင်ရှင်း မကြားရသော်လည်း ရွက်နု၏. . .

"ရတယ်တဲ့ ကိုကို၊ သူ အိပ်ပေးပါမယ်တဲ့၊ ကိုကို ဘယ်တော့ ပြန်လာမှာလဲ၊ ညီမလေး လွမ်းလှပြီ၊ မြန်မြန်လာနော် ကိုကို၊ ဒီနေ့မှလေ ကိုကို မရှိလို့ ပျင်းတာနဲ့ ထိုင်ငိုပစ်လိုက်တယ်၊ အန်တီဖောကြီး ချက်တဲ့ဆေးလဲ မသောက်ပါဘူး"

"ဟင်. . . ဒီလိုမလုပ်နဲ့လေ"

"လုပ်ပါဘူး. . . ကိုမိုး လာမှ သောက်တာ"

နိုင်ရှင်း ဆက်လက်နားထောင်နိုင်သောစွမ်းအား မရှိတော့ ကိုမိုးချင်း မိုးမွှန်နေသော ရွက်နုအတွက် စိုးရိမ်ခြင်း ဖြစ်မိသည်။ ထိုစိုးရိမ်ခြင်းသည် သူ့အတွက်လား၊ ရွက်နုအတွက်လား မသိနိုင်ပြီ။ ဒေါက်တာမိုးသူလို လူတစ်ယောက်သည် ရွက်နုကဲ့သို့သော ဝေဒနာသည်တစ်ယောက်အပေါ် ပစ်မှားလိမ့်မည် မဟုတ်ဘူးဟု နိုင်ရှင်း ဦးနှောက်က ယုံကြည်ချင်ပါသည်။ သို့သော် အသည်းနှလုံးက လက်မခံချင်၊ ပူပန်ခြင်း မီးပင်လယ် သူ့ရင်တွင်း ပြင်းထွန်းနေလေပြီ။

"နော်. . . ကိုကို"

"အင်း. . . ဘာပြောလိုက်တာလဲ"

"ဟာ. . . ကိုကိုကလဲ အမြန်ပြန်လာခဲ့ဆို၊ မုန့်တွေလဲ အများကြီး ဝယ်ခဲ့၊ အရုပ်တွေကော ဝယ်ခဲ့နော်"

"အင်း. . . အင်း. . . ဒါပဲနော်၊ အန်တီဖောနဲ့ပဲအိပ်၊ အန်တီဖောနဲ့ ဒေါ်စိန်တို့စကားလဲ နားထောင်၊ ဆေးလဲ မှန်မှန်သောက်"

"အင်းပါဆို. . . ဒါပဲ မှာနေတာပဲ၊ ကိုကိုသာ ညီမဖို့အရုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီး မုန့်တွေ အများကြီး ဝယ်ခဲ့ဖို့ မမေ့နဲ့နော်၊ မေ့လာရင် ဓခ ဘူး၊ အော်ငိုပစ်လိုက်မှာပဲ"

"အေးပါ. . . စိတ်ချပါ ကလေးရယ်၊ ကဲကဲ. . . အိပ် တော့"

"ဟုတ်ကဲ့"


"ဂျလောက်"

ပြောပြောဆိုဆို ဖုန်းချသွားသဖြင့် နန်းအဲဖောတို့ကို မှာလို သောစကားတို့ မမှာကြားရတော့ချေ။

သူ မှာလိုသောစကားမှာ အပ်ကြောင်းထပ်နေလေပြီ ဖြ သည်။ အန်တီဖော. . . ရွက်နုကို မျက်စိအောက်က အပျောက်မခံ ဗျာ၊ ဘယ်သူနဲ့မှ စိတ်ချမထားနဲ့ ဟူ၍သာ။








"မင်း အရုပ်တွေ ဝယ်တယ်ဆိုတော့ အခြေအနေ အတော် ကဲ့နေပြီလား"

အလုပ်ကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ပြီးသည်နှင့် ပြင်နက် ဗိုလ်ချုပ်ဈေးဘက် လှည့်ဝင်ကာ ရွက်နုအတွက် ဘိုမ များနှင့် ပန်ဒါဝက်ဝံရုပ်ကလေးတစ်ခုပါ ဝယ်သည်။ ထို့နောက် မုန့်နှင့် မုန့်ပူးများကို ဝယ်ယူပြီး ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ပစ္စည်းများ တပွေ့တပိုက်ကြီးနှင့် သူ့ကို ပြီး အလည်ရောက်နေဟန် တူသော မိုးဦးက လှမ်း၍ကျီစယ် သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကတော့ လုပ်တော့မယ်၊ ငါတို့အခြေအနေလည်း သိရက်သားနဲ့"

"မသိပါဘူး. . . မတော်တဆများ ငြိတွယ်ကုန်ကြသလား လို့"

"မိုးဦးရာ. . . အချစ်ဆိုတဲ့အရာဟာ နက်ရှိုင်းတဲ့အရာ တစ်ခုပဲ၊ အဲ. . . မတော်တဆမှုဆိုတာ ပေါ့ဆတဲ့အရာတစ်ခု ဒီတော့ ပေါ့ဆမှုတစ်ခုကြောင့် အချစ်ဆိုတဲ့အရာအပေါ် အမည်း စက် မထင်စေချင်ဘူး"

"ဒီလိုဆိုတော့ မင်းကို ငါ ချီးကျူးရမလား ကဲ့ရဲ့ရမလား တောင် မသိတော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"စနိုးပိုက်လို အလှဘုရင်မကို အနားထားပြီး မဖောက် မပြား စောင့်ထိန်းနိုင်တဲ့ မင်းရဲ့ကိုယ်ကျင့်တရားကိုလေကွာ ဘယ်လိုကောက်ချက်ချရမှန်းတောင် မသိဘူး၊ မသိတဲ့လူတွေသာ ဆိုရင်တော့ မင်းကို နွားလို့ ပြောတော့မှာ မုချပဲ"

"ပြောပါစေပေါ့ကွာ. . . စနိုးပိုက်ဟာ ဝေဒနာသည် တစ် ယောက်ပဲ၊ ဒီဝေဒနာကလဲ ငါ့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာ ဘာပဲဖြစ်ဖြစ် ငါတင် မကဘူး၊ ယောကျ်ားဆိုတာ မိန်းမသားထက် ပိုပြီးစိတ်ထားမြင့်မြတ်တယ်၊ သဘောထားကြီးတယ်လို့ ယေဘုယျ မှတ်ယူထားကြတယ် မဟုတ်လား၊ ဒီတော့ မြင့်မြတ်ပါတယ်ဆိုတဲ့ ယောကျ်ားသားကြီးတွေဟာ စိတ်မထိန်းနိုင်လို့ပါဆိုပြီး အားနွဲ့သူ အပေါ် အခွင့်အရေး ယူတာမျိုးလောက် စိတ်ထားနိမ့်ကျတာ မရှိ နိုင်ဘူး၊ အခု စနိုးလို ဝေဒနာသည်မျိုးအပေါ် အခွင့်အရေးယူမယ်





...င် ငါဟာ ခွေးလုံးလုံး ဖြစ်သွားတော့မှာပေါ့"

"မင်းပြောတာလဲ ဟုတ်တာပဲ၊ ဒါပေမယ့် သွေးသားနဲ့ ...သည်းတည်ဆောက်ထားတဲ့အတွက် အခြေအနေနဲ့ အချိန်အခါ ...ချင် ဖြစ်ပေါ်လာတတ်တဲ့ကိစ္စရပ်မျိုးကို ယုတ်မာတယ်လို့ ...ဆိုနိုင်ဘူး"

"ကိုယ်ကျိုးလွန်မိတဲ့အမှားအပေါ် တာဝန်ယူလိုက်ရင် ...တော့ လူယုတ်မာလို့ သတ်မှတ်လို့ မရတော့ဘူးပေါ့"

မိုးဦးက လက်ဖျောက်တစ်ချက် တီးကာ. . .

"ဒါကို ငါပြောတာ၊ မင်းနဲ့ စနိုးပိုက်ဟာ အကြင်လင်မယား ...ဖြစ် တရားဝင်စာချုပ်အရကော မင်္ဂလာအခမ်းအနားအရပါ ...ရားဝင် ပိုင်ဆိုင်ပြီးသား အကြင်လင်မယား ဖြစ်နေပြီပဲ"

"တော်ပါတော့ မိုးဦးရာ၊ မသိစိတ်က ငါ့ကို လက်မခံနိုင် ...သေးတဲ့ ဝေဒနာသည် မိန်းကလေးအပေါ် သိကြားမင်းကိုယ်တိုင် ...း လက်ထပ်ပေးထားဦး၊ ရတဲ့အခွင့်အရေးအပေါ် ငါ ယူမှာ ...ဘူး၊ ဘာဖြစ်လို့ ထင်သလဲ မိုးဦး"

"မသိဘူးကွာ. . . မင်းဟာက ဆန်းကြယ်တယ်"

"စနိုးပိုက်အပေါ် ထားရှိတဲ့မေတ္တာဟာ အနှစ်နာခံ ပေး ...ချင်းတွေကြောင့်ပဲ"

"ဒါနဲ့ မင်း သူ့ကို ငယ်ငယ်တည်းက ချစ်ခဲ့ပြီး ရယူပိုင်ဆိုင် ...ချင်တာနဲ့ ရှာဖွေကြိုးစားခဲ့တာဆို"

"ဟုတ်တယ်လေ. . . ချစ်လို့ ရယူပိုင်ဆိုင်ချင်တယ်၊ ...ဆိုင်ချင်လို့ ကြိုးစားခဲ့တယ်၊ ပိုင်ဆိုင်ခွင့် ရလာတော့လဲ မနမ်း ...တဲ့ အဆိပ်သင့် အချစ်ပန်းလေးတစ်ပွင့်ဖြစ်လို့ မနမ်းသေး



www.burmeseclassic.com

www.burmeseclassic.com

ဘူး. . . ဒီသဘောပဲကွာ၊ ချစ်ခြင်းဆိုတဲ့ အနက်အဓိပ္ပါယ်မှာ ရယူ
ပိုင်ဆိုင်လိုခြင်း ရှိသလို စွန့်လွှတ်အနစ်နာခံခြင်းလည်း ရှိတယ်
မကြည်ဖြူတဲ့ပန်းအပေါ် စွန့်လွှတ်အနစ်နာခံသင့်တယ် ထင်ရင်
အနစ်နာခံရတော့မှာပဲပေါ့"

"ဒီလိုဆို စိန်းပိုက် နေကောင်းလာလို့ ဖိုးတေဟာ မင်းမှန်
သိသွားလို့ ဆက်လက်မုန်းတီးနေဦးမယ် ဆိုရင်ကော"

"သူ စိတ်ချမ်းသာအောင် ငါပဲ ရင်အကွဲခံ ကွာရှင်းပေး
လိုက်ရမှာပေါ့ကွာ"

"ဟူး. . . မင်းအဖြစ်က လွယ်ခဲ့သယောင်ယောင်နဲ့ တယ်
မလွယ်ပါလားကွာ"

"ဒါပေမယ့် ငါ မျှော်လင့်ချက်တစ်ခု ရှိတယ် မိုးဦး"

"ဘာကိုလဲ"

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တယ်ဆိုတဲ့သဘော
လေ၊ ဒီမျှော်လင့်ချက်နဲ့ပဲ ငါ ကျေနပ်နေပါတယ်"

"ဒီသဘောတရားလေး မှန်ကန်ပါစေလို့ ငါ ဆုတောင်
ပေးပါတယ်၊ လိုအပ်လာရင် ငါလဲ သက်သေလိုက်ပေးပါ့မယ်ကွာ
အချစ်ရေ့နေအဖြစ်ပေါ့"

"ရပါတယ်ကွာ. . . ချစ်ခြင်းမှာ နှလုံးသားချင်း သိကြ
သာ အရေးကြီးတာပါကွာ၊ သက်သေတွေ ရှေ့နေတွေ မလိုပါဘူး

"ဒါပေမယ့် အချစ်ကြားမှာ တစ်ခါတစ်ရံ အမှတ်တ
သက်မဲ့ပစ္စည်းလေးတွေတောင်မှ ကာယကံရှင်တွေရဲ့ပါးစပ်
စကားထက် အကျိုးများသွားတာ ရှိနေတယ်"

"သက်မဲ့ပစ္စည်းလေးတွေ"





နိုင်ရှင်း မေ့နေသောအရာတစ်ခုကို သတိရသွားသည်။

"ခဏ မိုးဦး. . . ခဏနော်"

အိမ်ပေါ်ထပ်ရှိ သူ့အိပ်ခန်းသို့ သူ ပြေးတက်ခဲ့သည်။

စာအုပ်စင်ကို မွှေနှောက်ရှာဖွေလိုက်သည်။ တွေ့ပြီ၊
သိစဉ်က သိမ်းထားခဲ့သော တရုတ်လက်ဖက်ခြောက် သံဘူးလွတ်
တစ်လုံးတည်း၌ ပုန်းညက်ပန်းခြောက်ကလေးနှင့် ဆူးတောင်ပုံစံ
ခရုခွံလေးတစ်ခု။

နိုင်ရှင်း ဘူးလေးကို သူ့ခရီးဆောင်အိတ်ထဲ ထည့်လိုက်
သည်။

တစ်ခါတစ်ရံ အမှတ်တရ သက်မဲ့ပစ္စည်းလေးများသည်
ကာယကံရှင် ပါးစပ်စကားထက် များစွာသော အကျိုးသက်ရောက်
စကားများ ပြောနိုင်ပေလိမ့်မည်။


မိုးဦးကို သူ အထူးကျေးဇူးတင်သွားသည်။

ပုန်းညက်ပန်းခြောက်နှင့် ခရုခွံလေးက သူ့ကိုယ်စား
နှုတ်နှုကို စကားများစွာ ပြောပြလိမ့်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ဆယ်နှစ်အရွယ်ဆိုတာ မှတ်မိနေသောအရွယ်သို့ ရောက်နေပြီ။

ချစ်ခြင်းမေတ္တာ မုဒိတာတရားတို့ကိုတော့ ခွဲခြားမပိုင်းခြားတတ်သေးပါ။ ထိုအချိန်ကတည်းက ချစ်ခင်တွယ်တာခြင်းကိုတော့ သူ နားလည်ခဲ့သည်။

ချစ်စရာကောင်း၍ ချစ်သည်။

တွယ်တာစရာကောင်း၍ တွယ်တာသည်။

ဤလောက်တော့ သူ ခွဲခြားတတ်သည် ထင်ပါသည်။

"ဆရာ့သားလေး ဖိုးတေရေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်. . . ဘကြီးစံ"

"သိပ်ဝေးဝေးလျှောက်မသွားနဲ့နော်၊ ဒီရေတက်လာရင် ခနှောင့်ရခက်တယ်"

"ဟုတ်ကဲ့ ဘကြီးစံ"

ဖေဖေက ပေလီတွင် ဘန်ဂလိုတစ်ခု တည်ဆောက်ပြီး ဦးသာစံ အစောင့်အဖြစ် ငှားရမ်းထားသည်။ ဝါးတောင်ကွင်းဘက်တွင်လည်း အုန်းခြံတစ်ခြံ ဝယ်ထားသည်။ ထိုအုန်းခြံကိုလည်း ဦးသာစံပင် စောင့်ရှောက်ရသည်။ ဦးသာစံက မိသားစု ရှိသဖြင့် ခွဲဝေစောင့်ရှောက်နိုင်သည်။

နွေရာသီ ရောက်တိုင်း မိဘများနှင့်ဖြစ်စေ၊ အစ်ကိုအစ်မများနှင့်ဖြစ်စေ ဖိုးတေ လိုက်လာတတ်သည်။

ဘယ်သူသွားသွား ဖိုးတေ လိုက်သည်။ ဒီနှစ် ဖေဖေက တစ်ပတ်မျှ အနားယူပြီး ပြန်သွားသည့်တိုင် ဖိုးတေ မပြန်သေး။ နောက်လ မမကြီးတို့ စုံတွဲလာမည်။ ပျားရည်ဆမ်းခရီး ဖြစ်သည်။ သူတို့ ပြန်မှ ဖိုးတေ ပြန်လိုက်တော့မည်။

ပေလီပျော် သူ့အား ဖေဖေက စိတ်ချလက်ချ ထားသွားသည်။

"ဒီကောင်က တံငါသည် သေလို့ ဝင်စားသလား မသိဘူး၊ ကိုသာစံ၊ ပေလီမှာ ငါးမျှားနေရင် တလောကလုံး မေ့နေတဲ့ကောင်" ဟု ပြောပြီး ဖခင်က ဦးသာစံထံ အပ်နှံမှာကြားပြီး ပြန်သွားခဲ့သည်။

မိုးလင်းသည်နှင့် စားသောက်ပြီး မှိန်းတစ်ချောင်းနှင့် ပလိုင်းကို လွယ်ကာ သူ ထွက်ခဲ့သည်။ ဆားကွင်းနား ကျောက်ကြိုကျောက်ကြားတွင် ဒီရေတက်ပြီး ရေပြန်အကျ၌ ကျန်ရစ်သောရေ





နှင့်အတူ ငါးပုဇွန်များကို လိုက်လံဖမ်းဆီးရသည်ကို သူ အလွန်ပျော်သည်။

ကျောက်ဆောင်ကြား အရိပ်ရသောနေရာတွင် အိပ်လိုက် ငါးဖမ်းလိုက်နှင့် ပျော်မြူးနေသည်။ အုန်းလက်ဦးထုပ်၊ စွပ်ကျယ် သက်ပြတ်၊ ဂျင်းဘောင်းဘီတိုနှင့် တစ်နေကုန် လျှောက်သွား ဆော့ ကစား ငါးဖမ်းနေတတ်သော ဖိုးတေသည် ညစ်ပတ်ပေတူးနေတတ်သည်။

ကလေးများ၏အနှောင်အဖွဲ့ မဲ့သော လွတ်လပ်ခြင်း အရသာကို အပြည့်အဝ ခံစားနေတတ်သော ဖိုးတေအား အချစ်ဟုသောအရာကို နားမလည်ခင်ကပင် တွယ်ငြိတတ်သော သံယောဇဉ်ကြိုးက စတင်နှောင်ဖွဲ့လေသည်။


ထိုနေ့က မှတ်မှတ်ရရပင်။

မှတ်ဉာဏ်ကောင်းသော ဖိုးတေအတွက် တစ်သက်တာ ခနေ့မရနိုင်သောနေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




“ဟေ့ကောင် ဖိုးတေ”

“ဘာလဲဗျ”

“ဒီနေ့ တယ်ဟုတ်ပါလား၊ ငြိမ်ချက်သားကောင်းလို့ ငါး သွားမမျှားတော့ဘူးလား”

“ဖြည်းဖြည်းပေါ့ဗျာ. . . ဒီပင်လယ်ထဲက တံငါသည်တွေ မမိသေးတဲ့ ငါးမှန်သမျှ ဖိုးတေလက်ထဲက ပြေးမလွတ်ပါဘူး”

“မင်းတော့ကွာ. . . တကယ့် ဖင်ခေါင်းစကားပဲ”

“နည်းနည်းအိပ်ချင်လို့ အိပ်လိုက်ဦးမယ်ဗျာ၊ ဦးလေးလဲ အဏ္ဏဝါရိပ်သာကို စောင့်ရင်း ကျွန်တော့်ကိုပါ အိပ်ဖန်စောင့် လုပ်





ပေးဦး”

“ဒီကောင်လေး. . . ငါ ဖနောင့်နဲ့ ပေါက်လိုက်ရရင်တော့”

သူ အဏ္ဏဝါရိပ်သာကို အလှည့်ကျ ကင်းစောင့်ရှောက်နေသော ခလရ(------)မှ ရဲဘော်များနှင့်လည်း ရင်းနှီးနေ၏။ ဖိုးတေသည် ရေသူမရုပ်တု ရှိရာ ကျောက်ဆောင်ရှေ့ အဏ္ဏဝါရိပ်သာအနီး န်းညက်ပင်ကြီးအောက်၌ စိတ်အေးချမ်းသာစွာ အိပ်ပျော်သွားခဲ့သည်။ ကင်းကျရဲဘော်မှာ သူ့ဘေး၌ သေနတ်ကိုင်ကာ ထိုင်လျက်ရှိသည်။ တွေးကောင်းတွေးနေမည်။

“ဩော်. . . ကလေးဘဝများ တယ်ပြီးလွတ်လပ်အေးချမ်း လား”

အေးချမ်းခြင်းကို အသံဗလံများက အနှောင့်အယှက်ပြုသဖြင့် ဖိုးတေ နိုးလာလေသည်။

“ဝါး. . . အိပ်လို့ကောင်းလိုက်တာ”

“ကောင်းနေ. . . ညနေရောက်လို့ ရေချိုးပြန်တဲ့သူတွေ ကောင် ပြန်ကုန်ပြီ၊ မင်းက. . .”

ရဲဘော် ဘာပြောသည်ကို ဖိုးတေ မကြားတော့၊ သူ့အာရုံသည် ရေသူမ ရုပ်အနီး သဲသောင်ပြင်ပေါ်၌ ခရုကောက်နေသော ကောင်မလေးတစ်ဦးဆီ အာရုံရောက်သွားသည်။ ဂါဝန်အဖြူလေးနှင့် ဆံကြိုးအဖြူကို ထိပ်၌ အပွင့်ဖော် စည်းထားပြီး ဆံပင်ဖားလျားချထားသော ကောင်မလေးဖြစ်သည်။ အသားရောင်မှာ ဝတ်ထားသော ဂါဝန်အဖြူနှင့် ပြိုင်နေသည်။ လှလိုက်တဲ့ ကောင်မလေး။

သူ့စကားကို တုံ့ပြန်ခြင်း မရှိဘဲ တစ်နေရာသို့ အာရုံစိုက်ထား သူ့ငယ်အိမ် ရွေ့လျားမှု မရှိဘဲ စူးစူးစိုက်စိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်လေး"

"နေစမ်းပါ ဦးလေးကလဲ. . . အာရုံပျက်တယ်"

"ဟေ. . ."

ထိုအခါ ရဲဘော်က သူ စူးစိုက်ရာသို့ လိုက်ကြည့်လိုက်သည်။

"ဟ. . . ဒီကောင် မလွယ်ပါလား၊ ဟား. . ဟား. . ဘူးလေး"

"အရမ်းလှတဲ့ကောင်မလေး၊ သူ ဘယ်သူလဲဗျဟင်. . . ဦးလေး"

"ဟား. . ဟား. . ဟား. . မင်းကြီးလာရင် မြန်မာပြည်မှာ ရှိတဲ့ မိန်းကလေးတွေ အိမ်တွင်းပုန်း လုပ်ခိုင်းရတော့မယ်ထင်တယ်"

"ပြောစမ်းပါ ဦးလေးကလဲ"

"ငါ ဘယ်သိမလဲ၊ သိချင်ရင် မင်းဘာသာမင်း လိုက်မေးပါလားကွ"

"ဒါ ဦးလေး သက်သက်ကပ်တာပဲ၊ သိတယ်မဟုတ်လား ဒီတပ်ဝန်းကျင်နေရာ သွားနေတယ်ဆိုကတည်းက ဒီတပ်ထဲက ကောင်မလေးပဲ ဖြစ်ရမယ်"

"ဒီတပ်ထဲက ကောင်မလေးဆိုရင် မင်းအမြဲတွေ့ရမှာပေါ့ကွ၊ အခုဟာက ဧည့်သည်ကွ"

"ဒါဖြင့် နေဗျာ၊ ဦးလေးက အားလဲ မကိုးရဘူး၊ ကျွန်တော့်ဘာသာကျွန်တော် သွားစုံစမ်းတော့မယ်"

"ဟားဟား. . . တကယ့်ကောင်လေး"

ဖိုးတေသည် ရဲဘောကြီးကို ကျောခိုင်းပြီး သောင်ပြင်နှ





ပလီကမ်းစပ်ဘက် ပြေးထွက်ခဲ့သည်။

"ဟောဟဲ. . . ဟောဟဲ"

ချွေးသံရဲရဲ သဲပြင်ပေါ် အိပ်ထားသဖြင့် သဲမှုန့်များက ...သည်း ကပ်နေသေးသည်။ ဆံပင်ကလည်း ဆီမထည့်ဘဲ နေလောင် ...ားသဖြင့် နီကြောင်နေပြီ။ သို့သော် အခွေအကောက်များဖြင့် ...တ်သိုက်၊ မျက်နှာက မှုန်တေတေ၊ ရှုတင်းတင်းနှင့် မျက်ဆံနက် ...က်က စူးစူးရှရှနှင့် ဂါဝန်ဖြူနှင့် အသားဖြူလွန်းသော ကောင်မ ...လေးကို စိုက်ကြည့်သည်။

ကောင်မလေးက ရုတ်တရက် သူ့အား မတွေ့သေး၊ လှိုင်း ...တ်၌ ခရီးကြုံလိုက်လာပြီး လှိုင်းတို့အပြန်၌ သောင်ခုံပေါ် ...ကျန်ရစ်ခဲ့ကြသော ခရုခွံများကို သဲသဲမဲမဲ ကောက်နေ ...သည်။

အနီးကပ် ကြည့်လေ၊ ပို၍ ချစ်စရာကောင်းလေဖြစ်သော ...ာင်မလေးကို ဖိုးတေ ချစ်သွားသည်။

အရုပ်ကလေးသာဆိုလျှင် ဖေဖေတို့ကို အတင်းပူဆာပြီး ...အောင် ဝယ်ပစ်လိုက်ချင်သည်။ ယခုဟာက အရုပ်မဟုတ်၊ ...လေး၊ သိပ်ချစ်စရာကောင်းသော လူမလေး။

နို့နှစ်ရောင်ပြေးနေသော အသားအရေပေါ်၌ အကြော ...လေးများပင် ဖောက်ထွင်းမြင်နေရသည်။

သူ့အသားအရေကို ကိုင်ကြည့်ချင်စိတ်ပင် ပေါက်နေ ...သည်။

"ငွမ်းကလေး ကိုင်ရသလို နေမှာ"

ဟု စိတ်ထဲက ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ဘာနှင့် တူပါလိမ့်၊ အိမ်၌ ရှိုးကေ့စ်ထဲ တွင် အလှထားသော ဘိုမရုပ်များနှင့် တူသလား၊ မတူပါဘူး၊ ဘို ရုပ်များသည် များသောအားဖြင့် နှဖူးမောက်သည်။ နှာယောင် ကောက်သည်။ ပါးမို့မို့နှင့် မျက်လုံးလှသည်။ ဆံပင်နီဝါဝါနှင့် မလှ

ယခု ကောင်မလေးက သိပ်လှသည်။ ဆံပင်က ကတ္တီပါ နက်မှောင်လေး၊ တပ်ထားသည့်နှယ်၊ ကျောလယ်အထိ ဖားလျား လေး ချပြီး ဖဲကြိုးလေး ခေါင်းပတ်စည်းထားသည်။ မျက်လုံးမျက်ဖ မှာ နက်မှောင်ပြီး မျက်တောင်ကော့ကြီးများဖြင့် လှသည်။ ဘိုမရုပ် တွေ မျက်လုံးထက် လှသည်။ နှာတံလေး ဖြောင့်စင်းနေသည်မှာ လည်း ဘိုမရုပ်ထက် သာသည်။ ဘိုမရုပ်၌ မျက်ခုံးသေးသေးလေး သာ ရှိသည်။ ယခု ကောင်မလေးမျက်ခုံးက ခူနက်ကောင်တစ် ကောင်အလား နက်မှောင်ထူထဲသည်။ နှုတ်ခမ်းနှစ်လွှာက အပေါ် အောက် ညီညာကာ ဘေးသို့ပြန့်ကားမသွားဘဲ စူစူဝိုင်းဝိုင်း နီနီရဲရဲ ထွေးလေး၊ နှင်းဆီငုံဖူးလေးနှင့် တူသည်။

"ဟာ. . . အများကြီးပဲ ဒေါ်စိန်ရေ တောင်းတော လောက်ပါ့မလား မသိဘူး"

"တောင်းပြည့်ရင် ပြန်တာပေါ့"

"ဟင့်အင်း. . . မပြန်ချင်သေးဘူး၊ ဒေါ်စိန်ပဲ ခြင်းတော သွားယူပေး"

"စနိုးတစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ရပါတယ်. . . ဟိုဘက်မှာ မေမေတို့ ရှိနေတာပဲ"

"အေးအေး. . . ဒါဖြင့် သွားလုပ်ပေးမယ်"

ဒေါ်စိန်ဆိုသောမိန်းမ ထွက်သွားသည်။ ခရုကောက်





နေသော ဖိုးတေက အကုန်ကြားရသည်။

"စနိုးတဲ့လား. . . သူ့အသားလေးနဲ့ လိုက်လိုက်တာ၊ ဒါပေ ယ် ပုံပြင်ထဲက စနိုးဝှိုက်ဆိုတဲ့ မင်းသမီးလေးနဲ့ ပိုတူတယ်၊ ကြောင့် စနိုးဝှိုက်လို့ ခေါ်ရမယ်၊ ဟုတ်တယ် စနိုးဝှိုက်လေး"

ဖိုးတေသည် တွေးရင်းမှ ကောင်မလေးနား ကပ်ရန် အကြံ နေသည်။

"ဟယ်. . ."

ကောင်မလေးမျက်လုံး ဝိုင်းစက်သွားပြီး ပျော့ရွှင်ကြည်နူး အရောင်လေးများ လင်းလက်သွားသည်နှင့် တစ်ပြိုင်နက် ဖိုးတေ ကြည့်က ကောင်မလေးမျက်စိ ရောက်သွားရာဆီသို့ ရောက်သွား သည်။ လှပသော ခရုခွံလေးတစ်ခု ဆူးတောင်ကားကားနှင့် အခွံ က ဝင်လုလု နေရောင်ခြည်က ပက်ဖျန်းမှုဖြင့် အရောင်ထွက် သည်။ ရောင်စုံ အစက်အပြောက်လေးများကလည်း ပါသေး သည်။

ကောင်မလေးက ထိုခရုခွံလေးဆီ ခြေအလှမ်း၊ သူက ခုန် လျက် ခရုခွံလေးကို ဦးအောင်ယူလိုက်သည်။

"ဟင်. . . နင်. . . နင်. . . ဒါ ဘာလုပ်တာလဲ"

ကောင်မလေးသည် စွာတူးလန်မလေး ဖြစ်လိမ့်မည်ဟု သင်ခဲ့။ နှုတ်ခမ်းစူကာ မုန်းတီးသော မျက်ဝန်းဖြင့် သူ့အား ကာ ရန်တွေ့စကားဆိုရန် စိုင်းပြင်းနေလေပြီ။

"ခရုကောက်တာလေ"

"ငါ ကောက်မလို့၊ အဲဒါ ငါ့ခရု"

"အံမယ်. . . နင့်ခရုလို့ ဘယ်သူက ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးတေက ခရုကို လက်ထဲ၌ ကောင်မလေး မြင်သာ
အောင် ကိုင်ပြရင်း မခံချင်အောင် ပြောလိုက်သည်။

"ဘယ်သူပြောပြော ငါ ကောက်မလို့ လုပ်တာ ငါ့ဟာဖြ
ငါ့ကို ပေးစမ်း"

ရုပ်ကလေးနဲ့ မလိုက်အောင် ရိုင်းစိုင်းရင့်သီးသော ကော
မလေးကို ဖိုးတေ အရှုံးမပေးချင်တော့၊ အလျှော့မပေးချင်တော့

"မပေးဘူး. . . ငါ့လက်ထဲ ရောက်တာ ငါ့ပစ္စည်းပဲ၊ န
မြင်သလို ငါလဲ မြင်တာပဲ၊ အတူတူပဲ၊ ဒါပေမယ့် ငါ့လက်ထဲ အရ
ရောက်တဲ့အတွက် ငါ့ပစ္စည်း ဖြစ်သွားပြီ၊ နင်လိုချင်ရင် ငါ့ဆီ
ရှိရှိသေသေ တောင်း"

"အံမယ်. . . ခွေးသူတောင်းစား ရုပ်ကများ၊ နင့်ကို ငါ
ရှိရှိသေသေ တောင်းရမယ်တဲ့. . . ထွီ"

စိတ်ရှိလက်ရှိ ဆွဲထိုးချင်စိတ်ပင် ပေါက်သွားသည်။ မိန်း
လေးနှင့် ဖက်ပြိုင်မဖြစ်ချင်၍သာ လက်ကို ငြိမ်နေခိုင်းရခြင်း ဖြ
သည်။

"နင့်ထက် ငါက ကြီးတယ်၊ ငါ့ကို မဆဲနဲ့"

"သနတယ်. . . နင့်ကိုများ ငါက အရေးလုပ်လို့၊ ရုပ်ကို
ညစ်ပတ်ပေတူးလို့၊ ခွေးသူတောင်းစားပုံပေါက်လို့ ပေါက်တယ် ပြော
တာ ဘာဖြစ်လဲ၊ မကျေနပ်ရင် လဲသေလိုက်"

ခါးထောက်ကာ ကက်ကက်ဆန်အောင် ရန်တွေ့နေသော
ကောင်မလေးကို ဖိုးတေ အမြင်ကတ်သွားသည်။ ငယ်စိတ်ဖြ
မခံချင်မှုများ ဖြစ်သွားသည်။ စောစောက ချစ်စရာကောင်မလေး
အသွင် မမြင်ချင်တော့၊ အသည်းယားပြီး ဆွဲထိုးချင်စရာ ကော





လေးအသွင် မြင်သွားသည်။

"နင်လိုချင်ရင် ငါ့ကို ရှိရှိသေသေ တောင်းရင် ငါပေးမှာ
၊ နင်က ရိုင်းစိုင်းလို့ ငါ မပေးတော့ဘူး"

"ကြီးကြီးကျယ်ကျယ်. . . ငါကလဲ နင့်လို ခွေးသူတောင်း
လက်ထဲက ခရုကို မလိုချင်တော့ဘူး၊ ငါ့ကို အနူကူးမယ်"

"တောက်. . . ငါ ဆွဲထိုးလိုက်ရ"

ဖိုးတေ ဒေါကန်လေပြီ။ ကလေးစိတ်သာ ရှိသေးသော
ဘ၊ အိမ်တွင် ဗိုလ်ကျတတ်သော ဖိုးတေတစ်ယောက် သူချစ်
သော ကောင်မလေးကို အလျှော့ပေးရမှန်း မသိသေး။ စိတ်ဆတ်
ဘိုခြင်းသာ ကြီးစိုးနေသည်။

"အံမယ်. . . ထိုးရဲထိုးကြည့်ပါလား၊ ငါ့အမေနဲ့ တိုင်ပြော
ခွေးကောင်စုတ်"

"ဘယ်မှာလဲ နင့်အမေ"

"ဟိုမှာ လာနေပြီ၊ မေမေရေ. . . မေမေ ဟောဒီမှာ"

"သေနာမလေး"

လူကြီးတွေကို တိုင်ပြီဆိုတော့ ဖိုးတေ မနေရဲတော့၊ သူ
ကလေးသာ ဖြစ်သေးသည် မဟုတ်ပါလား၊ ဖနောင့်နှင့်
တစ်သားတည်း ကျအောင် ပြေးထွက်ခဲ့သည်။

"ကောင်းတယ်. . . ကောင်းတယ်၊ ခွေးပြေးဝက်ပြေး ပြေး
ဟုတ်လား"

ဒါတောင် ကောင်မလေးအသံက သူ့နောက်ပါးက ကပ်ပါ
သည်။

"သေနာမလေး. . . ရုပ်လှသလောက် စိတ်ပုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်သဖြင့် ရဲဘော်ကြီးနား ရောက်သည်နှင့် လှ
ပြောလိုက်သည်။ ရဲဘော်ကြီးက သူ ပြေးလာသည်ကို မြင်ကတည်း
က အူတက်မတတ် တဟားဟား ရယ်မောနေလေသည်။

"ဟား. . . ဟား. . . ဟား"

"ဘာရယ်တာလဲဗျ. . . မောရတဲ့အထဲ"

ရဲဘော်ကြီးဘေး သဲပြင်၌ လှဲအိပ်ချရင်း ကောင်မလေ
ရှိရာသို့ လှမ်းကြည့်ပြီး ပြောလိုက်သည်။

"တကယ့်ကို ခွေးပြေးဝက်ပြေး ပြေးလာရတာပဲ၊ တော
တော် အောင်နိုင်ခဲ့ပုံရတယ်"

"တော်ပါ ဦးလေးရာ၊ လာပြန်ပြီ ဒီခွေး၊ ဟိုကောင်မလေ
အဖေကျနေတာပဲ၊ ခွေးမပါရင် မပြီးဘူး"

"ဟေ. . . မင်းကို သူ ဘာပြောလိုက်လို့လဲ"

"ခွေးသူတောင်းစားတွေကော ခွေးကောင်စုတ်တွေကော
စုံနေတာပဲ၊ ထွက်ပြေးလာတော့လဲ ဦးလေးပြောသလိုပဲ ပြောတယ်"

"မင်းက ဘာဖြစ်လို့ ထွက်ပြေးလာရတာလဲ"

"ဟာ. . . ဟိုမှာ မတွေ့ဘူးလား၊ သူ့အမေကို လှမ်းအော
တိုင်လို့ပေ့ါဗျ"

"မင်းက ဘာသွားပြောလို့လဲ"

"ဘာမှမပြောဘူး၊ လက်သီးနဲ့ ဆွဲထိုးလိုက်ရလို့ ကျိန်း
ရှိသေးတာ၊ အာပြဲနဲ့ အော်တော့တာပဲ"

"မင်းက ချစ်စရာကောင်းတယ်လဲ ဆိုသေး၊ လက်သီး
ဆွဲထိုးလိုက်ရလို့ သွားပြောရသလား"

"သူက စွာတူးလန်တာကိုး"





"မင်းက ငယ်သေးတာကိုးကွ၊ မိန်းကလေးတစ်ယောက်ကို
အကြမ်းနဲ့ မချဉ်းကပ်ရဘူးကွ"

"ဘာတွေလဲဗျာ"

ငယ်ရွယ်နုနယ်သေးသော သူ့အသိတရား၌ ရဲဘော်ကြီး
ပြောစကားများကို နားမလည်သေး။

"သူ့ကို မင်း စပြီး ဘာပြောသလဲ မှန်မှန်ဖြေ၊ ငါထင်တာ
တော့ မင်း တစ်ခုခု သွားလုပ်တယ်ထင်တယ်"

"ဟုတ်တယ်. . . ဒီခရုလေးပေ့ါ၊ သူ့ထက် ဦးအောင် ကျွန်
တော် ကောက်လိုက်တာ"

"ဟေ. . . ဘာဖြစ်လို့"

"ကောက်ပြီး သူ့ကို ပေးမလို့၊ ဒါပေမယ့် သူက ရိုင်းရိုင်း
စိုင်းစိုင်း ပြောတာနဲ့ မပေးတော့ဘဲ ရန်ဖြစ်လိုက်တာ"

"ကောင်းကွာ. . . ဒီတိုင်းဆို မင်းတို့ဟာက မလွယ်သေးပါ
ဘူး"

"သူ ဘယ်သူလဲဆိုတာ ဦးလေး သိတယ်မဟုတ်လား၊ ပြော
စမ်းပါဗျာ"

"ညှိသည်ပါကွ. . . မင်းသိတဲ့အတိုင်းပဲ၊ ဒီတပ်က
အရာရှိတွေရဲ့ဆွေမျိုးမိတ်သင်္ဂဟတွေ လာလည်တာ ဖြစ်မှာပေ့ါ၊
အရာရှိရိပ်သာထဲက ထွက်လာတာပဲ၊ မင်းသိချင်ရင် တပ်ဂိတ်မှာ
သွားစုံစမ်း၊ ဟော. . . ပြောရင်းဆိုရင်း တပ်ထဲ လမ်းဘက် ဖင်သွား
ပြီ. . . တွေ့လား"

"သေချာပါတယ်. . . ဒီလိုဆိုရင် သူ မပြန်မချင်း ငါးဖမ်း
ထွက်လို့ မဖြစ်သေးဘူး"



www.burmeseclassic.com

"ဟ. . . ဘာဖြစ်လို့လဲ"

"သူနဲ့ တွေ့ချင်လို့ ဒီမှာပဲ လာလာစောင့်နေတော့မယ်"

"ကောင်းကွာ. . . ဒါဆိုရင် မင်း ငါးလုံးဝမဖမ်းတော့ဘူး ပေါ့"

"နေ့လည်ဘက် ဖမ်းမှာပေါ့"

"တော်သေးတာပေါ့. . . ငါတော့ ဟင်းစားမရတော့ဘူး ထင်နေတာ"

"ဦးလေးကို သိပ်တောင် မပေးချင်တော့ဘူး"

"ဟေ. . . ဘာဖြစ်လို့လဲကွ"

"ကျွန်တော်သိချင်တာကိုမှ မစုံစမ်းပေးဘဲ"

"ဟကဲ. . . ဒီကောင် တကယ့်ကောင်လေးပဲ၊ ငါ စုံစမ်းပေးထားပါ့မယ်၊ ဟင်းစားတော့ မဖြတ်တောက်လိုက်ပါနဲ့ ကျေးဇူးရှင်လေးရယ်"

"ဦးစကား တည်စေနော်"

"အင်းပါကွာ"

"ဒါဖြင့် ကျွန်တော် သွားတော့မယ်"

"အေးအေး. . . ခရုလေးက လှလိုက်တာ၊ ငါ့ကို ပေးပါလား"

"ဘာလုပ်မလို့လဲဗျ. . . ပေးနိုင်ပါဘူး၊ စနိုးပို့က်လေးကို ပေးမလို့"

"ကောင်းပါ့ကွာ. . . ငါတော့ မသေမချင်း မင်းလက်ထပ်သတင်းကို စောင့်ကြည့်နေမယ်ကွ၊ မင်းလက်ထပ်ရင် မင်းသတို့သမီးဟာ အဲဒီကောင်မလေး ဖြစ်ရင် ဘေးကနေ စနိုးပို့က်လို့ ကွင်း



ဘဲ ထည့်ရေးပြလိုက်၊ သိလား ဖိုးတေ"

"ဟာဗျာ. . . ဘာတွေမှန်းလဲ မသိဘူး ဦးလေးကလဲ၊ ကျွန်တော် သွားတော့မယ်"

ဖိုးတေ ပြောပြောဆိုဆို ပုန်းညက်ပင်ကြီးအောက်မှ ကင်းဘော်ကို ကျောခိုင်းကာ သူ့ဘန်ဂလို ရှိရာသို့ ပြန်ခဲ့လေသည်။

သူ့မျက်စိထဲတွင် သိပ်ချစ်စရာကောင်းသော ဂါဝန်ဖြူ ကောင်မလေးက လိုက်ပါလာသည်။


စိတ်ထဲတွင်ကား. . .

"နင့်နာမည် ဘာပဲဖြစ်ဖြစ် ငါကတော့ စနိုးပို့က်လေးလို့ပဲ ခေါ်တော့မယ်" ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com




"ထွီ. ."

သူ့ကို မြင်ရုံနှင့် ထွီထွမ် လုပ်တတ်သော ကောင်မလေးကို သူ အမြင်ကတ်သွားသည်။ ထို့ကြောင့် အနားမကပ်သေး၊ ပလိုင်းထဲမှ ငါးနှင့်ပင် ပစ်ပေါက်ချင်စိတ် ပေါက်သွားသည်။

"ဟိတ်ကောင်မလေး"

"ခွေးချေးရုပ်နဲ့ ငါ့ကို လာမခေါ်နဲ့"

တော်တော်လည်း ခွေးကြိုက်သည့် ကောင်မလေးပင်။ စကားထဲ ခွေးမပါလျှင်မပြီး၊ ဖိုးတေ ရုပ်ကလည်း ပြောစရာပင်။ တစ်နေ့လုံး ငါးများထွက်ရင်း မီးကင်စားလိုက်သေးသည်။ သဲထဲ





အိပ်လိုက်သေး၊ ချေးနှင့်သဲနှင့် ဖုံနှင့် ရွှံ့နှင့် ရောထွေးနေတတ်သော သူ့ကို ခွေးချေးရုပ် ခေါ်ထိုက်သဖြင့် ဖိုးတေ မနာချေ။

ကောင်မလေးကတော့ ဖိုးတေနှင့် ဆန့်ကျင်ဘက်၊ အဖြူခေပ် အပြာစက်ကလေးများ ပါသော ဂါဝန်ဝတ်ထားသည်။ ဆံပင်ကို ထုံးစံအတိုင်း ဖဲကြိုးလေးနှင့် စည်းနှောင်ထားသည်။ ထိုဖဲကြိုးစသည် ဂါဝန်စနှင့် အတူတူပင်ဖြစ်၏။ ကောင်မလေး ကြည့်ရသည်မှာ အမြဲတမ်း ရှင်းသန့်ဖြူစင် ဝင်းမွတ်ကာ ဝါဂွမ်းဆိုင်လေးနှင့်တူသည်။

"နင်တစ်ယောက်တည်းလား"

"ဘာဖြစ်လဲ"

"မကြောက်ဘူးလား"

"ဘယ်သူ့ကို ကြောက်ရမှာလဲ"

"ငါ့ကို"

"အမယ်. . . နင့်လို ခွေးချေးရုပ်ကိုများ ငါက ကြောက်ရမယ်"

"ငါ့ကို မကြောက်ရင် ငါ့ကို ခင်ပါလား"

"မခင်ပါဘူး. . . နင့်လိုကောင်မျိုး ငါ မခင်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ညစ်ပတ်ပေတူး နံစော်နေလို့ပေါ့"

"နံတာက ငါးတွေကြောင့်ပါ၊ နင် ဟင်းစားယူဦးမလား"

"ဘာဟင်းစားလဲ"

ဖိုးတေ ပျော်နေပြီ။ ကောင်မလေးက သူ့အား စကားပြန်ပြောနေလေပြီ။ နှုတ်ခမ်း သိပ်မစူတော့၊ ခါးလည်း မထောက်တော့၊


www.burmeseclassic.com

www.burmeseclassic.com

သူ့ပလိုင်းကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လာသည်။

"ဟင်းစားဆိုတာ ဟင်းချက်စားဖို့ ပြောတာ ယူဦးမလား"

"မယူပါဘူး. . . ငါးတွေ ရွှံ့စရာကြီး"

"ဒါ ရွှံ့စရာလား၊ ငါး နင်မစားဘူးလား"

"စားတာပေါ့"

"စားရင် ယူသွားလေ"

"ဟင့်အင်း. . . ငါမကိုင်ရဲဘူး၊ အဲဒီလိုကြီးဆို ငါရွံ့တယ်"

ဘယ်လိုကြီးပါလိမ့်ဟု ဖိုးတေ တွေးမိသည်။ ငါးဟင်းကျတော့ စားသည်။ ငါးကျတော့ မကိုင်ရဲ၊ ရွှံ့စရာကြီးတဲ့၊ ဖိုးတေ ခေါင်းခြောက်သွားသည်။

"ဒါဖြင့် နင့်အိမ်အထိ ငါလိုက်ပို့ပေးမယ်"

"မပေးနဲ့. . . မလိုချင်ဘူး၊ ငါသွားတော့မယ်"

ဖိုးတေရင်ထဲ ဟာသွားသည်။

"နေပါဦးဟ. . . မသွားပါနဲ့ဦး"

"ဟင်. . . နင့်လက်ကြီးနဲ့ ငါ့ကို ဆွဲတယ်၊ လွှတ်. . . ရွံ့တယ် ခွေးသူတောင်းစားရဲ့"

ဖိုးတေကလည်း ဖိုးတေပင်၊ လက်မြန်ခြေမြန် ရှိစွာဖြင့် ကောင်မလေးလက်ကို ဆွဲကာ တားဆီးလိုက်သည်။

ဝါဂွမ်းဆိုင်ပေါ် ရွှံ့ခဲတင်လိုက်သည့်နှယ် ဖြစ်သွားသည်။ ကောင်မလေးက လက်ကို ရုန်းကာ သူ့မျက်နှာကို ကုတ်ဖဲ့လိုက်သည်။

"ဟာ. . . ကြောင်မလေး နင့်ကို ငါ ဘာလုပ်လို့လဲ"

"နင် ဘာဖြစ်လို့ ငါ့လက်ကို ဆွဲတာလဲ ခွေးစုတ်ရဲ့၊ နင့်အနူ





သက်ကြီးနဲ့ ရွှံ့စရာကြီး. . . ထွီ"

"ကြီးကျယ်လိုက်တာ. . . ငါက အနူမဟုတ်ဘူး၊ နင်သာ နူတာ၊ နူလို့ ဒီလောက်ဖြူနေတာပေါ့"

"ဟီး. . . ဟီး. . . ခွေးသူတောင်းစား၊ နင်သာ အနူ၊ ငါ အနူမဟုတ်ဘူး၊ ဒေါ်စိန်ရေ. . . ဟောဒီမှာ"

"လုပ်ပြန်ပြီ. . . အားအားရှိ လူကြီးတွေကို ခေါ်တိုင်ဖို့ပဲ ဘတ်တယ်၊ ပြီးတော့ သူကပဲ လုပ်သေး၊ သူကပဲ ငိုရတယ်ရှိသေး၊ ိန်းကလေးတွေဟာ ကောင်းကို မကောင်းဘူး"

ဖိုးတေသည် စိတ်ထဲ၌ ပြောကြားရင်း သုတ်ခြေတင် ထွက် ာလာခဲ့ရသည်။

"မျက်ရည်လဲ မကျပဲ အာပြဲနဲ့ အော်ငိုတယ်၊ တော်တော် သာက်မြင်ကတတ်ဖို့ကောင်းတဲ့ ကောင်မလေး၊ တော်ပြီ. . . မခေါ် ဘာ့ဘူး၊ ကြီးကျယ်လိုက်တာ လွန်ရော၊ သနားလို့လဲ ခေါ်ရသေး ာယ်"

ဖိုးတေ မကျေမနပ်စိတ်များဖြင့် ပုန်းညက်ပင်ကြီးအောက် ည့် လှမ်းခဲ့သည်။

"ဘယ်လိုလဲ မင်းသား၊ အောင်မြင်စွာ ဆုတ်ခွာခဲ့ရပြန်ပြီ ဟုတ်လား"

"အလကား ဘဝင်မြင့်နေတဲ့ ကောင်မလေး"

"ကာယကန္တြေပျက်မှုနဲ့ ထောင်ကျသွားနိုင်တယ်ကွ၊ လက်ရဲ ်ရဲကလဲ ရှိပါ့ကွာ၊ မင်းကြီးလာရင် တကယ်မလွယ်ဘူး"

"မင်းက သူ့လက် သွားဆွဲတာကိုးကွ၊ မင်းသာ လူပျို ်ုင်"


www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးကလဲဗျာ . . . ဘာတွေပြောနေမှန်း မသိဘူး၊ စိတ်ညစ်ရတဲ့အထဲ"

"ဟတ် . . . ဟား . . . ဟား . . . မင်းကများ စိတ်ညစ်ရတယ် ရှိသေးလား"

"လူပဲဗျ . . . စိတ်ညစ်တာပေါ့"

"ဩော် . . . မင်းက လူဖြစ်ပြီလား"

"ဟာဗျာ . . . ဦးလေးကလဲ၊ မေမေ့ဝမ်းထဲက ကျွတ်လာကတည်းက လူဖြစ်ပြီပေါ့ဗျ၊ တော်ပြီ . . . ပြန်တော့မယ်၊ ဦးလေးနဲ့ပါ ဆက်ကွိုင်တက်နိုင်တယ်"

"စတာပါ လူကြီးမင်းရယ်၊ လာ . . . မင်းဒဏ်ရာတွေ ငါ ပရုပ်ဆီ လူးပေးမယ်"

"နေပါစေ . . . ဒီလောက်က မိုင်နာပါ၊ ယောက်ျားပဲ"

"အာဂကောင်လေး"

"ဟင်းစားယူဦး ဦးလေး"

"အေး . . အေး . . . ကျေးဇူးပဲ"

ကင်းရဲဘော်က သူ့ပလိုင်းထဲမှ ငါးအနည်းငယ်ကို နှိုက်ပြီး သူ့ဟင်းကော ချိုင့်ထဲ ထည့်ထားလိုက်သည်။

"သွားမယ်ဗျ . . . ဒီနေ့ ပြဿဒါးပဲ"

"ဟတ် . . ဟား . . ဟား . . တကယ့်ကောင်၊ ဩော် . . . ချာတိတ် . . . ရော့ . . . ဟမ်ဘာဂါ၊ မင်းအတွက် ငါ့ဝေစုထဲက ဖယ်ထားတယ်"

"ဟာ . . . သိုင်းကျူး၊ ကျွန်တော်လည်း ဒီရောက်ကတည်းက ဟမ်ဘာဂါ မစားရတာဗျ၊ ဦးလေးကို ကျေးဇူးတင်တယ်"





"ငါလဲ မင်းကြိုက်မယ် ထင်လို့ တမင်ထားတာ၊ နောက်ပြီး ငါးကြိုက်တဲ့ ပဲကုလားဟင်း မနက်ဖြန် လာပို့ပေးမယ်"

"မက်စ်က ပဲကုလားဟင်းလား"

"ဒါပေါ့"

"ဒါဆို ထမင်းစားအမီ လာပို့နော်"

ဖိုးတေသည် ဟမ်ဘာဂါကို ပလုပ်ပလောင်း စားရင်း ပြောလိုက်သေးသည်။

"အေးပါကွာ . . . ကျေးဇူးရှင်ကြီး အလိုကျ ဖြစ်စေရပါမယ်"

ဖိုးတေသည် ကင်းရဲဘော်အပါးမှ ထွက်ခဲ့သည်။ မျက်လုံးက ဂါဝန်ဖြူ ကောင်မလေး ရှိရာသို့ ရောက်သွားသေးသည်။


ဂါဝန်ဖြူကောင်မလေးက သူရှိရာသို့ လှမ်းကြည့်နေသလား မသိနိုင်၊ မျက်နှာတော့ မူထားသည်။ အနားမှာလည်း ဒေါ်စိန်ဆိုသော မိန်းမဖြစ်ဟန်တူသည့် မိန်းမတစ်ဦး ရှိနေသည်။ ဘာတွေပြောနေသည်ကိုတော့ ဖိုးတေ မကြားနိုင်၊ သို့သော် ဒေါ်စိန်အပြောကို ဂါဝန်ဖြူကောင်မလေးက ခေါင်းတဆတ်ဆတ် ညိတ်ကာ နားထောင်နေသည်ကိုတော့ တွေ့ရသည်။

"မနက်ဖြန် ထပ်တွေ့မယ် စနိုးဝှိုက်လေးရေ"


www.burmeseclassic.com

www.burmeseclassic.com






"မင်းကောင်မလေးက ချည့်သည်မဟုတ်ဘူးကွ"

"ဟင်. . . ဒါဖြင့် ဘာလဲ ဦးလေးရ"

"တို့တပ်ထဲ ပြောင်းလာတဲ့ ဗိုလ်မှူးအသစ်ရဲ့သမီးလေ"

"ဟုတ်လား. . . နာမည်ကကော"

"နာမည်က စနိုးလို့ပဲ အားလုံးက ခေါ်ကြတော့ စနိုးလို့ပဲ မှတ်လိုက်တော့"

"ကျွန်တော်ကတော့ စနိုးဝိုက်လေးလို့ပဲ ခေါ်မယ်"

"အံမာ. . . လာလာချည်သေး၊ တကယ့် စံကျွတ်ကျွတ်လေး၊ သူတစ်ဦးတည်းပိုင် နာမည်နဲ့ဘာနဲ့"





"ဒါဆိုရင် သူ ဒီမှာ အမြဲရှိမှာပေါ့နော် ဦးလေး"

"ဒါပေါ့"

"ပွတာပဲ"

"ကျောင်းမဖွင့်မချင်း ဒီမှာ နေမယ်၊ အကြာကြီးဆိုတော့ ...နဲ့ကျွန်တော် သူငယ်ချင်း ဖြစ်လောက်ပြီပေါ့နော်"

"ဒါက မင်းအပေါ် မူတည်တာပဲ၊ သူက ဆိုးရင် မင်းက ...လျှော့ပေးလိုက်ပေါ့"

"အလျှော့မပေးချင်ပါဘူးဗျာ. . . သိပ်ဖင်ခေါင်းကျယ် ...ယ်"

ငယ်စိတ်ဖြင့် ပြောလိုက်သည်။

"အဲဒါ ယောက်ျားမာနပေါ့ကွာ၊ ဒါပေမယ့် ကြီးလာတော့ ...း ကိုယ်တကယ်ချစ်တဲ့သူနဲ့ တွေ့ရင် အဲဒီမာနတရားတွေ အလို ... ပျောက်သွားလိမ့်မယ်"

ကင်းရဲဘော်ကြီး ပြောသောစကားကို ဖိုးတေ နားမလည်ခဲ့ ...၊ ဂါဝန်ဖြူ ကောင်မလေး လာလမ်းကိုသာ မျှော်နေသည်။

"မင်း မမျှော်နဲ့တော့ကွ၊ သံတွဲဘက် သွားတာ တွေ့လိုက် ..."

"သံတွဲမှာ အကြာကြီး ဘာလုပ်မှာလဲ၊ ဈေးဝယ်ပြီး ပြန်လာ ...၊ ညနေစောင်းရင် ကမ်းခြေဘက်ကို ဆင်းလာမှာပဲ"

"ညနေတိုင်း ဆင်းချင်မှ ဆင်းမှာပေါ့၊ ငပလီမှာ အနည်း ...ငံနှစ်လောက်တော့ ကြာမှာကွ၊ ဒီတော့ ဘယ်သူမှ ညနေတိုင်း ... ပျောက်မနေဘူး၊ ရိုးပြီး ပျင်းသွားကြတာချည်းပဲ"

"ကျွန်တော်ကတော့ မပျင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ပျင်းမလဲ. . . မင်းက နွေရာသီ ကျောင်းပိတ်ရက်ပဲ ရောက်လာနေကြကိုး၊ ပြီးတော့ မျောက်ရှုံးအောင် ဆော့တဲ့ အကောင်ဆိုတော့ ဘယ်ပျင်းမလဲ"

"တော်ပါသေးရဲ့"

"ဘာတော်ပါသေးရတာလဲ"

"ဩော် . . . ဦးလေးက ကျွန်တော့်ကို မျောက်ရှုံးအောင်လို့ပဲ ပြောတာကိုပါ၊ အစ်မတွေ အစ်ကိုတွေကတော့ ကျွန်တော့်ကို မျောက်မူးလဲ မျောက်မူးသေလို့ ခေါ်ကြတယ်"

"ဟား. . . ဟား. . . ဟား. . . မင်းကတော့ တကယ့်ကို စံကျွတ်ကျွတ် ကောင်လေး ထင်ပါတယ်"

"ဟော. . ဟော. . လာကြပြီ၊ ဟိုမိန်းမကြီး ပါတယ်ဗျ"

"ပါတော့ ဘာဖြစ်သလဲ"

"ဟိန်းလှာဟောက်လား လုပ်ရင် ကျွန်တော်က ခံနိုင်တာ မဟုတ်ဘူးဗျ"

"ဒီလိုဆိုလဲ အနားမသွားနဲ့တော့"

"ဟုတ်တယ်. . . ဒီကပဲ ထိုင်ကြည့်နေတော့မယ်"

ဖိုးတေက ကင်းရဲဘော်ကြီးနား၌ ထိုင်ရင်း ဂါဝန်ဖြူ ကောင်မလေးကို လှမ်းကြည့်နေသည်။ ဒီနေ့ ဂါဝန်သည် အဖြူခံပေါ်၌ နှင်းဆီနီပွင့်များ ပါသော ဂါဝန်ဖြစ်သည်။

"တော်တော် အဖြူကြိုက်တဲ့ ကောင်မလေး"

သူ့စိတ်ကူးအသိအတိုင်း ကင်းရဲဘော်က မှတ်ချက်ချလိုက်သည်။

ကောင်မလေးက သူ့အား မြင်သည်နှင့် ခြေဆောင့်ကာ





[illegible]စောင်းထိုး၍ ခေါင်းကို ချာခနဲ လှည့်ပစ်လိုက်သည်။

"အဟင်း. . . ဟင်း"

ကင်းရဲဘော်ကြီး၏ရယ်သံ ထွက်လာသည်။

ဖိုးတေကပါ ရောယောင်၍ ရယ်လိုက်သည်။ လူကြီးသံကို [illegible]ခိုးလိုက်သေး။

ဒုတိယမ္ပိ မျက်စောင်းပျံ့ဝဲလာသည်။

"မင်းကိုတော့ ငါ့သားလို့ ထင်နေမလား မသိဘူး"

"ထင်. . . ထင်ပါစေ"

"ထင်တော့ မင်းအတွက် ဘယ်ကောင်းမလဲ၊ ဗိုလ်မှူးသမီးနဲ့ [illegible]သားသမီး အဆင့်အတန်း ကွာတယ်ဆိုပြီး လူကြီးတွေကပါ [illegible]းသားမှာပေါ့"

"သူငယ်ချင်းမှာ အဆင့်အတန်း ရှိသလား၊ လူတန်းစား [illegible] သူငယ်ချင်းတွေ ပေါင်းသင်းနေကြတာပဲ၊ ကျွန်တော်တော့ [illegible] ခွဲခြားတတ်တဲ့လူတွေကို မုန်းတယ်"

"မင်းကောင်မလေးက အဲဒီလို အဆင့်အတန်းမျိုးက [illegible]ကော"

ဖိုးတေသည် ဘာကြောင့်ရယ်မသိ၊ ဂါဝန်ဖြူ ကောင်မလေး [illegible] ရှေ့နေလိုက်ချင်လာသည်။

"သူကတော့ အဲဒီလို ဟုတ်မယ် မထင်ပါဘူး"

"ဟုတ်လား မဟုတ်လား မင်း ခွဲခြားသိရမှာပေါ့၊ ညစ်ပတ် [illegible]ခနေတဲ့ မင်းကို လက်မခံတာ အဆင့်အတန်းခွဲတာ ဖြစ်မှာ

ဖိုးတေဦးနှောက်၌ နားလည်နိုင်မှု မရှိသေးပါ။ ကင်း


www.burmeseclassic.com

www.burmeseclassic.com



ရဲဘော် ပြောသည်မှာ ဟုတ်နိုးဖြင့် တွေဝေကာ ဂါဝန်ဖြူမလေး ရှိရာသို့ လှမ်းငေးနေမိသည်။

ဂါဝန်ဖြူမလေးက သူ့အား ကွက်ကြည့်ကွက်ကြည့်ဖြင့် ခရုကိုပင် ဖြောင့်တန်းအောင် မကောက်နိုင်ရှာ။

"သူမို့လို့ မပျင်းမရိ ခရုလိုက်ကောက်တယ်၊ ဘာလုပ်မလဲ မသိဘူး"

"မင်းလိုပေါ့ကွာ . . သူ့ဝါသနာနဲ့သူ၊ မင်းက ငါးကို မပျင်းမရိ မျှားတယ်၊ သူက ခရုကို မပျင်းမရိ ကောက်တယ်၊ အဲဒီအလုပ် တွေက ပျင်းစရာ အကောင်းဆုံးပဲ"

"အံမယ် . . ဦးလေးကကော သေနတ်ကြီး ကိုင်ပြီး မပျင်း မရိ ကင်းစောင့်နေရတာပဲ"

"ဒါက တာဝန်ကွ"

"ကျွန်တော်တို့က ဝါသနာရဲ့တာဝန်ဗျ"


"ဟေး . . မင်းကတော့ကွာ"

သို့နှင့် နေ့ရက်များကို ဖိုးတေ ဖြတ်ကျော်ခဲ့သည်။

ဂါဝန်ဖြူကောင်မလေးနှင့် သူငယ်ချင်းဘဝကိုတော့ မရ ခဲ့ပါချေ။








နေ့ရက်တို့၌ ဂါဝန်ဖြူ ကောင်မလေးနှင့် သူငယ်ချင်းဖြစ် အောင် မဖန်တီးနိုင်သေးမီ မမကြီးတို့ လင်မယား ရောက်လာပြီး ...ဘို့အမြန်၌ အာဏာသုံးကာ ခေါ်သွားသဖြင့် ဖိုးတေအတွက် နေ့ရက်တို့ ပို၍တိုတောင်းသွားရပြန်သည်။

ဂါဝန်ဖြူကောင်မလေးနှင့် ဝေးခဲ့ရသည်။

သို့သော် ဇူလိုင်လတွင် ဖေဖေသည် အုန်းခြံကိစ္စ ငွေရှင်း ...ရှိသဖြင့် ငပလီ သွားမည်ဆိုသောအခါ သူ ဇွတ်ပင် ငိုယိုပူဆာ ... လိုက်ခဲ့သည်။ ကျောင်းပိတ်ရက်ကလေး ရက်တိုက်ခြင်းကြောင့် ...ည်း ဖေဖေက သူ့အား ခေါ်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးရေတို့ကို သောက်သုံးခွင့် ရသဖြင့် ပုန်းညက်ပန်းတ လှိုင်လှိုင်ပွင့်လေပြီ။

ပုန်းညက်ပင်အောက်၌ စောင့်နေသော ကင်းရဲဘော်သ ယခင်ရဲဘော် မဟုတ်တော့၊ တစ်ဦးပြောင်းနေလေပြီ။ ထိုတစ်ဦးန လည်း ဖိုးတေ အကျွမ်းတဝင် ရှိနေပြန်သည်။

သို့သော် ထိုရဲဘော်သည် ဂါဝန်ဖြူကောင်မလေးနှင့် သ အကြောင်းကို မသိချေ။

“စနိုးပိုက်လေးတို့ ရှိသေးလား”

“ဘယ်က စနိုးပိုက်လေးလဲ”

“ဗိုလ်မှူးသမီးဟာကော”

“ဗိုလ်မှူးက သုံးလေးယောက် ရှိတာ၊ ဘယ်ဗိုလ်မှူးလဲ”

“ဒါတော့ မသိဘူး၊ ဂါဝန်ဖြူနဲ့ ကောင်မလှလှလေးကို ပြေ တာ”

“သြော်. . . စနိုးကို ပြောတာထင်တယ်”

“လာပါ့ကွာ. . . ညနေတိုင်း လမ်းလျှောက်၊ ခရုေ ကောက်နဲ့ ပုန်းညက်ပန်းတွေလဲ လာခူးနဲ့”

“ဟုတ်လား. . . အား. . . ပွတာပဲ”

ဖွေးဖွေးလှုပ်နေသော ပုန်းညက်ပင်ကြီးကို ကြည့်ပြီး ဖိုးေ ဝမ်းသာအားရ ဖြစ်သွားသည်။

ပုန်းညက်ပန်းများ လက်လှမ်းမှီသလောက်ကို အကုန်ခူး သည်။

“ဟေ့ကောင်. . . ဘာလုပ်တာလဲ”

“အကြံအဖန်လေ”





“ဘာအကြံအဖန်လဲကွ”

“ဦးလေး မသိရင် အသာကြည့်နေ”

“ဟော. . . မင်းက ငါ့ကို ပဟေဠိ လာဖွက်နေပြန်ပါပြီ”

“ဒီပန်း စနိုးလာရင် ပေးလိုက်”

“အံမယ်. . . ချာတိတ်က လာလာချည်သေး”

ရဲဘော်က သဘောကျစွာ ပြုံးလေသည်။

ဖိုးတေက ဂရုမစိုက်အား ပန်းများကို ပွေ့ပိုက်ပြီး ပုန်း ခအောင်းစရာနေရာ ရှာလေသည်။ နောက်ဆုံး ပင်စည်ကြီးက အခက်အလက်များဖြင့် ဝေဆာအုပ်ဆိုင်းနေသော ပုန်းညက်ပင်ကြီး ကိုသာလျှင် သွားမြင်လေသည်။

ဤပုန်းညက်ပင်ကြီးသည် နှစ်ပေါင်း မည်မျှကတည်းက ခေါက်နေသည်ကို မခန့်မှန်းနိုင်ချေ။

“ကျွန်တော် ပုန်းနေတာ သူ မသိစေနဲ့နော်”

“အေး. . . လာချိန် ရောက်ပြီ၊ ညနေစောင်း ရောက်နေပြီ ဘဲ”

ဖိုးတေသည် အပင်ပေါ် တက်ကာ အကျအန သစ်ကိုင်း ခွဆုံ၌ လဲလျောင်းနေလေသည်။ အခြားခွဆုံ၌ ပုန်းညက်ခိုင်များကို ချင်ထားလိုက်သည်။

စောင့်ဆိုင်းခြင်းအလုပ်လောက် ပျင်းရိငြီးငွေ့ဖွယ်ရာ အလုပ်ရှိမည် မထင်ပါ။ ဖိုးတေသည် စောင့်ရင်း အိပ်ပျော်သွား သည်။

“ဟင်. . . ဦးလေးပန်းကလဲ နည်းနည်းလေး၊ စနိုးက အများကြီး လိုချင်တာ”



www.burmeseclassic.com

www.burmeseclassic.com

"အများကြီး လိုချင်ရင် ရုက္ခစိုးဆီက တောင်းလေ"

"ဦးလေး တက်ခူးပေးပါလားလို့"

"မလုပ်ပါနဲ့. . . ယူနီဖောင်းကြီးနဲ့ကွ၊ ပြီးတော့ ဦးလေးတို့ ကင်းသမားဆိုတာ သေနတ်ကို လက်က မချရဘူးကွ"

"အာလူးပါ. . . ဦးလေး မခူးပေးချင်တိုင်း"

"မဟုတ်ပါဘူး. . . တကယ်ပြောတာ၊ ကိုင်း. . . ကိုရွှေ ရုက္ခစိုးလေးရေ၊ ပုန်းညက်ပန်းတွေ ချပေးလိုက်ပါဦး"

ဖိုးတေသည် မတွေ့ရတာ ကြာပြီဖြစ်သော စနိုးကို ငေး ကြည့်နေရာမှ ရဲဘော်စကားကြားတော့ အကွက်ဆင်ပေးမှန်း သတိ ထားမိကာ ပုန်းညက်တစ်ခက် ယူကာ စနိုးခေါင်းတည့်တည့်သို့ ပစ်ချလိုက်သည်။

"အမယ်လေး"

စနိုး လန့်သွားသည်။ လှသောမျက်လုံးမှာ ထိတ်လန့်မှု အရောင်များ ယှက်သန်းပြီး ပုန်းညက်ပင်သို့ အထိတ်တလန့် မော့ ကြည့်လိုက်သည်။

ဖိုးတေက ကျီစယ်လိုစိတ်ဖြင့် ပုန်းညက်ပန်းခိုင်များဖြင့် အဆက်မပြတ် ပေါက်လိုက်လေသည်။

"ဟော. . ဟော. . ပုန်းညက်ပန်းမိုး ရွာတယ်၊ ရုက္ခစိုးနတ် က သမီးကို ချစ်တယ် ထင်တယ်၊ အများကြီး ချပေးတယ်"

ရဲဘော်က သဘောကျစွာ ရယ်သည်။

"အား. . အား. . ကိုက်တယ် ဦး. . . ကိုက်တယ်"

"ဟင်. . ."

ဂါဝန်ဖြူမလေး မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဖိုးတေ





-က်လုံးပြူးရသည်။

စောစောက ပုန်းညက်ပန်းများတွင် ဘာကောင်မှ မရှိပါ။ -ဲ့ဒ်းစားကာမှ သူ့ကိုယ်ပေါ်တွင် ရှစိရှစိဖြင့် ခါချဉ်များ တက်လာ သည်။

"အား. . . အား. . . ကိုက်တယ်ဗျ"

ဖိုးတေ မတတ်နိုင်တော့။ လူတစ်ရပ်ကျော်ကျော်မြင့်သော အကိုင်းထက်မှ ခုန်ချလိုက်သည်။

"ဘုတ်"

"အမယ်လေး. . . ခွေးသရဲကြီး"

နာနေသည့်ကြားက ဖိုးတေ ငိုချင်သွားသည်။ ခွေးမပါလျှင် -ကားမပြောတတ်သော ကောင်မလေး ထင်ပါသည်။ ခွေးဒဲ့တော် -ခံပုံရသည်။

"နာသွားသေးသလား ဖိုးတေ"

"မနာပါဘူး. . . ခါချဉ်ကိုက်တာကပဲ ဆိုးတယ်ဗျ"

"သေ. . သေလိုက်ပါလား ခွေးသူတောင်းစားရဲ့၊ နင့် -ကြောင့် ငါ့ကို ခါချဉ်ကိုက်ကုန်ပြီ၊ ဟီး. . . ဟီး. . . ဖေဖေနဲ့ တိုင် -ပြောမယ်"

"ငါ တမင်လုပ်တာမှ မဟုတ်တာ"

စိတ်မကောင်း ဖြစ်သည့်ကြားက မခံချင်စိတ်ကလေး -သောင်းကနဲ ထလာသည်။

"ဘာတမင်မလုပ်ရမှာလဲ. . . နင် ပန်းတွေနဲ့ ပေါက်ပြီး -ဘာ့များ. . . ဟီး. . ."

"ပန်းထဲ ခါချဉ်ပါမှန်းမှ ငါမသိတာ၊ နင့်ကိုတင် ကိုက်တာ



www.burmeseclassic.com

www.burmeseclassic.com


မပတ်ဘူး၊ ငါ့ကိုလဲ ကိုက်တာပဲ"

"နင့်ကို ကိုက်တာ ဘာဖြစ်သလဲ၊ နင့်ဘာသာနင် သစ်ပင်ပေါ် တက်ကမြင်းတာကိုး"

ရဲဘော်က ဖြန်ဖြေရန် မကြိုးစားဘဲ ကလေးနှစ်ဦး ရန်ဖြစ်ပုံကို ပြုံးဖြီးဖြီးနှင့် နားထောင်နေရာမှ . . .

"ဦး ထုံးသုတ်ပေးမယ် သမီး၊ ထုံးက အဆိပ်ပြေနိုင်တယ်"

"ငါ တက်ကမြင်းတာ မပတ်ဘူး၊ နင့်အတွက် ပန်းခူးပေးတာ"

ခေါင်းတွင် ပန်ထားပြီးသား ပုန်းညက်ခက်လေးကို ဖြုတ်ကာ သူ့အား ပစ်ပေါက်လျက် . . .

"နင် ပေးတဲ့ပန်းလား၊ ငါ တစ်သက်လုံး မပန်ဘူး၊ နင်ပေးတဲ့ပန်း ပန်မယ့်အစား ခွေးသေးပန်း ပန်မယ်"

"နင်က ခွေးမို့လို့လား၊ ခွေးစကား တော်တော်ပြော"

"ခွေးသူတောင်းစား . . . နင် မမိုက်ရိုင်းနဲ့နော်၊ နင့်ကို ငါ့အဖေ့နဲ့ တိုင်ပြောမယ်"

"တိုင်တိုင် . . . ကြိုက်ရာတိုင် ငါမကြောက်ဘူး၊ အရေးလဲမလုပ်ဘူး၊ ငါကြီးလာရင် နင့်ကို ရအောင် ယူပြမယ် သိလား"

"မြွတ်စွာဘုရား"

ဒီတစ်ချီတွင် ရဲဘော် မျက်လုံးပြူးသွားသည်။ အာဖိုးတေကို ဟန့်တားရန် ကြိုးပမ်းလိုက်သည်။ သို့သော် စွာတူးမလေးစနိုးကလည်း မခံဘဲ . . .

"အမယ် . . . ခွေးသူတောင်းစား၊ ယူရဲ ယူကြည့်ပါလား နင့်ကို ယူမယ့်အစား ခွေးအမြီးဖြတ်ယူမယ် သိလား"



"ဟောဗျာ"

ရဲဘော်ကြီးက လူကြီးစကား နားစွန်နားဖျား ကြားထားကာ ပြောလိုက်ဟန်တူသော စနိုး၏ရန်တွေ့ပုံကြောင့် ပြုံးရယ်လျက်သား ဖြစ်သွားသည်။

"ယူယူ . . . နင့်ဟာနင် ခွေးအမြီးဖြတ် မကလို့ ဆင်အမြီးဖြတ်ယူယူ၊ ဂေါ်ဇီလာအမြီးဖြတ်ယူယူ၊ ငါပေးတဲ့ပန်းတွေ ယူသွားမလား မယူသွားဘူးလား ပြော"

"ခွေးသေနာကောင် . . . ဘာလို့ ယူရမှာလဲ"

ဖိုးတေက ပန်းတွေ အတင်းကောက်ပေးသည်။ ကောင်မလေးက ဖိုးတေကို ထုရိုက်သည်။

"နင်နော် . . . ငါ့ကို နာအောင်လုပ်တဲ့အတွက် ကြီးလာရင် နင့်ကို ရအောင် ယူပြမယ်"

ဖိုးတေက တကယ့်ဘာရုတ်ပင်၊ ရဲဘော်ကြီးက မနေသာတော့။ ကောင်မလေး ငိုနေလေပြီ။

"ဖိုးတေ တော်တော့ကွာ၊ သူမကြိုက်ရင် မပေးနဲ့တော့၊ သွား . . . မင်းပြန်တော့"

ရဲဘော်က ဖိုးတေကို ခပ်တည်တည် ငေါက်ထုတ်သည်။ ဖိုးတေက မှုန်တေတေနှင့် . . .

"ကျွန်တော် ဘာလုပ်လို့လဲ၊ ချစ်လို့ ပန်းပေးတာ၊ ကျွန်တော့်အပြစ်လား"

"ဗုဒ္ဓေါ"

ရဲဘော် လက်ဖျားခါသွားသည်။ ယခုခေတ် ကလေးများသည် အရွယ်နှင့် မလိုက်အောင် စကားတတ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

"ပန်းပေးတာ မင်းအပြစ်မဟုတ်ဘူး၊ ဒါပေမယ့် ပန်းထဲမှာ ခါချဉ်ပါသွားတာက အပြစ်ဖြစ်သွားတယ်"

"ဒါက မတော်တဆ ဖြစ်သွားတာပဲ ဦးလေးရာ၊ ခု ပန်းထဲမှာ ခါချဉ်မရှိတော့ဘူး၊ ရော့ . . . ယူ"

"မယူဘူး ခွေးသူတောင်းစားရဲ့၊ နင့်ကို သေတောင် ငါ မကျေဘူး သိလား"

"ကဲပါ . . . ဖိုးတေ ပြန်တော့၊ သမီးကို လိုက်ပို့ပေးလိုက်ကွာ"

အဏ္ဏဝါရိပ်သာထဲမှ ရဲဘော်တစ်ဦးကို လှမ်းခေါ်ကာ ပြောလိုက်သည်။


ရဲဘော်ကလည်း သူတို့တပ်ထဲမှ ဗိုလ်မှူးသမီး ဖြစ်သဖြင့် ဂရုစိုက်ရဟန်လည်း ရှိသည်။

ရဲဘော်တစ်ဦးက အဏ္ဏဝါရိပ်သာထဲမှ ထွက်လာကာ ဂါဝန်ဖြူကောင်မလေးကို ချော့မော့ကာ ချီပိုးပြီး တပ်ထဲ အရာရှိလိုင်းဘက် ခေါ်သွားလေသည်။

ဖိုးတေက အငေးသား ကျန်ခဲ့သည်။ သူ့လက်ထဲတွင် ကောင်မလေး ပစ်ပေါက်ထားသော ပုန်းညက်ပန်းခိုင်များ ကိုင်လျက်။








ငယ်စိတ်ဖြင့် မခံချင်မှု မာနများ ရောထွေးနေသည့်ကြား ငှလန်းခဲ့ရသော ဂါဝန်ဖြူမလေးကို နှစ်စဉ် နွေရာသီတိုင်း ရှာဖွေ ည်။

သို့သော် မတွေ့ရတော့ချေ။

စနိုးဟူသော သဲလွန်စလေးတစ်ခုနှင့် ဗိုလ်မှူးသမီးထွေး းဟူသော အသိလေးတွေသာ သူ့၌ ကျန်ရစ်ခဲ့သည်။

သူ့အသိ ရဲဘော်ကြီးများလည်း ရှေ့တန်းထွက်သူက ထွက်၊ ်ပြောင်းသူကပြောင်းနှင့် ဂါဝန်ဖြူမလေး စနိုးသည် သူ့ဘဝမှ ်နှစ်မျှ ပျောက်ဆုံးသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတက္ကသိုလ်၌ မြန်မာစာနှင့် ကျောင်းပြီးသွားသော စန္ဒီးကို ရန်ကုန်တက္ကသိုလ်၌ ဓာတုဗေဒ အဓိကဖြင့် ကျောင်းတက်သော နိုင်ရှင်းမှာ ရှာမတွေ့ခဲ့။ နှစ်စဉ် ပေလီကိုတော့ လာခဲ့သည်။

နိုင်ရှင်းမိခင်သည် သံတွဲသူဖြစ်၍ ဖခင်ကပါ ပေလီ၌ ဘုန်ဂလိုနှင့် အုန်းခြံများ ဝယ်ထားသောကြောင့် သံတွဲ၊ ပေလီနှင့် နိုင်ရှင်း အဆက်အသွယ် မပြတ်ချေ။

စန္ဒီးသည် သူ့ရင်ထဲ၌ အမြဲတမ်း ရှိနေသည် မှန်သော်လည်း နိုင်ရှင်းသည် ရည်းစားထားခဲ့သည်။

သူထားခဲ့သော ရည်းစားများမှာ စန္ဒီးဟု အိမ်နာမည် ရှိသော မိန်းကလေး အသားအလွန်ဖြူ၍ ချောသော မိန်းကလေးများပင်။

နောက် ထိုမိန်းကလေးများသည် သူငယ်စဉ်က စွဲလန်းခဲ့သော စန္ဒီးပိုက်လေး မဟုတ်မှန်း သိလာသည်နှင့် ချစ်သူဘဝက ပြတ်စဲခဲ့သည်ချည်းပင်။

နောက်ဆုံး ရန်ကုန်သင်္ကြန် ရေပက်မဏ္ဍပ်တစ်ခု၌ တွေ့လိုက်ရသော အဖြူရောင် ပေါ် နှင်းဆီပွင့်လေးများ ပါသောဝတ်စုံနှင့် ရေပက်နေသော အသားဖြူ မိန်းကလေးကို စန္ဒီးဟု ခေါ်သည်ကို သူကြားလိုက်ရသည်။

ဤအချိန်တွင်တော့ စီးပွားရေးလောကတွင်ပါ ခြေချနေပြီ ဖြစ်သဖြင့် မိန်းကလေးများကို ပေးနိုင်သောအချိန် နည်းပါးနေပြီ ဖြစ်သည်ကတစ်ကြောင်း၊ သူချစ်သော စန္ဒီးပိုက်လေးအဖြစ် မသေချာပါက အလကား ရည်းစားနံပါတ် တိုးပွားသွားရမည့်အဖြစ်ကို မလိုလားတော့သည်ကတစ်ကြောင်းကြောင့် အသားဖြူမလေးကို





ခေါင်းကပ်တော့ဘဲ အသားဖြူမလေး အုပ်စုထဲမှ သူ့သူငယ်ချင်း ရည်းစားမှတစ်ဆင့် စုံစမ်းရေး စတင်ခဲ့သည်။

ရွက်နု ခေါ် စန္ဒီးသည် သူငယ်စဉ်က စွဲလမ်းခဲ့ရသော ဘူးလန်မလေး ဖြစ်မှန်း သိရပြီးသည့်နောက် မိဘများကို ပူဆာတော့သည်။

မိဘနှစ်ပါးကလည်း အင်မတန် ရည်းစားများသော သူ့အား ခြေငြိမ်စေတော့မည့်ကိစ္စ ဖြစ်သဖြင့် ဝမ်းသာအားရပင် အောင်သွယ်ရှာပြီး လူကြီးများ သဘောထားကို တီးခေါက်ကာ လမ်းကြောင်းပေးခဲ့သည်။

သူကလည်း ငယ်စိတ်ကလေး မပျောက်ချင်သဖြင့် ချစ်ခြင်းသူကို ကျိစယ်လိုခြင်းကြောင့် စတန့်ထွင်ခဲ့ခြင်းဖြစ်သည်။

သူ ထွင်လိုက်သော စတန့်ကြောင့် အခြေအနေတွေ ပြောင်းလွဲကြီး ပြောင်းလွဲသွားခဲ့လေပြီ။

ကလောမြို့ထဲ ဝင်လာသည်နှင့် နိုင်ရှင်းအတွေးတို့သည် ဆိုးရွားအခြေအနေသို့ ရောက်ရှိလာသည်။

သူ့အား ဖော့ဖယောင်းအသွင် လည်ချောင်းရှင်လေး တစ်ချက်တစ်ယောက် မျှော်နေရှာရော့မည်။

ရင်ထဲ နွေးသွားသည်။

သို့သော် ထိုအနွေးဓါတ်သည် ချက်ချင်းပင် အပူဓါတ်သို့ ပြောင်းလွဲသွားသည်။

ကြိုလင့်ခြင်း၏နောက်ကွယ်၌ ပါလာသော မေတ္တာတရားသည် သူ့ မျှော်လင့်နေသော မေတ္တာတရား မဟုတ်ချေ။ အစ်ကိုတစ်ယောက်အား မျှော်နေသော ညီမတစ်ဦး၏မေတ္တာတရားပင်၊



www.burmeseclassic.com

www.burmeseclassic.com



သူ လိုချင်နေသည်မှာ ထိုမေတ္တာတရားမှ မဟုတ်ပေပဲ။

သူ့ခြံဝသို့ ရောက်သည်နှင့် စည်းရိုးတံခါး ပိတ်ထားသဖြ
သူ ဟွန်းတီးလိုက်သည်။ အိမ်နံပါတ်မှအပ ဘာဆိုင်းဘုတ်မှ မ
သော ဤခြံကို အမည်ပေးရန် သူ စဉ်းစားလိုက်သည်။

"ပုန်းညက်မြိုင်" ဟူ၍. . .။

တောင်ပေါ်ဒေသ ပုန်းညက်ပင်တစ်ပင်မှ မရှိသော သူ
တွင် 'ပုန်းညက်မြိုင်' ဟု ပေးပါက လူရယ်စရာများ ဖြစ်နေေ
မလား တွေးလိုက်မိသည်။ သို့သော် သူတို့နှစ်ဦးတည်းအတွက် သ
ဂေဟာ ဖြစ်ခြင်းကြောင့် သူတို့နှစ်ဦး နားလည်လျှင် ပြီးရော
ဆုံးဖြတ်ကာ ထိုအမည်ပေးရန် ဆုံးဖြတ်လိုက်သည်။

"တီတီ. . . တီတီ"

ကားဟွန်းတီးလိုက်သည်။

ထိုအခါကျမှ ခြံထောင့် ဝက်သစ်ချပင်ကြီးအောက်မှ အ
ရောင်မလေး ပြေးထွက်လာသည်။

ကျန်းမာဝဖြိုးလာသောအခါ ငယ်ရုပ်ပေါ်လာသည်၊

"ကိုကို ပြန်လာပြီ၊ ဒါကြောင့် ကျီးသာတာ၊ တံခါးမြန်
ဖွင့်ပေးပါ ကိုစိုင်းလှရဲ့"

ဝမ်းသာအားရ ရယ်မောကာ ကြည်နူးနေသော ရွက်
ငေးကြည့်မိသည်။ စိုင်းလှက တံခါးဖွင့်ပေးထားသော်လည်း ဝ
မရသေး၊ သူ့နံဘေးနား ကပ်ကာ. . .

"ကိုကို မုန့်တွေ ပါလား"

"ပါတာပေါ့"

ကားနောက်ခန်းသို့ မေးငေါ့ပြလိုက်သည်။ မုန့်ထု





ဒါဝက်ဝံရုပ်၊ ဘိုမရုပ်ကလေးများနှင့် ပြည့်နေသည်။

"ဟာ. . . ပွတာပဲ၊ နေဦး. . . ညီမပါ ကားလိုက်စီးမယ်၊
. . ."

ကားခေါင်းကို ကွေ့ပတ်ကာ သူ့ဘေး ရှေ့ခန်းတံခါးကို
၍ ဝင်ထိုင်လိုက်သည်။

"ကိုကိုက ညီမလေးကို ချစ်လို့ မုန့်တွေ အရုပ်တွေ အများ
ဝယ်လာတာပေါ့နော်"

"အင်း. . ."

မချိသော နှုလုံးသားဖြင့် ခေါင်းညိတ်လိုက်ရသည်။
ရက်မျှ ခွဲခွာနေရသောအချိန်အတွင်း လွမ်းဆွတ်ခဲ့ရသမျှ
နှာလေးကို တမ်းတခြင်းများစွာဖြင့် ငေးမောကြည့်မိသည်။

"ညီမလေးကလဲ. . . ဒါကြောင့် ကိုကို့ကို ချစ်ရတာ"

"ခွင့်လွှတ်ခြင်းများစွာဖြင့် ထာဝရ ချစ်နိုင်ပါစေ စနိုးဝိုက်
ရယ်"

ဟု သူ ဆုတောင်းမိသည်။

ကျေနပ်နှစ်သိမ့်မှုဖြင့် ပြုံးရယ်နေသောအခါ ပါးမို့မို့၌
သုံးခု တွေ့လိုက်ရသည်။ ညာဘက် အထက်နားကျကျ ပါးစုံ့
ပါးချိုင့်တစ်ခု၊ အများစု၌ ရှိလေ့ရှိထသော ပါးအလယ်၌
တစ်ခုနှင့် ဘယ်ဘက်ပါး၌ ပါးစုံ့ပေါ် အချိုင့်မှာ အရာမျှသာ
အောက်ဘက်၌ ရှိသော ပါးချိုင့်မှာတော့ ထင်ရှားသည်။

ပါးချိုင့်သုံးခု ရှိခြင်းကို သူငယ်စဉ်က သတိမပြုမိခဲ့ပါ

အင်းလေ၊ ငယ်စဉ်က အပြုံးအရယ် မရှိဘဲ စွာကူးလန်မ



www.burmeseclassic.com

www.burmeseclassic.com



လေးအဖြစ်သာ တွေ့ရှိခဲ့ရသည်ကိုး၊ ထိုသဲလွန်စကို ငယ်စဉ်
ကတည်းကသာ သိရှိခဲ့ရလျှင် ရည်းစားဦးရေ နည်းခဲ့မည် ထင်
သည်။

"အင်း. . . ကိုကို ဆင်းလေ၊ ဘာကြောင်နေတာလဲ"

"ဩော်. . . အင်းအင်း"

ရွှက်နုက အရုပ်နှစ်ခုကို ပွေ့ပိုက်ပြီး မုန့်ဘူးတစ်ခုကို ယူ
ထွက်သွားသည်။

စိုင်းလှနှင့် ဒေါ်နှင်းစိန် ဒေါ်နန်းအဲဖော့တို့က ပစ္စည်းများ
ကို အိမ်ထဲသို့ သယ်ယူလေသည်။

ရွှက်နုသည် ဒန်းအပေါ်ထိုင် အရုပ်နှစ်ခုကို ဘေးတစ်ဖ
တစ်ချက်စီ၌ ချထားပြီး ကိတ်မုန့်ဘူးကို ဖွင့်လျက် အကျအန စား
လေပြီ။

"ဒုက္ခပါပဲ. . . ထမင်းစားချိန် နီးနေမှ"

ဒေါ်နန်းအဲဖောက ညည်းလိုက်သည်။

"ပြောလို့လဲ ရမှာမှ မဟုတ်ပဲ မဖော့ရယ်၊ နည်းနည်း အ
နောက်ကျပြီး ကျွေးလိုက်တာပေါ့"

ဒေါ်နှင်းစိန်က ဖျောင်းဖျစကား ဝင်ပြောလိုက်သည်။

နိုင်ရှင်း ကျေနပ်သွားသည်။ ရွှက်နုအပေါ် ဂရုတစိုက်
ရှိကြသည်ပဲ။

"ညီမ ထမင်းမစားရသေးဘူးဆို"

"အင်း. . ."

"အတော်ပဲ. . . ကိုကိုလဲ မစားခဲ့ရသေးဘူး၊ ကိုကို့အတွ
ပို့ချက်ထားရဲ့လား"





"အင်း. . . ချက်ထားတယ်၊ ဟုတ်တယ်နော် ဒေါ်စိန်"

"ဝေ့. . . ဘာလဲဝေ့"

"ကိုကို့အတွက် ဟင်းပို့ချက်ထားတယ်နော်"

"အေးပါ. . . ချက်ထားတယ်"

"ဟော. . . ချက်ထားတယ်တဲ့"

"ဒါဖြင့် မုန့်မစားနဲ့တော့၊ ကိုကိုနဲ့အတူ ထမင်းစားရအောင်
နော်၊ ရင်ပြည့်သွားလိမ့်မယ်. . . ညရောက်မှ ဆက်စား"

"အင်းပါ. . . ဒီတစ်ခု ဒီတစ်ခု"

တကယ့် ကလေးလိုပါပဲလားဟု နိုင်ရှင်းက တွေးရင်း မုန့်
ဘူးကို အသာယူသိမ်းလိုက်သည်။ သူမ ကျေနပ်စေရန် ကိတ်တစ်လုံး
တော့ ယူခွင့်ပြုလိုက်သည်။

မုန့်ကို မြိန်ရည်ရှက်ရေ စားပြီး သူ့အား ပြုံးပြနေသော
ရွှက်နုကို ငေးစိုက်ကြည့်နေမိသည်။

"ဘာကြည့်တာလဲ ကိုကို"

"ညီမလေး ကိုကို့ကို လွမ်းရဲ့လားလို့"

"လွမ်းတာပေါ့"

"လွမ်းတယ်ဆိုတာ ဘယ်လိုနေသလဲဟင်"

"အင်. . ."

မျက်လုံးရွဲကြီးကို ပင့်လှန်ကာ ကြည့်ရင်း မေးလိုက်သည်။
နှလုံးသားလျှောင် လှုပ်ခါသွားသည်။

မေးမိတာ မှားသွားပြီ ထင်ပါရဲ့။

"လွမ်းတယ်ဆိုတာ. . ."

မျက်လုံးကလယ်ကလယ် လုပ်ကာ စဉ်းစားဟန်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com


"သိပြီ. . . သိပြီ"

သူ့ရင်ထဲ ဘုရားပွဲ လှည့်နေလေပြီ။

"ဘယ်လိုဆိုတော့ ကိုကိုသိရဲ့လား"

"မသိဘူး"

"မသိဘူး. . . ကိုကို ညာတာလား"

သူ့ရင်ကို ဖောက်ထွင်းကြည့်နေပြီလားဟု ထင်လိုက်ရ သည်။

"မညာပါဘူး"

"မသိရင် မှတ်ထား၊ လွမ်းတယ်ဆိုတာ ငိုချင်လာတာ. . . သိရဲ့လား"

"အိုး. . . ညီမကတော့လေ"

သူ စိတ်မထိန်းနိုင်တော့ဘဲ အသည်းယားစွာဖြင့် ခေါင်း လေးကို ပုတ်လိုက်မိသည်။

"အား. . . ကိုကို"

"ဖွဖွ. . . နာလို့လား"

"နာပါဘူး"

"ခွေးမလေး"

"အင်. . . ဘာပြောတယ် ကိုကို"

ထိတ်လန့်ဟန် ပေါက်သွားတာကြောင့် နိုင်ရှင်းစကား မှား သွားပြီဟု သိလိုက်ရသည်။

ခွေးစကားကို တွင်တွင်သုံးခဲ့သော ဂါဝန်ဖြူကောင်မလေး စန္ဒီးပွိုက်တစ်ယောက် 'ခွေး' ဆိုသောအသံ မကြားဝံ့အောင် ဖြစ် ခဲ့လေပြီ။



"ဘာမှ မပြောပါဘူး၊ ညီမလေးရဲ့. . .လာလာ၊ ကိုကို ချိုးပြီး ထမင်းစားမယ်"

"အခုပဲ လာပြီး ရေချိုးတော့မလား အပူရှပ်သွားမယ်"

"ခဏနားပြီးမှ ချိုးမှာပါ၊ ကိုကို့ကို သံပုရာရည်တစ်ခွက် ဖျော်ပေးနော်"

အိမ်ထဲ ရောက်လာသည်နှင့် ဆက်တီပေါ်၌ သူ ခြေပစ် က်ပစ် ထိုင်ချလိုက်သည်။

"ညီမလေး ဖျော်ပေးရမှာလား"

"ဖျော်တတ်လို့လား"

"အထင်သေးတယ်ပေါ့"

"မသေးဝံ့ပါဘူး"

"ဒါဖြင့် သွားဖျော်ပေးမယ်၊ ခက်တာမှတ်လို့ သကြားနဲ့ရေနဲ့ ျော်ပြီး သံပုရာသီးလေး စိတ်ပြီး ညှစ်ထည့်လိုက် ဇွန်းလေးနဲ့ ခေါက် ်ရုံပဲ"

ပြောပြောဆိုဆိုနှင့် မီးဖိုခန်းဖက် ထွက်ခွာသွားသော ်နကို အငေးသား ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

တကယ့်ကို ရင်မှာ တမျိုးကြီး ခံစားနေရသည်။

နွေးတစ်လှည့် အေးတစ်လှည့်ဖြင့် ရင်တွင်းဝေဒနာ ောင်ဆူလျက် ရှိချေသည်။

ထိုဝေဒနာမျိုး ဘယ်အထိများ ခံစားနေရမှာလဲ၊ ကြာရှည် ားချင်တော့ဘူး စန္ဒီးပွိုက်လေးရယ်၊ ဝေဒနာ အမြန်ပျောက်ပြီး ားသောအဖြေကို သိချင်နေပြီ။


ဝေဒနာသည်အပေါ် 'အချစ်' အတွက် သွေးဆောင်ခြင်း


www.burmeseclassic.com

www.burmeseclassic.com


သည် မတရားရာ ရောက်ပေမည်။ ဝေဒနာ ကင်းရှင်းစွာ ပျော်[illegible] သွားလျှင်တော့ သူ မည်မျှ ချစ်ရသည့်အကြောင်း ဖွင့်ဟကာ ပြော[illegible] လိုက်တော့မည်။






"ကိုကို"

"အင်. . ."

"သီချင်းဆိုပြ"

"အင်"

ဂီတာကို ကောက်ကိုင်လိုက်သည်။ လွယ်ကူသော အလုပ် [illegible]

ဂီတာနှင့် သူသည် မစိမ်း။

ကျောင်းပျော်ပွဲရှင်ပွဲများ၌လည်း သူ မပါလျှင် မပြီးချေ။ [illegible]မှ ပွဲစည်ခဲ့သည်။


www.burmeseclassic.com

"ကိုင်း. . . ဘာသီချင်း ဆိုရမလဲ၊ အောင်ရင်လား၊ စိုးလွင်လွင်လား၊ နေမျိုးအေးလား"

"နေဦး. . . စဉ်းစားလိုက်ဦးမယ်"

နားထင်ကို လက်ညှိုးကလေးနှင့် အသာခေါက်ရင်း စဉ်းစားဟန် ပြုနေလေပြီ။

သူမ စဉ်းစားပြီဆိုလျှင် နိုင်ရှင်း လန့်လေပြီ။

သိပြီ. . . သိပြီ။

"ကိုင်း. . . ဘာသီချင်းလဲ"

"ကိုအံ့ကြီးရဲ့လူချွန်လူကောင်း"

"မြတ်စွာဘုရားသခင် ကယ်တော်မူပါ"

နိုင်ရှင်းတစ်ယောက် ကိုယ့်နဖူးကို ပြန်ရိုက်မိလျက်သား ဖြစ်သွားသည်။

ကျွတ်လေပြီ၊ အပွဲပွဲ နွဲလာသမျှ ဒီတစ်ပွဲတော့ ခံလိုက်ရလေပြီ။ ခေတ်ပေါ် စတီဒီယိုသီချင်း မှန်သမျှ မရတာ မရှိစေရဟု စိန်ခေါ်ခဲ့ဖူးသော နိုင်ရှင်းတစ်ယောက် ကျွတ်လေပြီ။

"အခြားသီချင်းဆိုပါရစေနော်၊ ကိုကို အဲဒီသီချင်းကြီးတွေ မရလို့"

"ထပ်. . . ဘယ်က ဒါ သီချင်းကြီး ရမှာလဲ၊ ခေတ်ဟောင်းကာလပေါ် သီချင်းပါ. . . နားထောင်ကြည့်"

". . . ရှုမဆုံးတော့သည်. . . စိမ်းလဲ့လဲ့မြစ်ပြင်. . . လယ်ကွင်းတွေက. . . တမျှော်တခေါ် စိုပြေသည်. . . ရိတ်သိမ်းချိန်ဆိုပြန်လျှင် ဝင်းမှည့်ရွှေရည်နှစ်တို့ပင် ဆိုလား. . . အဲ. . . ရတော့ဘူး၊ သိပ်ကောင်းတာပဲ. . . ကိုကို မရဘူးလားဟင်၊ ညီမ နား





သောင်ချင်တယ်"

နိုင်ရှင်း မချိသွားဖြစ်နှင့် ခေါင်းခါပြလိုက်သည်။တစ်ပိုင်းတစ်စ သီဆိုပြသော ရှက်နုကိုလည်း ချစ်ကြည်နူးစိတ်ဖြင့် ငေးကြည့်နေသည်။ သူ စွဲလမ်းရသော မိန်းကလေး၏စိတ်နေစိတ်ထားကို သောင် သူ တစ်ခါမှ မလေ့လာခဲ့ဖူးပါလား။ သူ့အချစ်သည် အပေါ်ယံ အလှအပေါ် မှာပင် ရစ်ဝဲခဲ့ပါလား၊ ချစ်ခြင်း၌ စိတ်နေစိတ်ထားကို သိရှိခြင်းက ပါဝင်လိမ့်မည် မဟုတ်ဟု ထင်ပါသည်။

"ဒါများ ဘာသီချင်း ဆိုရမလဲလို့ မေးသေးတယ်၊ ကိုကို ကြိုက်တာ ဆိုတော့၊ ဒီနေ့ ခွင့်ပြုတယ်၊ နောက်နေ့တွေ ညီမ ကြိုက်တာ ဆိုပြရမယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

နိုင်ရှင်းက ရွတ်နောက်နောက် ပြောလိုက်မိသည်။ ထိုအခါ ငပြုံးသော မျက်စောင်းကလေး ပျံ့ဝဲလာသည်။

"ကိုကိုနော်"

သူ့နှလုံးသားကို ထိမှန်သွားပြန်သည်။

သက်ပြင်းမောတစ်ချက် ချလိုက်သည်။

စိတ်လှုပ်ရှားစွာဖြင့် ဂစ်တာကြိုးများကို တီးခတ်လိုက်သည်။ ဘာဆိုရမည်ကို သေချာစွာ မခွဲခြားနိုင်သေးမီ လက်တို့သည် ဥဉ်ရှာဖွေပြီး ဖြစ်သွားသည်။

နှလုံးသားအလိုကို ခန္ဓာကိုယ်၏အစိတ်အပိုင်းတို့ အလိုအလျောက် သိနေဟန်တူသည်။

"ကြည်ဖြူပါ ကြည်ဖြူပါ မေရယ်၊
ဒီညလည်း ကိုယ်လေ အိပ်မပျော်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com

အတွေးများက မရေရာ
ကိုယ့်ရဲ့အထီးကျန်ကမ္ဘာ
သူလာနိုင်ပါစေ ဆုတောင်းနေမယ်/တောင်းဆုခြွေမယ်
ကြည်ဖြူပါ ကြည်ဖြူပါ မေရယ်၊
ကြင်နာပါရစေ ခွင့်ပြုပါကွယ်၊
မင်းတစ်ယောက်တည်းကိုသာ
အသည်းက တောင်းဆိုနေ
တစ်ကိုယ်ရေ အိပ်စက်မရတဲ့ ညတွေအလယ်
ကိုယ့်ရဲ့အလင်းရောင် မင်းလေးပဲ
လမ်းပြကူညီ ညွှန်ကြားပါကွယ်၊
ငွေစင်ကြယ်လည်း မင်းပါပဲ၊
နီယွန်မီးများထက် အလင်းပိုတယ်၊
အတွေးများက မရေရာ၊ ကိုယ့်ရဲ့အထီးကျန်ကမ္ဘာ
သူ လာနိုင်ပါစေ လာပါ မေရယ်"

ရင်တွင်းစကားတို့ကို ဝေဒနာသည်လေး သိအောင် ပြောကြားနိုင်လိမ့်မည် မဟုတ်ပါ။ ခေါင်းကလေး ငုံ့ကာစောင်းကာနှင့် စည်းချက်လိုက်ရင်း လိုက်ဆိုနေသော ရှက်နုကို မြတ်နိုးစွာ ငေးကြည့်နေမိသည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ကောင်းတယ် ကိုကို. . . အရမ်းမိတယ်၊ ကိုကို အဆိုတော် လုပ်စားလို့ရပြီ"

"တော်ပါတော့ကွယ်. . . ကိုကို ခေါင်းကျိန်းလာပြီ"

"နောက်တစ်ပုဒ်"





"ဗုဒ္ဓေါ. . . မအိပ်သေးဘူးလား"

သည်ည တန်ခိုးမပြသေးဘူး ထင်ပါသည်။

ရှက်နု အိပ်ယာမဝင်သေး၊ ဆယ်နာရီပင် ကျော်နေပြီ။ ဘလောမြို့ သီးသန့်ရပ်ကွက်မှ လူနေအိမ်ခြေတို့သည် စောစီးစွာ အိပ်မောကျတတ်သည်ဖြစ်ရာ တိတ်ဆိတ်ခြင်းကို ဆောင်ကျဉ်းနေသေပြီ။

"အိပ်ချင်သေးဘူး. . . နောက်တစ်ပုဒ် ဆိုပါဆို၊ စျေးကိုင်သွက်တာ"

"ဟိုမှာ ဒေါ်စိန်တောင် အိပ်ယာဝင်သွားပြီ၊ အန်တီဖောကြီးလဲ ငိုက်နေပြီ"

"ငိုက်နေရင် သွားအိပ်တော့ပေါ့၊ အန်တီဖော သွားအိပ်ဘော့၊ ရတယ်. . . သမီး ကိုကို့ကို အိပ်ခိုင်းမယ်"

"မြတ်စွာဘုရား"

"အို. . . ဘယ်လိုဖြစ်နေတာလဲ၊ ကိုကိုက အားအားရှိရင် ဘုရားပဲ တနေတာပဲ"

"ဘုရားတတော့ ကုသိုလ်ရတာပေါ့ဗျ၊ ညည်းလို ခွေးတ,ခဲ့ဘော့ ဝေဒနာဖြစ်ရတယ် မဟုတ်လား"

ဟု စိတ်တွင်း ဂရုဏာဒေါသော ပြောချလိုက်မိသည်။

"ရပါတယ်"

"ရပါတယ်ဆိုပေမယ့် အိပ်ချင်နေပြီ မဟုတ်လား၊ အန်တီဖော သွားပါ အိပ်ပါ၊ သူ အိပ်ချင်တော့လဲ လိုက်ပို့ပေးလိုက်ရုံပေါ့၊ ဒီနေ့ ကြက်ဟင်းခါးသီး တန်ခိုးပြတယ်နဲ့ တူတယ်၊ ကျွန်တော်တောင် အိပ်ချင်ပြီ"


www.burmeseclassic.com

www.burmeseclassic.com

သူ့အပေါ် အထင်အမြင် လွဲမှားမှာစိုးသဖြင့် စကားကို ထိန်းသိမ်းကာ ပြောရသည်။

"ကျေးဇူးပါ. . . ငိုက်မရှက် ဖြစ်နေပြီ ကိုရှင်းရေ"

ဒေါ်နန်းအဲဖောက ပြောပြောဆိုဆိုနှင့် ဟန်မဆောင်နိုင်ပဲ အိပ်ယာဝင်သွားလေသည်။

"ကဲ. . . ဆို"

"ဘာဆိုရမလဲ"

"မေးပြန်ပြီလား. . . ညီမ ဆိုခိုင်းတာဖြင့် ကိုကိုလဲ မရဘဲနဲ့"

"ဘာဆိုခိုင်းဦးမှာမို့လဲ"

"လုလင်ငယ်သွေး"

"ဟိုး. . ဟိုး. . တော်ပြီ ကိုကိုကြိုက်တာပဲ ဆိုပါရစေတော့"

"ဆိုစေသတည်း. . . ဒီနေ့တော့ ခွင့်ပြုမယ်၊ နောက်ဆိုရင် ညီမကြိုက်တာ ဆိုပြရမယ်၊ ငြင်းလို့မရဘူးနော်"

"အင်း. . ."

ခေါင်းမညိတ်ချင်ဘဲ မျက်နှာညိုမှာ စိုးကြောက်မှုဖြင့် ခေါင်းညိတ်လိုက်ရသည်။ စိတ်ထဲမှာတော့ ခေတ်ဟောင်းသီချင်းစာအုပ်တစ်အုပ်လောက် ရှာဝယ်ထားဦးမှဟု စဉ်းစားသည်။

"ဆိုလေ ကိုကို"

"ဒီတစ်ပုဒ်ပြီးရင် အိပ်မလား"

"မျက်လုံးက အိပ်ချင်ရင် အိပ်မှာပေါ့"

"ဆေးကော သောက်ရဲ့လား"

"သောက်ပါတယ်"





"သောက်ရင် အိပ်ရမှာ၊ ဘာဖြစ်လို့ ညည်းကလေးက အိပ်ရတာလဲ"

ဟု နိုင်ရှင်း စိတ်တွင်း၌ ပြောလိုက်သည်။

"တီးတော့လေ"

မျက်လုံးကြီး ဝင့်ကာ နွဲ့ဆိုးစကား ဆိုလေပြီ။ ထိုမျက်လုံးများက သူ့အား ဒုက္ခကောင်းကောင်းကြီး ပေးနေလေပြီ။ သူ့နှလုံးသားတွေ ကျွမ်းပြန်အောင် ပြုစားနိုင်လွန်းသည်။

"သိပြီ"

သူ ဆိုရမည့် သီချင်းကို ရရှိသွားလေပြီ၊ စိုးလွင်လွင်၏ မျက်လုံးရိုင်းဖြစ်သည်။

ဒီမျက်လုံးရိုင်းလေးတွေကြောင့်. . .

ခွဲခြားဆုံးဖြတ်နိုင်တဲ့အသိများလည်း. . .

မှားယွင်းမှုတွေ ကြုံရပေါင်း များပြီ။


www.burmeseclassic.com

www.burmeseclassic.com




"ကိုကို"

"အင်. ."

"ကိုကိုက အလုပ်မလုပ်ဘူးလား"

"အင်. ."

နိုင်ရှင်း မအီမလည် ဖြစ်သွားသည်။ ဘာကြောင့် မေးပါလိမ့်ဟု စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ဟင်. . . ဖြေလေ၊ မေးနေတာလဲ မဖြေပဲနဲ့ ဘာကြောင့်နေတာလဲ"

"နိုင်ပါ. . . ခင်ဗျားလေးသာ အနိုင်ယူပါ"





ဟု စိတ်တွင်း၌သာ မချင့်မရဲ ပြောလိုက်သည်။

"လုပ်သားပဲ"

"လုပ်သာ လုပ်တယ်၊ အလုပ်သွားတာလဲ မတွေ့ဘဲနဲ့ . . ာလူး"

ပကတိ ကလေးသက်သက်လိုပါလား၊ ဖြူစင်သောမေတ္တာ တ်ရင်းလေးနှင့် မိမိအား တွယ်တာနေခြင်းပါလားဟု စိတ်ကို း်းချုပ်ထားလိုက်ရသည်။ ပင်ကိုယ်စိတ်ရင်းဖြင့်သာဆိုလျှင် ဤ ့သို့ အသည်းယားအောင် ပြောဆိုပြုမူတတ်သော ဤကောင်မ းကို ဖျစ်ညှစ်ကာ မွှေ့ယမ်းပစ်လိုက်မည် ထင်ပါသည်။

"ဟော. . . ဘာငေးနေတာလဲ၊ ကိုကို နားထိုင်းနေသလား၊ နေ့သလား"

"ဩော်. . . ဖြေမှာပေ့ါ"

"ကိုယ့်အလုပ်ကိုများ ဘာလုပ်သလဲလို့ ပြန်စဉ်းစားနေရ ား၊ ကိုကို ရူးနေသလား"

"အင်း. . . ရူးသွားရင် ကောင်းသားပဲ"

"အရူးထိန်းအလုပ် လုပ်ပါလား၊ ရူးသွားအောင်လေ၊ း. . ဟင်းနော်. . ကိုကို ရူးချင်တယ်ဆို"

အနာပေါ် တုတ်ကျသည့်အလား နှလုံးသားကို ဆတ်ခနဲ း်သွားသဖြင့် အမိပွါယ်မဲ့ ရယ်မောနေသော ရွက်နုကို ကြည့် ်သည်။

သူ့စကားကို သူ သဘောကျပြီး ရယ်မောနေသည့် ရွက်နု ာပြစ်ကင်းစင်ပါသည်။ စိတ်ချမ်းသာမှု အပြည့်အဝနှင့် ာ ကင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော. . . ကိုမိုးလာပြီ"

ရယ်မောနေရာမှ သမင်ပျိုမကလေးအလား လှစ်ခနဲ ပြေးထွက်သွားသော ရွှက်နုကြောင့် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။ ရင်တွင်း မကျေနပ်စိတ်က ဖုံးလွှမ်းသွားသည်။

"ဒီလူက ဘာဖြစ်လို့ ခဏခဏ လာနေရတာလဲ"

ဟု စိတ်တွင်း၌သာ မေးလိုက်သည်။ နှုတ်ဖျားမှာတော့. . .

"သြော်. . . ဒေါက်တာ မျက်စိလည်လာတာလား"

"မဟုတ်ဘူး. . . တမင်လာတာပါ ကိုရှင်း၊ ကျွန်တော့်အိမ်မှာ ဘုရားကိုးဆူ လုပ်မလို့ အဲဒါ ဖိတ်စာလာပို့တာပါ"

"သြော်. . . ကြွပါ ဒေါက်တာ"

"ဘယ်နေ့လဲ"

ရွှက်နုက ကြားဝင်မေးလိုက်သည်။ ဒေါက်တာမိုးသူ ကမ်းပေးသော ဖိတ်စာကိုလည်း ကြားမှ ဝင်လုလိုက်သည်။ ရိုင်းခြင်း ယဉ်ခြင်းကိုမှ သူမသိအောင်ပါလားဟု နိုင်ရှင်းမှာ အကြင်နာ တိုး၍ နေသည်။

"သန်ဘက်ခါလေ မရွှက်နု"

"ရွှက်နုပါ လာရမှာလား"

"လာချင်လို့လား"

"အင်း. . . လာချင်တာပေါ့"

"လာချင်ရင် လာခဲ့ပေါ့"

"ကိုကိုက ခေါ်ပါ့မလား မသိဘူး၊ သူ့ဆော် မကြည်စိုးလို့ ဘယ်သွားသွား မခေါ်ချင်ဘူးလေ"

"အိုး. ."





အတိုင်အဖောက်ညီစွာ ပြောနေသော ဒေါက်တာမိုးသူနှင့် ရွှက်နုအကြား သူ ဝင်မပြောဘဲ မချိပြုံးနှင့်သာ ပြုံးရင်း ငေးနေရသည်။

"ဟုတ်လား ကိုရှင်း"

"ဒါပေါ့ဗျာ"

"တွေ့လား. . . မရဘူး၊ ပိုမိုးတို့ အလှူကျရင် လိုက်မှာပဲ"

သူ့လက်မောင်းကို ဆွဲယမ်းလှုပ်ခါပြီး နှုတ်ခမ်းစူကာ ပြောလိုက်သည်။ သူမအလိုကို ငြင်းဆန်ဝံ့သော စွမ်းအား သူ့၌ မရှိပါလေ။

"လိုက်ရင် ခေါ်မှာပေါ့"

"အိုး. . . ဒါမှ တို့ကိုကိုကွ"

လက်ခုပ်တီးကာ ခုန်ပေါက်လိုက်သော ဟန်ကြောင့် သူ မျက်လုံးပြူးသွားသည်။ သူက အကြောင်းမဟုတ်၊ သူစိမ်းယောကျ်ား တစ်ဦးဖြစ်သော ဒေါက်တာမိုးသူရှေ့မှာဆိုတော့. . .

ဒေါက်တာမိုးသူကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ပြုံးကာ ရွှက်နုကို ကြည့်နေသော ဒေါက်တာ့မျက်လုံးသည် အရင်းစွဲထက် ပို၍အရောင်တောက်ပြောင်နေသည် ထင်လိုက်ရသည်။

စိုးရိမ်ပူပန်မှုများက ရင်တွင်း ဗလောင်ဆူလျက်ရှိရာ. . .

"ကျွန်တော်ပြန်ဦးမယ် ကိုရှင်း၊ အန်တီဖောတို့ အန်တီစိန်တို့ပါ ဘုရားဖူး ကြွခဲ့ဖို့ ဖိတ်ပါတယ်၊ ခေါ်ဖြစ်အောင် ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့. . . ဒေါက်တာ"

"နေပါဦးလား ကိုမိုးကလဲ၊ ကြက်တောင်ရိုက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com

လေ"

"ဟင်. . ."

ရင်တွင်း အာမေဋိတ်သံနှင့်အတူ နိုင်ရှင်းရင်ထဲ ကြေ

သွားရပြန်သည်။ မိမိမရှိစဉ်၌ သူတို့နှစ်ဦး၏ရင်းနှီးမှု အတိုင်းအတာ

သည် ဘယ်အထိများ ရှိနေကြပြီလဲ။

"ကိုမိုး မအားသေးလို့ပါ မရွှက်နု၊ နောက်နေ့တွေမှ ကစာ

မယ်နော်၊ ဒီနေ့တော့ ကိုရှင်းနဲ့ပဲ ကစားပေါ့"

"ဟင့်အင်း. . . ကိုကိုနဲ့ မကစားချင်ဘူး၊ ကိုကိုက အာ

ကစား တော်မှာမှ မဟုတ်ဘဲ"

နိုင်ရှင်း ရင်၌ အောင့်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဂီတာပဲ တီးနေတော့ အနုပညာသမား ဖြစ်မှာပေါ့၊ အ

ပညာသမား အားကစား တော်မှာ မဟုတ်ဘူး"

"ဘယ်သူ ပြောသလဲ"

"ရွှက်နုဆိုသော ကျွန်မ ပြောပါတယ်"

"သွား. . . ကလေးဆိုးလေး"

ဒေါက်တာမိုးသူက ရွှက်နုခေါင်းကလေး ပုတ်ရန် လ

ရွယ်လိုက်သည်ကို ရွှက်နုက ငုံ့စောင်း ရှောင်ဖယ်လိုက်သည်။

နိုင်ရှင်း နှလုံးသားတို့ ဆတ်ဆတ်ခါ တုန်လှုပ်နေလေ

"ဘုရား. . ဘုရား. . သိပ်ရင်းနှီးနေကြပါလား"

ထိုရင်းနှီးမှုသည် ရွှက်နု နေကောင်းပြီးသည့်တိုင် အ

ရှည်သွားပါက ခက်ချေမည်။

စိတ်မကောင်းကြီးစွာသော သောကကို ဖုံးဖိကာ ဟ





ဆောင်ပြုံးဖြင့် ဒေါက်တာမိုးသူကို နှုတ်ဆက်လိုက်ရသေးသည်။

"နေပါဦးဆို ကိုမိုးကလဲ. . . အားကြီးစိမ်းတာပဲ၊ သွား. . .

တ်ဆက်တော့ဘူး"


ရွှက်နု၏ကလေးဆန်သော အပြောလေးများကို နာကျင်

နေသည့် နှလုံးသားဖြင့် ကြားနေမြင်နေရလေပြီ။



www.burmeseclassic.com

 www.burmeseclassic.com 




"ကိုမိုးက သိပ်သဘောကောင်းတာနော် ကိုကို"

"အင်း. . ."

"ကိုစိုးထက်ကို ပိုကောင်းတာ"

"ကိုကို့ထက်ကော"

မနာလိုခြင်းကြီးစွာဖြင့် နိုင်ရှင်း မေးလိုက်မိသည်။

"အိုး. . ."

ဟု အာမေဋိတ် ပြုလိုက်ပြီးမှ. . .

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်"

"ဟောဗျာ"



နိုင်ရှင်း ကြောင်သွားသည်။ ရွှက်နုကို နားမလည်ချင်ဘော့။

"ကိုကိုနဲ့က နှိုင်းလို့ရမလား၊ ကိုကိုက ကိုယ့်အစ်ကိုပဲဟာ၊ သူစိမ်းအချင်းချင်းပဲ နှိုင်းပြလို့ရမှာပေါ့"

"ဩော်. . .ဟုတ်ပေသားပဲ၊ ဒီလိုဆိုတော့လဲ ညီမက နားလည်သားပဲ"

"နားမလည်လို့ အရှုံးလား"

"အေး. . . အရှုံးအဆင့် မရောက်သေးလို့ ခက်နေတာပေါ့ကွာ၊ အရှုံးအဆင့်သာ ရောက်သွားရင် ငါပါ လိုက်ရှုံးလိုက်ရုံပဲ ရှိတော့တယ် စနိုးဝိုက်လေး"

ဟု စိတ်တွင်း၌သာ ပြောလိုက်သည်။

ဒေါ်နန်းအဲဖောနှင့် ဒေါ်နှင်းစိန်တို့ ကားနောက်ခန်းတွင် စကားကောင်းလျက်ရှိသည်။

ဒေါက်တာမိုးသူတို့ မြနား ရောက်လာသည်နှင့် ရွှက်နု ဝေဒနာ စတင်လာတော့သည်။

"ဟင်. . . ကိုကို"

သူ့ဘေးကို အတင်းတိုးကပ်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကြောက်တယ်"

"ဘာကြောက်တာလဲ"

"မီး. . . မီးရောင်စုံတွေနဲ့ လူတွေ"

အတိတ်ဖြစ်ရပ်ကို ရွှက်နုနည်းတူ နိုင်ရှင်းပါ သတိရသွားသဖြင့် ရင်မှာ ဆို့နင့်လာသည်။ အပျော်ဆုံးအချိန်သည် အကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com

ဆုံး ဖြစ်ခဲ့ရလေသည့် မင်္ဂလာနေ့ကို သတိရကာ ဖော်မပြနိုင်သော ဝေဒနာကြောင့် တုန်လှုပ်ခံစားနေရသည်။

"အား. . . မူးတယ် ကိုကို၊ မသွားနဲ့တော့"

နိုင်ရှင်း ကားရပ်လိုက်သည်။ ခြံဝရောက်နေပြီ ဖြစ်သောကြောင့် ကြိုသူများကလည်း ထွက်လာသည်။

စိုးမင်းက အူယားဖားလျား ရောက်လာပြီး

"လာ. . . သူငယ်ချင်း၊ မင်းနောက်ကျတယ်"

"ကိုယ်ဝင်လို့ မဖြစ်တော့ဘူး၊ ညီမလေး မူးနေပြီ"

"ဟင်. . . ဘာဖြစ်လို့"

"ကြောက်တယ် ကိုကို၊ ပြန်မယ်. . . အိမ်ပြန်ပို့"

ရွှက်နုသည် နိုင်ရှင်းလက်မောင်း၌ မျက်နှာဖွက်ထားပြီး အော်နေသည်။

"တွေ့တဲ့အတိုင်းပဲ. . . အန်တီဖော့တို့ ဘုရားဖူးစေချင်တယ်"

"ရပါတယ် ကိုရှင်း"

"မရနဲ့. . . အန်တီတို့ ဆင်းပါ၊ ကျွန်တော် ပြန်ပို့ပေးမယ် ကိုရှင်းတို့အတွက်ပါ ထည့်ပေးလိုက်မယ်"

"မလုပ်ပါနဲ့ကွာ. . . အန်တီတို့ကိုသာ ဂရုစိုက်လိုက်ပါ"

"ဖြစ်ပါ့မလား မောင်ရှင်း၊ ရွှက်နုမှ နေမကောင်းတာ"

ဒေါ်နန်းအဲဖောကော နှင်းစိန်ပါ စိတ်မချသည့်အလား ကားပေါ်က မဆင်းကြသေး။

"ရပါတယ်. . . ကျွန်တော်ရှိတာပဲ၊ အန်တီတို့ လူကြီးတွေသာ ဘုရားဖူးရင်း နေခဲ့ပါ"

"အေး. . အေး. . ဒါဖြင့်လဲ နေခဲ့မယ်၊ သွားကြတော့နော်"

"ဟုတ်ကဲ့"

နိုင်ရှင်းသည် ဒေါ်နန်းအဲဖောတို့ ဆင်းသွားသည်နှင့် ကားကို ပြန်လှည့်မောင်းထွက်ခဲ့သည်။

သူ့ပခုံးပေါ်တွင် ခေါင်းမှေးတင်လျက် မျက်လုံးကလေးမှိတ်ကာ လိုက်ပါလာသော ရွှက်နုကို ကြင်နာစိတ်များက ဖြစ်ထွန်းလျက်ရှိရာ. . .

"ညီမ. . ."

"ဟင်. . ."

"သက်သာရဲ့လား"

"အင်း. . ."

သူ့ပခုံးစွန်းတွင် ပူနွေးစွတ်စိုသွားရာ. . .

"ဟင်. . ."

အထိတ်တလန့် သူ ငုံ့စောင်းကြည့်လိုက်သည်။

"ငိုနေတယ်"

ရွှက်နု မျက်လုံးအိမ်၌ မျက်ရည်စများ ရစ်သိုင်းနေသည်။ အန်လွန် ပြေးထွက်လာသော မျက်ရည်စီးကြောင်းများက သူ့ပခုံးစွန်းပေါ် အခြေချလေသည်။

ကားမောင်းခြင်းကို ရပ်တန့်ပစ်လိုက်သည်။

"ဘာဖြစ်လို့ ငိုတာလဲ"

"ဝမ်းနည်းလို့ပေါ့"

သူ့ပခုံးစွန်းထက်မှ ဖယ်ကာ ဆောင့်ဆောင့်အောင့်အောင့် ဖြေလိုက်သည်။







www.burmeseclassic.com

 www.burmeseclassic.com 

"ဘာဖြစ်လို့ ဝမ်းနည်းရတာလဲ"

"မသိဘူး. . . အဲဒီမီးရောင်စုံနဲ့ ပူဖောင်းရောင်စုံတွေ လူတွေကို မြင်ရလို့ ငိုချင်တယ်"

"မငိုနဲ့. . . ကိုကိုရှိတာပဲ"

"ကိုကိုရှိတာက တခြား၊ ငိုချင်တာက တခြားပဲ၊ ငိုမှာပဲ"

"ငိုချင်တာ အကြောင်းရင်းတစ်ခု ရှိမှာပေါ့"

"အကြောင်းရင်း. . ."

"ဟုတ်တယ်လေ. . . ငိုခြင်းရဲ့နောက်ကွယ်မှာ အကြောင်းရင်းတစ်ရပ် အခြေခံနေတတ်တယ်၊ ကိုကို သိချင်တာ အဲဒီ အကြောင်းရင်းပဲ"

"အို. . . ဘာတွေမှန်းလဲ မသိဘူး၊ စိတ်ရှုပ်လာပြီ ကိုကိုရာ ကိုကိုပြောတာတွေ ညီမ တစ်ခုမှ နားမလည်ဘူး"

"ညီမရယ်"

နိုင်ရှင်း မျှော်လင့်ချက်များ ကုန်ဆုံးသွားလေသည်။

ချစ်လျက်နှင့် ဝေးနေရသော ဘဝ၏ခံစားမှုမျိုးကို နိုင်ရှင်း မခံစားချင်တော့။

လွမ်းဆွတ်ခြင်းနှင့် ပျော်ရွှင်ခြင်း ထိုဝေဒနာနှစ်ရပ်အနက် တစ်ခုခုကိုသာ ပိုင်ဆိုင်လိုက်ချင်ပြီ။

"ကိုကို. . . ဒီမြို့လေးက ညလည်း သာယာတာပဲနော်"

ရွှက်နုကတော့ သူ့ရင်တွင်း ခံစားမှုကို မသိမြင်နိုင်ရှာ။ အစ်ကိုရင်း မှတ်ယူကာ သောကမရှိ၊ ကြောင့်ကြမှုမရှိ၊ ဆိုးနွဲ့ချင်တိုင်း နွဲ့ကာ ကြည်မွေ့နေသည်။ သူ့မှာသာ ထိန်းချုပ်ရသော ဝေဒနာရပ်များက များလွန်းလှသည်။



ကတိကို ထိန်းချုပ်မှု၊

သစ္စာကို ထိန်းချုပ်မှု။

သိက္ခာကို ထိန်းချုပ်မှု။

စသည်ဖြင့် ရေတွက်၍မရအောင် ထိန်းချုပ်မှုများ များပြားလွန်းလှသည်။

အငိုတိတ်သွားပြီးနောက် ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောကြည့်နေသော ရွှက်နုမှာ သူ့ရင်ထဲက ဝေဒနာများကို မသိမြင်နိုင်ချေ။

သူ့ရင်တွင်း ဝေဒနာများကို မြင်တွေ့နိုင်သောနေ့သည် ရွှက်နု သူနှင့် အဝေးဆုံးနေရာသို့ ရောက်ရှိသွားတော့မည်ကို သူ့စိတ်၌ အလိုလို သိနေသည်။

"ညီမ မှားသွားတယ် ကိုကို"

"ဘာဖြစ်လို့လဲ"

"မီးရောင်စုံလေးတွေအောက်ကို သူရောက်လာတတ်တယ်"

"ဘယ်သူလဲ ညီမရဲ့"

မသိဟန်ပြုလျက် နိုင်ရှင်းက မေးလိုက်သည်။ ရွှက်နုက ခင်စဖွယ် မျက်စောင်းထိုးလျက်. . .

"ကိုကိုကလဲ. . . မေ့တတ်ရန်ကော"

"ဘာဖြစ်လို့လဲ"

"သူဆိုတာ ဟိုကောင်ကို ပြောတာ"

"ဟိုကောင်ဆိုတာ"

"ဟိုကောင်ဆိုတာ ဖိုးတေပေါ့၊ ညီမမုန်းတဲ့ ဖိုးတေဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ခွေးကောင်စုတ်ကို ပြောတာ၊ ကိုကိုက ဒါလေးတောင် မသိဘူးလား။ လိုက်မေးနေတာ"

"ရုတ်တရက်ဆိုတော့ ကိုကိုလဲ ဘယ်သိမှာလဲ၊ ဒီကောင့်ကို သေစာရင်းထဲ သွင်းထားလိုက်ပေါ့ ညီမရ"

ရင်နာနာဖြင့် ဟန်ဆောင်ပြုံးရယ် ပြောလိုက်ရသည်။ သေစာရင်း သွင်းသူသည် သူမအပါး၌ ရှိနေခြင်းကို ရွှက်နု သိရှိမည်ဆိုပါက မည်သို့ ရှိချေမည်နည်း။

"သေသွားရင် သိပ်ကောင်းမှာပေါ့၊ ခု မသေပဲ ညီမကို လိုက်နှောင့်ယှက်နေတာ ခက်တယ်"

"ကိုကိုလဲ မတွေ့ပါလား"

"ညညလေ. . . ရောက်ရောက်လာတယ်၊ သူရောက်လာပြီဆိုရင် ညီမ အလိုလို သိတယ်"

"ဟင်. . ."

"သူ့သူငယ်ချင်း ခွေးဟောင်သံတွေ ကြားရတော့တာပဲ၊ သေပြီး လိုက်ခြောက်တာများလား"

ဩော်. . . ကလေးတွေးနှင့် ဝိညာဉ်များ၏ခြောက်လှန့်သည်နှင့် မေ့နေသောအတိတ်နှင့် ပစ္စုပ္ပန် အခြေအနေ ရောထွေးနေလေပြီထင့်။

ဝေဒနာမှ လျော့ပါးသွားသယောင်နှင့် တိုး၍နေပြန်သည်။

"ဩော်. . . အဲဒီအခါ ကိုကို့ကို လာနိုးပေါ့"

"အို. . . ကြောက်ပါတယ်ဆိုမှ ကိုကို့အခန်းကို ကူးလာရဦးမယ်၊ ဟောဒီကိုကိုတစ်ယောက်ဟာ ရူးများရူးနေပြီလား မသိပါဘူး"

"ဟုတ်တယ်. . . ကိုကို ရူးနေပြီ"





သူ မချင့်မရဲ ဖြေလိုက်သည်။ ထိုအခါ ရွှက်နုမျက်လုံး၌ ဒုးစမ်းသော အရိပ်အယောင်များ ယှက်သန်းသွားသည်။

ကားကို အမြန်မောင်းထွက်ခဲ့သည်။

"အရူးဆိုတာ ချိုမပါတော့ သိရခက်တယ်နော် ကိုကို"

ရွှက်နုနှင့် စကားပြောလျှင် အရာရာသာ အရှုံးဖြစ်စေတော့မည်။


"ဟုတ်တယ်. . . ချိုမပါဘူး၊ ဒါပေမယ့် ပြုစားတတ်တယ်၊ ဒါအသည်းနှလုံးတွေ ကြွေမွကုန်အောင် ပြုစားနိုင်တဲ့စွမ်းအားတော့ ရှိတယ်ကွ" ဟု ဘုတောကာ ပြောလိုက်ချင်သည်။

သို့သော် တစ်ခါတစ်ရံ ခံစားချက် ပြင်းထန်နေသည့်အခါ ငြိမ်း၍ တိတ်တိတ်နေခြင်းသည်သာ အကောင်းဆုံးသော ကုစားမှု ဖြစ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင်. . . ဘာရှာနေတာလဲကွ"

"ခေတ်ဟောင်းသီချင်းစာအုပ်ကွာ. . ဝိုင်းရှာပေးပါဦး စိုးမင်းရာ"

သူ့အဖြစ်က လူရယ်စရာ ဖြစ်နေပြီဟု သိလိုက်ရသော်လည်း စိုးမင်းကတော့ အတွင်းသိ အစင်းသိဖြစ်၍ အကူအညီ လှမ်းတောင်းလိုက်သည်။

"ဘာဖြစ်လို့ သဲကြီးမဲကြီး ဖြစ်နေရတာလဲကွာ"

"စနိုးပိုက်ပေ့ါကွာ. . . ကြုံကြုံဖန်ဖန် ခဲရာခဲဆစ် သီချင်းတွေမှ နားထောင်ချင်တယ်တဲ့ကွာ"

"မင်းလဲ ဝဋ်ကြီးတာပဲ"



"ချစ်တာကိုးကွ. . . ဒုက္ခရယ် ဝဋ်ရယ်လို့ ငါမထင်ပါဘူး"

စျေးထဲ စာအုပ်ဆိုင်များ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရှာဖွေနေသော်လည်း မတွေ့သဖြင့် နိုင်ရှင်း လက်မှိုင်ချချင်လာသည်။

"မင်းလဲ အလိုအလျောက်ကို အလုပ်သစ် ရနေတာပဲ"

"ဘာအလုပ်လဲ"

"အရှုးထိန်း"

"ဘာကွ"

"ခွပ်"

နိုင်ရှင်းတစ်ကိုယ်လုံး ဒေါသမီး ဖုံးအုပ်သွားသဖြင့် ဘာမှ မမြင်တော့။ အရူးထိန်းတဲ့. . . ပြောရက်လိုက်တာ။

"ဆောရီး ရှင်း၊ ငါ မှားသွားတယ်"

စိုးမင်း သူ့ပါးစောင်မှ သွေးများကို သုတ်ရင်း တောင်းပန်လိုက်သည်။ ထိုအခါကျမှ နိုင်ရှင်း သတိတရား ပြန်လည်ဝင်ရောက်လာသည်။

"ငါ တောင်းပန်ရမှာပါကွာ. . . လာကွာ"

သူ စိုးမင်းကို ပခုံးဖက်ကာ စူးစမ်းသော မျက်လုံးများနှင့် ဝေးစေရန် ကာရပ်ထားရာဆီသို့ ထွက်ခဲ့သည်။

"ငါမှားသွားတယ်ကွာ. . . ငါ့စကားက ဝေဒနာသည် တစ်ယောက်အပေါ် ဒီလိုမသုံးသင့်ဘူး၊ တကယ်တော့ ငါက မင်းအပေါ် ဘရဏာဒေါသော ပြောမိတာပါ"

"ဘာဖြစ်လို့လဲ"

ကားနားမှာ ရပ်ပြီး စကားပြောကြသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဪ. . . မင်းဘဝဟာ အရွယ်ကောင်း၊ စီးပွားရေးအတွက် ရှာဖွေလို့ အကောင်းဆုံးအချိန်မှာ အချစ်အတွက် အချိန်ပြည့် ကုန်ဆုံးနေရတာကို နှမြောလွန်းလို့ပါကွာ"

"ဒါကတော့ မင်းခံယူချက်နဲ့ ငါ့ခံယူချက် မတူလို့ပါကွာ၊ စည်းစိမ်ချမ်းသာ ငွေကြေးတိုးပွားလာလဲ ငါ ဘာလုပ်နေရမှာလဲ၊ ငွေတွေ ရေတွက်ရင်း ပျော်နေရမှာလား၊ ငါ့ကြောင့် ဝေဒနာ ရသွားတဲ့ မိန်းကလေးကို မေ့ပျောက်ပြီး ငါပျော်နေရမှာလား၊ ငါ စည်းစိမ်ချမ်းသာငွေကြေး မလိုချင်တော့ဘူး၊ စနိုးဒွိုက် ဝေဒနာကို ငါ့ရဲ့ပိုင်ဆိုင်မှုတွေအားလုံးနဲ့ လဲလှယ်လို့ရရင် လဲလှယ်ပေးချင်ပါတယ်၊ သူ့ပင်ကိုယ်ဘဝ ပြန်ရောက်သွားရင် ငါကျေနပ်ပါပြီ"

"သူ့ပင်ကိုယ်စိတ် ပြန်ရသွားရင် မင်းကို မုန်းသွားမယ်လို့ မင်း မထင်ဘူးလား"

"တွက်ဆပြီးသားပါကွာ. . . ဒါပေမယ့် သူ ပြန်ကောင်းရင် တော်ပါပြီ၊ ဒါ. . . ငါ သူ့အပေါ် ထားတဲ့အချစ်ရဲ့အတိုင်းအတာပဲ"

"နားလည်ပါတယ်ကွာ. . . ရေရေလည်လည်ကို နားလည်သွားပါပြီ"

စိုးမင်းက ညိုမည်းသွားသော သူ့မေးရိုးကို ပွတ်သပ်ရင်း ရှုံ့မဲ့ပြောလိုက်သဖြင့် နိုင်ရှင်းမှာ. . .

"ဆောရီး စိုးမင်းရာ၊ ငါ သိပ်မှားသွားပါတယ်၊ ငါ့မှာ သူနဲ့ပတ်သက်လာရင် အရာရာကို တွေးဆနိုင်တဲ့စွမ်းအား မရှိသလောက် ဖြစ်သွားတယ်"

"ဪ. . . ချစ်စိတ်မွှန်သွားတယ် ဆိုပါတော့"

"မှတ်ယူချင်သလိုသာ မှတ်ယူပါကွာ၊ မင်းမကျေနပ်ရင် ငါ့ကို ပြန်ထိုးပါ"

"မကျေနပ်စရာအကြောင်း မရှိပါဘူး၊ ငါက ဝေဒနာသည်အပေါ် စော်ကားစကား ဆိုမိတာကိုးကွ၊ ကိုင်း. . . ဆိုပါဦး၊ မင်းညီမတော်က ဘာသီချင်း နားထောင်ချင်သတဲ့လဲ"

"ပထမတော့ ကိုအံ့ကြီးရဲ့လူချွန်လူကောင်းသီချင်း၊ နောက်တော့ လုလင်ငယ်သွေးတဲ့၊ နောက်တော့ တီဗွီမှာ လာတဲ့ ချစ်တဲ့စိတ်ဆိုလားဘာလား မသိပါဘူး၊ အဲဒါ အတင်းပဲ ဆိုခိုင်းတော့တာပဲ"

"ဒီလိုပေါ့ကွာ. . . သူ့အာရုံထဲမှာ စွဲထင်သမျှ သူ တောင်းဆိုမှာပဲ၊ နောက်တော့လဲ မေ့သွားမှာပါကွာ"

"သူ မေ့မေ့ မမေ့မေ့ ငါက သူ့ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးချင်တဲ့စိတ်က ရှိနေလို့ပါကွာ၊ လုပ်ပါ သူငယ်ချင်း၊ ဝိုင်းရှာပေးပါဦး"

"မင်းတော့ မဟာခေါင်းပြောင်ကြီးအဖွဲ့ထဲ မကြာခင် ဝင်တော့မှာပဲ ထင်တယ်၊ ဒီလောက်ပူပန်ကြီးနေရရင်လေ၊ မကြာဘူး. . . မကြာဘူး၊ မင်းရဲ့လှပတဲ့ ဆံပင်အုံတစ်ခုလုံး ပြောင်ရှင်းသွားမှာ မြင်ယောင်သေးတယ်"

"တော်ပြီကွာ. . . မင်း ငါ့ကို ချွတ်ဖို့ပဲ ကြံစည်နေတာကိုး ... ငါ့ရဲ့ခံစားမှု ငါ့ရဲ့ သူ့အပေါ် ထားရှိတဲ့ မေတ္တာတရားကိုမှ မင်းမသိနိုင်ဘဲ၊ ပြောလဲ အပိုပဲ"

"လေးစားပါတယ် အချစ်သူရဲကောင်းကြီးရယ်"

စိုးမင်းသည် ပြောင်ချော်ချော်ပြုကာ နိုင်ရှင်းကို အလေးပြု...သေးသည်။ နိုင်ရှင်းက ခွင့်လွှတ်ပြုံးဖြင့်. . .

"ဒီကောင် လုပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စိုးမင်း မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး. . .

"စတာပါ သူငယ်ချင်းရာ၊ ဆရာကြီးဟောင်း ဦးဘမြိုင်ဆီ မှာတော့ သီချင်းနဲ့ ပတ်သက်ပြီး စာအုပ်တွေ တော်တော်များများ ရှိနိုင်တယ်၊ မင်း မှတ်မိသေးလား၊ တို့ငယ်ငယ်တုန်းက သူ့ခြံထဲမှာ မာလကာသီးတို့ သလဲသီးတို့ သွားခိုးခူးနေကျလေ"

"ဩော်. . . အဲဒီခြံလား၊ သိပြီ"

"ဒီလိုဆို မင်းပဲ အကျိုးအကြောင်းပြောပြီး သွားအကူအညီ တောင်းတော့၊ ငါက ဒီနေ့ပဲ မန္တလေး ဆင်းရမှာမို့လို့ မလိုက်တော့ ဘူး"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ပင်စင်ယူထားပြီး ဂီတကိုပဲ အဖော်ပြု နေတဲ့အချိန်မျိုးမှာ မင်းရောက်သွားရင် ဝမ်းသာမှာပဲ၊ လိုအပ်ရင် မင်းလိုချင်တဲ့ သီချင်းတွေရဲ့အလိုက်တောင် သင်ပေးလိုက်ဦးမယ်"

"အိုကေ ဆိုးသင့်ခ် စိုးမင်း. . . သွားမယ်"


"ခုတော့လဲ မှုိရသွားတဲ့ မျက်နှာပါလား"

နိုင်ရှင်းသည် စိုးမင်းကို မတုန့်ပြန်နိုင်တော့ဘဲ ကားပေါ် တက်မောင်းထွက်ခဲ့သည်။ စိုးမင်းလည်း ခေါင်းတညိတ်ညိတ် လုပ် ကာ သူ့ဆိုင်ကယ်ပေါ် တက်ရင်း စဉ်းစားလိုက်သည်။

"ဩော်. . . အချစ်. . . အချစ်၊ လူတစ်ဦးကို ကောင်း ကောင်း ကြိုးကိုင်နိုင်တဲ့စွမ်းအား ရှိပါလား"








ဒေါ်နှင်းစိန်၏တူမက သံကြိုးရိုက်ခေါ်သဖြင့် ဒေါ်နှင်းစိန် ပြန်ရပြန်သည်။ ကလောဘူတာရုံသို့ သူလိုက်ပို့စဉ်. . .

"ဒေါ်စိန်လက်ပေါ်မှာ ကြီးပြီး ဒေါ်စိန်ကိုယ်တိုင် ပြောနေ ...ဲ့ ဖိုးတေဟာ ခနိုးကို ဒီအထိ စွဲလန်းခဲ့လိမ့်မယ်လို့ အိပ်မက်တောင် ...မက်ခဲ့ဖူးဘူး"

နှင့်ယူမယ့်အစား ခွေးအမြီးပြတ် ယူမယ်ဟဲ့ဆိုတာ ဒေါ်စိန် ...့ ရန်တွေ့နေကျစကားတွေမို့ ဒေါ်စိန် ပယောဂလည်း မကင်းလို့ ...ဒေါ်စိန် သူ့ရောဂါ ပျောက်တဲ့အထိ နေချင်နေပါသည်။

"အခြေအနေ ပေးရင် ပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ယခင်က ပစ်ပယ်ထားသော တူ၊ တူမများ ယခု ဒေါ်နှင်းစိန်ကို အိမ်စောင့်ကြက်စောင့်အနေဖြင့် အသုံးဝင်နေပြီ ထင်ပါသည်။ ပြန်ခေါ် လေပြီ။

ကလေးလိုဖြစ်နေသော ရွက်နုသည် ဒေါ်စိန်ပြန်မည်ဆို၍ ငိုယိုကာ ကျန်ခဲ့ပြန်သည်။

ဒေါ်နန်းအဲဖော ရှိနေ၍ တော်သေးသည်။

"လက်တိုလက်တောင်း ခိုင်းဖို့တော့ ထပ်ရှာရဦးမှာပဲ"

ခြံနားရောက်သည်နှင့် လမ်းမှ အဖြူရောင်ဝတ်စုံနှင့် ရွက်နုက ကားကို လက်ပြ၍ တားနေသည်။

ရင်ထဲ ဒိန်းခနဲ ထိတ်လန့်သွားသည်။

ကြည့်စမ်း၊ တစ်ယောက်တည်း ခြံပြင်ထွက်နေသည်။ ဘယ်သူမှလည်း မပါ။

"ဟိုး . . . ဆရာကြီး၊ ပုန်းညက်မြိုင်ကို သွားချင်လို့ပါ ကားကြုံလိုက်ခဲ့ပါရစေ"

"ရပါတယ် . . တက် . . တက်"

ရွက်နုပုံစံအတိုင်း သူကလည်း တုန့်ပြန်လိုက်သည်။ ထိုအခါ တခစ်ခစ် ရယ်မောပြီး ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

ဘူတာမသွားခင်က ငိုနေခဲ့သော မိန်းကလေးသည် ယခုတော့လည်း ရယ်မောနေသည်။ တစ်လကျော်အထိ တိုးတက်မလာသော ဝေဒနာအတွက် သူ ရင်မောနေရသည်။ ဒေါ်နန်းအဲဖောနှင့် တိုင်ပင်ကာ ရှေ့အပတ်ထဲ ရန်ကုန်သွားရလျှင် ကောင်းမည်ထင်ပါသည်။

"ညီမထွက်လာတာကို အန်တီဖော သိရဲ့လား"





ဘယ်သိမှာလဲ . . . သူ နောက်ဖေးမှာ ထမင်းအိုး ဟင်းအိုးတွေနဲ့ နပန်းလုံးနေတုန်း ညီမ တိတ်တိတ်ကလေး ထွက်လာခဲ့တာ"

"ဘာလို့ အဲဒီလို ထွက်လာရတာလဲ"

ကိုကို့ကို ထွက်ကြိုတာပဲဟာ"

"ကိုကို ပြန်မလာရင်ကော"

"ဘူတာအထိ လိုက်မှာပေါ့"

"ဘူတာရုံကို သိလို့လား"

"သိတာပေါ့ . . . ရထားရပ်တဲ့နေရာဟာ ဘူတာရုံပေါ့၊ လွယ်လွယ်လေးများ"

"သေလိုက်ပါတော့ကွာ"

ဟု သူ ညည်းတွားလိုက်မိသည်။ ထိုအခါ ရွက်နုက မျက်လုံးကြီး ကလယ်ကလယ် လုပ်ကာ . . .

"နို့ . . . မဟုတ်ဘူးလားလို့"

"ဟုတ်ပါတယ် . . . ဒါပေမယ့် ညီမ အဲဒီလို လျှောက်သွားတော့ မကြောက်ဘူးလား"

"မကြောက်ပါဘူး . . . ဘယ်သူ့ကြောက်ရမှာလဲ"

နိုင်ရှင်း ဘာမှမမေးရဲတော့၊ အ,အတစ်ဦးလို ဆွံ့အသွားသည်။ ဦးနှောက်ကတော့ အပြေးအလွှား စဉ်းစားသည်။

အကယ်၍ ဖိုးတေကို မကြောက်တော့ဘူးလားဟု မေးလိုက်လျှင် ဝေဒနာကို ပြန်တူးဖော်ရာများ ရောက်လေမလား၊ မကြောက်တော့ဘူးဆိုလျှင် ကောင်းရဲ့၊ မေ့နေသောအရာကို အစဖော်လိုက်သကဲ့သို့ ဖြစ်သွားမှာလည်း စိုးရသေးသည်။

တစ်ခါတစ်ရံ ဆိတ်ဆိတ်နေခြင်းသည် အကောင်းဆုံး


www.burmeseclassic.com

www.burmeseclassic.com

သော လက္ခဏာတစ်ရပ်ဖြစ်သဖြင့် သူ ခပ်မဆိတ်ပင် နေလိုက်သည်။

"တီတီ. . . တီတီ"

"ညီမ ပုန်းနေမယ်၊ အန်တီဖော့ကြီးကို စရအောင်"

ပြောပြောဆိုဆို ကားထဲတွင် ကလေးလေးလို ဝပ်ချလိုက်သည်။ စိုင်းလှ ခြံတံခါး လာဖွင့်ပေးသည်။

"စိုင်းလှရေ. . . ခြံပြင်ဘက် ဘယ်သူထွက်သေးသလဲ"

"မထွက်ပါဘူး. . . ဘာဖြစ်လို့လဲ ဆရာ"

ခြံတံခါး သော့ဖွင့်ပေးရင်း မေးလိုက်သည်။

"ဒါဖြင့် ခြံထဲမှာ မလွယ်ပေါက်တွေများ ရှိသေးသလား"

"ဟိုဘက်ခြံနဲ့ ကူးတဲ့ မလွယ်ပေါက်တစ်ခုတော့ ရှိတယ် ဆရာ၊ ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှမဖြစ်ပါဘူး. . . မနက်ဖြန် အဲဒီမလွယ်ပေါက် ကိုခါးတပ်ဖို့ လက်သမားတစ်ယောက် ခေါ်လိုက်မယ်၊ ပြီးရင် အဲ ပ၊ သော့ခတ်ကွာ၊ ဟိုဘက်အိမ်ကိုတော့ အကျိုးအကြောင်း ပြော ေ ာချင်ရင် လှမ်းအသံပြုလိုက်ပါ ဖွင့်ပေးမယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကားကို ဆက်မောင်းခဲ့သည်။

"ပန်းတီးဦး ကိုကို"

"တီတီ. . . တီတီ"

ဒေါ်နန်းအဲဖော ပြေးထွက်လာသည်။

"ကိုရှင်း ပြန်လာပြီလား"

"ညီမလေးကော"





"အိပ်နေတယ်လေ. . . ဆေးတိုက်ထားတာပဲ"

"ဟုတ်ရဲ့လား အန်တီဖော့. . . သွားကြည့်ပါဦး"

ဒေါ်နန်းအဲဖောလည်း ချာခနဲ လှည့်ဝင်သွားသည်။

ခစ်ကနဲ ရယ်သံထွက်ပြီး ကားပေါ်မှ ဆင်းကာ ကားဘေး၌ ုန်းနေပြန်သည်။

တကယ့်ကလေးလေးလိုပါလား၊ စိုင်းလှက မြင်သွားပြီး ျက်လုံးပြူးသွားရာ ရွှက်နုက လက်ညှိုးထောင်ကာ နှုတ်ခမ်းကို ိဘ်ပြီး 'ရှူး. . တိုတိုး' ဟု လုပ်လိုက်သေးသည်။

"အမယ်လေး. . . ကိုယ်ကျိုးတော့ နည်းပါပြီ ကိုရှင်းရေ၊ ှက်နု မရှိတော့ဘူး၊ ဘယ်များ ထွက်သွားလဲ မသိဘူး"

မျက်တလဲဆန်ပြာဖြင့် ပြန်ပြေးထွက်လာသော ဒေါ်နန်းအဲ ဖောကို နိုင်ရှင်း သနားသွားသည်။ သို့သော်လည်း ဟန်ဆောင် ာက်စနှင့်. . .

"ဘာဖြစ်လို့လဲ. . . အပေါ့အပါးများ သွားနေသလား"

"အိုး. . . တစ်ခါတည်း ကြည့်ခဲ့တယ်. . .မရှိဘူး၊ ဆေး အရှိန်နဲ့ အိပ်နေရမယ့်'ဘာ ဘယ်ကဘယ်လို နိုးသွားသလဲ၊ အန်တီ ဖောလဲ ဟင်းချက်နေတာနဲ့ သတိမထားလိုက်မိဘူး"

ဒေါ်နန်းအဲဖောက စိုးရိမ်တကြီး ဖိနပ်စီးကာ လိုက်ရှာဟန် ပြင်သည်။ ကားဖုန်သုတ်ရင်း စိုးရိမ်ဟန်ဖြင့် အဝတ်ကို ပြန်ချပြီး. .

"ရှာကြည့်ပါဦး. . . ခြံထဲကနေတော့ ဘယ်မှ ပြေးမှာ ဟုတ်ပါဘူး"

လူကြီးကို ဒုက္ခမပေးလိုသော်လည်း ကားဘေးမှ ရှက် ာက်ကလေး တခါခါနှင့်. . .

www.burmeseclassic.com


'မပြောနဲ့နော်' ဟူသော အသွင်လေးကြောင့် နှာစေးလိုက်ရသည်။ ဟိုရှာသလို သည်ရှာသလိုနှင့် ခြံထဲ ပန်းခင်းရှိရာသို့ ထွက်ခဲ့သည်။

စဉ်းစားနေရင်း ပန်းပင်များကို လျှောက်ကြည့်လိုက်သည်။ ပန်းများကား ဥယျာဉ်မှူးအဖြစ် တာဝန်ယူထားသော စိုင်းလှ၏ပြုစုမှုအောက်ဝယ် အစွမ်းကုန် လှပဝင့်ထည်နေသည်။ ရွှက်နုသည်ကား သူ၏ပြုစုယုယကြင်နာမှုအောက်ဝယ် ရုပ်အဆင်းသဏ္ဌာန်အားဖြင့် တစ်နေ့တစ်ခြား အလှကျက်သရေ တိုးနေသည် မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာ၌ တိုးတက်၍မလာ ဆိုရမည်။

ဆရာဝန် ပေးသော ဆေးများသည် များသောအားဖြင့် အိပ်ခြင်းကို အားပေးသည့် ဆေးဖြစ်သည်။ သို့သော် ရွှက်နုသည် သာမန်သူတို့ကဲ့သို့ အိပ်ချိန်စားချိန် မှန်ကာ အတူတူပင် ဖြစ်နေသည်မှာ အံ့သြစရာပင်။

"ဝါး. . ."

"ဟဲ့. . . သောက်ပလုတ်တုတ် ဘုရားငုတ်တုတ်"

ရွှက်နုနှင့် ဒေါ်နန်းအဲဖော ယောင်ယံများ ထွက်လာသော အခါ သူ့အကြည့်သည် ရွှက်နုထံသို့ ရောက်သွားသည်။

"အမယ်လေး. . . ရွှက်နုရယ် လန့်လိုက်တာ၊ နှင်သာ ပျောက်သွားရင် ငါ့ကို ကိုရှင်းက . .တ်မှာ ကျိန်းသေတယ်"

"ကိုကိုက သဘောကောင်းပါတယ်"

"အခြားနေရာတွေမှာ ကောင်းချင်ကောင်းမယ်၊ ရွှက်နုနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ ကြောက်ပါတယ်ကွယ်၊ လာ. . လာ. . ဘယ်နေရာမှာ ဘယ်လိုပုန်းနေတယ် ပြောစမ်းပါဦး"

"ပုန်းပါဘူး. . . ကိုကို့ကို သွားကြိုတာ"

"အို. . . ဘုရားသခင် ကယ်တော်မူပါ"

"ဟိုအပေါက်လေးတွေက ထွက်ပြီး လမ်းလေးအတိုင်း လျှောက်သွားတာ၊ ကိုကို့ကားနဲ့ တွေ့လို့ လိုက်လာပြီး အန်တီဖောကို ချောင်လို့ ပုန်းနေတာ"

"ဘုရားသခင်"

ဒေါ်နန်းအဲဖောသည် သူ၏ပေါ့ဆမှုအတွက် နိုင်ရှင်း၏ အပြစ်ရှိမှုကို ခံရမှာ စိုးရိမ်သောအလား မျက်နှာပျက်သွားသည်။ ဘိုထံ လျှောက်လာသော နိုင်ရှင်းကို ကြိုတင်၍ ဖြေရှင်းချက်ပေးနေလေသည်။

"မစိန်လဲ မရှိတာနဲ့ အန်တီဖောက မီးဖိုချောင် ဝင်လိုက်တာကွယ်၊ ဒါလဲ သမီးကို ဆေးတိုက်ပြီး သိပ်ပြီးမှ ဝင်တာ"

"ဒါပေါ့ အန်တီ၊ ခြေလက်အကောင်း လူတစ်ယောက်ကို အနှောင်အဖွဲ့နဲ့ မထားဘဲ ထိန်းသိမ်းထားနိုင်ဖို့ဆိုတာ အင်မတန် ခက်တာ၊ ဒီလောက်အထိ အန်တီတို့ ကြည့်နိုင်တာကိုပဲ ကျွန်တော်က ကျေးဇူးတင်နေရတာပါ၊ ခုဟာက အန်တီက မိသားစုလို ဝေယျာဝစ္စတွေပါ ကူညီနေတော့ ကျွန်တော်တို့ကတောင် ပြန်အားနာနေရပါ"

"မနာနဲ့ ကိုရှင်း၊ ဖြစ်နိုင်ရင် အန်တီက အဲဒီအိမ်ကိစ္စတွေ ... သိမ်းကြုံးလုပ်လိုက်ချင်တော့တာပဲ၊ ကြာတော့လဲ လူနာတွေ ... ငြီးငွေ့လို့ ပင်စင်ယူပြီး တစ်ခါတစ်ရံသာ ဆရာကြီး စေခိုင်းမှ ... လိုက်လုပ်တာပဲ ရှိတော့တာ"



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရှင်း စာနာစွာ နားလည်ပါသည်။ လူနာစောင့်အလုပ်လောက် ငြီးငွေ့စရာကောင်းသော အလုပ်လောက် ရှိနိုင်ပါ့မလား။ တော်ရုံတန်ရုံ ဝါသနာနှင့် မရနိုင်သကဲ့သို့ စိတ်ရှည်ပြီး သည်းခံနိုင်သော စွမ်းရည်နှင့်လည်း ပြည့်စုံရမည်။ မေတ္တာတရားလည်း ထားရမည့်အလုပ်ဖြစ်သည်။ ကိုယ်တွေ့ ခံစားသိမြင် နားလည်လိုက်ပြီ။

ရှက်နုအပေါ် ထားရှိသော မေတ္တာတရားသည် တော်ရုံတန်ရုံဆိုပါက သူ ရှက်နုကို ပစ်ခွာထွက်ပြေးလိမ့်မည် ထင်ပါသည်။ ယခုတော့ ခိုင်မြဲလွန်းသော စွဲမြဲသည့် မေတ္တာတရားက သူ့အား စိတ်ရှည်ခြင်း၊ သည်းခံနိုင်ခြင်း၊ ကရုဏာ ဖြစ်ထွန်းစေခြင်းတို့ကို ဖြစ်ပေါ်စေသည် ထင်ပါသည်။

"ကိုကို ဘာတွေ တွေးနေတာလဲ"

"ညီမအကြောင်း"

"အန်တီဖော့ ဟင်းအိုးသွားကြည့်တော့မယ်"

"အားနာလိုက်တာ အန်တီဖော့ရာ၊ ကျွန်တော် လူရှာခိုင်းထားပါတယ်၊ ဒါပေမယ့် မရတော့လဲ အန်တီဖော့က စားဖို့မှူး ကျွန်တော်က နာ့စ်ပေါ့ဗျာ. . . မဟုတ်ဘူးလား"

"အေး. . အေး. . ကိုရှင်း ကောင်းသလိုသာ ကြည့်လုပ်တော့၊ အန်တီဖော့တော့ မီးဖိုချောင်အလုပ်ကို ပိုကြိုက်လို့ ကျေနပ်ကမှာပဲ"

"အန်တီဖော့ကြီး သနားပါတယ်၊ ပျာသွားတာပဲ၊ အဟင်း. . . ရယ်ရတယ်နော် ကိုကို"

"ကိုယ့်ကြောင့် တစ်ဖက်သား ဒုက္ခရောက်တာကို မြင်ရတာ ပျော်သလား ညီမ"





ဒေါ်နန်းအဲဖော့ ပျောက်သွားသည်နှင့် ရှက်နုက ပြောလိုက်ရာ နိုင်ရှင်း ရှက်နုမျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ဟင်. . ."

အံ့အားသင့်သလို သူ့အား တစ်ချက်ပြန်ကြည့်လိုက်ပြီးမှ ချက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာ. . .

"ကိုကို ဘာဖြစ်နေတာလဲ"

"စကားလမ်းကြောင်း မလွှဲပါနဲ့၊ ကိုကိုမေးတာ ဖြေစမ်း"

နိုင်ရှင်း ခပ်တည်တည်နှင့် မေးလိုက်ပြန်သည်။

"အာ. . . စိတ်ရှုပ်လာပြီ၊ ဘာတွေ မေးမှန်း မသိဘူး၊ ပျော်တယ်. . . ပျော်တယ်. . . ဘာဖြစ်သလဲ၊ ကိုကို ဒုက္ခရောက်ရင် ပျော်မယ်၊ တအားကို ဟားတိုက်ပြီး ရယ်ပစ်လိုက်မယ်၊ ဟတ်. . . ဟတ်. . ဟား. . ဟား. . ဟား. . လို့"

နိုင်ရှင်း မျက်လုံးပြူးရပြီ၊ ရင်မှာလည်း ကျင်ခနဲ ခံစားလိုက်ရသည်။ သူ ဒုက္ခရောက်ရင် ပိုပျော်မယ်တဲ့လား၊ မသိစိတ်ဖြင့် ခြောက်လှန့်ခြင်းများလား၊ တမင်စခြင်းလား၊ နောက်ပြောင်ပြောခြင်း ဖြစ်ပါစေ။

ရှက်နု၏ငိုခြင်းရယ်ခြင်းသည် သတိလက်လွတ်ပုံစံမျိုး ဝင်နေသေးသည်ဟု နိုင်ရှင်း ထင်သဖြင့် စိတ်မကောင်းလည်း ဖြစ်ရသည်။

ဆေးတွေ မှန်မှန်သောက်ပါ့မလား၊ လွှင့်များ ပစ်နေလေရော့လား၊ ကိုယ်တိုင် ဂရုတစိုက် တိုက်မှပါပဲဟု စဉ်းစားလိုက်သည်။

"ဟော. . . ကိုမိုးလာပြီ"

မော်တော်ဆိုင်ကယ်သံကို သူမကြားဘဲ ရှက်နုက ကြား



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြေးထွက်သွားသည်။

ဒေါက်တာမိုးသူ ရောက်လာချေပြီ၊ ကြက်ဖောင်ရိုက်ကြမည် ထင်ပါ၏။ အားကစားဝတ်စုံနှင့် ဖြစ်နေသည်။

ရွှက်နုက ပြေးကြိုကာ. . .

"ကြက်တောင်ရိုက်မလို့ လာတာလားဟင် ကိုမိုး"

"ဒါပေါ့. . . ရွှက်နုက ကိုယ့်ဝတ်စုံမြင်တာနဲ့ အတပ်ဟောနိုင်တာပဲ"

မိမိကဲ့သို့ပင် ဒေါက်တာမိုးသူကိုလည်း ဝမ်းသာအားရ ကြိုဆိုတတ်ပါလား၊ စိတ်မကောင်းစွာဖြင့် တွေးမိလိုက်သော်ငြား လောကဝတ္တရားအရ ပြုံးပြလိုက်ရသည်။

ရွှက်နု အပြေးကလေးဖြင့် အိမ်ထဲ ဝင်လာသဖြင့် အကျီ ဝင်လဲဟန်တူပါသည်။

ဒေါက်တာမိုးသူကတော့ ကြက်တောင်ကွင်းကို ပြင်ဆင်နေသည်။

နိုင်ရှင်းသာလျှင် အပိုလူတစ်ဦးပမာ ယောင်ချာချာ ဖြစ်နေရာ အိမ်ထဲ ဝင်ခဲ့သည်။ ဧည့်ခန်းဆက်တီတွင် ထိုင်ပြီး သတင်းစာနှင့် မဂ္ဂဇင်းပုံကို ဟိုလှန်သည်လှန် လုပ်နေမိသည်။

"အံမယ်. . . ကိုကိုက ဒီမှာ ဘာလာငြိမ့်နေတာလဲ မရဘူး. . . လာ၊ ဒိုင်လုပ်ပေးရမယ်"

"သွားပါ ညီမရယ်၊ ကိုကို ခေါင်းမူးလို့"

"ဟင်. . . ခေါင်းမူးရင် ကိုမိုးကို ပြကြည့်ပါလား"

မချိပြုံးဖြင့်. . .

"ရပါတယ် ညီမ၊ ဆရာဝန် ပြလောက်အောင် မဟုတ်ပါ





ဘူး၊ ခေါင်းမူးတယ်ဆိုတော့ ကစားနေတာ ကြည့်ရင် ပိုမူးမှာစိုးလို့ပါ၊ သွားကစားနော်"

"ဟုတ်"

သမင်ပျိုမလေးနှယ် လှပစွာ ပြေးထွက်သွားသော ရွှက်နုကို ကြည့်ကာ သက်ပြင်းမော ချလိုက်သည်။

မုသားမပါ လက်ာမချောမှာစိုးသဖြင့် မုသားသုံးလိုက်ရသည်။

မိမိနှလုံးသား တစ်ပါးသူနှင့် တွဲကာ ပျော်ရွှင်စွာ ကစားနေခြင်းကို ကြည့်နိုင်လောက်သောအသည်း သူ့မှာ မရှိ။ သဘောထားနေသေးသည်ဟုပဲဆိုဆို ဒိုင်အမှတ်မှားနိုင်သည်။

သို့သော် ဇာခန်းဆီးနောက်ကွယ်မှာတော့ မချိနှလုံးသားဖြင့် ကြည့်နေမိသည်။

ချစ်ရလွန်းသူလေးကို ဘယ်သူနှင့်မှ ယှံစား၍ စိတ်မချနိုင်သည်ကတော့ အမှန်ပင်။


သို့သော် သူမ စိတ်ချမ်းသာစေချင်သည်မှာ သူ့စိတ်ရင်းပင်။



www.burmeseclassic.com

www.burmeseclassic.com






ရွှန်းလက်နေသော လရောင်၏ဖမ်းစားခြင်းကို နိုင်လ[illegible] ခံလိုက်ရပြီ။ ဘယ်နည်းနှင့်မှ အိပ်မပျော်အောင် ဖြစ်နေရသည်[illegible]

ရွက်နုကို ဆေးကိုယ်တိုင်တိုက်တော့. . .

"ညီမကို ကလေးကျနေတာပဲ၊ ကိုယ့်ဟာကိုယ် ယူသော[illegible] မှာပေါ့၊ ပုလင်းထဲ ပြန်ထည့်"

ဟု ဆိုသဖြင့် ပြန်ထည့်ပေးခဲ့သည်။

ချစ်ရလွန်းသူလေး မျက်နှာညှိုမှာကို မလိုလားလွန်းသ[illegible] လိုက်လျောခြင်းက သူ့၌ ထာဝရ ရှိနေသည်။

"ညီမကို ဘာလို့ ဒီလောက်ဂရုစိုက်နေရတာလဲ ကိုက[illegible]





[illegible]ကို မိန်းမယူရင် ဂရုစိုက်ဖို့ ထားဦးနော်"

ဟု ဆိုလိုက်သောအခါ မြုံနေသောအနာကို သံချွန်နှင့် အဆွခံလိုက်ရသည့်အလား ခံရခက်သွားခဲ့သည်။

ပြန်တွေးရင်း အိပ်မပျော်ခဲ့ချေ။

အိပ်မရတော့တဲ့အတူတူ ခြံထဲ ဆင်းခဲ့သည်။

"ကိုကို သိပ်မှ အိပ်မယ်"

ဟု မှန့်ခဲ့သောကြောင့် အိပ်ရာဘေး၌ ထိုင်ကာ တီးပြခဲ့ရ[illegible]သေးသည်။

ကတိသစ္စာဖြင့် ထိန်းချုပ်ထားမှု၊ 'ဝေဒနာသည်' ပါလား [illegible]သော လူဆန်သော အတွေးများကြောင့် ရွက်နုကို ကိုယ်ထိလက် [illegible]ရောက် မစော်ကားခဲ့သော်ငြားလည်း မနောကံဖြင့် အကြိမ်ကြိမ် [illegible]မ်းရှုပ်ခဲ့ဖူးသော မျက်နှာပြင်လေးကို ကာယကံမှု မကျူးလွန်မိ [illegible]အောင် မနည်းထိန်းချုပ်ခဲ့ရသည်။

သူမကတော့ စိတ်ချယုံကြည်စွာဖြင့် အိပ်ပျော်သွားခဲ့ [illegible]သည်။ သူကတော့ သူမအနားမှ ခွာကာ အိပ်ပျော်ရန် ကြိုးစားသည့် [illegible]င်အောင် အိပ်မပျော်နိုင်ခဲ့၊ ဘယ်ပြောင်းညာလူးဖြင့် ညဉ့်နက်လာ [illegible]သည်။

အဆုံးမတော့ အိပ်မရတဲ့အတူတူ ခြံထဲ ဆင်းခဲ့သည်။

"ဟင်. . ."

အိမ်ရှေ့တံခါး ချက်မချထားပါလား၊ ညက သူ သေချာစွာ [illegible]နေကျပါပဲ၊ အင်းလေ. . . တစ်ခါတစ်လေ မေ့တတ်တာပဲဟု [illegible] ခပ်ပေါ့ပေါ့ ဖြေဖြောက်လိုက်သည်။

တိတ်ဆိတ်စွာ လှုပ်ရှားခြင်း ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ."

ဒုတိယအကြိမ် အာမေဋ္ဍိတ် ထွက်ရပြန်သည်။ အိမ်ရှေ့ ဂျပန်မြက်ခင်းပေါ်၌ ချထားသော ဒန်းပေါ်မှာ ဖြူဖြူဝတ်စုံနှင့် ရွက်နု။

ရွှန်းလက်သောလရောင်က ဆမ်းပေးထားသဖြင့် လ နတ်သမီးလေလား ထင်ရိုးမှားအောင် လှအားကြွယ်နေသည်။

တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်၍ အတွေးပင်လယ်၌ မျောပါ နေဟန်တူသည်။ သူ ထွက်လာခြင်းကို သတိပြုမိပုံမပေါ်။

စိတ်ဝေဒနာသည်များကို ဆရာဝန် ပေးသော ဆေးများ သည် များသောအားဖြင့် အိပ်ပျော်နေတတ်သည်က များ၏။ ယခု ရွက်နုသည် သာမန်လူများ အိပ်ပျော်နေချိန်၌ မအိပ်သေးခြင်းယ ဆန်းကြယ်နေသည်။

"ဒုက္ခပါပဲ. . . ဆေးတောင် မတိုးတော့ဘူးထင်တယ်"

ဟု ခပ်ရိုးရိုး တွေးမိသကဲ့သို့. . .

"ဆေးကို မသောက်ဘဲ မျက်လှည့်ပြပြီး လွှင့်ပစ်ပြီ ထင် တယ်"

ဟုလည်း တစ်မျိုးတွေးကြည့်ပြန်သည်။

တွေးနေခြင်းက ဝေဒနာသည်နှင့်လည်း မတူပေ။ စိတ် ဝေဒနာသည်များသည် ငြိမ်နေနိုင်ခဲလှသည်။ စိတ်နှင့်အတူ လူ ပါသွားတတ်သည်။

ယခု ငြိမ်သက်နေခြင်းက လူကောင်းတစ်ဦး၏အတွေး လှေဝယ် မျောပါနေသည့်ဟန်။

သူ ဖြည်းညင်းစွာ လျှောက်လာသည်။ အသံလည်း မပြု





သူမ၏မျက်ဝန်းရိပ်တွင် သူ့သဏ္ဌာန် ဝင်ရောက်မှ. . .

"ဩော်. . . ကိုကို၊ လန့်သွားတာပဲ"

အံ့ဩတုန်လှုပ်သွားဟန်ပြသည်။

အရာရာကို ဖိုးတေအရိပ်အလား ကြောက်လန့်နေတတ် သောသူက ဘယ်သူမှ မပါဘဲ အိမ်ပြင်ဘက်ကို ညဥ့်သန်းခေါင်ယံ ...ကထိုင်ရဲသည်ကို နိုင်ရှင်း သံသယ ဖြစ်သွားသည်။

"ဘာထိုင်လုပ်နေတာလဲ. . . မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲ"

"ဖိုးတေကိုလေ"

"ဖိုးတေ သေသွားပြီပဲ"

နိုင်ရှင်း ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ...ဘ သေဆုံးခြင်းဖြစ်သည်ဟု ယုံကြည်အောင် ဒေါ်နန်းအဲဖော ...သွင်းထားကောင်း သွင်းထားပေမည်။ မိမိကတော့ ထိုသို့ မဖြစ် ...င်။ ဖိုးတေကို ရင်ဆိုင်ရဲသောသတ္တိ ရှိစေချင်သည်။

"အိပ်လို့မရဘူး ကိုကို၊ သီချင်းတီးပြပါဦး၊ ဟိုလေ. . . ...င်နေ့က တီဗွီမှာ လာသွားတဲ့ မောင်သိန်းဝင်း ဆိုတဲ့သီချင်းလေ၊ ...ကို ဆိုပြရမယ်လို့ ညီမပြောထားတာ၊ ရပြီလား"

စိတ်ဝေဒနာသည်က သူ့အား ဦးဆောင်လွှမ်းမိုးသွားလေ ...သည်ကို သိသိနှင့် အလျှော့ပေးလိုက်ရသည်။ ချစ်ခြင်းသည် ...ရာကို ပြောင်းလွဲစေတတ်သည်။

သူမ နားထောင်ချင်သည် ဆိုသမျှသီချင်းများကို ဆရာ ...ဦးဘမြိုင်ဆီသွား၍ ချဉ်းကပ်ဆည်းပူး ရယူခဲ့ရသည်။

"ဆိုလေ ကိုကို"


www.burmeseclassic.com

www.burmeseclassic.com



"စာသားအလွတ်မရဘူး ညီမရဲ့၊ ဒါကြောင့် အိမ်ထဲမှာ
ဆိုကြရအောင်နော်"

လရောင်အောက်၌ လနတ်သမီးသဖွယ် လှနေသော
ရွှက်နုနား ကြာရှည်မနေရဲ၊ တိတ်ဆိတ်သော ညချမ်းအလှသည်
လည်းကောင်း၊ လှည့်ဖျားတတ်သော လရောင်သည်လည်းကောင်း
စိမ်းကားနေသူများကိုတောင် အကျွမ်းဝင်စေတတ်ရာ ချစ်ပြီးထ
သူများဆိုလျှင်တော့ ပြောဖွယ်ရာ မရှိနိုင်ပြီ။

ထို့ကြောင့် သူ့အိမ်ထဲ ခေါ်လိုက်ခြင်းဖြစ်သည်။

"ရတဲ့သီချင်းပဲ ဆိုတော့၊ ညီမတော့ ဒီမှာပဲ ထိုင်နေ
သေးတယ်"

အလျှော့ပေးမည့်ပုံ မပေါ်သဖြင့် နိုင်ရှင်းသည် သူမ
မလှမ်းမကမ်း မြက်ခင်းပြင်တွင် ထိုင်ချလိုက်သည်။

ဒန်းပေါ်မှ ရွက်နုကပါ လိုက်ဆင်းထိုင်လိုက်ရင်း . .

"ငရဲမပေးနဲ့ ကိုကို"

ဒီလိုတော့လည်း အလိမ္မာတိုးနေပြန်သည်။

"ချစ်တဲ့စိတ်ကို ခွဲခြားကာ . . . သိနိုင်မရာ . . . ငါ
နှစ်ဆယ့်ရှစ်သွယ်မေတ္တာ . . . ဖြူစင်ပေတာ စင်ကြယ်စွာ . .
ထောင့်ငါးရာ ဆက်သွယ်ကာ . . . အကြောင်းမျှတာ . . . အသ
ထဲက အမြဲချစ်တာ မောင့်စိတ်ထဲမှာ . . . ရွှေမေတ္တာ ဆန်းကြယ်
ထောင့်ငါးရာ ဆက်သွယ်ကာ အကြောင်းမျှသာ . . . အသည်းထဲ
အမြဲချစ်တာ . . . စိတ်ထဲတသာ စွဲပေရှာ"

နိုင်ရှင်း သီချင်းကို စိတ်ပါလက်ပါ သီဆိုနေမိသည်။ ပ
ကြီးလေးနှင့် လက်ထိပ်လေးများ ထိခတ်နေရခြင်းကပင် နှလုံး





ကို စောင်းကြိုးအဖြစ် တီးခတ်နေသည့်နှယ် ခံစားရသည်။ စိတ်တွေ
သုပ်ရှားကာ ချစ်သွေးဆူလျက် ရှိချေပြီ။

ချစ်ဆုံးချစ်သူကို အနားထားပြီး လရောင်အောက်မှာ ထိုင်
နေရသော ချစ်သူတို့၏အချစ်ကို လရောင်က ပိုမိုပံ့ပိုးပေးတတ်
သည် ထင်ပါသည်။ ထာဝရ ပိုင်ဆိုင်လိုစိတ်များ တဖွားဖွား ဖြစ်
ပေါ်လာလေပြီ။

"ချစ်တဲ့စိတ်ကို မျိုသိပ်ကာ တားဆီးမရနိုင်ပါ။ လူတိုင်း
သဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ၊ ကာမဂုဏ် ဘုံခလေ့မှာ ကြို
တွေ့ကာ အလွန်တရာ စိတ်ထဲမှာ ခင်မင်ကြင်နာ၊ လူပြုပြင်လို့
ရနိုင်ပါ။ နတ်များ မှတ်သားတဲ့ ရွှေဖူးစာ ချစ်တဲ့စိတ်ကို မျိုသိပ်ကာ
တားဆီးမရှိနိုင်ပါ။ လူတိုင်းသဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ . . .

(ရှုပါရုံကလေးကို တွေးကာမှန်းလို့သာ ထင်မြင်ယောင်
သေးတာ မနေ့စိတ်မှာ) ၂ စွဲမြဲကာ အသည်းထဲမှာ နေ့စဉ် တမ်းတ
ကာ လွမ်းကြတာ၊ မှန်းဆကာ လူတိုင်းစိတ်မှာသာ ထင်တရေးနဲ့
ခင်သေးတာ ချစ်သူမျက်နှာ . . .

ရွှေမေတ္တာ ဆက်သွယ်လို့သာ နေကြတာ . . .

အံ့ဩလောက်ဖွယ်ကောင်းတာ၊ လောကမှာ၊ ချစ်တဲ့
သဘောကို ပြောပြဖို့ရာ ခက်လှတာ၊ ရွှေမေတ္တာ ဆက်သွယ်လို့သာ
နေကြတာ၊ လူတိုင်းပင် ချစ်ရတဲ့အရသာ၊ ခင်မင်ကာ ဤလောက
မှာပါ၊ ချစ်ခင်ပေါင်းသင်း၍သာ တွေ့ကြပုံလဲ ထူးတဲ့ရွှေဖူးစာ . .

ချစ်တဲ့စိတ်ကို မျိုသိပ်ကာ တားဆီးမရနိုင်ပါ၊ လူတိုင်း
သဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ ကာမဂုဏ် ဘုံခလေ့မှာ ကြို
တွေ့နေတာ၊ အလွန်တရာ စိတ်ထဲမှာ ခင်မင်ကြင်နာ၊ လူပြုပြင်လို့



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်ပါ။ နတ်များ မှတ်သားတဲ့ ရွှေဖူးစာ၊ ချစ်တဲ့စိတ် မျိုသိပ်ကာ တားဆီးမရနိုင်ပါ။ လူတိုင်းသဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ. . ."

သူ့သီချင်းဆုံးသွားသည့်တိုင်အောင် စူးစမ်းသောအကြည့်ဖြင့် ခပ်စူးစူး ကြည့်နေသော ရွှက်နုမျက်လုံးများက ရှောင်ဖယ်၍မသွား။

သူ့ရင်ထဲ မျိုသိပ်ထားသမျှ အချစ်တို့ ပေါက်ကွဲလွင့်စဉ်မထွက်စေရန် စိတ်ကို ချုပ်တည်းထားလိုက်သည်။

တဒင်္ဂအတွင်းတော့ စကားပြောခြင်းအတတ်တို့ ပျောက်ဆုံးနေကြသည်။

ရွှက်နု မျက်လုံး၌ အစိမ်းရောင် တောက်နေသည်ဟု သူထင်လိုက်သည်။

"အဟင်း. . . ကိုကို စီးရီးထုတ်လို့ ရပြီပဲ၊ အဟင်း. . . အိပ်တော့"

တိတ်ဆိတ်ခြင်းနှင့် ပေါက်ကွဲလု အခြေအနေကို ဖျက်ဆီး ထိန်းသိမ်းသွားနိုင်သူမှာ ရွှက်နုသာလျှင်ဖြစ်သည်။

ပြောပြောဆိုဆို သူ့မြင်ကွင်းမှ လှစ်ခနဲ ပြေးထွက်ပျောက်ကွယ်သွားသည်အထိ သူ မျက်စိတစ်ဆုံး ကြည့်ကျန်ခဲ့သည်။

သူသာလျှင် မဆုံးနိုင်သော အတွေးများဖြင့် ယောက်ယက်ခတ် ကျန်ခဲ့သည်။

နိုင်ရှင်းစိတ်ထဲ သံသယများ ကြီးထွားကျန်ခဲ့သည်။

ရွှက်နု့ အပြုအမူတွေဟာ ယခင်နဲ့ မတူဘဲ ထူးခြားလာသည်မှာတော့ သေချာသည်။

ဘာထူးခြားသည်ကိုတော့ ကွဲကွဲပြားပြား မသိသော်လည်း





သူ့ရင်လှုပ်ရှားမှုကို တစ်နေ့တစ်ခြား ပြင်းထန်လာစေသည်မှာတော့ ဆူးခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com




"ဦးနိုင်ရှင်း ရှိပါသလားရှင်"

ဆည်းလည်းသံအလား သာယာသောအသံလေးဖြင့် ဝင် ရောက်လာသော မိန်းမလှတစ်ဦးကို သူ ကြောင်၍ ငေးကြည့် သည်။ အသားဖြူလွန်းသောသူ ဖြစ်သဖြင့် သူနှင့် ပတ်သက်ခဲ့ဖူး တစ်ယောက်ဖြစ်ခဲ့လိမ့်မည်ကိုတော့ သူသိသည်။ ဘယ်သူလဲ အပြေးအလွှား စဉ်းစားစဉ်. . .

"နှစ်တွေ ဘယ်လိုပြောင်းပြောင်း ငယ်ချစ်ဟောင်းကိုတော့ သတိရစမြဲ ဆိုတဲ့စကား ရှိခဲ့ပါလျက် ဦးနိုင်ရှင်းလက်ထက်ကျ ပျောက်ရမလို ဖြစ်နေပြီ ထင်တယ်"





"အဟင်း. . . ထိုင်လေ"

ချော်လဲရောထိုင်သဘောဖြင့်သာ ပြုံးလျက် ဧည့်ဝတ် စကား ဆိုလိုက်ရသည်။

မိန်းမချောလေးက လှပစွာ ဝင်ထိုင်လိုက်ပြီး. . .

"ခုလောက်ဆိုရင် ရေးရေးတော့ မှတ်မိလောက်ပြီ ထင်ပါ ရဲ. . . အဟင်းဟင်း"

မျက်နှာကိုတော့ မှတ်မိပါသည်။ စနိုးဝိုက်အမှတ်ဖြင့် သူ သိက်ခဲ့ တွဲခဲ့ဖူးသော မိန်းကလေးတစ်ယောက်မှန်းတော့ အသားဖြူ ခြင်း ဆံပင်ဖြောင့်၍ ရှည်ခြင်းက သက်သေခံနေသည်။ သို့သော် အမည်မမှတ်မိတော့။

"ဘယ်နှစ်ယောက်မြောက် ရည်းစားပါလိမ့်လို့ စဉ်းစားနေ သလား ဦးနိုင်ရှင်း"

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

နိုင်ရှင်းမှာ စိုးရိမ်ခြင်း ဖြစ်မိသည်။ သူတို့အနီးမှာ ရွှက်နု ငြင်နေသည်။ ရွှက်နုသည် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေရာမှ သူတို့ ငံ့စောင်းကြည့်နေလေပြီ။

"ရှင့်ဇနီးကော အသားဖြူရဲ့လား၊ ဆံပင်ကော ရှည်ရဲ့လား ဲ့ သာကြည့်တာ. . . အဟင်းဟင်း"

မိန်းမသား ဖြစ်နေခြင်းက နိုင်ရှင်း၏ဒေါသတရားများကို ငြိမ်းချုပ်ထားနိုင်သည်။

"ဒီမှာ အမျိုးသမီး၊ အခြေအနေအရပ်ရပ်ကြောင့် ကျွန် တော် တောင်းပန်ပါတယ်ဗျာ၊ ရန်တွေ့စရာတို့ စာရင်းရှင်းစရာတို့ ဒီး ကျွန်တော် အပြင်လိုက်ခဲ့ပါ့မယ်၊ ကျွန်တော့်ညီမကို နေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့ပါ"

ရွှက်နု မကြားနိုင်စေရန် အသံကို နှိမ့်ပြီး ပြောလိုက်သည် တိုင်အောင် မလှမ်းမကမ်း၌ ရှိသော ရွှက်နု ကြားဟန်တူသည် ဖောချွေးများပင် ပြန်လာသည်။

"စာရင်းရှင်းစရာက အခြားမဟုတ်ပါဘူး၊ ရှင့်ဇနီးနဲ့ တွေ့ ပြီးရင် ကိစ္စပြီးပါပြီ"

ယောက်ျားရင့်မကြီးတစ်ယောက်နှင့် မိန်းမသား ရန်ဖြ လျှင် ယောက်ျားများသာ အရှုံးဖြစ်သည်။ သဘောထား သေးနု ရာ ကျသည်။

ရွှက်နု ထလာသည်။

နိုင်ရှင်း ဘာလုပ်ရမှန်းမသိ။

"လာပါ အမျိုးသမီး၊ ကျွန်တော်တို့ အပြင်သွားကြရအော ပါ. . . ရှင်းပြပါရစေ"

သူက ရုတ်ချည်း ရပ်ကာ ညှော်သည်အမျိုးသမီးကို ဆွဲခေါ မတတ် တောင်းပန်လိုက်သည်။

"အို. . . အပြင်လိုက်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်မယောက်ျ အထင်လွဲသွားမှာပေါ့၊ ရှင့်ဇနီးလား"

နိုင်ရှင်း ထူပူသွားသည်။

ရှက်ခြင်းမဟုတ်၊ စိုးရိမ်ခြင်းကြောင့် ထူပူသွားခြင်း ဖြ သည်။

"အပြင်ခေါ်သွားစရာ မလိုပါဘူး ဦးနိုင်ရှင်း၊ ဒီမှာ စာရင်းရှင်းကြပါ၊ ကျွန်မပဲ ရှောင်ပေးပါ့မယ်"

"ဟင်. . ."





အစိမ်းရောင် တောက်နေသော မျက်လုံးဖြင့် သူ့အား စူးစိုက်ကြည့်ပြီး သွေးအေးစွာ ပြောလိုက်သော ရွှက်နုစကားကြောင့် သူ့နှလုံးသွေး လည်ပတ်မှု ရပ်ဆိုင်းသွားမတတ် ခံစားလိုက်ရသည်။

"ညီမ"

ရွှက်နုက သူ့ကို လုံးဝ ဂရုမစိုက်ဘဲ ချာခနဲ လှည့်ကာ သူမအိပ်ခန်းထဲ ပြေးဝင်ကာ တံခါးကို ဒိုင်းခနဲ ဆောင့်ပိတ်လိုက် သည်။

ဝမ်းသာခြင်းလား ဝမ်းနည်းခြင်းလား မသိသော ဝေဒနာ ချပ်ကြောင့် နိုင်ရှင်းမှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"ရှင့်ဇနီး စိတ်ကောက်သွားပြီ ထင်တယ်၊ ဝမ်းနည်းပါ ဘယ်၊ အိမ်ထောင်ရေး ပြိုကွဲလောက်တဲ့အထိတော့ ကျွန်မ မရည် ရွယ်ပါဘူး၊ ရှင့်ကို ပညာပေးရုံသက်သက်ပါ၊ ပိုက်ဆံပေါ်တယ် ရုပ် ချောတယ်ဆိုပြီး မိန်းကလေးတွေကို အရုပ်လို နှလုံးသား မပါဘဲ ကစားသွားခဲ့တဲ့ ရှင့်အကြောင်းတွေ ရှင့်ဇနီး မသိသေးဘူး ထင်လို့ လာရှင်းပြချင်လို့ပါ၊ ခုတော့ ရှင်းပြစရာတောင် မလိုဘူး ထင်တယ်၊ အဟင်း. . . ဟင်း၊ ဝမ်းနည်းပါတယ်၊ ခွင့်ပြုပါဦး. . . ပြန်ပါဦးမယ်၊ ဩော်. . . ကျွန်မနာမည် မေ့နေရင်လဲ မှတ်ထားလိုက်ပါဦး၊ နန်း ချယ်ရီတဲ့၊ အိမ်နာမည်ကတော့ အသားဖြူလို့ စနိုးလို့ ခေါ်တယ်လေ၊ အဟင်း. . . ဟင်း"

စကားဆုံးသည်နှင့် လှပစွာပင် ပြန်သွားလေသည်။ ကား ဘလေးကို ကိုယ်တိုင်မောင်း၍ ပြန်သွားသည်။

"တောက်. . ."

သူ အိမ်ရှေ့ပေါ်တီကိုအောက်သို့ ထွက်ကာ ကားကို မျက်စိ



www.burmeseclassic.com

www.burmeseclassic.com

တဆုံး လိုက်ကြည့်သည်။ စိုင်းလှက ခြံတံခါးပိတ်ပြီး ပြန်လှည့်လာသည်။

"တောက်. . . ဟေ့ကောင် စိုင်းလှ"

"ဗျာ"

သူ့ဒေါသမီးပွားသည် စိုင်းလှထံ ကူးစက်သွားသည်။ သူ့အပါး ပျာယီးပျာယာ ရောက်လာသော စိုင်းလှအား. . .

"ဘာဖြစ်လို့ တံခါးဖွင့်ပေးရတာလဲကွ"

"ဗျာ. . ."

"ဘာဗျာလဲ. . . နားလေးနေသလား"

"ဗျာ. . အဲ. . မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ၊ မင်းဖွင့်ပေးလိုက်လို့ မင်းမိန်းမ ဝင်လာတာပေါ့"

"ဗျာ. . . ကျွန်တော့်မိန်းမ၊ ကျွန်တော် ဘယ်တုန်းက မိန်းမရသွားပါလိမ့်"

"တောက်. . . အူကြောင်ကြောင်နဲ့၊ သွားကွာ. . . ငါ ဆွဲထိုးလိုက်ရ"

သူ အိမ်ထဲ ပြန်ဝင်ခဲ့သည်။ ပိတ်ထားသော တံခါးကို မခေါက်ရဲ၊ ဒေါနန်းအဲဖေ့ကလည်း ချက်ပြုတ်ရင်းမှ လှမ်း၍အကဲခတ်နေသည်။

စိုင်းလှမှာ ခေါင်းကို တဖျင်းဖျင်း ကုတ်ရင်း. . .

"ယောက်ျားတွေဆိုရင် စိုးမင်းရယ်၊ ဒေါက်တာမိုးသူရယ်က လွဲပြီး ဘယ်သူ့မှ ဖွင့်မပေးနဲ့၊ မိန်းမတွေတော့ ဖွင့်ပေးလိုက်ပါ" ဟု သူကိုယ်တိုင် မှာထားပြီး ယခုမှ ဘယ်လိုဖြစ်သွားပါလိမ့်ဟု





ခဉ်းစားနေသည်။

ရှက်နုအိပ်ခန်းထဲ၌ တိတ်ဆိတ်မနေတော့၊ ဝုန်းဒိုင်းကျဲနေသည်။

နိုင်ရှင်း မနေသာ။

"အန်တီဖေ့ သွားခေါ်ကြည့်ပါဦး"

"ကိုရှင်းပဲ သွားခေါ်ပါ၊ အန်တီ ဟင်းအိုးတန်းလန်းနဲ့. . . ဘူးသွားမယ်"

"ကျွန်တော် မခေါ်ရဲဘူး"

"ဒါဖြင့် ခဏစောင့်၊ ဒီအိုးချပြီးရင် ခေါ်ပေးမယ်၊ ဆီပြန်ခါးပြီ"

"ခေါ်ရုံနဲ့ မပြီးဘူးနော်"

"ဘာလုပ်ရဦးမှာလဲ"

"ဘာဖြစ်လို့လဲ မေးပေးပါဦး"

"ဒီကိစ္စတော့ အန်တီ မတတ်နိုင်ဘူး"

"သူ သတိရနေပြီထင်တယ်"

"ထင်တာပဲလေ"

နိုင်ရှင်း ခေါင်းကုတ်လိုက်သည်။

သူ့ကို ကြည့်သွားသော မျက်လုံးစိမ်း. . .

ပြောသွားသော စကားများက သူမ၏စိတ်အခြေအနေမှာ ပုံမှန်ကောင်းနေကြောင်း ဝန်ခံသွားသကဲ့သို့ ဖြစ်နေသည်။

"ဟော. . . ခေါ်စရာ မလိုတော့ဘူး၊ ထွက်လာပြီ"

ဆုကေ့စ်တစ်လုံးကို မနိုင့်တနိုင် ဆွဲထွက်လာပြီး. . .

"ကားသော့ပေး"


www.burmeseclassic.com

www.burmeseclassic.com

ခပ်ဆတ်ဆတ် လှမ်းအော်တောင်းလိုက်သည်။ နိုင်ရှင်းမှာ မီးဖိုထဲမှ သုတ်ခနဲ ထွက်ခဲ့ပြီး. . .

"ဘယ်. . . ဘယ်လဲ ညီမ"

"ဘယ်ရမလဲ. . . ရှင့်လို လူယုတ်မာနဲ့ တစ်မိုးအောက်တည်း မနေချင်လို့ ပြန်တော့မလို့ပေါ့ရှင့်၊ အချိန်ကုန်တယ်၊ ပေး. . . ကားသော့"

"နေပါဦး ညီမရယ်၊ ကိုကို ရှင်းပြ"

"ဘာညီမလဲ. . . ဘာကိုကိုလဲ၊ ရှင်နဲ့ကျွန်မ ဘာမှမတော်ဘူး၊ ဘာမှလဲ မဆိုင်တော့ဘူး၊ ကွာရှင်းပြတ်စဲခြင်းမှာ ရှင်လက်မှတ်ထိုးပေး. . . ဒါပဲ"

အိတ်ကို ချပြီး စလင်းဘက် ဘေးအိတ်မှာ ထိုးထားသော လျှောက်လွှာစာရွက်နှစ်ရွက်ကို သူ့ထံ ကမ်းပေးသည်။

နိုင်ရှင်းက ဆတ်ခနဲ လှမ်းယူပြီး ဆွဲဆုတ်ပစ်လိုက်သည်။

ဝေဒနာသည် မဟုတ်တော့ ငဲ့ညှာစရာမလို။ မာနနှင့် ပြိုင်လာသူကို မာနနှင့်ပင် ရင်ဆိုင်တော့မည်။

"ဟင်. . . ရှင် ဒါ ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲ ဆွဲဆုတ်ပစ်တာလေ"

"ရှင် ရင့်သီးလှချေလား"

ရွက်နုအသွင်းသည် သိုးငယ်မလေးနှင့် မတူတော့။ ကျား သစ်မလေးအသွင် ရဲရင့်နေသည်။

"ပြဿနာတစ်ရပ်ကို အေးအေးဆေးဆေးနဲ့ ရင်ဆိုင် ဖြေရှင်းပေါ့"

"ရှင် ဘာမှ ဖြေရှင်းစရာ မလိုဘူး၊ တစ်သက်မှာ တစ်ခ





ဆောင်ရတဲ့ မင်္ဂလာနေ့ကို ကျွန်မ ဘယ်လောက် တန်ဖိုးထားခဲ့တယ် ဆိုတာ ရှင့်ကို ပြောမပြတတ်အောင်ပဲ၊ အဲဒီနေ့ကို ရှင်ဖျက်ဆီးခဲ့ ဘယ်၊ အဲဒီအချက်တစ်ချက်တည်းနဲ့ ရှင်ဟာ ကျွန်မအမုန်းဆုံး သူသား ဖြစ်ခဲ့တယ်"

"ဟင်. . ."

ကမ္ဘာကြီး ချာချာလည်နေခြင်းကို ခံစားသိလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ တွယ်ရာမဲ့ လွင့်ပါးသွားမတတ် ခံစားလိုက်ရသည်။

သွေးအေးအေးနှင့် ရက်စက်တော့မည့် ဟန်ပန်များ သူမ မှာ အပြည့်ရှိနေသည်။

"စနိုးဝှိုက်လေး"

"ရှင် ကျွန်မကို ဘယ်လိုမှ ခေါ်စရာမလိုဘူး၊ ဒီမှာ. . . ရှင် သိထားဖို့က ကျွန်မ ဖိုးတေကို ငယ်ငယ်ကတည်းက သိပ်ကို ရွံရှာ မုန်းတီးခဲ့တယ်"

နိုင်ရှင်းနှလုံးသားကို မီးပုံရှို့သည့်စကား ဆိုလေပြီ။

"ဘယ်အထိကို မုန်းသလဲဆိုရင်လေ ကျွန်မလက်ထပ်ရ မယ့်လူဟာ ဖိုးတေလို့ သိလိုက်ရတာနဲ့ ကျွန်မ ဘဝပျက်မတတ် ခံစားလိုက်ရပြီး ရူးသွပ်သွားခဲ့တယ် ထင်တယ်၊ အဟင်း. . . ထားပါ တော့၊ စိတ်ဖောက်ချို့ယွင်းသွားတုန်းက အခြေအနေတွေ ကျွန်မ မသိ ဘူး"

ရွက်နု၌ ဤသို့ ခက်ထန်သောစိတ် ရှိလိမ့်မည် မထင်ခဲ့ပါ။

"အဟင်း. . ဟင်း. . သတိရလာတဲ့အချိန်က ကိုစိုးမင်းရဲ့ လာဆောင် လက်ဖွဲ့ဘူးကြီးကို မြင်လိုက်ရတဲ့အချိန်ပဲ"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရှင်း အံ့အားသင့်သွားရသည်။ ကြာပြီပဲ၊ ဟန်ဆောင်လှည့်ဖျားခဲ့သည်ပေါ့။ ရုပ်ရှင်မင်းသမီး ရှုံးလောက်ပါပေသည်။

"ရှင့်ကို မုန်းလွန်းလို့ ကျွန်မ ဘယ်လိုနည်းနဲ့ နှိပ်စက်အပြစ်ပေးရမလဲလို့ စဉ်းစားရင်း ဆက်ပြီး စိတ်ဝေဒနာသည် ဟန်ဆောင်နေခဲ့တာ"

"အငြိုးကြီးလှချည်လား"

"အငြိုးကြီးလောက်အောင်လဲ ခံစားရတာကိုး၊ အငြိုးဆိုတာ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာတာမှ မဟုတ်ဘဲ၊ ဘဝတစ်ခုလုံး နှလုံးသားတစ်ခုလုံး ပျက်သုဉ်းသွားခြင်း . . အဲ . . ပျက်သုဉ်းသွားမတတ် ခံစားလိုက်ရခြင်းတွေကြောင့်သာ အငြိုးထားခြင်းဆိုတာ ဖြစ်ပေါ်လာတာပါ၊ ရှင့်ကြောင့် တစ်သက်မှာ တစ်ခါနွဲ့ရတဲ့ မင်္ဂလာပွဲကို ကျော်ခိုင်းလိုက်ရတယ်၊ ပြီးတော့ ရှင်ဟာ လိမ်ညာပြီး ကျွန်မကို ယူတယ်၊ ဖိုးတေအဖြစ် အဖြစ်မှန်ကို မပြောဘဲ မင်္ဂလာဆောင် လက်မှတ်ထိုးပြီး အပိုင်ချည်ပြီးမှ စတန့်ထွင်ပြီး ဖွင့်ဟတယ်၊ ဒါ ယောကျ်ားပီသတဲ့ လုပ်ရပ်မဟုတ်ဘူး"

"စနိုးပိုက်"

"မခေါ်နဲ့ . . . ကျွန်မနဲ့ရှင် ဘာမှ မဆိုင်ဘူး၊ ကျွန်မ လက်ထပ်ရမယ့် ဘဝကြင်ဖော်ဟာ ယောကျ်ားပီသတဲ့ယောကျ်ား ဖြစ်ရမယ်၊ ရှင့်လို မိန်းမလို မိန်းမရ စိတ်နဲ့ ယောကျ်ားခန္ဓာကိုယ်လိုလူမျိုး ကျွန်မ မလိုချင်ဘူး"

နိုင်ရှင်းမှာ သွေးများ ခဲသွားမတတ် တုန်လှုပ်ခံစားနေရသည်။ ရှင်းမပြတတ်တော့ပါ၊ ရှင်းပြ၍ မရနိုင်အောင်လည်း ဖြစ်နေသည်။ ရွက်နု စွပ်စွဲချက်များက တစ်ဖက်သတ် ကျလွန်းသည်၊





"ဆင်ကြံ့ကြံပြီး ကျွန်မကို ရအောင်ယူခဲ့တယ်၊ ပြီးနောက် အရှုံမကို လင်မလုပ်ရလို့ ပတ်ဝန်းကျင်ကို ညီမအသွင် ဟန်ဆောင်ဖုံးဖိပြီး ရှောင်ရှားနေခဲ့တယ်"

"တော် . . . တော်ကွာ၊ မင်းပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ငါ့သိက္ခာကို မစော်ကားနဲ့ကွ"

နိုင်ရှင်း ဒေါသတကြီး ရွက်နုနား ချဉ်းကပ်လိုက်သည်။ ရွက်နုလက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်းရန် ရွယ်လိုက်သောလက်ကို မကိုင်မိစေရန် လက်သီးဆုပ်ထားလိုက်သည်။

"ဒါကတော့ ရှင့်အပိုင်းပါ၊ ကျွန်မအမြင်နဲ့ ကျွန်မအထင်ကို ပြောတာပဲ၊ အနာပေါ် တုတ်ကျသွားရင်တော့ မတတ်နိုင်ဘူး"

"မင်း . . . မင်း လွန်လာပြီနော်၊ အရှုံမကို လင်မလုပ်ရဲဘာ မဟုတ်ဘူးကွ၊ ငါ . . . ငါက အသိတရားမရှိ၊ အချစ်မပါတဲ့ ခန္ဓာကိုယ် မလိုချင်လို့ နားလည်ရဲ့လား၊ မင်းကို ငါလက်ထပ်ခဲ့တာ ခန္ဓာကိုယ်ကို မဟုတ်ဘူး၊ မင်းရဲ့အချစ်ကို လိုချင်လို့ ယူခဲ့တာ၊ အချစ်မရသေးလို့ ဝေဒနာသည် ဖြစ်နေလို့၊ ငါ သန့်စင်စွာ စောင့်ရှောက်ခဲ့တာ၊ ဒါကို မင်းနားလည်အောင် ငါ ရှင်းမပြတတ်ဘူး၊ ဒါလောက်ပဲ ငါ ပြောတတ်တယ်"

"ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးဖို့ ကြိုးစားလဲ အပိုပါပဲရှင်၊ ရှင့်လုပ်ရပ်တွေက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတာပဲ"

"မင်းထင်တာတွေ မင်း စွတ်မပြောနဲ့ကွ၊ ငါက မိုးကြိုးပစ်ဘာကို ထန်းလက်နဲ့ ကာဖို့ ကြိုးစားနေတာလဲ မဟုတ်ဘူး၊ ငါ့ခံယူချက်ကို ငါပြောပြတာ၊ ငါက မင်းကို ချစ်လွန်းလို့ ညှိုးနွမ်းသွားမှာ ငြင်းလွန်းလို့ မထိရက် မကိုင်ရက် စောင့်ရှောက်ခဲ့တာကို မင်းက



www.burmeseclassic.com

www.burmeseclassic.com

တလွဲတွေးတာကိုးကွ၊ ဒီလိုမှန်း သိရင် မင်းကို. . ."

နိုင်ရှင်း စကားဆက်မပြောရဲတော့။

ရှက်နေက မျက်နှာရဲကနဲ ဖြစ်သွားပြီး. . .

"တော်. . . မယုတ်မာနဲ့"

"ငါသာ ယုတ်မာရင် မင်းဘဝ ခုလိုသန့်စင်တဲ့အပျိုဘဝ ရှိနေမလား"

"ဒါကတော့ ရှင် နားမဝေးပါဘူး၊ ခုန ကျွန်မပြောသလို လေ. . . အရှုံးသွေးမို့"

"တော်. . . တော်ကွာ၊ ငါ့မေတ္တာကို မင်း မစော်ကားနဲ့"

ရှက်နေက ခနဲ့ပြုံးလေး ပြုံးကာ. . .

"မစော်ကားဝံ့ပါဘူး ဦးမေတ္တာရှင်ကြီးရယ်၊ ကျွန်မကို ဆက်လက်မေတ္တာထားတဲ့အနေနဲ့ ကျွန်မ စိတ်ချမ်းသာအောင် ကွာရှင်းပေးပါလို့ အနူးအညွတ် တောင်းပန် မေတ္တာရပ်ခံပါတယ် ရှင်"

ဒူးကို ညွတ်ကာ ဆိုလိုက်သေးသည်။

ဘဝပျက်မတတ် ခံစားနေရသော နိုင်ရှင်းနှလုံးသားကို မတွေ့မြင်ပဲ လျှောင်ရက်ပေသည်။

ဇောချွေးများ ပြန်နေသော နိုင်ရှင်းသည် ကုလားထိုင်ပေါ် တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ကဲပါ. . . ကြာပါတယ်၊ ကားသော့ပေးပါ"

"မင်း တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား"

"အင်း. . ."

"မင်းကွာ. . . သတိရလာကတည်းက ရှင်းရှင်းလင်းလင်း





ပြောဖို့ ကောင်းတယ်"

"ပြောပြီးပြီလေ. . . ရှင့်ကို ဒုက္ခပေးချင်လို့ တမင်နေတာ လို့"

"အဲဒါကို ကျုပ်က ဒုက္ခလို့ မမြင်ဘဲ၊ မင်းပေးတဲ့ဒုက္ခက ကျုပ်အတွက် အပိုဖြစ်နေတာပေါ့"

"အဟင်းဟင်း. . . အပြောလေးက ကျလောက်ပါတယ်၊ ပေမယ့် ကျွန်မအသည်းက ရှင့်အညှာမှာ ကြွေသွားလောက် အောင် နုမနေတော့ ဝမ်းနည်းပါတယ်ရှင်၊ ကဲကဲ. . . ကြာတယ်၊ ားသော့ ခဏငှားပါ၊ ရန်ကုန်ရောက်ရင် ရှင့်အိမ် ပို့ခိုင်းလိုက်ပါ့

"ငါ ခွင့်မပြုနိုင်ဘူး"

"ဘာလဲ. . . ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ"

"နင်နဲ့ငါ တရားဝင် လက်ထပ်ထားတဲ့ လင်မယားပဲ၊ နင့်ကို ဘားပိုင်ခွင့်ရှိတယ်"

"တရားဝင် လင်ယောကျ်ားပဲ. . . ပိုင်ဆိုင်တယ်ဆိုပြီး အာ လာမပြနဲ့၊ မောသွားမယ်"

"အာဏာပြတာ မဟုတ်ဘူးကွ၊ လမ်းမှာ နင်တစ်ယောက် ဒုက္ခရောက်သွားမယ်၊ ငါ့တာဝန်ရှိတယ်၊ နင့်မိဘလက်ထဲက လာတာ၊ ဒီတော့ နင့်မိဘလက်ထဲ ငါပြန်ထည့်ပေးမယ်. . .

အိုးရွဲ့နှင့် စလောင်းရွဲ့ ဖြစ်နေလေပြီ၊ လော်လောဆယ် နိုင်ရှင်းကလည်း ရှင်းမရသည့် အတူတူ လွှတ်ပေးထားလိုက် မေတ္တာစေတနာကို အစော်ကားခံရတာလောက် စိတ်


www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှုမျိုး မရှိနိုင်။

"အန်တီဖော ပစ္စည်းသိမ်းတော့၊ ကျွန်တော်တို့ ရန်ကုန် ပြန်ကြရအောင်၊ လူနာက နေကောင်းနေပြီဆိုတော့လဲ ကျွန်တော်တို့ တာဝန်ကျေပြီပေါ့"

နိုင်ရှင်း၏ခပ်ရွှတ်ရွှတ်စကားကြောင့် ရွှက်နုက ကြိ မနိုင် ခဲမရ ဖြစ်သွားသည်။

"ငါ ချက်ထားတဲ့ ထမင်းဟင်းတွေတော့ အလကား ဖြ ကုန်တော့မှာပဲဝေ့"

"မဖြစ်အောင် ချိုင့်နဲ့ ထည့်ခဲ့ပေါ့ အန်တီဖော"

ရွှက်နုက မနေသာဘဲ လှမ်းအော်လိုက်သည်။ နိုင်ရှင်း သူ့အိပ်ခန်းထဲ ဝင်ကာ ပစ္စည်းသိမ်းသည်။

ခရီးဆောင်အိတ်ကို ဆက်တီပေါ် ပစ်တင်ပြီး ကားသေ ယူကာ အိမ်အောက် ဆင်းခဲ့သည်။

"စိုင်းလှရေ"

"ဗျာ"

စောစောက မအူမလည်ဖြင့် အကြိမ်းခံထားရသော စိုး လှမှာ မဝံ့မရဲ ဖြစ်နေသည်။

"ကားကို စစ်ဆေးပြင်ဆင်ထားလိုက်၊ ငါတို့ ရန်ကုန်ပြ မယ်"

"ဗျာ"

"မင်း တဗျာဗျာနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ အိမ်လဲ ဂရုစိ ဦး"

"ဗျာ. . . အဲ . . ဟုတ်ကဲ့"





"အူကြောင်ကြောင်နဲ့. . . စိတ်ချထားမယ်၊ လိုအပ်တာကို န်းဆက်မှာ"

"ဟုတ်ကဲ့ ဆရာ"

သူ ပြန်တက်ခဲ့သည်။ ရွှက်နုက. . .

"ဒါပဲနော်. . . လမ်းမှာ ရီးတီးယားတား လုပ်မယ်မကြံနဲ့၊ ခရီးဆုံးအထိ အတူမသွားဘဲ လမ်းခွဲသွားမယ်"

လူကို စွတ်ရွှတ်ဟောက်နေသော ရွှက်နုကို မကျေနပ်သော် ားလည်း ချစ်တဲ့စိတ်က အရင်းခံနေခြင်းကြောင့် သည်းခံစိတ် သိပ်ကာ. . .

"ရီးတီးယားတားဆိုတာ ဘာကို ပြောတာလဲ"

"ဘာဖြစ်ဖြစ်ပေါ့၊ အဲ. . . ကျွန်မ စိတ်မကျေနပ်အောင် ပ်တာမျိုးကို ပြောတာ"

"စိတ်ချနေ. . . နင်ကသာ ငါ့ကို ပါးစပ်နဲ့ မစော်ကားနဲ့၊ သည်းခံစိတ် ကုန်သွားရင် မလွတ်ဘူးမှတ်"

"အံမယ်. . . ကြီးကြီးကျယ်ကျယ်"

"ဒုက္ခပါပဲနော်. . . ဝိုင်းလဲ မလုပ်ကြဘဲ ငယ်ငယ်တုန်းက ရန်ဖြစ်နေကြပါလား၊ မစိန်သာ ရှိရင် ဖိုးတေနဲ့စနိုး ရန်ဖြစ်ပုံ နည်းနဲ့ တူရဲ့လားလို့ မေးရမလို ဖြစ်နေပြီ၊ စိတ်ဆိုးတာတွေ ထားပြီး ထမင်းဟင်းတွေ ချိုင့်ထဲ ထည့်ပေးကြဦး၊ အန်တီ ဘ်အစား သိမ်းပါရစေဦး"

ရွှက်နုကတော့ ကြော့ကြော့ကလေး အလှမပျက် ထိုင်နေ သမည့်ပုံမပေါ်။

ထို့ကြောင့် ခွင့်လွှတ်လက်စနှင့် ခွင့်လွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပင် ထပြီး မီးဖိုဘက် ဝင်ခဲ့သည်။

ထမင်းချိုင့် ထည့်ရုံမက ခါတ်ဘူးထဲ ရေနွေးဖြည့်လိုက်သည်။ မုန့်ပဲသွားရည်စာနှင့် အချဉ်ထုပ်များပါ ယူလိုက်သည်။

"ဈေးဝယ်ဦးမှ ဖြစ်မယ် အန်တီဖော"

ခံစားနေရသော ဝေဒနာများကို မျိုသိပ်လက်စနှင့် မျိုသိပ်ကာ ရွှက်နုကဲ့သို့ပင် သွေးအေးအေးနှင့် ရင်ဆိုင်နိုင်အောင် သူကြိုးစားရသည်။

"အေးလေ. . . ရန်ကုန်ကို ရှမ်းပြည်ပြန် လက်ဆောင်လေးဘာလေး ဝယ်ကြရင် ကောင်းတာပေါ့၊ တို့များလဲ ဝယ်မယ်"

ပစ္စည်းများအားလုံး တင်ပြီးချိန်မှ ရန်ရှင်း သတိရပြီး အိမ်ပေါ် ပြန်တက်ခဲ့သည်။

"ဘာကျန်ခဲ့လို့လဲ"

"ကျွန်တော့်အသည်းနှလုံး"

ဒေါ်နန်းအဲဖောအမေးကို ခပ်ရွှတ်ရွှတ်ပင် ဖြေလိုက်သည်။

တစ်ခါတစ်ရံ အမှတ်တရ ပစ္စည်းများသည် နှလုံးသားရေးရာကိစ္စ၌ အကျိုးရှိတတ်သည်ဟု ခံစားဖူးသူများက ပြောဖူးကြသည်။

ကားပေါ် ပြန်တက်ချိန် သူ့လက်ထဲမှ ပစ္စည်းကို စူးစမ်းသောအကြည့်ဖြင့် ကြည့်သော မျက်လုံးနှစ်စုံကို ရင်ဆိုင်လိုက်ရသည်။

"ငါက ဘာများလဲလို့၊ တရုတ်လက်ဖက်ခြောက်ဘူးမှာ တရုတ်တန်းမှာ ပေါလွန်းလို့"

"ဘူးက အရေးမကြီးပါဘူး၊ အထဲကပစ္စည်းက အရေးကြီးတာ"





ပြောပြောဆိုဆို ဘူးကို သူ့ခရီးဆောင်အိတ်ထဲ ထည့်လိုက်သည်။

မျက်လုံးစိမ်းကတော့ စူးစမ်းမှုကို မျိုသိပ်ထားလိုက်သည်။ နှုတ်ဖျားမှ စကားသံ ထွက်မလာ။

ပင့်သက်မော ရှိုက်လိုက်မိသည်။

ချစ်မေတ္တာအပေါ် အပြစ်တွေသာ ပုံချပြီး ဘယ်အထိများ ပ်စက်ကလူ ပြုကျင့်ဦးမှာလဲ၊ သုဘဒ္ဒါလို ရန်ငြိုးသိုရက်သူရယ်ဟု သာ ချွဲနွဲ့ပြီး မေးလိုက်ချင်ပါသည်။

သို့သော် ခုနေ၌ တိတ်ဆိတ်ခြင်းသာ အကောင်းဆုံးဟု ဘ်ယူကာ ကားကို မှန်မှန်ကလေး မောင်းထွက်ခဲ့သည်။

ရှေ့ဆက်ရမည့် ဘဝခရီးလမ်းအတွက်တော့ သူ့ရင်မှာ ဘက်မအေးနိုင်အောင် ဖြစ်နေလေပြီ။



www.burmeseclassic.com


www.burmeseclassic.com



# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com 



## (၃၀)

"ပျဉ်းမနားမှာ အိပ်ရမှာပဲ အန်တီဖော့"

"မအိပ်ဘူး. . . ဘယ်မှာမှ မအိပ်ဘူး"

နိုင်ရှင်းက ဒေါ်နန်အဲဖော့ကို လှမ်းပြောလိုက်သည်။ ဤသည်ကို ကြားမှ ရွက်နုက ဘုဂလန့် ပြောလိုက်ရာ. . .

"မအိပ်ရင် နင်ပဲ ကားယူသွားတော့၊ ပုဒ်မ(၁၄၄) ထုတ်ထားတာ ကောင်းကောင်းမအိပ်ချင်ဘူး၊ ဂျပိုးတောမှာ အိပ်ချင်တယ်ဆိုရင်တော့ ကားယူသွား၊ ဟုတ်လား စနိုးပိုက်"

"ကျွန်မနာမည် စနိုးပိုက် မဟုတ်ဘူး. . . ရွက်နု၊ အိမ်သွားတော့ ခေါ်ဖို့က စနိုး၊ ရှင် ဘာမှ ခေါ်ဖို့မလိုဘူး"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရှင်း ပြုံးလိုက်သည်။ ရွက်နု သူ့အား စကားပြောခြင်းသည် ဥပေက္ခာပြုခြင်းထက် ပို၍ကောင်းမွန်သော အလားအလာဖြစ်သည်။

"မလိုဘူး. . . ဘယ်မှာ အိပ်မလဲ"

"ဘာ. . ."

"ရှင် ခေါ်ဖို့မလိုဘူးဆိုတော့ ငါက မလိုဘူးလို့ ခေါ်တာလေ၊ ဘာဖြစ်ရပြန်ပြီလဲ"

"ရှင်နော်. . . သိပ်ရွှံ့ဖို့ကောင်းတာပဲ"

"ရွံလဲ ရွံ့မှေ့ပေါ့ဗျာ. . . မတတ်နိုင်ဘူး၊ နင် ဘယ်မှာ အိပ်မလဲ၊ သူငယ်ချင်းတွေ ရှိသလား"

"မရှိဘူး"

"ဒါဖြင့် ကျုပ်အမျိုးအိမ် သွားမယ်၊ လက်ထပ်ပွဲတုန်းက တောင် ရောက်လာသေးတယ်"

"ဒါ ရှင့်အလုပ်"

ရွက်နု မျက်နှာလေးကို နောက်ကြည့်မှန်မှတစ်ဆင့် ခိုး ကြည့်လိုက်သည်။

ခပ်တင်းတင်း ရှိနေသော မျက်နှာလေး၌ အလိုမကျသည့် အရိပ်အယောင်များ ယှက်သန်းနေသည်ကို တွေ့လိုက်ရသည်။

တစ်လမ်းလုံး စကားမပြောဘဲ ယခုမှ ပြန်လှန်ပြောလာ ခြင်းကိုပင် နိုင်ရှင်းအတွက် မျှော်လင့်ချက်ရောင်ခြည် တန်းလာ ပြီ။

ရှစ်နာရီခန့်၌ နိုင်ရှင်း ဦးလေးဝမ်းကွဲထံသို့ ရောက်လာသည်။





"ဟာ. . . ငါးရှဉ့်"

ဦးလေးသား သူနှင့် ညီအစ်ကိုဝမ်းကွဲတော်သူက ဝမ်းသာ အားရ ပြေးထွက်လာပြီး ခရီးဦးကြိုပြုလေသည်။

"ဆွေပြမျိုးပြလား"

"ဆိုပါတော့"

"အမေရေ. . . ဒီမှာ ငါးရှဉ့်လာတယ်"

သူ့ကို ရင်းနှီးသောအမျိုးများက နောက်ပြောင်ရင်း ငါးရှဉ့် ဟုသာ ခေါ်သည်။

"လာ. . . သမီး ဆင်း၊ ဒေါ်လေးတို့အိမ် အားမနာနဲ့၊ အလည်သက်သက်လား"

ရွက်နု မျက်နှာသည် ဟန်ဆောင်မှု သကာရည် လိမ်းထားသည့်နှယ် ရွှင်လန်းနေသည်။

"မဟုတ်ဘူး. . . ရန်ကုန်ပြန်မလို့၊ အဲဒါ မိုးချုပ်သွားလို့ ဘစ်ညလာတည်းတာလေ"

နိုင်ရှင်းက ဖြေရှင်းချက် ထုတ်လိုက်သည်။

"ကောင်းကွာ. . . ရောက်တုန်းရောက်ခိုက် နေဦးကွ"

ဦးလေးကော အဒေါ်ကပါ ဝမ်းသာအားရပင် ကြိုဆိုပြီး ပြောဆိုကြသည်။

"ဟာ. . . မမက အရမ်းလှတာပဲ၊ ဒါကြောင့် ငါးရှဉ့်က ခိုက်တာ"

ဦးလေး၌ သားချည်းပဲ သုံးယောက်ရှိရာ လူပျိုကြီးပဲ ဖြစ် သဖြင့် ရွက်နု အနေခက်အောင် ဝိုင်းစကြသည်။

"ကိုငါးရှဉ့်ရေ. . . အနော့်ကိုလဲ လှလှလေး ရှာပေးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

မမမှာ ညီမကျန်သေးလား"

"ဟဲ့ကောင်လေးတွေ. . . တော်ကြစမ်း၊ ရေချိုးအနားယူပါ စေဦး၊ ပြီးရင် ထမင်းစားကြမယ်နော်"

"ဒုက္ခမရှာပါနဲ့ ဒေါ်လေး၊ လမ်းမှာ စားခဲ့ပါပြီ"

"ဟုတ်ရဲ့လားကွယ်"

"အဟုတ်ပါ. . . ညစာလောက်ပဲ ရရင် တော်ပြီ"

နိုင်ရှင်းက အမျိုးတွေကြား ရွှန်းရွှန်းဝေနေသလောက် ရွက်နုက ပြုံးပြုံးကလေး ထိုင်နေသည်။ ဤသည်ကို သားလတ်က မနေနိုင်ဘဲ. . .

"ဟင်. . . မမ၊ မမမှာ ညီမကျန်သေးလား"

"ဟင့်အင်း. . . တို့က အငယ်ဆုံးလေ"

"သေဟဲ့ နန္ဒိယ"

သားလတ်က သူ့နဖူး သူရိုက်ကာ နောက်သို့ လှန်ချလိုက်သည်။

"သေတော့မှာပဲ သားကြီးရေ၊ ငါးရှဉ့်တို့အတွက် အခန်းလိုက်ပြပေးလိုက်ပါဦး"

"ဟုတ်ကဲ့ မေမေ"

နိုင်ရှင်းတို့လည်း ပင်ပန်းနေသဖြင့် ဟန်မဆောင်နိုင်ဘဲ ထလိုက်ခဲ့သည်။ ညီအစ်ကိုတော်တွေက အားကိုးရသည်။ အထုပ် ထမ်းဖော်ရသည်။

"နေနေ. . . တို့လုံချည်တွေနဲ့"

"ဘာဖြစ်သလဲ. . . ကိုယ့်အစ်ကို မိန်းမဟာ ကိုယ့်အစ်မပေါ့၊ ဒါတွေ မိုင်နာပါ၊ ရှေ့ကသာ ကြွ"





ပွင့်လင်းပြီး ဖော်ရွေစရာကောင်းသော ညီအစ်ကိုတော် ...းကြောင့် ရွက်နုက အားနာနေဟန်ရှိသည်။

"ဒေါ်လေးက ဒီဘက်မှာ၊ ဘွားလေးနဲ့ ကြီးကြီးနဲ့ အိပ်တဲ့ အပျိုကြီးခန်းမှာ စိတ်တိုင်းကျ နေနိုင်ပါတယ်"

ဒေါ်နန်းအဲဖောကို ဘွားလေးတို့က နေရာချထားပေးသည်။ နိုင်ရှင်းရင်၌ ကျည်ဆန်ရထား ခုတ်မောင်းနေပြီထင့်၊ နှလုံး ...န်နှုန်း မြန်နေသည်။

"လာ. . . မရီးတော်တို့က ဒီအခန်း"

'ကွိုင်' ပဲဟု နိုင်ရှင်းစိတ်ထဲ၌ ညည်းလိုက်ပြီး ရွက်နုကို ...တ်ခနဲ လှမ်းကြည့်လိုက်သည်။

အကြည့်ချင်း ဆုံသွားသည်။

သို့သော် ရှက်ရွံ့ထိတ်လန့်ခြင်း မရှိသော မျက်လုံးများပင်၊ အစိမ်းရောင် တောက်နေဆဲ။

စိတ်ပျော့မည် ထင်သော်လည်း အင်မတန် ခေါင်းမာသော အမျိုးသမီးဟု နိုင်ရှင်း ကောက်ချက်ချလိုက်သည်။

နှစ်ယောက်အိပ် ခုတင်ကြီးက သူတို့အား လှောင်ပြောင် ...ယ်မောနေသည်။

"ရေချိုးခန်းနဲ့ အိမ်သာကလဲ တွဲလျက်ရှိတယ်နော်၊ အနား ...ယူလိုက်ကြဦး"

"အိုကေ"

"ရေမိုးချိုးပြီးရင်တော့ ညစာသုံးဆောင်ဖို့ လာခေါ်မယ် ...နော် မမ"

"ကောင်းပြီ"


www.burmeseclassic.com

www.burmeseclassic.com

ဂျိုင်းခနဲ တံခါးပိတ်ပေးပြီး ထွက်သွားကြသည်။ အခန်းထဲဝယ် သူနှင့်ရွှက်နု နှစ်ယောက်တည်းသာ ကျန်ခဲ့သည်။

ရင်ခုန်လှိုက်မောခြင်းနှင့်အတူ. . .

"ကိုင်း. . . ဘယ့်နှယ့်ရှိစ အမိ"

"ဘာကိုလဲ"

"နင်နဲ့ငါ အဖြစ်မှန်ကို ဘယ်သူ့ကိုမှ ဖွင့်ဟဝန်မခံရဲသေးဘူး မဟုတ်လား"

"ယောက်ျားဖြစ်ပြီး အသားယူတဲ့စကားမျိုး မပြောပါနဲ့။ ကျွန်မအသားကို ထိုလို့ကတော့ အသက်သာ အသေခံပစ်လိုက်မယ်နားလည်လား၊ ဒီမှာတွေ့လား ဓား"

ဂျပန်ခလုတ်ဓားလေးကို ဆလင်းဘက်အိတ်ထဲမှ ထုတ်ပြရာ နိုင်လင်းက ပခုံးတွန့်လျက်. . .

"ကြောက်စရာကြီးပါလားနော်. . . ဒီကောင်က သွေးသားကို မက်မောတဲ့အကောင်ကိုး‌ဗျ၊ အဟင်း. . . နင် ငါ့ကို နား‌လည်ရင် သိပ်ကောင်းမယ် ရွှက်နု"

"အပျော့ဆွဲ ဆွဲမနေနဲ့. . . ရေချိုးမယ်"

"ချိုးလေ. . . ငါထွက်ပေးရဦးမှာလား"

"ရပါတယ်. . . ငါ့ဘာသာ ငါ့အ‌ဝတ်တွေ ယူသွားမယ်"

မိမိကသာ ငယ်စဉ်ကအတိုင်း ငါ နင်ဟု သုံးသော်လည်း ရွှက်နုထံမှ နင်ငါဟူသော အသုံးအနှုန်းသည် သူ့ရင်ကို တစ်မျိုးဖြစ်စေသည်။

"ဒါဖြင့်လဲ ပြီးရောပေါ့"

သူက အိပ်ယာထက်၌ ကျောဆန့်လိုက်သည်။





"ညစ်ပတ်တယ်. . . ရေလဲ မချိုးဘဲနဲ့ အိပ်တယ်"

"ငါ့သဘောပါ"

ရွှက်နုသည် မျက်နှာသုတ်ပုဝါနှင့် လဲလှယ်ရန် အဝတ်အစားများပါ ယူပြီး ရေချိုးခန်း ဝင်သွားသည်။

ယခုလိုဆိုတော့လည်း အခြေအနေတွေ မဆိုးပါဘူးဟု နိုင်ရှင်း တွေးမိသည်။ သွေးတိုးစမ်းသည့်အနေနှင့် နိုင်ရှင်း အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

ကလစ်ခနဲ တံခါးဖွင့်သံနှင့်အတူ ခြေသံသဲ့သဲ့ပါ ကြားရသည်။ ဆပ်ပြာရနံ့ ရလိုက်သည်။ တစ်ဆက်တည်း သနပ်ခါးသွေးသံကြားရသဖြင့် မျက်လုံးကို မသိမသာ ဖွင့်ကာ ချောင်းလိုက်သည်။

သနပ်ခါး သွေးပြီး ရေကျဲပွတ်လိမ်းလိုက်သည်။ ဘေးတိုက်အနေအထားဖြစ်သည်။

သနပ်ခါး လူးပြီး ရွှက်နု ဘာလုပ်ရမှန်းမသိ၊ ခေတ္တခဏခတော့ လဲလျောင်းချင်ပြီ၊ ယခင်က နိုင်ရှင်းရှေ့တွင် အိပ်ချင်အိပ်သွဲ့ချင်လှဲ့ နေချင်သလို နေခဲ့သော်လည်း ယခု မနေရဲ၊ စိတ်မှာခလုံမလဲ ခံစားနေရသည်။

ပင်ပန်းပြီး အိပ်ပျော်သွားသည်ထင့်။

"ဒီမှာ ဖိုးတော"

"ဟင်. . . ဘာလဲ"

"ရေချိုးတော့"

"အင်း. . ."

ရွှက်နုက အသာတကြည်ပင် ထသွားသော နိုင်ရှင်းကို ခကျုံးဖူးတင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရှင်း ရေချိုးခန်း ဝင်သွားသည်နှင့် ပွင့်လျက်ရှိနေသော နိုင်ရှင်းအိတ်ထဲမှ လက်ဖက်ခြောက်သံဘူးလေးက သူ့အား ဖိတ်ခေါ်နေသည်။

ပိုင်ရှင်မသိဘဲ ယူမကြည့်လိုသော်လည်း သိချင်စိတ်က တားဆီးမရ။

'ကျွန်တော့်အသည်းနှလုံး' ဟူသော ဤဘူးထဲ၌ ဘာတွေများ ရှိပါလိမ့်။

ထိုသိချင်စိတ်ဖြင့် ရွက်နု ယူကြည့်လိုက်သည်။

ပုန်းညက်ပန်းခြောက်လေးများနှင့် ဆူးတောင်များများ ကားကား ခရုလေးတစ်ခွံ။

"အို. ."

ရွက်နုသည် မှတ်ဉာဏ်ကောင်းသောသူ ဖြစ်သည့်အား လျော်စွာ မှတ်မိလိုက်သည်။

ငပလီမှာ သူကောက်မည့်ခရုကို လက်ဦးစွာဖြင့် ဖိုးတေ ရယူသွားသော ခရုလေး၊ ခါချဉ်များ ပါသော ပုန်းညက်ပန်းများ ကြောင့် ဖိုးတေအား ပြန်ပစ်ပေါက်ခဲ့သော ပုန်းညက်ပန်းခြောက်များ ဖြစ်ဟန်တူသည်။

ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်နီးပါး သိမ်းဆည်းထားခဲ့ပါ လား။

'ကျွန်တော့်အသည်းနှလုံး' တဲ့လား။

ရွက်နု ဘူးကို ပြန်ပိတ်ကာ နိုင်ရှင်းအိတ်ထဲ ပြန်ထည့်လိုက် သည်။ ပြီးတော့ အိပ်ယာထက်တွင် ခပ်စောင်းစောင်းလေး အိပ် လိုက်သည်။





"ကလစ်. . ."

တော်သေးသည်၊ သီသီကလေး လိုသွားသည်။

"ဟိတ်. . . ငါအိပ်တဲ့နေရာမှာ ဘာလို့ အိပ်တာလဲ"

"အိပ်ချင်လို့ ဟုတ်လိမ့်မယ်၊ ဒီဘက်က ဘယ်ဟဲ့၊ ဘယ် ဘက်မှာ မိန်းမအိပ်ရတယ်"

"အဲဒါ လင်မယားတွေမှ အယူရှိတာ၊ ခု နင်နဲ့ငါက ဘာ တော်လို့လဲ"

"တောက်. . . ခွေးစုတ်နော်"

သူ့ကို ရှိရှိသေသေ ပြောလို့မရနိုင်။ စကားအကျကောက် သွန်းသဖြင့် ရွက်နု စိတ်မရှည်ဘဲ အော်ပစ်လိုက်သည်။

ပြီးတော့လည်း ညာဘက်အခြမ်းသို့ လှိမ့်သွားလိုက်သည်။

နိုင်ရှင်းစိတ်ထဲ ကြည်နူးမှုများ အစပျိုးလာသည်။ သော့ ပေါက်က ချောင်းကြည့်တော့ ရွက်နုသည် သူ၏အမှတ်တရဘူးလေး ကို ဖွင့်ကာ အကြာကြီး ငိုင်၍ စဉ်းစားနေသည်။

သူ့အမှတ်တရ ပစ္စည်းလေးတွေကို ရွက်နုလည်း မှတ်မိ မည်မှာ သူ ယုံကြည်သည်။ ထို့ကြောင့် စိတ်ပေါ့ပါးစွာပင်. . .

"လွတ်လွတ်လပ်လပ် နားလိုက်ဦး၊ ကိုကိုတော့ သားကြီးတို့ ကို ခေလပန်းလိုက်ဦးမယ်"

"ဘာကိုကိုလဲ"

"ညီမခေါ်နေကျ ကိုကိုလေ"

"တစ်သက်လုံး မခေါ်တော့ဘူးမှတ်ပါ"

"ဘာလဲ. . . ကိုကိုကနေ မောင်လို့ ပြောင်းချင်လို့လား ဟင်းဘူးနော်၊ ကိုကို့ကို ကိုကိုက ပိုကြိုက်တယ်"


www.burmeseclassic.com

"သေလိုက်ပါလား ခွေးစုတ်"

ရွှက်နု ပြုံးယောင်သန်းသွားသည်ကို နိုင်ရှင်း လှစ်ခနဲ အကဲခတ်မိလိုက်သည်။ ထို့ကြောင့်. . .


"ဩော်. . . ခုထက်ထိလဲ အမျိုးတွေကို ပါးစပ်ဖျားက မချနိုင်သေးပါလားနော်. . . ကျွတ်ကျွတ်"

"ခွေးသူတောင်းစား. . . အဲ. . . သွား"

ရွှက်နုသည် ခေါင်းအုံးနှင့် ပစ်ပေါက်လိုက်သည်ကို နိုင်ရှင်းက အလိုက်သင့် ဖမ်းယူပြီး ပြန်ပစ်တင်ပေးခဲ့ကာ အခန်းပြင်သို့ ထွက်ခဲ့သည်။

ရွှက်နုကို သူ ဘယ်နည်းနှင့်မှ လက်လွှတ်မခံနိုင်ပါ။ စိုးမင်းကို ပြောခဲ့သကဲ့သို့ပင် စိတ်ဝေဒနာသည်ဘဝမှ လွတ်ကင်းသွားသူ ဖြစ်နေပြီဆိုခြင်းကြောင့် ရွှက်နုအချစ် ရရန် သူ နည်းမျိုးစုံဖြင့် လှည့်ဖျားယူတော့မည်။

အချစ်ဟူသော နှလုံးသားတိုက်ပွဲ၌ တရားသည် မတရား သည် မရှိပါ။ အချစ်ကို ရယူနိုင်ခြင်းသည်သာ အဓိက ဖြစ်သည်ဟု နိုင်ရှင်း ခံယူလိုက်သည်။




"လုပ်ပါဦး ငါးရှဉ့်ရာ၊ မင်းလက်ရာလေး နားမထောင်ရ ကြာပြီ"

သားထွေးက ဂီတာကို သူ့ထံ ထိုးပေးရင်း ပွဲတောင်းလိုက် ည်း၊ ဒေါ်လေးက အိပ်ယာဝင်ခါနီး သတိပေးလိုက်သည်။

"ဟဲ့. . . အိပ်ကြပါစေတော့၊ မနက် ခရီးထွက်ရမှာ"

"မနိုးသေးလဲ မထွက်နဲ့ပေါ့၊ ကိုယ့်အိမ်ကိုယ့်ယာ ပြန်တာပဲ၊ အချိန် ပြန်ပြန်ပေါ့၊ မဟုတ်ဘူးလား၊ ရောက်တုန်းရောက်ခိုက် ဦး ငါးရှဉ့်ရာ. . နော်. . မမ နေပါဦး၊ ပျဉ်းမနားအနံ့ လိုက်ပြ ယ်"





www.burmeseclassic.com

www.burmeseclassic.com

"ရေဆင်းဆည်ကို တို့ ရောက်ဖူးတယ်"

"နေပါဦးလေ. . . အခြားဘုရားတွေဘာတွေ လိုက်ပို့မ
မှာပေါ့"

"ရပါတယ်. . . ရန်ကုန်မှာ စာရင်းရှင်းစရာကိစ္စက
ရှိသေးလို့ပါ"

ရွက်နုက သားကြီးတို့ ညီအစ်ကိုကို အေးဆေးစွာ
ငြင်းပယ်လိုက်သည်။

"ကိုင်း. . . လုပ်တော့ ငါးရှဉ့်၊ တစ်ပုဒ်ပဲ"

"ငါ ဘာသီချင်း ဆိုဆိုနော်"

"ဘာတွေလဲ ရတယ်"

"ငါ တိုးတက်လာပြီကွ"

"ဘာလဲ. . . ဘတ်စ်လား၊ ကိုယ်ပိုင်ကား ရှိရဲ့နဲ့"

"မဟုတ်ဘူး. . . တေးဂီတလောကကို ပြောတာ၊ စတိ
တင် မကဘူး၊ ခေတ်ဟောင်းသီချင်းတွေဘာတွေတောင် ရလာ

"ဟုတ်ရဲ့လား"

"ဟုတ်တယ်လေ. . . ငါ့မိန်းမက နှောင်းခေတ်တေးမှ
ကြိုက်တယ်ဆိုတော့ ငါလဲ နှောင်းခေတ်ကို ပြန်ရတာပေါ့"

ရွက်နုက မျက်စောင်းပျံလေးတစ်ချက် ထိုးလိုက်သည်

"ဟွန်း. . . ပါးစပ်အရသာ ခံလိုက်တာ၊ ငါ့မိန်းမတဲ့"
လည်း စိတ်တွင်းက ပြောလိုက်သည်။ သူ့အပေါ် ရှိသော အ
အခဲတို့သည် ပြေပျောက်ချင်သလိုလို ဖြစ်မိသည်က တ
လက်ဖက်ခြောက်ဘူးထဲမှ သူ့အသည်းနှလုံးတို့ကို မြင်လို
ကတည်းက။





သို့သော် ဖွဲ့ကြီးသော မိမိကလည်း ဤမျှလောက်နှင့်
ကျေက်မပြုယ်နိုင်သေး၊ ရှုးသွပ်မတတ် ခံစားရသော ဝေဒနာ
းသည့်သူကို ဤမျှလောက်နှင့် အရှုံးမပေး မကျေအေးနိုင်သေး
၊

"ချစ်တဲ့စိတ်ကို မျိုသိပ်ကာ တားဆီးမရနိုင်ပါ၊ လူတိုင်း
သဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ ကာမဂုဏ် ဘုံဝလေ့မှာ ကြုံ
တာ အလွန်တရာ စိတ်ထဲမှာ ခင်မင်ကြင်နာ လူပြုပြင်လို့
နိုင်ပါ၊ နတ်များ မှတ်သားတဲ့ ရွှေဖူးစာ၊ ချစ်တဲ့စိတ်ကို မျိုသိပ်ကာ
းဆီးမရနိုင်ပါ. . . လူတိုင်းသဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ"

နိုင်ရှင်း၏အဆိုအတီး၌ နစ်မျောကာ ပါသွားသည်။
နိုင်ဘူးအထင်ဖြင့် သက်သက်မဲ့ ခဲရာခဲဆစ် သီချင်းများကိုမှ
ထောင်ချင်သည်ဟု ပူဆာခြင်းဖြင့် ဒုက္ခပေးခဲ့သည်။ သို့သော်
အောင်ရှာဖွေပြီး သီဆိုပေးခဲ့သည်။

ကလောက ဆရာကြီးတစ်ဦးဆီမှာ သွားသင်ပြီး မိမိအလို
ပြည့်ဆည်းပေးခဲ့သည်။

"ရွှေမေတ္တာ ဆက်သွယ်လို့သာ နေကြတာ အံ့သြလောက်
ကောင်းတာ၊ လောကမှာ ချစ်တဲ့သဘောကို ပြောပြဖို့ရာ
လှတာ ရွှေမေတ္တာ ဆက်သွယ်လို့သာ နေကြကာ၊ လူတိုင်းပင်
အရသာ ခင်မင်ကာ ဤလောကဇမ္ဗူဒီပါ၊ ချစ်ခင်ပေါင်းသင်း
သာ တွေ့ကြပုံထူးတဲ့ ရွှေဖူးစာ. . ."

ရွက်နု နိုင်ရှင်းမျက်နှာကို မသိမသာ အကဲခတ်ကြည့်မိ
၊ မိမိအား မကြာခဏ ခိုးကြည့်ကာ ပျော်ရွှင်ကြည်နူးနေပုံ
သော နိုင်ရှင်းကြောင့် စိတ်၌ တေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤလူ သူ့ကိုယ်သူ အတော်အထင်ကြီးပုံရသည်။ အ
အချောအနေ၌ ပျော့ပါသွားလိမ့်မည်ဟုများ မှတ်ယူကာ အ
အေးဆေးဆေး ရင်ဆိုင်နေသလား၊ ရွှက်နုဆိုသော မိန်းမသားသ
သူ့လိုလူကို ဘယ်နည်းနှင့်မှ ကွာပေးလိမ့်မည်မဟုတ်ဟု ယုံကြ
ဟန်တူသည်။ ကြည်နူးစွာဖြင့် ရယ်မောသီဆိုနေနိုင်သည်။

"တွေ့ကြသေးတာပေါ့"

စိတ်တွင်း ကြုံးဝါးရင်း အကြံထုတ်လိုက်သည်။ ရုပ္ပြီး

"မင်းတို့အစ်ကိုက အဆိုအတီးကောင်း၊ ရုပ်ချော၊ ဉစ္စာ
အပြောကောင်းဆိုတော့ တစ်ရွာတစ်ကျီ ဆောက်နေမှာပဲ၊ ပ
မနားမှာကော လွမ်းစရာ ကျန်ရစ်ခဲ့ဦးမလား မသိဘူး"

"ဟာ . . . ကျွန်ုပ်ဗျာ၊ ခုထိ အပျိုကြီး ရှိသေးတယ်"

သားလတ်က ဝင်ဖြေလိုက်သည်။

"ဟော့ကောင် မချွန်နဲ့၊ ပြီးတာတွေ ပြီးခဲ့ပြီ"

နိုင်ရှင်း မျက်စိမျက်နှာပျက်နှင့် ဟန့်တားလိုက်သည်
ရွှက်နုက ခပ်ပြုံးပြုံးပင်၊

"အချစ်ကို ရောင်းကုန်လို့ သဘောထားပဲ့အထဲမှာ မင်
ကိုကိုလဲ ပါခဲ့တာကိုး"

"မဟုတ်ပါဘူး စန္ဒီးပိုက်လေးရာ၊ ဒါတွေကလဲ အစွဲအလ
ကြီးတဲ့ ကိုယ့်မိုက်မှားမှုတွေကြောင့် အမည်းစက် ထင်သွားရတာ

"အပိုတွေ ရှင်းပြဖို့ ကြိုးစားမနေနဲ့၊ ရှင့်ညီအစ်ကိုတော်
နဲ့ ငယ်ကျွမ်းဆွေတွေအကြောင်း ထွေးထွေးနွေးနွေးလေး ဆွေး
ကျန်ရစ်ခဲ့ဦး၊ တစ်ခါတစ်ရံလဲ ကိုယ့်ညီတွေနဲ့ အိပ်ခဲ့ဦး"

"ဟင် . . ."





နိုင်ရှင်း ပြာသွားရပြန်သည်။

ရွှက်နုက နေရာက အသာထကာ . . .

"မဟုတ်ဘူးလား ကိုလတ်တို့ရာ၊ ကိုလတ်တို့ ကိုငါးရှဉ့်ကို
နည်းနည်းဒဏ်ပေးရမယ်၊ ခေါ်ထားလိုက်၊ တစ်ခါတစ်ရံ အိပ်ရတာ၊
ခိန်းမပိုးနည်းလေးဘာလေး မေးထားလိုက်ကြဦး၊ စွံလွန်းလို့ ခက်နေ
ဘယ်၊ အားလုံး ဂွတ်နိုက်"

"ဟုတ်တယ်ကွ ငါးရှဉ့်၊ မင်းတော့ ဒီည မလွယ်ဘူး"

"ဂွတ်နိုက် မမ၊ စိတ်ချလက်ချသာ အိပ်တော့၊ ငါးရှဉ့်ကို
ကျွန်တော်တို့ တာဝန်ယူတယ်"

"ဝင့်လည်ပါဦးမယ်ကွာ"

ညီအစ်ကိုသုံးယောက် တစ်ပြိုင်တည်းလို ထွက်လာသည်။
ည်သို့ဆိုစေ ရွှက်နုနောက်သို့ နိုင်ရှင်း လိုက်မလာရဲ၊ အောက်ထပ်၌
ကျန်ရစ်ခဲ့သည်။ လူကြီးများ အိပ်ရာဝင်ကုန်ကြပြီဖြစ်သဖြင့် ရွှက်နု
အကြံအစည် အကောင်အထည် ဖော်လိုက်နိုင်ခြင်း ဖြစ်သည်။


ထိုည နိုင်ရှင်း အိပ်ပျော်မပျော်တော့ နိုင်ရှင်း မသိနိုင်၊
သူမကတော့ အိပ်ခန်းတံခါးကို ဂျက်ချကာ နှစ်ယောက်အိပ်ကုတင်
ကျယ်ကြီးဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

ရည်းစားသက်စေ့မက ထားခဲ့ဟန်တူသော ပုဂ္ဂိုလ်ကျော်ရဲ့
လုံးသားကို မွမွကျေအောင် ချေဖျက်ချင်စမ်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com




နံနက်စာ ထမင်းစားသောက်ပြီးမှ ပြန်လွတ်သဖြင့် နေ့နေ့လည် ခရီးသွားခြင်းကို ပင်ပန်းကြီးစွာဖြင့် ဖြတ်သန်းလာရသည်။

"ညက အိပ်လို့ကောင်းရဲ့လား အန်တီဖော"

"ပူပေမယ့် ပင်ပန်းလို့လား မသိဘူး. . . တုံးခနဲပဲ"

စကားမရှိ စကားရှာ၍ ပြောခြင်းဖြစ်သည်။ နိုင်ရှင်း စကားပြောလိုသည်က ရွက်နုဖြစ်သည်။

"စိုးမင်းတို့ ဒေါက်တာတို့ကိုတောင် နှုတ်မဆက်ခဲ့ရဘူး သူတို့တော့ ဘယ်လိုထင်မလဲ မသိဘူး"

ဒေါက်တာမိုးသူဆိုမှ ရွက်နု လှုပ်လှုပ်ရှားရှား ဖြစ်သွား





သည်။ မအောင့်အည်းနိုင်ဘဲ. . .

"ကိစ္စမရှိပါဘူး. . . ကွာရှင်းပြီးတာနဲ့ ကိုမိုးကို ရန်ကုန်သာလည်ဖို့ ခေါ်လိုက်မယ်"

"ဘာ. . . ဘာလုပ်ဖို့လဲ"

"ဘာလုပ်လုပ် ရှင့်အပူလား"

နိုင်ရှင်းရင်ထဲ ဝန်တိုခြင်းတို့ လှည့်ပတ်နေရာယူလျက်ရှိသည်။

"ကိုမိုးက သိပ်စိတ်ကောင်းရှိတာ အန်တီဖောရဲ့၊ ရွက်နုအပေါ် စိတ်လဲ ရှည်တယ်၊ အချင်းချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရဦးမယ်"

ဒေါ်နန်းအဲဖော မျက်နှာကြီးမှာ မအီမလည်ကြီး ဖြစ်သွားသည်။ အတွင်းသိ အစင်းသိများ ဖြစ်၍ နိုင်ရှင်းမျက်နှာကိုလည်း ကြည့်မိရင်းက. . . —

"ဆိုပါဦး"

စကားထောက်ပေးလိုက်သည်။

နိုင်ရှင်းမျက်နှာ၌ နဖူးကြောကြီးများ ထင်းခနဲ နေအောင် င်းမာနေသည်။

"ဟိုပုဂ္ဂိုလ်နဲ့ ကွာရှင်းပြီးရင် သူ့ကို စဉ်းစားမလားလို့"

"ဟင်. . ."

"ဘာ. . . တစ်သက်လုံး ကွာမပေးဘူး. . . မှတ်ထား"

နိုင်ရှင်းဒေါသကြောင့် ကားကို အရှိန်မြှင့်လိုက်သည်။ နန်းအဲဖောက ရင်ဘတ်ကို လက်နှင့် ဖိကာ. . .

"အို. . . ဘုရားသခင်. . . ကားရှိန်လျှော့ပါ ကိုရှင်းရယ်၊


www.burmeseclassic.com

www.burmeseclassic.com



တို့များ သားမြေးတွေနဲ့ အသေမခံပါရစေနဲ့ဦး"

"ဟုတ်တယ်. . . ကျွန်မလဲ ချစ်ရတဲ့သူနဲ့ မပေါင်းဖော်ရ သေးတဲ့အတွက် မသေပါရစေနဲ့ဦး၊ အဟင်း. . . ဟင်း. . အခုမှ အချစ်စစ် အချစ်မှန်ကို အရိပ်အယောင်လေး မြင်တွေ့ရရုံ ရှိသေး တယ်၊ မသေပါရစေနဲ့ဦး ဖိုးတေရယ် အဟင်း. . . ဟင်း"

ကားကို ကင်းတောအသို့ ထိုးမောင်းလိုက်သည်။

"နင် စကားပြောတာ ကြည့်ပြောနော်၊ ငါက နင့်ကို ကွာ ပေးမယ် ထင်လို့လား"

"လူကို လိမ်ညာရယူခဲ့ပြီး အချစ်ကိုပါ အကျဉ်းချ ခါးပြ တိုက်ယူချင်လို့ ရမလား ဖိုးတေ"

"ရရ မရရ. . . နားမလည်ဘူး"

နိုင်ရှင်းက ရှုံ့ရှုံ့ရှားရှားဖြစ်နေသည်။

ဒေါ်နန်းအဲဖော့က အလိုက်သိစွာ. . .

"ပြေလည်အောင် ဆွေးနွေးကြဦး၊ ကျောဆန့်ရင်း စိတ် လျှော့လိုက်ဦးမယ်"

ဟု ဆိုကာ ကာပေါ်မှ ဆင်းသွားသည်။

"ရှင့်အပြစ်တွေ ရှင်မသိဘူးလား"

"ငါ ဘာအပြစ်ရှိလို့လဲ"

သြော်. . . ခုထိ ကိုယ့်အပြစ်ကိုယ် မသိဘူးလား"

"မရှိမှ မရှိတာ. . . ဘယ်သိမလဲ"

"နင့်ကိုယ်နင် ဖိုးတေလို့ မပြောဘဲ ငါ့ကို ညာပြီး လက်ထ တယ်"

"ဒါက နင့်ကို အံ့အားသင့်သွားစေချင်လို့ ဖုံးကွယ်ထာ





တာ"

"မညာပါနဲ့ ဖိုးတေဆိုရင် ငါ လက်ခံမှာ မဟုတ်ဘူးလို့ တွက်ဆထားလို့ မဟုတ်လား"

နိုင်ရှင်း အနာပေါ် တုတ်ကျသွားသည်။ အမှန်လည်း ဟုတ်ပါသည်၊ မညာချင်တော့။

"ဒါလဲ ပါတယ်၊ အမိက,က နင့်ကို ငါချစ်လို့ ရယူခဲ့တာ၊ ချစ်တာ အပြစ်လား စနိုးဝိုက်"

ရှက်နဲ့ ဘာပြောရမှန်းမသိ၊ တဒင် မှင်တက်သွားပြီးမှ. . .

"အမှန်အတိုင်း ပြောပါလား၊ ခုတော့ ရှင်က အပြစ်ရှိသူ ပီပီ နှစ်ဦးချင်း အတွေ့မခံဘဲ ရှောင်နေလိုက်တာ၊ ဆင်ကြံကြံနေ မှန်း ကျွန်မက သိမှ မသိခဲ့ဘဲ"

"အမှန်အတိုင်း ပြောရင် လက်ခံမှာမို့လို့လား"

"ဒါကတော့ ငါ စဉ်းစားဦးမှာပေါ့"

"ငယ်ငယ်တုန်းက နင့်ယူမယ့်အစား ခွေးအမြီးဖြတ်ယူမယ် ဆိုလို့ နင့်ဆန္ဒကို ငါက ဖြည့်စွမ်းပေးတာ၊ နင် ယူလို့ရသလား"

"ခွေးသူတောင်းစား. . . ဒါကြောင့် နင့်ကို ငါ မုန်းတာ၊ ပါးစပ်က စည်းကမ်းကို မရှိဘူး၊ ငယ်စိတ်နဲ့ကြီးစိတ် တူမလားဟဲ့"

မျက်နှာနီရဲနေသည်။ 'ရှင်' 'ကျွန်မ' ဟူသော နာမ်စားများ မှ 'နင်' 'ငါ' ဟူသော နာမ်စားများကို ပြောင်းလွဲလာသည်။ နင်ငါ ဟူသော နာမ်စားများသည် ရင့်သီးသယောင် ထင်ရသော်လည်း ငယ်တူများအတွက် သူငယ်ချင်းများအတွက် အင်မတန် ရင်းနှီးမှု င့်လင်းမှုကို ဖော်ဆောင်သော မြန်မာဆန်သည့်အသုံးအနှုန်းဖြစ် သဖြင့် နိုင်ရှင်းရင်ထဲ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်သည် ရန်ကုန်ရောက်သည်နှင့် အကောင်းဆုံး ဖြစ်သွားနိုင်လိမ့်မည်ဟု သူ မျှော်လင့်မိသည်။

"နင်က စိတ်အမျိုးမျိုး ပြောင်းလွဲတတ်လို့လား၊ ငါကတော့ ငယ်ငယ်ကတည်းက နင့်ကို မုန်းတဲ့စိတ်က ကြီးလဲ မပြောင်းလဲဘူး"

"အန်"

နိုင်ရှင်း ကိုယ့်စကားနှင့်ကိုယ် မိသွားသည်။ ရုတ်တရက်တော့ လှည်းအကြီး ခွေးနင်းခံရသလို ဖြစ်သွားသည်။ ပြီးမှ. . .

"နင်က နင့်စိတ်ကိုယ်နင် မသိလို့ပါ၊ အမှန်တော့ နင့်မသိစိတ်မှာ ငါ့ကို စွဲလန်းနေလို့ ဖိုးတေဆိုတာနဲ့ နင် ချက်ချင်းမှတ်မိလိုက်တာပဲ၊ အဲဒါ မသိစိတ်ရဲ့စွဲလမ်းမှုပေါ့"

"မုန်းတီးခြင်းဟာလဲ အသိအာရုံမှာ စွဲထင်တတ်တာပဲ၊ ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးနဲ့၊ နင်နဲ့ ကွာပြီးရင် ဒေါက်တာမိုးသူကို ငါ လက်ထပ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ ပတ်သက်ပြီး ငါ့ရင်မှာ ခံစားမှုတွေ ရှိနေလို့၊ သူ့ကို ငါချစ်တယ် ထင်လို့လေ၊ သူက ငါရှူးနေတဲ့အချိန်မှာကိုပဲ ပရိုပိုစ့်လုပ်တယ်"

"ဘာ. . . တောက်. . . လူယုတ်မာ"

နိုင်ရှင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ အနားမှာသာ ဒေါက်တာမိုးသူ ရှိလျှင် အသေအလဲ ဆွဲထိုးမိလိမ့်မည် ထင်ပါသည်။

"သူက မယုတ်မာပါဘူး. . . ထင်လို့ပါ၊ အရူးမကို ချစ်ရဲတဲ့ သတ္တိရှိတယ်"

"တောက်. . . တော်ပြီ၊ ငါ့မေတ္တာကို နင်စော်ကားတယ်၊ ဝေဒနာသည်မို့ အခွင့်အရေးမယူဘဲ သန့်သန့်စင်စင်လေး စောင့်





ရှောက်ခဲ့တာကို အရူးမလင် မလုပ်ရဲလို့လို့ နင် ထင်ရက်တယ်တော်ပြီကွာ. . . နင် ငါ့ကို ဘာမှ ထပ်မပြောနဲ့၊ နင့်ကို ငါ ကွာမပေးဘူး. . . ဒါပဲ၊ ငါ့လောက် နင့်အပေါ်မှာ ဘယ်သူမှ မချစ်နိုင်ဘူးလို့ ငါယူဆတယ်၊ အဲဒါကြောင့် နင့်ကို ငါပဲ ယူမယ်၊ မကျေနပ်ရင် ကြိုက်တဲ့ လူနဲ့တိုင်၊ နင်ဟာ ငါ့မိန်းမပဲ၊ တရားဝင် ငါ့မိန်းမ၊ ဒါကို နင် ဘာငြင်းမလဲ"

နိုင်ရှင်းက နောက်ခန်းသို့ ခုန်ကူးမတတ်ဟန်ဖြင့် ဒေါနှင့်ပြောဆိုနေသည်။ ရွက်နုကတော့ ရှုံးရှုံးရှားရှားဖြစ်နေသော နိုင်ရှင်းကို ခပ်ပြုံးပြုံးလေးပင် ကြည့်ကာ. . .

"အချစ်ကို ဥပဒေနဲ့ နှောင်ဖွဲ့ပြီး သိမ်းပိုက်လို့ ရမယ် ထင်နေသလား ဖိုးတေ"

"မသိဘူး. . . မသိဘူး၊ နင် ဘာပြောပြော ငါ နားမလည်ဘူး၊ ငါ နင့်ကို ကွာမပေးဘူး၊ နင့်ကို ချစ်လို့ ငါရှာဖွေခဲ့ရတာ ရည်းစားများတာပဲ အဖတ်တင်သွားတယ်၊ နင်ဟာ ငါ့ရဲ့ စနိုးဝိုက်မှန်း သိလိုက်ရတဲ့အချိန်မှာ နောက်ကျမှာလဲစိုး၊ နင်ငြင်းမှာလဲစိုးလို့ ငါ ရယူခဲ့တာ၊ ဒီအတွက် နင် မကျေနပ်ဘူးဆိုရင်လဲ ငါတောင်းပန်တယ်၊ ငါကျူးလွန်တဲ့ပြစ်မှု မှန်သမျှ နင့်အပေါ် ချစ်တဲ့စိတ် တစ်ခုတည်းကြောင့် ဆိုတာပဲ"

"နင် လိပ်ပဲ၊ ကိုယ့်ဘက် ကိုယ်ယက်တယ်၊ ငါ စဉ်းစားဦးမယ်၊ နင့်အပေါ် ချစ်တယ်ဆိုတာ ငါ ယုံကြည်အောင် နင် ဘာနဲ့ သက်သေပြမလဲ"

"နင် ညက ခိုးကြည့်တဲ့ သံဘူးလေးထဲက ငါ့ရဲ့အသည်းနှလုံးလေးတွေက နင့်ကို မပြောမပြဘူးလား"



www.burmeseclassic.com

အခြေအနေတို့သည် အကောင်းဘက်သို့ ဦးတည်နေပြီ ဖြစ်ခြင်းကြောင့် နိုင်ရှင်း ပြုံးရယ်နိုင်သည်။ ထို့အတူ ရွှက်နုက ရှက်စနိုး ပါးချိုင့်လေး သုံးခုပေါ်အောင် ပြုံးလျှက်. . .

"နင် ငါခိုးကြည့်တာ သိတယ်"

"သိတယ်. . . နင်ရှက်မှာစိုးလို့ မသိချင်ဟန်ဆောင်နေတာ၊ မရှက်ပါနဲ့. . . လင်မယားအချင်းချင်းပဲ၊ ငါ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ခွေးစုတ်. . . ပြောတော့ကော ငါက အရေးစိုက်မှာလား"

"နောက် ဝေဒနာသည်အပေါ် ကိုယ်ထိလက်ရောက် မကျူးလွန်ခြင်းဟာ နင်ပြောသလို အရူးမလင် မလုပ်ရဲလို့ မဟုတ်ပါဘူး၊ အမြတ်တနိုး တန်ဖိုးထားရတဲ့ ပန်းကလေးဟာ ပြည့်ဝမှု မရှိသေးတဲ့အချိန်မှာ တယုတယ စောင့်ရှောက်ထားတဲ့သဘောပါ။ မနမ်းရဲလို့ မဟုတ်ဘူး. . . မနမ်းရက်လို့၊ ရှင်းပြီလား။ ဒီလိုမှန်းသိရင် နမ်းခဲ့ပါတယ်၊ နင် အနမ်းခံချင်နေမှန်းမှ ငါမသိ. . ."

"ခွေး. . . ခွေး. . . တောက် နင်နော်"

"အဟင်း. . ဟင်း. . ချစ်လို့ ကျီစယ်တာပါ"

"မလိုချင်ဘူး. . . နင့်ကို ကွာဖို့ မေမေတို့ကို ပြောမယ်၊ နင်ကျီစယ်တာလဲ ငါ မခံနိုင်ဘူး"

"ပြောပြော. . . မောရုံပဲ ရှိတယ်၊ ယောက္ခမကြီးတွေက ကြည်ဖြူလို့ နှစ်ယောက်တည်း ပေးနေတာ ကြည့်ပါလား၊ မချစ်တာလဲ မဟုတ်ဘဲနဲ့. . . မူမနေပါနဲ့၊ ဒေါက်တာမိုးသူလို အခြောက်ကောင်မျိုးလဲ နင် ချစ်လို့မရပါဘူး၊ ငါသိပါတယ် စိနိုးပွိုက်ရယ်"



"တော်ပြီ. . . သွားမယ်၊ ဒါက ငါ့အပိုင်း၊ နင်သိဖို့မလိုဘူး အန်တီဖောကလဲ ပေါက်တောလုပ်တာ ကြာလိုက်တာ"

"မကြာပါဘူး. . . သက်သက်ရှောင်ပေးတာ နေမှာပေါ့၊ ငါ တစ်ခုထပ်ပြောမယ်"

"ပြီး မပြီးနိုင်ဘူး"

မျက်စောင်း၏ဝေ့ဝဲမှုဝယ် အမုန်းများ ပါခြင်း မရှိသဖြင့် နိုင်ရှင်းရင်၌ ကြည်မွေ့နေသည်။ မိန်းမသားများ၏စိတ်ကို နိုင်ရှင်း သိုးထွင်းသိမြင်နိုင်စွမ်း ရှိခဲ့သည်ပဲ။

"တစ်ခုတည်းပါ. . . ကွာရှင်းဖို့စကားကို ငါ့အတွက် ငဲ့ညှာ ပြီး ပြောဖို့မလိုပေမယ့် နင့်နှလုံးသားကို နင်ငဲ့ညှာပြီး မပြောနဲ့လို့ ငါ ပြောချင်တယ်"

"ဘာ. . . ခွေးစုတ်၊ နင့်ကို ငါက ချစ်နေတယ်လို့ နင်ဆိုလိုတာလား"

"ဒါတော့ နင့်စိတ်ကိုနင် ပြန်မေးကြည့်လေ၊ ငါ မှန်းဆပြီးပဲ ပြောနိုင်တာ၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တာပဲ"

နိုင်ရှင်းက အပြုံးလေးနှင့် ဆလံပေးပြီး ဟွန်းတီးလိုက်သည်။

ရွှက်နုမှာ နောက်ခန်းတွင် ဆွေ့ဆွေ့ခုန်ရင်း မကျေမနပ် ဖြစ်နေသည်။

"နောက်ပြီး နင့်အမျိုးတွေကို ပါးစပ်ဖျားက မချတဲ့အကျင့် ပျောက်ဦး၊ တော်ကြာ သူများတွေက ဆွေ့ဂုဏ်မျိုးဂုဏ် ထုတ်ဖော် ပြောလွန်းတယ်လို့ အတင်းတုတ်နေကြဦးမယ်"

"ဘာ. . . ခွေးသူတောင်းစား၊ နင်. . . နင်နော်"



www.burmeseclassic.com

www.burmeseclassic.com

ရွက်နုက လက်သီးဆုပ်ဖြင့် လှမ်းထုရန် ရွယ်သည်။ နိုင်ရှင်းက တဟားဟား ရယ်မောကာ ရှောင်ရှားရင်း. . .

"ပြောလေဆိုးလေပါလား ခွေးစုတ်မလေးရယ်၊ အဲ. . . ငါပါ ဓါတ်ကူးကုန်ပြီ၊ ဟတ်. . ဟား. . ဟား"

"ဘာတွေ သဘောကျနေတာလဲ၊ ပြန်ပေါင်းစားရတော့မယ် ထင်တယ်"

ဒေါ်နန်းအဲဖောက ခန္ဓာကိုယ် ကားထဲ ဝင်ရောက်သည်နှင့် ငြိမ့်ခနဲ ဖြစ်သွားသည်။

"ဝေးပါသေးတယ် အန်တီဖောရာ"

"ပြောလိုက်ပါ အန်တီဖော၊ ကျွန်တော့်လိုလူမျိုး ထမင်းမသိုး ဟင်းမသိုး ရွက်ပြီးရှာတာတောင် မရနိုင်ဘူးလို့"

"အဟင်း. . . ဟုတ်ပ ဟုတ်ပ၊ နှစ်ယောက်စလုံးဟာ သား သမီးလိုပါပဲ၊ ဘယ်သူမှ မျက်နှာမလိုက်ဘဲ ပြောရရင် ကိုရှင်းလော သမီးအပေါ် ချစ်တာ အန်တီတစ်သက်မှာ မမြင်ဘူး၊ မကြား မကြုံဖူးတာ အမှန်ပဲ. . . စိတ်ကူးမလွဲပါနဲ့"

ရွက်နုက နှုတ်ခမ်းကို စူကာ. . .

"ကြည့်. . . အန်တီဖောကပါ သူ့ဘက်က၊ အိုး. . . ဘာဖြစ်လဲ၊ ကိုယ်ချစ်မှ ကိုယ်ယူမယ်၊ ရွက်နု သူ့ကို မချစ်ဘူး. . . မုန်းတယ်"

"တစ်ခါတစ်ရံ အပြင်အထန် မုန်းခြင်းဟာ အသည်းအသ ချစ်ခြင်းသို့ အသွင်ပြောင်းသွားတတ်တယ်နော် ညီမလေး၊ ကို ပြောတာ မြဲမြဲမှတ်ထား"

"မမှတ်ဘူး. . . သိလည်း သိဘူး၊ မုန်းတာပဲ သိတယ်၊ နိ





ဘယ်တော့မှ မယူဘူး၊ နင့်ကို ယူမယ့်အစား. . ."

"ဘာလဲ. . . ခွေးအမြီးပြတ် ယူဦးမလို့လား၊ ဟတ်. . ဟား. . ဟား"

"တောက်. . . အနိုင်ရတုန်း ရယ်ထားဦးပေါ့"

မကျေမချမ်းနှင့် တက်ခေါက်လိုက်ပြန်တော့ နိုင်ရှင်း ကျချမ်းသွားသည်။ ဘယ်လိုမာယာလက်နက် ထုတ်သုံးကာ ယ်လိုမိန်းမနည်းဗျူဟာများ ထုတ်သုံးပြီး နှိပ်စက်ဦးမည် မသိ သေးသဖြင့် ပြည့်ပြည့်ဝဝတော့ စိတ်မချမ်းသာရပါ။

မည်သို့ဆိုစေ၊

သူ့မေတ္တာရိုက်လင်းတန်းသည် သူမ နှလုံးသားပြင်ညီပေါ် က်ရိုက်ထိမှန်ကာ တန်ပြန်သော မေတ္တာပြန်လင်းတန်း ရလိမ့်မည် သူ ယုံကြည်ပါသည်။ ထို့ကြောင့် သူဆိုနေကျ တေးသွားလေးကို ညွှန်လိုက်သည်။

ချစ်တဲ့စိတ်ကို မျှိသိပ်ကာ တားဆီးမရနိုင်ပါ၊

လူတိုင်းသဘောရဲ့စိတ်ထဲမှာ စွဲမြဲတဲ့မေတ္တာ။



www.burmeseclassic.com

www.burmeseclassic.com





# (၃၃)

"စန်း လာပြီ"

"ငါ့မြေးလေး လာပြီ"

မြေးစိတ်ဖြင့် ဖျားနေပါသည်ဆိုသော ဒေါ်မာလာသ[illegible] အသက်အရွယ်နှင့် မလိုက်စွာ အာလုံးထက် ရှေ့ရောက်အေ[illegible] ပြေးထွက်လာသည်။

"ဟောတော်. . . အမေ နေမကောင်းဘူးဆို"

ဒေါ်ခင်မလေးက မိခင်ကို တအံ့တသြ ကျီစယ်စ[illegible] ဆို လိုက်သည်။

"ငါ့မြေးရောက်လာပြီပဲ၊ ငါ နေကောင်းရမှာပေါ့။ လာ. . .





မြေး၊ ဖုန်းရကတည်းက ဘွားမျှော်နေတာ"

"ဘွား . . . လွမ်းလိုက်တာ ဘွားရယ်"

ရွက်နုက ကားပေါ်မှ ပြေးဆင်းပြီး အဘွားရင်ခွင်ကို ပြေး ဝင်ရင်း ချွဲလိုက်သည်။ သူတို့ ရောက်လာမည့်အကြောင်း ပျဉ်းမနား ၊ ဦးလေးက ဖုန်းဆက်ထားလိုက်ခြင်းကြောင့် ကြိုသိနေကြခြင်း ဖြစ်သည်။

"ဟုတ်ရဲ့လား. . . လွမ်းတဲ့ရုပ်ကလဲ လှလာလိုက်တာ၊ ပြီးစိုပြည်လာသလိုပဲ"

"ဒါကတော့ အမေ့မြေးသားမက်က အပြုစုကောင်းလို့ နေမှာပေါ့၊ ဟုတ်လား သား"

ဒေါ်ခင်မလေးက သားမက်ကို အနေမခက်စေရန် စကား [illegible]လိုက်သည်။ နိုင်ရှင်းက အလိုက်သင့်ပင်.

"အမေ့သမီးကို မေးကြည့်လေ"

ရွက်နုကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အကြည့်ချင်း [illegible]သွားသည်။

"မိဘတွေ ဖုန်းဆက်ခေါ်လိုက်လေ"

"ဘာလုပ်ဖို့လဲ. . . မေမေ ဆက်ထားပြီးသား၊ မကြာခင် [illegible]ာက်လာလိမ့်မယ်၊ ညစာ ဒီမှာပဲ စားဖို့တောင် စီစဉ်ပြီးသား"

ဒေါ်ခင်မလေးက အဖြေပေးလိုက်သည်။

နိုင်ရှင်းရင်ထဲ လှုပ်ရှားလာသည်။

"ဘွား"

"ဘာလဲ မြေး. . . ဘာလိုချင်လို့လဲ"

ပူးကပ်ထိုင်နေသော ရွက်နုတို့ မြေးအဘွားကို ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခြင်းများစွာဖြင့် စကားပြောခြင်းကိုပင် သူ မေ့လျော့နေသည်။

"ရှမ်းပြည်မှာ ရှမ်းမလေးတွေက သိပ်ချောတာ"

"အံမယ်. . . ငါ့မြေးအလှကို မှိုလို့လား"

ရွှက်နုတော့ နီဒါန်းပျိုးနေပြီဟု နိုင်ရှင်း တွက်မိသဖြင့်. . .

"ဘယ်မိမလဲ ဘွားရဲ့၊ ဘွားမြေး စနိုးပိုက် ခြေဖျားတောင်မမီဘူး"

"အံမယ်ကွယ်. . . ကိုယ့်မိန်းမပဲ ကိုယ်ညွှန်းနေ၊ ဘွားတို့ညွှန်းဖို့လဲ ထားပါဦးကွယ်"

"ဟုတ်တာ ပြောတာပဲ ဘွားရာ"

ရွှက်နု မျက်စောင်းများ လွင့်ပျံလာသည်။

"ပုံမှန်အတိုင်း ဆက်ဆံပါနော်"

"ဩော်. . . အန်တီဖောကြီးကို ပို့ပေးဖို့ လုပ်ပါဦး မေမေ"

နိုင်ရှင်းက ဒေါ်ခင်မလေးကို ပြောလိုက်သည်။

"အန်တီဖောကြီးကို အရမ်းကျေးဇူးတင်ပါတယ်၊ နောက်သီးသန့် လာကန်တော့ဦးမယ်"

"ထမင်းစားပြီးမှ ပြန်ပို့မလို့"

"နေပါစေ. . . ကျွန်မလဲ မြေးတွေ တွေ့ချင်နေပြီ ဒေါ်ခင်မလေး"

သံယောဇဉ်တွေသည် ဆွဲအားတစ်မျိုးပါလားဟု နိုင်ရှင်းသဘောပေါက်လိုက်မိသည်။ ဒေါ်နန်းအဲဖောကို ဒရိုင်ဘာနှင့် ပို့လိုက်သည်။

"ဘွားဖို့ လက်ဆောင်တွေ အများကြီး ဝယ်လာတယ်"





"မြေးကိုယ်တိုင် ဝယ်တာလား"

"ဟင့်အင်း. . . သူဝယ်တာ"

ရွှက်နုသည် မညာတတ်သောသူ ဖြစ်ခြင်းကြောင့် အမှန်အတိုင်းပင် ဝန်ခံရှာသည်။ နိုင်ရှင်းအား မေးငေါ့ပြလိုက်သည်။

ထိုအခါ ဒေါ်မာလာက. . .

"အို. . . ဘယ်လိုလဲ မြေး၊ ကိုယ့်ယောက်ျားကို မရိုမသေနဲ့ သူလို့ ပြောရသလား"

"ဟား. . . ကမ္ဘာကြီး ဘယ်လိုဖြစ်သွားပြီလဲ"

ကလောကို မသွားခင်ကနှင့် တခြားစီ ဖြစ်သွားသည်။ နန့်ကျင်ဘက်အသွင်ကို ဆောင်နေသည်။

သူ့အား မလိုလားဘူးဆိုသော ဘွားဒေါ်မာလာသည် ခုတော့လည်း လိုလားနေပါလား။

"ဟင်. . . ဘွားကလဲ ရွှယ်တူပဲဟာ"

ရွှက်နုက သူ့အား မကျေမနပ် မျက်စောင်းခဲရင်း ဘွားကို ခုန္ဒဲ့လိုက်သည်။

"ရွှယ်တူနဲ့ ဘာဆိုင်လဲ၊ မိန်းမကောင်း မိန်းမမြတ်ဆိုတာ ခင်ပွန်းသားကို အိမ်ဦးနတ်အသွင် ရှိသေရမယ်၊ ဒီလို ရိုင်းတာမျိုးတော့ ဘွားမကြိုက်ပါဘူး၊ လာ. . . မြေးကို ပြောစရာတွေ ရှိသေးတယ်"

"အမေ့မြေးတွေ ပင်ပန်းနေတယ်လေ၊ နားပါရစေဦးလား၊ မောင် ဦးဘထိုက်တို့ ရောက်လာရင် ထမင်းစားနိုင်အောင်လေ၊ မင်း. . . သားတို့ အနားသွားယူလိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

နိုင်ရှင်းက ထလိုက်သည်။ ရွှက်နုက မလှုပ်သေး။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ . . . လိုက်သွားလေ”

ဘွားအေက တိုက်တွန်းပြန်သည်။

ရွှက်နုက နှုတ်ခမ်းစူကာ . . .

“ဘွားကလဲ . . . ဘွားပဲ ပြောစရာရှိတယ်ဆို”

“အို . . . ဘွားပြောစရာက အရေးမကြီးပါဘူး၊ ဘယ် အချိန်ပြောပြော ရတယ်၊ ခုချိန်မှာ မြေးအတွက် အရေးအကြီးဆုံး က မောင်နိုင်ရှင်းပဲ၊ လိုက်သွား . . . လိုက်သွား”

ရွှက်နုသည် ပေကပ်ထိုင်နေဆဲ။

နိုင်ရှင်းကလည်း ပေကပ်ရပ်နေဆဲ။

ရွှက်နုမျက်နှာက တစ်စုံတစ်ရာကို အလေးအနက် တွေး နေသည့်အလား ငြိမ်သက်နေသည်။

နိုင်ရှင်း လွှတ်မထားရဲခြင်းထက် ချစ်သူ မကြည်ဖြူသော အခြေအနေကို ရဲဝံ့စွာ မသွားလာရဲ၊ သို့သော် . . .

“ဘွားနဲ့ စကားပြောချင်သေးရင် နေခဲ့လေ၊ ကိုကို ရေချိုး နှင့်တော့မယ်”

နောက်ဆုံးတော့ နိုင်ရှင်းကပဲ အလျှော့ပေးလိုက်သည်။ ချစ်သူ စိတ်ချမ်းသာပါစေတော့။ ကျောခိုင်းလိုက်သည်။

ရွှက်နုမှာ နိုင်ရှင်းနောက်ကျောကို ကြည့်ပြီး စဉ်းစား ခက်ခဲစွာဖြင့် ရင်မှာ လှိုက်ဖိုလာသည်။

“မြေးကို အဘွား ဆူမလို့ မဟုတ်ဘူးနော်၊ မနှင်းစိန် ပြန် လာတော့ ပြောပြတယ်၊ မြေးလေးကို မောင်နိုင်ရှင်းက သိပ်ချစ်တာ တဲ့၊ အလိုလိုက်တာလဲ အရမ်းပဲတဲ့၊ မြေးကလဲ ချစ်မှန်းသိလို့ ဆိုး တယ်ဆို၊ အဲဒီလို မလုပ်ရဘူး မြေးရဲ့”





“ဟင့် . . .”

ရွှက်နု ဘွားရင်ခွင်ထဲ တိုးဝှေ့ကာ ငိုလိုက်သည်။ ရွှက်နု ဘက်၌ တစ်ယောက်မှ မရှိနိုင်တော့ဘူးဟု သူ သိလိုက်ရပြီ။

“ဟင် . . . ဘာဖြစ်လို့ ငိုတာလဲ မြေး”

“မြေးကိုပဲ အပြစ်တင်နေကြတာပဲ၊ သူ့မြေးသားမက်ကျ တော့ သူတော်ကောင်းကြီးပေါ့ . . . ဟုတ်လား”

“အိုအေ . . . ယောက်ျားမာနကို ခဝါချပြီး မတော်တဆ ားခဲ့တဲ့ အမှားလေးအတွက် ပေးဆပ်လိုက်ရတာ မတန်အင်ကာပါ အေ၊ ကျုပ်ကို မနှင်းစိန် အားလုံးပြောပြတယ်၊ စေတနာမေတ္တာ ပါတဲ့ ကြင်နာမှုဆိုတာ ဘယ်သောအခါမှ ဖန်တီးယူလို့ မရနိုင်ဘူး၊ မှတ်မှတ်ထား”

“မြေး သူ့ကို မုန်းတယ် ဘွားရဲ့၊ သူနဲ့ ကွာချင်တယ်၊ ဘွား တို့ကို ပြောပေးနော်”

လူလစ်ခိုက် ဘွားအေကို သွေးဆောင်လိုက်သည်။

“အံမယ်လေး . . . ဒါ မိန်းမကောင်း ပြောရမယ့်စကား ား၊ မိန်းမကောင်းပန်းပန် တစ်ပွင့်သာ ပန်ရမယ်ဆိုတာ ပန်းပွင့် တော့ ပြောတာမဟုတ်ဘူး၊ အချစ်ပန်းကို ပြောတာ၊ တစ်မျက်နှာက စ်မျက်နှာပြောင်းဆိုတာ မိန်းမတန်ဖိုး ဘယ်လောက်ကျတယ် င်သလဲ”

“ခုခေတ်မှာ ဒီလိုအတွေးအခေါ် တွေ မရှိတော့ပါဘူး”

“တော်စမ်း မြေး၊ ပေါ့ပျက်တဲ့စကားမျိုး မပြောနဲ့၊ ခေတ် တာ လူ့က ဖန်တီးတာ၊ မလွှဲမရှောင်သာ အားကိုးရာမဲ့ မိန်းမသား သာ မျက်နှာပြောင်းကြတာမျိုးဖြစ်မယ်၊ ငါ့မြေးမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com


အစိပ္ပါယ်မရှိဘဲ ကိုယ့်တန်ဖိုး ပျက်ပြားစေမယ့်လုပ်ရပ်မျိုးတော့ ဘွား အားမပေးနိုင်ဘူး၊ ကန့်လဲ ကန့်ကွက်တယ်"

ရွှက်နု စိတ်ဓါတ်ကျသွားသည်။

အောင်နိုင်မှုအပြုံးနှင့် ပြုံးပြမည့် နိုင်ရှင်းကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ကာ မဲ့လိုက်သည်။

"အိမ်ထောင်တစ်ခုမှာ အရေးအကြီးဆုံးက အချစ်မဟုတ် လား ဘွား"

"အင်းလေ"

"မြေးမှ သူ့ကို မချစ်တာ"

"အဟင်းဟင်း. . . မချစ်ဘူးသာဆိုတယ်၊ မြေး သတိရ လာလာချင်း ဘာလို့ ပြန်မလာတာလဲ"

"သူ့ကို ဒုက္ခပေးချင်လို့"

"ဒုက္ခပေးချင်တာလား လေ့လာချင်တာလား မခွဲနိုင်သေး တာလား"

"ဘွားကလဲ. . . ဒုက္ခပေးချင်တာပါဆို"

ရွှက်နု စိတ်ရှုပ်လာပြီ၊ ရှေးလူကြီးများ၏ဦးနှောက်နှင့် စကားကို ရွှက်နု အရှုံးပေးရတော့မည်။

"မောင်နိုင်ရှင်း မနေ့ညက ဖုန်းဆက်လိုက်ကတည်းက ညည်းအကြောင်း ကျုပ်တို့ အားလုံး သိပြီးပြီ၊ လုံးဝကွာရှင်းခွင့် မပေးနိုင်ဘူး"

"မောင်နိုင်ရှင်းလောက် မြေးအပေါ် စိတ်ရှည်မယ့် ချစ် မယ့်လူ ဘွားတို့ မမြင်"

"မြေးနဲ့သူနဲ့ ဘာမှ မဖြစ်သေးဘဲ"

"ဒါက မောင်နိုင်ရှင်းလို ကတိသစ္စာ တည်ကြည်တဲ့သူ ကြောင့်ပေါ့အေ၊ မြေးနဲ့ နီးစပ်နေတဲ့ ဒေါက်တာမိုးသူနဲ့လဲ ဘွား သဘောမတူနိုင်ဘူး"

ရွှက်နု နိုင်ရှင်း၏အကွက်စေ့ တိုင်ကြားမှုကို မကျေမချမ်း ဖြစ်သွားသည်။

"ဒါက သူ့ကို စာမင်သက်သက် ချောက်တွန်းတာ၊ ဘယ်သူ က တော်ရုံလူကို လျှောက်ကြိုက်မှာလဲ၊ သူသာ ရည်းစားများတာ ဘွားသိရဲ့လား"

"ဒါကတော့ ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုတဲ့စကား ရှိသားပဲ၊ ကိုယ်နဲ့ မယူခင်သာ များပလေ့စေ၊ ယူပြီး ခများရင် ပြီးတာပဲ၊ ယောက်ျားပဲအေ"

"ဟင်. . . ဘွားက သူ့မြေးသမက်ဘက်က၊ သွား. . . ဘွားနဲ့ မခေါ်တော့ဘူး၊ သူများငိုနေတာလဲ မချော့ဘူး၊ သူများကိုလဲ ဘယ်သူမှ မသနားကြဘူး၊ ကိုယ်မချစ်တဲ့လူလဲ ယူရသေးတယ်"

"အဟင်း. . . ဟင်း. . . ဟင်း၊ ငါ့မြေးက ကလေးလေးလို ဲ၊ လောကကြီးမှာ ကိုယ်မချစ်ရပေမယ့် သူချစ်ကို ရတာလောက် ာကောင်းတာ မရှိဘူး"

ရွှက်နု ဘွားရင်ခွင်မှ ထွက်ကာ ခေါင်းခါခါ လည်ခါခါနှင့် ငြင်းပယ်လိုက်သည်။

"ဒါကတော့ လုံးဝဥသုံပဲနော်၊ မြေး လက်မခံနိုင်ဘူး၊ လောကကြီးမှာ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရခြင်းလောက် ပျော်ရွှင် ုယ်ရာကောင်းတာ ဘယ်မှာမှ မရှိနိုင်ဘူး"

"ဒါဖြင့် ငါ့မြေးလေး သိပ်ဆင်းရဲနေရှာတယ်နော် ဝဖြိုးလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . ဘွားကလဲ"

"ကဲ. . . . သွားလိုက်ပါ၊ မောင်နိုင်ရှင်း ရေချိုးပြီးလောက် ရောပေါ့၊ အကျီလေးဘာလေး ထုတ်ပေးလိုက်ဦးလေ"

"တစ်ခါမှ မထုတ်ပေးပါဘူး၊ သူကသာ မြေးကိုချည်း ထုတ်ပေးတာ"

"ဗုဒ္ဓေါ. . . အရင်က ဝေဒနာ အံကြောင်းပြုပြီး ဘာမှ မလုပ်ပေးလို့ ရတယ်နော်၊ အခု မရတော့ဘူး"

ရွှက်နု ထိုင်ရာမှ လေးတွဲ့စွာ ထလိုက်သည်။ နိုင်ရှင်း အပေါ် ရန်သူလို မြင်ခဲ့သော ဘွားကပါ အမြင်ကြည်လင်ပြီး တိုက် တွန်းနေပြီဆိုတော့ ရွှက်နုကလည်း သိပ်မဆန့်ကျင်ချင်တော့၊ ခရုနှင့် ပုန်းညက်ပန်းခြောက်လေးများ မြင်ကတည်းက ရွှက်နုစိတ်တွေ သူ့ ဘက် ယိမ်းယိုင်ခဲ့သည်ထင့်။ သို့သော် နှုတ်ကတော့။

"ဘွားကလဲလေ. . . စိတ်ပျက်စရာကြီး၊ ယောကျ်ားမလို ချင်တော့ဘူး၊ အားကြီး အနှောင်အဖွဲ့တွေ စည်းကမ်းတွေ များ တယ်၊ သူလဲ သူ့အိမ်နေ၊ ကိုယ်လဲ ကိုယ့်အိမ် နေလို့ရရင် ကောင်း မယ်နော်"

"သွား. . . အရူးမလေး"

ရွှက်နုစိတ်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။ ဘယ်လို တစ်မျိုး ကြီးမှန်းတော့ မသိ။ နိုင်ရှင်းကို ရင်ဆိုင်ရမှာ စိုးရွံ့နေသည်။

သတိလစ်နေသလို ဟန်ဆောင်နေတုန်းကမှ အနေအထိုင် ရကောင်းသေးသည်။

"ဩော်. . . မြေးကို ပြောစရာတစ်ခု ကျန်သေးတယ်"

ဘွားက အသက်အရွယ်နှင့်မလိုက် ဖျတ်လတ်စွာ ထလာ





ပြီး ရွှက်နုအား တီးတိုးတီးတိုးနှင့် လာရှင်းပြသည်။


"လက်ထပ်စာချုပ် မြေးတို့ဗီရိုထဲမှာ သိမ်းထားတယ်၊ တောင်းကြည့်လိုက်လေ"

ရွှက်နု နှလုံးသွေး လှည့်ပတ်မှု မြန်ဆန်လာသည်။ သူသည် မိမိကို ဤအထိတောင် ချစ်တယ်တဲ့လား၊ မိမိကကော စိတ်ရှုပ်လိုက် သည့်ဖြစ်ခြင်း။

"အချစ်ဆိုတာ ဘယ်လိုပါလိမ့်နော်"


www.burmeseclassic.com

www.burmeseclassic.com




"ကျွိ"

"အမေ့"

တံခါးမြည်သွားသံကိုပင် အလန့်တကြား ဖြစ်သွားသည်။ နှစ်ယောက်အိပ် ခုတင်ကြီးဝယ် အကျအန အိပ်နေသော နိုင်ရှင်းသည် မျက်လုံးပွင့်သွားပြီး သူ့အား လှမ်းကြည့်လိုက်သည်။

ရွက်နု ရင်ထဲ ဒိန်းခနဲ မြည်ဟီးသွားသည်။

"အတော်ပဲ စနိုးဝှိုက်၊ ကိုကို ဖျားနေပြီထင်တယ်၊ ဆေးရှိရင် ပေးပါဦး"

"ဟင်. . ဟုတ်လား. . မှန်း"





တံခါးဝမှ ရွက်နုသည် ဘယ်ကဘယ်လို နိုင်ရှင်းနား ရောက်သွားမှန်း သတိမပြုလိုက်နိုင်မီ နိုင်ရှင်းနဖူးကို စမ်းသပ်ပြီး ဖြစ်သွားသည်။

"ဟင်. . . ဟုတ်သားပဲ၊ ကိုယ်တွေ ပူလို့၊ ရေချိုးလိုက်သေးသလား"

"ချိုးလိုက်တယ်. . . ချိုးပြီး ချမ်းသွားလို့ စောင်ခြုံပြီး ကွေးလိုက်တာ၊ နိုးလာတော့ ကိုယ်လက်တွေ တအားနာလာတာပဲ"

"အပူရှပ်ဖျား ဖျားတာထင်တယ်၊ ခဏနော်. . . မေမေ့ဆီ ဆေးသွားတောင်းဦးမယ်"

ရွက်နု ချက်ချင်းပင် အပြေးတစ်ပိုင်း ပြန်ထွက်လာပြီး ခလုကားထိပ်မှနေ၍. . .

"မေရေ. . . မေ့"

"ဘာလဲဟေ့"

"ဒီမှာ ကိုကို ဖျားနေတယ်၊ အဲဒါ ဆေးယူခဲ့ပါဦး"

"အေး. . . အေး"

မိခင်ဆီမှ အေးအေးဟု အသံကြားမှ စိတ်ချရပြီး အခန်းဘွင်း ပြန်ဝင်ခဲ့သည်။

ချက်ချင်း တစ်စုံတစ်ခု သတိရသွားပြန်သည်။

အင်္ဂလိပ်ဆေးတွေက များသောအားဖြင့် ပြင်းသည်။ အဘမပါပဲ မသောက်ရဟု မှာထားသည်ကို သတိရကာ ပြန်ထွက်ခဲ့သည်။

"မေရေ. . ."

ဘွား ဒေါ်မာလာက မနေသာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟဲ့. . . နှင့်အမေ မီးဖိုဘက် ဝင်သွားပြီ"

"မေ့ကို ပြောပေးပါ ဘွား၊ ဆေးမသောက်ခင် စားဖို့ တစ်ခုခု ယူခဲ့ပါလို့"

"အေး. . . အေး"

"ဩော် ဘွားရေ"

"အမယ်လေးနော်. . . မချစ်ပေလို့ပဲ၊ ဟျာနေလိုက်တာ"

"ဘွားကလဲ. . . တင်ပရေချာ ဘယ်နားမှာလဲ"

"မြေးတို့အမေအခန်းထဲက ဗီရိုထဲ ရှိမှာပေါ့"

"ဟုတ်. . ."

လှေကားထိပ်မှနေ၍ မိမိအခန်းတွင်း ဝင်ကာ အပူတိုင်း ပြဒါးတိုင်လေး ယူလိုက်သည်။ ရှက်နှ မိမိကိုယ်မိမိ နားမလည်ချင် တော့။

မိမိဒုက္ခပေးလိုသောသူ ဒုက္ခရောက်နေခြင်းကို ဘာဖြစ်လို့ ကြည့်မနေနိုင်သလဲ။

ဖျားပါစေ၊ ဖျားပြီး ညည်းညည်းညူညူ မှိန်းနေခြင်း ဝေဒနာ ခံစားနေခြင်းကို ကြည့်နေနိုင်ရမည်ပေါ့၊ တော်ပြီ. . . ဆေးမတိုက်တော့ဘူး။

မဟုတ်သေးပါဘူးလေ၊ ဒါ လူဆန်သောလုပ်ရပ်မှ မဟုတ် တာ၊ သူသည် မိမိကို စိတ်ရှည်လက်ရှည် ပြုစုစောင့်ရှောက်ပေးခဲ့သူ တစ်ဦးပဲ၊ ပြီးတော့ မိမိနှင့် အသက်ဆိုင်ဆုံးသော သူစိမ်း။

"ကျွီ. . ."

စေ့ထားသောတံခါးကို တွန်းကာ ခပ်သွက်သွက် ဝင်ခဲ့ သည်။





ဖြူသောမျက်နှာမှာ နီရဲနေပြီး မျက်ခွံတံခါး ချကာ မှိန်းနေ သည်။

"အနေဆိုးသလား"

"အင်း. . . ခေါင်းမထူချင်ဘူး"

"တင်ပရေချာ ယူရအောင်. . . ပါးစပ်ဟ"

သူနာပြု ဆရာမသဖွယ် သူမက တင်ပရေချာ တိုင်းလိုက် သည်။

ထူးဆန်းသောအကြည့်ဖြင့် နိုင်ရှင်း ငေးကြည့်နေမိသည်။

ကြောက်ကျစ်စဉ်းလဲသောမျက်နှာ မဟုတ်ပါ၊ ဖြူစင် ဝင်းမွတ် ရှင်းသန့်ကာ လှပကျက်သရေ ရှိလွန်းသော မျက်နှာလေး မှာ အရေးကြုံလာသည်နှင့် ပင်ကိုယ်စိတ်ရင်းများ ပေါ်လာသည်။

အဖျားဝေဒနာများ လွင့်စဉ်ကင်းပျောက်သွားလေပြီထင့်။

"ဟာ. . . ဟန်ဒရက်အင်သရီးတောင် ရှိတာပဲ၊ ကြည့်စမ်း မဖြစ်ဘူး၊ ဆရာဝန် ခေါ်မှ"

"နေပါ. . . ရပါတယ်၊ ဆေးသောက်လိုက်ရင် ပျောက်သွား မှာပါ၊ စနိုးဝိုက်လေး အနားမှာ နေရင် လုံလောက်ပါပြီ"

ရှက်နှ မျက်နှာ ထူပူသွားသည်။

"ဒီက စိတ်ပူလိုက်ရတာ၊ သူက ပြောင်ချော်ချော်နဲ့ ကျောက်ကျော ခွေးသေးပန်းတဲ့ရုပ်နဲ့"

"ဟော. . . အမျိုးဂုဏ် ဖော်ပြန်ပြီ"

ရှက်နှ ဇက်ကလေး ပုကာ လျှာကလေး တစ်လစ်ဖြစ်သွား ရသည်။

ခွေးနှင့် နှိုင်းပြောတတ်သော ပါးစပ်ကို ဆင်ခြင်မှုဟုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်သည်။

နိုင်ရှင်း ဝေဒနာ တကယ်ပျောက်လေပြီထင့်၊ ရွှက်နု၏ အပြုံးမျက်နှာလေးက အခြေအနေအရပ်ရပ်ကို နားလည်သဘော ပေါက်စေသည်။

"စနိုးပိုက်လေး"

"ဘာလဲလို့"

"ကိုကို့ကို ခွင့်လွှတ်ပြီလား"

"ဟင့်အင်း. . . ဘွားတို့က မကွာရဘူးဆိုလို့"

တကယ်ပင် ကလေးလိုပါပဲလား၊ နိုင်ရှင်းရင်၌ မေတ္တာများ တိုး၍သာ ဝေနေလေပြီ။

"ဟော. . . မေ လာပြီ၊ ဘွားရော လိုက်လာတယ်"

နိုင်ရှင်းက ထိုင်ရန် ကြိုးစားလိုက်သည်။

"နေ နေ သား၊ သက်သက်သာသာနေ"

"ဟန်ဒရက်အင်သရီးတောင် ရှိတယ် မေရဲ့၊ ဆရာဝန် ခေါ်လိုက်ပါလား"

"ဆေးသောက်ကြည့်ဦးလေ. . . ည အဖျားမကျရင်တော့ ခေါ်လိုက်တာပေါ့။ ကိုင်း. . . မေမေ ဟင်းအိုးတွေ တန်းလန်းနဲ့ သွားစီစဉ်လိုက်ဦးမယ် သား"

"ဟုတ်ကဲ့ မေမေ"

"မြေးကလဲ လူပုံချောပြီး ခပ်နုနုပါလားကွယ်၊ စိတ်အေး လက်အေးသာ နေတော့ မြေးနိုင်ရှင်းရေ၊ တို့များ မြေးလေး စနိုးက အလိမ္မာဆုံးလေးပါကွယ်၊ ဘွားအေစကား တစ်ခါမှ မပယ်ရှားဖူးဘူး ဟုတ်တယ်နော် မြေး"





ရွှက်နုက ခေါင်းကလေးကို ဆတ်ခနဲ ညိတ်လိုက်သည်။

နိုင်ရှင်းရင်ထဲ သိမ့်ခနဲ ကြည်နူးလိုက်ဖို့သွားသည်။ မြတ်နိုး ...ယ်ရာကောင်းသော မိန်းကလေး၊ သူ စွဲလန်းခဲ့သော မိန်းကလေးကို ...တ်ကျွတ်စွာ ပိုင်ဆိုင်ရပေတော့မည်။

"ဩော်. . . မြေးလေးကို ဘွား ပြောတာလေ၊ နေနေ. . . ...မြေးတို့ဗီရိုထဲမှာ သွားသိမ်းထားတယ်"

ဘွားဒေါ်မာလာက ဗီရိုဖွင့်ကာ စက္ကူအိတ်တစ်အိတ် ...ထုတ်လာသည်။

ပြီးတော့ ရွှက်နု လက်ထဲ ထည့်လိုက်သည်။

နိုင်ရှင်းက ဟောလစ်သောက်နေရာမှ ရင်ခုန်စွာ ကြည့် ...က်သည်။

လက်ထပ်စာချုပ်နှစ်စောင်ပေါ်၌ သွေးဖြင့် ရေးထားသော ...တိသစ္စာ ပြုပါသည်' ဟူသောစာတန်းကို တွေ့လိုက်သည်။ ...က်နု ရင်ထဲ အကြိတ်အခဲ ပြေလေပြီ။

သူ အမှန်တကယ် ကတိသစ္စာတည်ခဲ့ပါသည်။

သာမန်ယောကျ်ားတို့ စောင့်စည်းနိုင်ခဲသော သိက္ခာကို ... စောင့်စည်းနိုင်ခဲ့သည်။

ရွှက်နု မျက်လုံးအိမ်၌ ကြည်နူးမှု မျက်ရည်ကြည်ဥကလေး ... ရစ်သိုင်းလာသည်။

မိမိကို တန်ဖိုးထား စွဲစွဲလန်းလန်း ချစ်ရှာလွန်းသောသူ ...ဦးသည် မိမိဘဝကြင်ဖော်အဖြစ် မိမိအပါး ရောက်ရှိနေလေပြီ။

"ဘွား သွားမယ်၊ ငါ့မြေးသမက်လေးကို ဂရုစိုက်နော် မြေး၊ ...ငါ့နိုင်ရှင်း. . . ဘွား သွားမယ်၊ ဆေးသောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွား၊ ကျေးဇူးတင်ပါတယ် ဘွား"

"ရပါတယ်. . . မြေးအဘွား အချင်းချင်းတွေ ကျေးဇူး စကားဆိုတာ ပြောစရာ မလိုပါဘူးကွယ်"

ဘွား ဒေါ်မာလာက အစွယ်နှင့်မလိုက် သွက်လက်စွာ ထွက်သွားသည်။

ရွှက်နုက ရေနွေးပန်းကန်လေး မှုတ်ပေးပြီး ဆေးနှစ်ပြား ကို နိုင်ရှင်းလက်ထဲ ထည့်ပေးလိုက်သည်။

"ကျေးဇူး"

"မလိုပါဘူး"

"ဘာဖြစ်လို့"

"သိဘူး"

နိုင်ရှင်းက ပြုံးလိုက်ပြီး ဆေးကို သောက်ချလိုက်သည်။ အဖျားသွေးဖြင့် အနီရောင် ပြေးနေသော နိုင်ရှင်းမျက်နှာကို ဒ မှတ်မထင် ငေးကြည့်မိသည်။ ဆံပင်အခွေအကောက်လေးများ နဖူးပေါ် ကပိုကရို ကျပြီး နှုတ်ခမ်းပါးကို ခပ်တင်းတင်း စေ့ထား ကြောင့် ရှုသိုးသိုးနိုင်သည်။

ငယ်စဉ်က ဖိုးတေမျက်နှာ တရေးရေးမြင်လာသည် မခံချင်စိတ်နှင့် ဆတ်ဆတ်ကြဲ ဖိုးတေသည် သူ ရယူလိုခဲ့သော ခရုကို မပေးဘဲ နှစ်ရှည်လများ သိမ်းထားခဲ့သည်။ ထိုခရုနှင့်အ သူ့ရင်ထဲ မေတ္တာတရားပါ သိမ်းဆည်းခဲ့သည်ထင့်။

"ဟော့. . ."

"အင်. . ."

"ဘာငေးနေတာလဲ. . . မမြင်ဖူးဘူးလား"





ရွှက်နု ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

တရင်းတနှီး လက်ပွန်းတတီး နေခဲ့သော သူ့ကို ဘာဖြစ်လို့ ရှက်နေရသနည်း။

"ခရုလေးကို စနိုးပွိုက် ယူလိုက်တော့နော်"

"မယူပါဘူး"

"ယူပါ. . . အဲဒီခရုထဲမှာ ကိုကို့အချစ်တွေ ရှိတယ်"

ရွှက်နုက မျက်စောင်းထိုးလိုက်သည်။

ထိုမျက်စောင်း၌ အမုန်းမပါ၊ မာနမပါ၊ ချစ်သင်းရနံ့များ သာ ပါနေပြီဟု နိုင်ရှင်း သိလိုက်ပြီ။

"ဒါဖြင့် ကိုကို့ရင်ထဲမှာ အချစ်မရှိတော့ဘူးပေ့ါ၊ ဟုတ်လား"

"အချစ်ဆိုတာ ကုန်ခန်းသွားတတ်တဲ့အရာမှ မဟုတ်တာ၊ ရှိဘာပဲ၊ မယုံရင် ကိုကို့ရင်ခွင်ထဲ ဝင်ပြီး ချောင်းကြည့်လေ"

"သွား. . . ကိုကို အိပ်လိုက်ဦး၊ ရွှက်နု ရေချိုးလိုက်ဦးမယ်"

"နေပါဦး. . . အနားမှာ လာထိုင်ပါလား"

ရွှက်နုက နားမထောင်ဘဲ အဝတ်များနှင့် မျက်နှာသုတ် ပါ ဆွဲကာ ရေချိုးခန်း ဝင်သွားလေသည်။

နိုင်ရှင်း ပြုံးလျက် ကျန်ခဲ့သည်။ ရွှက်နု၏အချစ်ကို သူ ပိုင်ဆိုင်ခွင့်ရပြီ။

ရွှက်နု ရေချိုးပြီး အဝတ်လဲပြီးသည့်တိုင်အောင် အခန်း ပြင်သို့ မထွက်ရဲသေး။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ရွှက်နု လန့်သွားသည်။

"ကြာလှချည်လား၊ အအေးမိနေဦးမယ်. . . ထွက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မထွက်ချင်သေးဘူး"

"ဘာဖြစ်လို့လဲ"

ရွက်နုမျက်နှာ နီရဲနေသည်။ တော်သေးသည်၊ တံခါးတင်ချပ် ခြားနေ၍ ရှက်ခြင်းသည် ချစ်ခြင်း၏ရှေ့ပြေးများလား။

"ထွက်လေ. . . ဖျားနေမယ်ကွ၊ အတော်ပဲ ဘွားရေ. . . လာပါဦး၊ ဘွားမြေး ရေချိုးတာ ကြာနေပြီ၊ ထွက်မလာသေးဘူး"

ဘွားရောက်ပြီဆိုတော့ မျက်နှာပူ နည်းနည်းသက်သာသည်။

ထို့ကြောင့် တံခါးဖွင့်လိုက်သည်နှင့် တပြိုင်နက် နွေးထွေးကျယ်ပြန့်သော ရင်ခွင်ကြီးထဲ ရောက်သွားသည်။

"အို. . . ဘယ်မှာလဲ ဘွား"

"အောက်ထပ်မှာ နေမှာပေါ့ကွ"

"ညာတယ်၊ သွား. . . မုန်းတယ်"

"တစ်ခါတစ်ရံ ညာမှ ရရင် ညာရတယ်"

ရှက်ကိုးရှက်ကန်းနှင့် ထိုရင်ခွင်ကျယ်ကြီး၌သာ ပုန်းအောင်းနေလိုက်သည်။ ချစ်သူရင်ခွင်သည် ခို၍အကောင်းဆုံးနေရာပါလားဟု ရင်ခုန်သံစဉ်များ ညံနေသည့်ကြားက တွေးလိုက်သည်။

"ဩော်. . . ဟော်. . . ငါက ဘယ်များ ရောက်သွားကြသလဲလို့ လက်စသတ်တော့ ရေချိုးခန်းရှေ့မှာကို ဘာလုပ်နေကြတာလဲဟဲ့"

ခုမှ ဘွားက တကယ်ရောက်လာသည်။

ရွက်နု ဘွားကို ရှက်သွားသည်။ နိုင်ရှင်းက ရင်ခွင်တွင်း





အသာဖယ်ထုတ်သော်လည်း သူ မထွက်ရဲသေး။

"ဘွားမြေး ရေချိုးတာကြာလို့ အတင်းခေါ်ထုတ်ရတာ"

"အအေးမိပါဦးမယ် မြေးရယ်၊ အောက်မှာ မောင်နိုင်ရှင်း မိဘတွေ ရောက်လာပြီ၊ မောင်နိုင်ရှင်း ဆင်းနိုင်ရဲ့လားလို့ လာမေးတာ"

"ဆင်းနိုင်ပါတယ် ဘွား၊ အဖျားတွေကော စိုးရိမ်သောကဝေဒနာတွေပါ အားလုံး ဘွားကျေးဇူးနဲ့ ပျောက်သွားပြီ"

ဘွား ဒေါ်မာလာက နိုင်ရှင်းရင်ခွင်ထဲ အတင်းတွယ်ကပ်ပုန်းအောင်းနေသော အချစ်ဆုံးမြေးမလေးကို ကျေနပ်ပြုံးနှင့် ပြုံးပြုံးကြီး ကြည့်ကာ. . .

"ဘွားကျေးဇူး မဟုတ်ပါဘူး၊ မစွန်းရင်းကရှိ ကန်စွန်းခင်းက ငြိသွားတာပါ၊ မဟုတ်ဘူးလား မြေး၊ လာ. . . လာ၊ ယောက္ခမကြီးတွေကို ဆင်းတွေ့လိုက်ဦး"

"နေပါဦး ဘွားရဲ့"

"ဘာဖြစ်လို့လဲ"

ရွက်နု နိုင်ရှင်းရင်ခွင်မှ မထွက်သေးဘဲ မျက်နှာလေးသာငုံ့စောင်းကြည့်ပြီး ဘွားဒေါ်မာလာကို လှမ်းပြောလိုက်သည်။

"ကိုကို့ရင်ခွင်ကလေ ဘွားတို့ရင်ခွင်နဲ့ မတူဘူး၊ ပိုပြီးနေလို့ကောင်းလို့ မထွက်ချင်သေးလို့"

"ခွေးမစုတ်လေး"

အားလုံး အမျက်မပါဘဲ ပြုံးရယ်လိုက်သည်။ နိုင်ရှင်းက "စနိုးပိုက်ကို ကိုကိုခွင့်လွှတ်လိုက်ပြီ. . . ဟင်း. . . ဟင်း"

"ဒီက ဘာအမှားလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးဂုဏ်ဖော်ပြီး စကားပြောတဲ့ကိစ္စလေ၊ မျိုးရိုးလိုက်တယ်ဆိုတာ သိလိုက်ရလို့"


"အို. . . ကြည့်စမ်း ခွေးစုတ်၊ ခွေးကိုကို"

ရွက်နု၏အမျက်မပါသော လက်သီးဆုပ်ကလေးများနှင့် ထုနှက်မှုကို နိုင်ရှင်းက ပြုံးပြုံးကြီး ခံယူလိုက်သည်။ ဤသည်ကို. . .

ဘွားဒေါ်မာလာက မျက်နှာပူပူနှင့် ကျောခိုင်းသွားသည်။ သူ့အသည်းကျော် မြေးမလေးအတွက် သူ စိတ်ချသွားလေပြီမို့. . ။

# မြပုလဲခင်

အောင်မြင်စာပေ




www.burmeseclassic.com